www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

## အငြိုးကြီးမားမီးနဂါး



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## (၁၁၀)

# အကြံအစည်

ယိတာသည် တငေးငေးတငိုင်ငိုင် ဖြစ်နေသည်မှာ ကြာခဲ့လေပြီ။

သူမသည် ကျင်လင်၏ဘေးတွင် နန်းတော်ဟောင်းကြီးဆီသို့ သွားရောက်ခဲ့သည်။ အကြောင်းမဲ့ သွားရောက်ခြင်း မဟုတ်ပါ။

ကွမ်ယုအား သွားရောက်ရှာဖွေခြင်း ဖြစ်ပါသည်။

ထိုအခါ ... ကျင်လင်က အကြောင်းစုံ ပြောပြခဲ့သည်။

ဟန်ရှင်ဆိုသော မိန်းကလေးတစ်ဦးသည် ကွမ်ယုကို လာရောက်ခေါ်ယူသွားကြောင်း ပြောပြသည်။

သူမသည် စိတ်မဆိုးစဖူး စိတ်ဆိုးဒေါသထွက်ခဲ့လေသည်။

"သူတို့ ဘယ်ကို ထွက်သွားကြသလဲ"

ယိတာက မေးလိုက်၏။

"မသိဘူး။ မြေခုနစ်ကောင်တောထဲကို ထွက်သွားကြတာပဲ"

"ကောက်ရိုးပုံထဲကျသွားတဲ့ အပ်ကို ရှာရသလို ဖြစ်တော့မှာပဲ"

"ဒါပေမဲ့ လမ်းကြောင်းတော့ တွေ့မှာပါ"

"ဟုတ်တယ် ... တွေ့အောင်ကို ရှာမယ်"

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သူမသည် အဒေါ်ချန်၊ မြွေဘုရင်လူတင်း၊ ဟူအင်ချန်တို့နှင့် အတူမြွေခုနစ်ကောင်တောကြီးထဲခရီးပြင်းနှင်လိုက်လံရှာဖွေတော့၏။

သူတို့သည် တိကုလျှိမြောင်ကြီးအနီးတွင် ခြေရာလက်ရာ ပျောက်သွားသည်။ ထိုအချိန်မှစ၍ ကွမ်ယုကို မတွေ့ရတော့ချေ။

ဟူအင်ချန်ပင် အလွန်အံ့အားသင့်ရသည်။

ကွမ်ယုနှင့်ဟန်ရှင် မည်သည့်နေရာသို့ ရောက်ရှိသွားပါ သနည်း။ သူတို့မြို့နှင့် ကွမ်ယု၏ရွာတွင်လည်း သတင်းမကြားရချေ။

ဟူအင်ချန် လွန်စွာစိတ်မကောင်းဖြစ်သွားရသည်။ ကွမ်ယု ရော ဟန်ရှင်ပါ သူ့သူငယ်ချင်းများ ဖြစ်သည်မဟုတ်ပါလော။

ယီတာက မြွေပါကျင်လင်ကို လွန်စွာ အငြိုးထားခဲ့သည်။

အကြောင်းမှာ ... သူ့ရုပ်ရည်ကို အဖြူတစ်ခြမ်း၊ အမည်း တစ်ခြမ်း ဖြစ်သွားအောင် မြွေပါကျင်လင်၏အဆိပ်က ဖျက်ဆီးခဲ့ သောကြောင့် ဖြစ်သည်။

ယခု ...

မြွေပါကျင်လင်အား နောက်ဆုံးတွေ့သောအခါ ယီတာ သည် တိုက်ခိုက်ခြင်း မပြုခဲ့ချေ။

အဘယ်ကြောင့် တိုက်ခိုက်ခြင်း မပြုပါသနည်း။

ယီတာသည် သူမ၏ခွေ့ာကိုယ်၌ အဖြူတစ်ခြမ်း အမည်း တစ်ခြမ်း ဖြစ်နေသည်တို့ကို ပပျောက်အောင် လုပ်နိုင်သွားပြီ ဖြစ် သောကြောင့်တည်း။

သူမသည် မျက်နှာတစ်ခြမ်း မည်းနေသည်ကို ဖြေဆေးဖော် စပ်နိုင်ခဲ့သည်။



သို့သော် ...

သူ့မျက်နှာ ပကတိဖြစ်သွားသော်လည်း ယီတာ မပျော်နိုင် ရှာပါ။ သူမသည် ကွမ်ယုကို ရှာဖွေမတွေ့ရှိတော့သည့်နောက် တွေ ဝေငေးမောလျက်သာ ရှိတော့သည်။

သူမသည် မဖြစ်စလောက် အပြစ်ကလေးတွေ့လျှင်လည်း အလွန်ဒေါသကြီးသည်။ တစ်ခါတစ်ရံ သူမဘေး၌ ဘာဖြစ်နေ ဖြစ်နေ မသိတော့ချေ။ တွေဝေငေးမောလျက်သာ ရှိနေတော့သည်။

ယီတာသည် မူလရုပ်ရည်ကို ပြန်ရသွားသဖြင့် ကိုရုပ်ဆိုး မားချားအိုသဂ္ဂန် ရုပ်ဖျက်ထားခြင်းအား ပယ်ဖျက်လိုက်လိုက်ပြီး ဘုရင်မင်းမြတ်၏သမီးတော်အဖြစ် သွားရောက်နေထိုင်တော့သည်။

ယီတာသည် ယခင်က မြွေခုနစ်ကောင်တောင်ပေါ်ရှိ မယ် သီလရှင်ကျောင်း မြေအောက်ခန်းတွင် သိုင်းပညာရပ်များ တီထွင် ခြင်း၊ ဆေးဝါးပစ္စည်းများ စမ်းသပ်ခြင်း၊ တီထွင်ခြင်း စသည့် လုပ်ငန်း များကို သဲသဲမဲမဲလုပ်ဆောင်ခဲ့သည်။

ထိုသို့လုပ်ဆောင်ခြင်းသည်သာ သူမ၏လုပ်ငန်းဖြစ်ခဲ့သည်။

ယခုအခါတွင်တော့ သူမ မလုပ်တော့ပေ။ ထိုလုပ်ငန်းများ ကို လုံးဝ ရပ်ဆိုင်းထားတော့သည်။ ယီတာသည် လျှို့ဝှက်ထားသော သူမ၏ဘဝကို ပြည်ဖုံးကားချလိုက်၏။

ချိုကီယင်ပြည်နယ် လူချင်မြို့ရှိ ဘုရင်နန်းတွင်းသားများ ခရီးလှည့်ရောက်ရှိလာသောအခါ တည်းခိုလေ့ရှိသည့် အဆောက် အအုံကြီးတွင် ဘုရင်ဧကရာဇ်၏သမီးတော် ယီတာအဖြစ် ပြန်လည် မြန်းနေတော့၏။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သူမကို မြို့စားနယ်စားအပေါင်းက ညွတ်ပျောင်းခယ ရိုကျိုးကြလေ၏။

ယီတာသည် ငယ်စဉ်ကပင် သိုင်းပညာရပ်အပေါ် လွန်စွာ စိတ်ဝင်စားခဲ့၏။

ခမည်းတော် ဘုရင်ဧကရာဇ်သည် တစ်ဦးတည်းသောသမီးတော်ကလေးကို ဘုရင်ဧကရာဇ်တို့၏ နန်းဆောင်တွင် အေးဆေးတည်ငြိမ်စွာ စိုးစံသည်ကိုသာ မြင်လိုသည်။ အကြမ်းပတမ်း သိုင်းပညာရပ်များ သင်ကြားနေသည်ကို မမြင်လိုပေ။ ထို့ကြောင့် သမီးတော်ကလေး သိုင်းပညာသင်ကြားလိုခြင်းကို တားမြစ်ပိတ်ပင်ခဲ့၏။

ယီတာ ဉာဏ်ကောင်းသည်ကို ခမည်းတော်က သိရှိသည်။ သိုင်းပညာသင်လျှင်လည်း အလွယ်တကူ တတ်မြောက်မည်ကို သိသည်။ သို့သော် သမီးတော်ကလေးနှင့် သိုင်းပညာ ဘာမျှမဆိုင်ဟု သဘောတော်ထားသဖြင့် သိုင်းပညာသင်ယူခြင်းကို ခွင့်မပြုခဲ့ခြင်း ဖြစ်သည်။

ယီတာသည် သိုင်းဆရာကြီးများထံ ချဉ်းကပ်လျက် တပည့်ခံ၏။ သိုင်းပညာသင်ကြားပေးရန် တောင်းပန်၏။

သို့သော် သိုင်းဆရာကြီးများသည် ဘုရင်ဧကရာဇ်၏အမိန့်ကို မလွန်ဆန်ဝံ့သောကြောင့် မည်သည့်ဆရာကမျှ ယီတာအား သိုင်းပညာ သင်မပေးဝံ့ကြချေ။

ယီတာသည် ထိုအတွက် အလွန်စိတ်ဆိုး ဒေါသဖြစ်သည်။

သူသည် အလုပ်တစ်ခုကို ဘုရင်ဧကရာဇ်မသိအောင် ဗိဗိရိရိ လုပ်တော့သည်။



နန်းတော်အတွင်း စာကြည့်ဆောင်၌ လျှို့ဝှက်သိမ်းဆည်းထားသော သိုင်းကျမ်းများ ရှိသည်။ ဆေးကျမ်းမျိုးစုံလည်း ရှိသည်။ သူသည် သိုင်းကျမ်းမျိုးစုံကို တိတ်တဆိတ် ယူဆောင်သည်။ ဆေးကျမ်းမျိုးစုံကိုလည်း ယူဆောင်သည်။ ကိုရုပ်ဆိုးမားရျားအိုအသွင် ရုပ်ဖျက်ပြီး တောတောင်အနှံ့လှည့်လည် သွားလာတော့သည်။

တကယ်တော့ ...

လှည့်လည်သွားလာရင်း သိုင်းပညာလေ့ကျင့်ခြင်း ဖြစ်သည်။

သိုင်းကျမ်းမျိုးစုံသည် သူ့ဆရာဖြစ်သည်။

အခြားသူများသည် သိုင်းကျမ်းများ မရှိသော်လည်း စတင်သင်ကြားရာတွင် အခက်အခဲကြုံတွေ့ကြရသည်။ ယီတာကတော့ မည်သည့်အခက်အခဲမျှ မတွေ့ပေ။

သူမသည် ဉာဏ်အလွန်ကောင်းသည်ကိုး။ ထို့နောက် ...

သူမ သိုင်းပညာ ထက်ထက်မြက်မြက် တတ်မြောက်သည့်အခါ အဒေါ်ချုန်ကို တွေ့ကြုံကယ်တင်နိုင်ခဲ့သည်။

အဒေါ်ချုန်သည် ယီတာ့ကို သစ္စာခံလေ၏။ ယီတာကလည်း အဒေါ်ချုန်ကို လက်စွဲတော်အဖြစ် ယုံမှတ်ကိုးစားစေခဲ့သည်။

ထိုစဉ် ...

သူမသည် မြွေခုနစ်ကောင်ကျောင်းတိုက်ကြီးကို တွေ့ရှိသွား၏။

www.burmeseclassic.com

www.burmeseclassic.com



## (၁၁၁)

သိုင်းကျမ်းများ၊ ဆေးကျမ်းများကို ယူဆောင်ကာ ထိုကျောင်းတိုက်၌ လေ့လာစမ်းသပ်တော့သည်။

ထိုသိုင်းဆေးပညာကိုလေ့လာစမ်းသပ်ရင်း ကွမ်ယုနှင့် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

ယခုအခါ မားချားအိုအသွင် ရုပ်ဖျက်ပုန်းရှောင်နေခြင်းကို စွန့်လွှတ်ပြီး ဘုရင်စေကရာစ်၏သမီးတော် ယီတာအဖြစ်နှင့် နေထိုင်နေပြီကို ဖမည်းတော် ကြားသိသော်အခါ သမီးတော်အတွက် အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်လေ၏။ သမီးတော်ယီတာထံသို့ နန်းတွင်းသူများနှင့် စစ်သည်သူရဲများ ပေးပို့လေတော့သည်။

ထို့ကြောင့် နီယင်ပြည်နယ် လူချင်မြို့ရှိ အဆောက်အအုံကြီးတွင် ယီတာသည် အခြွေအရံများနှင့် သိုက်သိုက်ဝန်းဝန်း ပြန်ဖြစ်နေတော့သည်။

စစ်သည်စစ်သူရဲများကလည်း စောင့်ကြပ်လျက်။

နန်းတွင်းသူများကလည်း ခစားလျက်။

ဘုရင့်သမီးတော်အဖြစ် ပြန်လည်နေထိုင်သဖြင့် ယီတာ၏ ရုပ်သွင်မှာ လွန်စွာ ပြောင်းလဲသွားသည်။ သူမ၏ရုပ်ရည်မှာ မိုးကျနတ်မယ်တမျှ ချောမောလှပသွား၏။

အလှတွင် အယဉ်ဆင့်ဆိုသည်မှာ ယီတာ၏မျက်နှာမျိုးပင်။



သူမကို ကွမ်ယုပြန်မြင်လျှင် လုံးဝမှတ်မိလိမ့်မည်မဟုတ်ချေ။ ယီတာကိုသာမက အဒေါ်ချုန်နှင့် ဟူအင်ချုန်ကိုပင် မှတ်မိလိမ့်မည်မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် သူတို့သည် နန်းတွင်းအဝတ်အစားများကို တောက်ပြောင်စွာ ဝတ်စားထားသောကြောင့်တည်း။

ဟူအင်ချုန်သည် တောက်ပြောင်လှသည့် နန်းတွင်းအဝတ်အစားများကို မနှစ်သက်ချေ။ သို့သော် ယီတာ၏အမိန့်အရ ဝတ်ဆင်နေရသည်။ သူမသည် ဘုရင့်သမီးတော်တစ်ပါး ဖြစ်သည်သာမက သူ၏ဆရာမလည်း ဖြစ်နေသည် မဟုတ်ပါလော။

ဟူအင်ချုန်နည်းတူ အဒေါ်ချုန်လည်း တောက်ပြောင်သည့် အဝတ်အစားများကို မနှစ်သက်ချေ။ သို့သော် ဝတ်ဆင်နေရသည်သာ ဖြစ်ပါ၏။

ဟူအင်ချုန်၏ဖခင် ကုန်သည်ကြီးဟူအင်သည် သား၏ သတင်းကို ကြားသိလေသည်။ သူသည် လူချင်မြို့ကို ရောက်လာခဲ့သည်။ သားဖြစ်သူကို ကြည့်ရှုရန်ဖြစ်သည်။

အဆောင်နိုကြီးတွင် သခင်မယီတာ၏လက်စွဲတော် ဖြစ်နေသည့် ဟူအင်ချုန်ကို တောက်ပြောင်စွာတွေ့ရသောအခါ လွန်စွာဝမ်းမြောက်ဝမ်းသာဖြစ်လေ၏။ သူသည် ပီတိဖြစ်သွားသည်။

ထို့ကြောင့် ဟူအင်ချုန်အတွက် ရတနာအမြောက်အမြားပေးသွားသည်။ သခင်မယီတာအတွက်လည်း အလွန်တရာတန်ဖိုးရှိသော ကျောက်စိမ်းဝတ်စုံတစ်စုံကို ဆက်သခဲ့သည်။

သခင်မယီတာ၌ အဖိုးအနဂ္ဃထိုက်တန်သောရတနာများ ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သိုင်းပညာ၊ ဆေးပညာကိုသာ တန်ဖိုးထားသော သခင်မယီတာသည် ရတနာများကို မမက်ချေ။ ဟူအင်ပေးဆက်သည့် ကျောက်စိမ်းရတနာကိုမူ လွန်စွာသဘောကျသည်။

ယီတာသည် ကျောက်စိမ်းဝတ်စုံကို အရိပ်တကြည့်ကြည့် ဖြစ်နေသည်။ သူသည် ကုန်သည်ကြီးဟူအင်ကို ယဉ်ကျေးသိမ် မွေ့စွာ ကျေးဇူးတင်စကားပြောသည်။ ဘုရင့်တံဆိပ်တော်ပါသော အထိမ်းအမှတ်ရွှေပြားတစ်ခု ပြန်လည်ချီးမြှင့်လိုက်သည်။

ဟူအင်မှာ လွန်စွာအားရကျေနပ်သွားသည်။ ဘုရင်တံဆိပ်တော်တစ်ခု ရဖို့ဆိုသည်မှာ သူလို မြို့ငယ်ကလေးတွင်နေသည့် သူကြွယ်တစ်ဦးအဖို့ လွယ်လှသည်မဟုတ်ပါ။ သူ့သားကိုမွေးရသည်မှာ မွေးရကျိုးနပ်သည်ဟု စိတ်ထဲတွင် ထင်မှတ်မိလိုက်သည်။

သူသည် ပြုံးရွှင်စွာ ပြန်လည်ထွက်ခွာသွားသည်။

ကုန်သည်ကြီးဟူအင်သည် သူ့သား မင်းစိုးရာဇာတစ်ဦးဖြစ်မည်ကို မျှော်တွေး၍သိနေသည်။

ထို့ကြောင့်လည်း အားရကျေနပ်နေခြင်း ဖြစ်သည်။

သားဖြစ်သူဟူအင်ချုန်သည် သူ့အပေါ်ဆိုးနွဲ့အနိုင်ယူလှသော ဟန်ရှင်၏မျက်နှာကိုသာ မြင်ယောင်နေ၏။

သို့သော် သူသည် ယခင်က ဟူအင်ချုန် မဟုတ်တော့ပေ။

တိတ်ဆိတ်နေသည့် ဟူအင်ချုန် ဖြစ်သွားလေပြီ။

ဖခင်ဖြစ်သူ ဟူအင်ပင် ဟူအင်ချုန်၏ပြောင်းလဲမှုကို အံ့ဩသွားသည်။ သို့ရာတွင် မင်းစိုးရာဇာအသိုက်အဝန်းရောက်သွားသဖြင့် ဤသို့ တိတ်ဆိတ်သွားသည်ဟုသာ ထင်မိ၏။



ဟူအင်ချုန်သည် အားလပ်ချိန်များကို သိုင်းပညာ လေ့ကျင့်ခြင်းဖြင့်သာ ကုန်လွန်စေခဲ့၏။ သိုင်းလေ့ကျင့်နေသော ဟူအင်ချုန်ကို ယီတာက တစေ့တစောင်း အကဲခတ်ကြည့်ရှုသည်။

ယီတာ၏စိတ်ထဲ၌ အလွန်ထူးဆန်းနေသည်။

ဟူအင်ချုန်သည် သူသင်ပေးသည်ထက် ပိုလွန်စွာ တတ်မြောက်နေသည်ဟု ထင်မိသည်။ ဟူအင်ချုန်သည် သူ၏သိုင်းပညာစွမ်းရည်ကို နေရာတကာတွင် ထုတ်ဖော်အသုံးပြုလေ့မရှိဘဲ ခြွင်းချန်လျှို့ဝှက်ထားတတ်သည်ကို ယီတာ သတိပြုမိ၏။

ဟူအင်ချုန် မည်သို့ဖြစ်ပျက်ခဲ့သည်ကို ယီတာ မသိရှိခဲ့ပေ။

ဟူအင်ချုန်သည် တတ်မြောက်ပြီးသောသိုင်းပညာများကို အကြိမ်ကြိမ်အဖန်ဖန်လေ့ကျင့်ရာမှ သိုင်းပညာ၏ အလွန်နက်ရှိုင်းသော လမ်းခွဲတစ်ခုကို ပေါက်မြောက်အောင်မြင်ခဲ့သည်။

သူတတ်မြောက်သော သိုင်းပညာများမှာ ယီတာသင်ကြားပေးခြင်းဖြစ်သည်။ အလယ်အလတ်အဆင့်ရှိသော သိုင်းပညာဖြစ်၏။

သို့သော် ...

သူသည် သိုင်းကွက်တိုင်းအား ဖန်တစ်ရာကျေအောင် လေ့ကျင့်ခဲ့သည်။ အထပ်ထပ်လေ့ကျင့်ခဲ့သည်။ အလွန်ကျွမ်းကျင်အောင် လေ့ကျင့်ခဲ့သည်။

ထိုအခါ သူသည် သိုင်းပညာ၏တစ်ကွက်ချင်း နှုန်းညှိမှု မာကြမ်းမှုတွေ သိလာလေ၏။ သိုင်းကွက်တစ်ကွက်ချင်း၏ အတိုးအဆုတ်၊ အနှေးအမြန်နှင့် ပရိယာယ်ပိုင်း၊ အစစ်အမှန်ပိုင်း တစ်ကွက်နှင့်တစ်ကွက်ပြောင်းချိတ်ဆက်မှုတို့ကို သိရှိလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် မိုးကြိုးလျှပ်စစ်ကဲ့သို့ ပြင်းထန်သော တိုက်ကွက်ကို တိမ်စိုင်ကလေးကို နူးညံ့လှပအောင်လည်း ပြုပြင်တိုက်ခိုက်နိုင်ခဲ့လေပြီ။

ဟူအင်ချန်သည် သူ လေ့ကျင့်နေသော သိုင်းကွက်ကို အဆုံးသတ်လိုက်သည်။ သူ၏အမြင်အာရုံထဲတွင် ဟန်ရှင်၏ လှပသော မျက်နှာလေးကို မြင်ယောင်လာပြန်လေသည်။

သူသည် မျက်နှာမှအမာရွတ်ကို လက်နှင့်စမ်းသပ်မိလေသည်။ ကန္တာရဆူးဒဏ်ရာ ဖြစ်၏။ တောင်သုံးလုံးလွင်ပြင်တွင် ဟန်ရှင်က စိန်ခေါ်တိုက်ခိုက်သောကြောင့် ဤဒဏ်ရာရခဲ့ခြင်း ဖြစ်သည်။

ပထမတုန်းက ပြောခဲ့ခြင်းမှာ သိုင်းပညာချင်း ဖလှယ်ရန်လောက်သာ ပြောခဲ့ခြင်း ဖြစ်သည်။

တကယ်တမ်းတိုက်သောအခါ ဟန်ရှင်သည် သဲကြီးမဲကြီး တိုက်ခိုက်ခဲ့လေ၏။

ဟူအင်ချန်က သက်ညှာခဲ့သော်လည်း ဟန်ရှင်က ရက်ရက်စက်စက် တိုက်ခိုက်ခဲ့သည်။

ထိုတိုက်ပွဲတွင် ဟူအင်ချန်သည် ကန္တာရဆူးပင်ပေါ်သို့ မျက်နှာနှင့်ကျကာ မျက်နှာတွင် အမာရွတ်ထင်ခဲ့ရလေ၏။

ဟူအင်ချန်သည် ပါးပေါ်မှ အမာရွတ်ကို လက်နှင့်ခပ်ဖွဖွ ပွတ်ရင်း မှဲ့ပြုံးပြုံးမိသည်။

သူသည် ဟန်ရှင့်အပေါ် သံယောဇဉ်ကြီးလှသော်လည်း ဟန်ရှင်ကမူ သူ့ကို စိမ်းကားလှသည်။ သူ့မျက်နှာပေါ်၌ ဖျက်မရသည့် အမာရွတ်ကိုပင် ပေးခဲ့သည်မဟုတ်ပါလော။



သူသည် ဟန်ရှင်၏စိတ်အာရုံ မည်သည့်နေရာသို့ တိမ်းညွတ်နေသည်ကို သိပေသည်။ ဟန်ရှင်သည် ကွမ်ယုကိုသာ စိတ်ဝင်စားနေသည် မဟုတ်ပါလော။

ယခုဆိုလျှင် ...

ကွမ်ယုနှင့်ဟန်ရှင်တို့ မည်သည့်နေရာသို့ ရောက်ရှိနေသည်ကို မသိတော့ချေ။ အဖြစ်အပျက်ကိုလည်း မသိရ။ လုံးဝ စုပ်စမြုပ်စ ပျောက်နေလေ၏။

ဟူအင်ချန်သည် ကွမ်ယုနှင့်ဟန်ရှင်တို့အကြောင်း တွေးမိကာ သက်ပြင်းချလိုက်မိသည်။

ထိုစဉ် ယီတာနှင့် အဒေါ်ချန်တို့သည် သူ့အနားသို့ ရောက်ရှိလာသည်။

ယီတာသည် သူတို့နှစ်ဦးနှင့်နေစဉ် မည်သည့်အခါမျှ ရာဇဏ္ဍေနှင့် မနေပေ။ သိုင်းသမားတို့၏ ထုံးစံအတိုင်း ဖြစ်သလိုနေထိုင်တတ်ပေသည်။

"သခင်မပါလား"

ဟူအင်ချန်က ဂါရဝပြုလိုက်သည်။ ယီတာက ...

"သခင်မ ပြောစရာရှိတယ်"

အဒေါ်ချန်ရော ဟူအင်ချန်ပါ နားစိုက်ထောင်သွားလေသည်။ ယီတာက ...

"ဟန်ရှင်ရဲ့သတင်းကို သခင်မ ကြားခဲ့ရပြီ"

"ဟင်"

"ဟာ"

www.burmeseclassic.com

www.burmeseclassic.com



အခေါ်ချန်နှင့် ဟူအင်ချန်တို့ အုံ့ဩသွားကြ၏။

ကွမ်ယုသတင်းရော ဟန်ရှင်သတင်းပါ တိမ်မြှုပ်နေခဲ့သည် မဟုတ်ပါလော။

ဟူအင်ချန် ခေါင်းထောင်လာသည်။

သူ အလွန်စိတ်ဝင်စားသွားသည်ကို သခင်မယီတာ သတိပြုလိုက်မိသည်။

ဟူအင်ချန်သည် ဟန်ရှင့်ကို မည်မျှစိတ်နာသည်ဖြစ်စေ သူ စိတ်ဝင်စားမှုကိုတော့ မလျှော့နိုင်ချေ။

ယီတာသည် အနည်းငယ်ပြုံးယောင်ယောင် ဖြစ်သွားသည်။

"ဟူအင်ချန် ... ရှင်ကြားချင်တဲ့ သတင်းစကားကို သခင်မ စေလွှတ်ထားတဲ့ အထောက်တော်တွေက သယ်ဆောင်လာခဲ့ပြီလေ"

ဟူအင်ချန်၏ မျက်လုံးများ ဝင်းလက်တောက်ပြောင်လာလေ၏။

ꩠ ꩡ ꩠ



(၁၁၂)

သူသည် ဟန်ရှင်နှင့်ပတ်သက်သည့် သတင်းစကားတိုင်းကို အလွန်စိတ်ဝင်စားသည် မဟုတ်ပါလား။

"သတင်းက ဘာသတင်းတဲ့လဲ ဟင်"

"ချာအိုချွမ်မြို့က သတင်းပဲ"

ချာအိုချွမ်မြို့သည် ဟူအင်ချန်နှင့် ဟန်ရှင်တို့နှစ်ယောက် နေထိုင်သောမြို့ပင်။

"ဟန်ရှင်တစ်ယောက် သူ့မိဘအိမ်ကို ပြန်ရောက်လာတယ်လို့ အထောက်တော်တွေဆီက သတင်းလာတယ်"

ဟူအင်ချန်၏ မျက်နှာပေါ်တွင် နာကြည်းသော အရိပ်အယောင်များ လုံးဝမတွေ့ရချေ။ မျှော်လင့်ခြင်း အရိပ်အယောင်များသာ တွေ့ရသည်။ ယီတာက ...

"ဟူအင်ချန် ဒီကိစ္စကို သခင်မ ရှင်းရှင်းကလေး ပြောမယ်"

"ပြောပါ သခင်မ"

"ရှင်က ဟန်ရှင်ကို စိတ်ဝင်စားနေတယ်ဆိုတာ သခင်မရော အခေါ်ချန်ပါ သိပါတယ်၊ သခင်မကလည်း ကွမ်ယုကို တွေ့ဆုံချင်တယ်၊ ရှင်ဆန္ဒနဲ့ သခင်မဆန္ဒ မတူပေမယ့် လုပ်ငန်းကတော့ တစ်ခုတည်း ဖြစ်နေတယ်၊ ဟန်ရှင်ကို အခုတွေ့ပြီ၊ ကွမ်ယု ဘယ်ပြေးတော့မလဲ၊ ကွမ်ယုရဲ့ သတင်းကိုလည်း ရပြီပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ယီတာသည် စကားကို စကားအကြောင်းမရှိဘဲ သိုင်းဝိုင်းပြောလေ့မရှိပေ။ အကြောင်းရှိမှသာ အခင်းအကျင်းနှင့် ပြောလေ့ရှိသည်။ ထိုအချက်ကို ဟူအင်ချုန်ရော အဒေါ်ချုန်ပါ သိရှိသည်။ သူမတွင် အစီအစဉ်တစ်ခု စဉ်းစားပြီးဖြစ်မည်မှာ သေချာနေသည်။

"ဒီတော့ သခင်မယီတာက ဘယ်လိုများ စီစဉ်ဆောင်ရွက်ပေးစေချင်ပါသလဲ ခင်ဗျာ"

ဟူအင်ချုန်က မေးလိုက်၏။ သခင်မယီတာက အဒေါ်ချုန်ကို

... "မြေဘုရင်လူတင်း ဘယ်ရောက်နေသလဲ အဒေါ်ချုန်"

"ရှိပါတယ် သခင်မ"

"သူ့ကိုပါ ခေါ်လိုက်ပါ။ ကျွန်မစိတ်ကူးထားတဲ့ အစီအစဉ်ထဲမှာ ရှင်တို့အားလုံး ပါဝင်ဆောင်ရွက်မှ ဖြစ်မယ်"

အဒေါ်ချုန် ပြေးထွက်သွား၏။ ဥယျာဉ်ထဲတွင် ပလွေကို သီကျူးသီမှုတ်နေသော မြေဘုရင်လူတင်းကို ခေါ်ယူခဲ့လေ၏။ အဒေါ်ချုန်နှင့် ဘုရင်လူတင်းသို့ ရောက်လာသောအခါ ယီတာက ...

"ရက်ပေါင်းအတော်ကြာ ပျောက်နေတဲ့ ဟန်ရှင်ဟာ အရှူးအဓူးနဲ့အတူ မမျှော်လင့်ဘဲ ပြန်ရောက်လာခဲ့တယ်၊ သူ့ဖခင်ဟာ ဟန်ရှင့်ကို ဒေါသဖြစ်ဖြစ်နဲ့ ဆူပူကြိမ်းမောင်းတယ်၊ အခု ဟန်ရှင့်ကို အပြင်ထွက်ခွင့် မပေးတော့ဘူး၊ တံခါးပိတ်ထားတယ်၊ အဲဒါ လက်ရှိ ဟန်ရှင်ရဲ့ အခြေအနေပဲ"

ယီတာက ဆက်လက်၍ ပြောသည်။

"ဟန်ရှင့်ကိုတွေ့ဖို့အတွက် သခင်မရဲ့ ဘုရင့်သမီးတော်ဆိုတဲ့ တန်ခိုးသြဇာကို အသုံးပြုရင် လွယ်လွယ်ကလေး ရနိုင်ပါတယ်"



ယီတာက ခေါင်းယမ်းလိုက်၏။

"သခင်မ ဒီတန်ခိုးသြဇာကို အသုံးမပြုချင်ဘူး၊ သခင်မမှာ နိုင်လို့တဲ့အကြောင်းတွေ ရှိနေပါတယ်၊ ဟန်ရှင့်ကို တပည့်အဖြစ် လက်ခံပြီး သိုင်းပညာသင်ပေးတဲ့ အရူးအဓူးဆိုတာ သာမန်ပုဂ္ဂိုလ်တစ်ဦး မဟုတ်ဘူး၊ ရည်ရွယ်ချက်တစ်ခုခုနဲ့ လျှို့ဝှက်လှုပ်ရှားနေတဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်တယ်ဆိုတာ သခင်မ ရိပ်မိတယ်၊ ဒီတော့ သခင်မအနေနဲ့ ဟန်ရှင့်အပေါ် အာဏာမသုံးချင်ဘူး၊ ရှင်းရှင်းပြောရရင် ဟန်ရှင့်ကိစ္စမှာ သခင်မ ပါဝင်တယ်ဆိုတာ ဘယ်သူမှ မသိစေချင်တဲ့သဘောပဲ"

အဒေါ်ချုန်က ...

"သခင်မ,သဘောအတိုင်း ဖြစ်ရပါစေမယ်၊ သခင်မကသာ ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာ အစီအစဉ်ချပေးပါ"

သခင်မယီတာက ရှင်းပြသည်။

"ဟန်ရှင့်အိမ်ကို အရင်ကတည်းက ဝင်ဖူးထွက်ဖူးတဲ့ လူဟာ ဟူအင်ချုန်ပဲ၊ နောက်တစ်ကြောင်းက ဟူအင်ချုန်ကို ဟန်ရှင်နဲ့ လက်ထပ်ပေးစားဖို့ လူကြီးချင်း တိတ်တဆိတ်သဘောတူထားတာရှိတယ်"

ထိုသတင်းကို ဟူအင်ချုန်မသိပေ။ သူသည် ထိုသတင်းကို ကြားသောအခါ အလွန်အံ့အားသင့်သွား၏။ ထို့နောက် မျက်နှာတစ်ခုလုံး ရဲသွားသည်။ သူ ဝမ်းသာသည်။ သူသည် ဟန်ရှင်ကို ချစ်သည်။ ဟန်ရှင်က သူ့ကိုစိတ်မဝင်စားကြောင်းကိုလည်း သူသိသည်။ ဟန်ရှင် စိတ်ဝင်စားနေသည်မှာ ကွမ်ယု။ ကွမ်ယုသည် မည်သူ့ကိုမျှ အထူး စိတ်မဝင်စားကြောင်းကိုလည်း ဟူအင်ချုန်သိသည်။

www.burmeseclassic.com

www.burmeseclassic.com



## (၁၁၃)

ဟန်ရှင်က သူ့မျက်နှာတွင် ဒဏ်ရာရအောင် ရက်ရက်စက်စက် လုပ်သွားသည်။

သို့သော် ... သူ့ ကြာရှည်စိတ်မဆိုးနိုင်ပါ။ လူကြီးချင်း သဘောတူထားသည်ဆိုသည့်အချက်ကို ဟွာအင်ချန်သိသဖြင့် အလွန် ပျော်သွားသည်၊

"အဲဒီတော့"

သခင်မယဒီတာက အစီအစဉ်ချပေးလေ၏။

"ဟွာအင်ချန် ... ဟန်ရှင့်အိမ်ကိုသွားပါ၊ ဟန်ရှင်ကို တွေ့ခွင့် တောင်းပါ။ ဟန်ရှင့်ကိုတွေ့ရင် ဒီ စာကို သူ့လက်ထဲရောက် အောင် ထည့်ပါ၊ သူ ဖတ်ဖြစ်အောင် ဖတ်ပါစေ"

ယီတာသည် စက္ကူပေါ်တွင် ရေးသားထားသော စာတစ် စောင်ကို ဟွာအင်ချန်လက်ထဲသို့ လှမ်းပေးလေ၏။

"အဲဒီစာထဲမှာပါတဲ့အကြောင်းအရာကို အဒေါ်ချန်ရော, လူဝင်းရော, ဟွာအင်ချန်ရော သိထားဖို့လိုတယ်၊ အားလုံး ဖတ်ထား ကြပါ"

စက္ကူပေါ်မှစာမှာ အောက်ပါအတိုင်းဖြစ်သည်။

ဟန်ရှင် ...

ရှင် သိစေလိုက်ပါသည်။ ကျွန်မကို ရှင်သိပါသည်။ ကျွန်မနှင့်ရှင်



တိုက်ခိုက်ခဲ့ဖူးပါသည်။ ကျွန်မသည် မြွေပါကျင်လင် ဖြစ်ပါသည်။ ကျွန်မ၏ဖခင်ကို ရှင်သိမည် မဟုတ်ပါ။ ရှင်သည် ယခုမှ သိုင်းလောကထဲ ဝင်လာသူ ဖြစ်သည်ဟု ကျွန်မ သိရပါသည်။ ကျွန်မဖခင်မှာ အဆိပ်မင်းသားကြီး စမ့်ဟူးဖြစ်ပါသည်။ အဆိပ်မင်းသားကြီးစမ့်ဟူးကို သိုင်းလောကတစ်ခုလုံးက မသိမရှိပါ။ အားလုံးက ဒိန့်ဒိန့်တုန်အောင် ကြောက်ကြရပါသည်။ သူနှင့်ရန်ဘက်ဖြစ်ရန် မည်သူမျှ မလိုလားကြပါ။ ကျွန်မဖခင်၏ ထူးခြားသော အဆိပ်တစ်ခု ရှိပါသည်။ ထိုအဆိပ်မှာ တိမ်အဆိပ် ဖြစ်ပါသည်။ ထိုအဆိပ်ကို ကွမ်ယု၏ကိုယ်ထဲသို့ ကျွန်မ သွင်းထားခြင်း ဖြစ်ပါသည်။ သွင်းပုံသွင်းနည်းမှာလည်း လွန်စွာညင်သာပါသည်။ အဆိပ်ငွေ့ကို ရှူရှိုက်မိရုံမျှနှင့် အဆိပ်မိစေခြင်း ဖြစ်ပါသည်။ ထိုအဆိပ်အစွမ်းပြဖို့မှာ ကြာမြင့်ပါ သည်။ ခြောက်လကြာမှ အဆိပ်အစွမ်းပြတတ်ပါသည်။ သို့သော် ကွမ်ယုအတွက် အချိန်စေ့လာပါပြီ။ အဘယ်ကြောင့်ဆိုသော် သူ အဆိပ်မိထားသည်မှာ ခြောက်လမျှ ရှိခဲ့ပြီဖြစ်သောကြောင့် ဖြစ်ပါသည်။ ကွမ်ယု၏ ကိုယ်ထဲသို့ အဆိပ်ကိုလည်း သွင်းထားခဲ့ခြင်း ဖြစ်ပါသည်။ မစားရသည့်အမဲ သဲနှင့်ပက်သည့်သဘောသာ ဖြစ်ပါသည်။ ထိုစိတ်မှာ သဝန်တိုစိတ်သာ ဖြစ်ပါသည်။ သို့သော် ယခုအခါမှာတော့ ကျွန်မသည် ကွမ်ယုရှုးသွပ်သေဆုံးရမည်ကို စဉ်းစားမိသောအခါ ကျွန်မ၏ အသည်းနှလုံးမှာ ကွဲကြေမတတ် နာကျင်မိပါသည်။ ထို့ကြောင့် ကွမ်ယု ကျွန်မနှင့် မပေါင်းရလျှင်လည်း ကိစ္စမရှိတော့ပါ။ ကျွန်မ စွန့်လွှတ်အနစ်နာခံတော့မည် ဖြစ်ပါသည်။ အဆိပ်ကိုဖြေရန်မှာ အချိန်လိုပါသည်။ တစ်လအတွင်း အဆိပ်ဖြေ ဆေးတိုက်ရန် လိုအပ်ပါသည်။ ခန္ဓာကိုယ်အတွင်းရှိသွေးများသည် တိမ်ပမာပေါ့ပါး ကျဲလှုင်းသွားပြီး ကွမ်ယုအနေဖြင့် ရူးသွပ်သေဆုံးသွားပါလိမ့်မည်၊ အလွန်ညင်သာ သောအဆိပ် ဖြစ်ပါသည်။ အဆိပ်မိထားသည်ကို ရှင် သိသော်လည်း မည်သည့် အဆိပ်ဖြေဆေး တိုက်ရမည်ကို ရှင်မသိနိုင်ပါ။ အဆိပ်ကြေဆေး အချိန်မီ တိုက်မှ

www.burmeseclassic.com

www.burmeseclassic.com



ရန်အတွက် ကွမ်ယုနှင့် အသက်ဆိုင်ဆုံး ဖြစ်နေသည်။ ရှင့်ကို အသိပေ
အကြောင်းကြားခြင်း ဖြစ်ပါသည်။

ကျွန်မသည် ရှင့်ကို အဆိပ်ဖြေဆေး ပေးအပ်လိုပါသည်။ ကွမ်ယု
အသက်ရှင်ရေး မရှင်ရေးမှာ ရှင့်လက်ထဲတွင် ရှိပါသည်။ ရှင် ယုံကြည်လျှ
ကွမ်ယု အသက်ရှင်ပါမည်။ မယုံကြည်လျှင် အသက်သေပါမည်။ ရှင့်သဘော
အတိုင်းသာ ဖြစ်ပါသည်။ ကျွန်မကတော့ စိတ်လျှော့ပြီး အဆိပ်ဖြေဆေးကို
ပေးအပ်ခြင်းသာ ဖြစ်ပါသည်။ အဆိပ်ဖြေဆေးကို လာယူရန် စင်စင်သဘာဝပန်
ဥယျာဉ်ကြီးအတွင်းသို့ လဆန်းဆယ့်တစ်ရက်နေ့ နေ့လယ်အချိန်တွင် အရောက်
လာယူပါရန် ကျွန်မ မေတ္တာရပ်ခံပါသည်။ ကျွန်မကတော့ ကွမ်ယုကို မတွေ့လို
တော့ပါ။ ရှင်သာ ကွမ်ယုကို ဆေးတိုက်လိုက်ပါဟု မေတ္တာရပ်ခံလိုပါသည်။

မေတ္တာအတွက် စွန့်လွှတ်အနစ်နာခံသွားသည်
(မြွေပါကျင်လင်)

ထိုစာကို သုံးဦးသား ဖတ်ပြီးနောက် သူတို့အားလုံး သခင်မ
ယီတာကို မော့ကြည့်ကြသည်။

သူတို့စာဖတ်နေစဉ် သခင်မယီတာက ထောက်လှမ်းရန် စေ
ခိုင်းထားသည့် သူလျှိုအထောက်တော်သုံးဦးသည် ဒူးထောက်လျက်
အမိန့်နာခံနေကြသည်။

သခင်မယီတာသည် သူ့လူသုံးဦး စာဖတ်ပြီးသောအခါ
သူလျှိုအထောက်တော်သုံးဦးကို လက်ဖြင့်အချက်ပြကာ သွားခွင့်ပြု
လိုက်သည်။

"တပ်မှူး ... သင့်ရာမှာ သွားရောက်အနားယူပါ။ သခင်မ
အလိုရှိရင် တပ်မှူးကို ထပ်မံအကြောင်းကြားလိုက်မယ်"



"အမိန့်အတိုင်းပါ သခင်မ"

တပ်မှူးနှင့်အထောက်တော် နှစ်ယောက်သည် ဂါရဝပြုပြီး
ထွက်ခွာသွားကြလေ၏။ သခင်မယီတာက ...

"ရှင်တို့ ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာကို သခင်မ ပြောပြ
မယ်၊ ပထမဆုံး အရေးကြီးတဲ့လူကတော့ ဟူအင်ချုန်ပဲ"

ဟူအင်ချုန် ခေါင်းထောင်သွားသည်။

"ရှင်နဲ့ တောင်သုံးလုံးလွင်ပြင်မှာ တိုက်ခိုက်ခဲ့တာကို ရှင်
အမှတ်မထားဘူးဆိုတာ ဟန်ရှင် သိပါစေ၊ ဟန်ရှင်နဲ့တွေ့တဲ့အခါမှာ
စာကို သူ့လက်ထဲ ထည့်ပေးရမယ်၊ သည်စာကို မြွေပါကျင်လင်က
ပေးခိုင်းတာပါလို့ ရှင်က ပြောရမယ်၊ အရေးကြီးတာက ဟန်ရှင်ယုံဖို့
ပဲ၊ မြွေပါကျင်လင်က ပေးခိုင်းတာလို့ ဟန်ရှင်ယုံရင် ပွဲပြီးသွားပြီ၊
သခင်မပြောချင်တာက မြွေပါကျင်လင်ပေးတာဆိုတာကို ဟန်ရှင်
ဘယ်လိုယုံမလဲ၊ ယုံအောင်ပြောပါလို့ မှာချင်တာပဲ"

ဟူအင်ချုန်က ခေါင်းညိတ်၏။

"စိတ်ချပါ ... သခင်မမှာတဲ့အတိုင်း ဖြစ်ရအောင် ကျွန်တော်
တာဝန်ယူပါတယ်"

"သခင်မလည်း ယုံပါတယ်၊ ဟန်ရှင် ယုံကိုယုံရမယ်၊ ဟန်ရှင်
ဟာ ချိန်းထားတဲ့အတိုင်း စင်စင်သဘာဝဥယျာဉ်ကြီးကို အရောက်
လာလိမ့်မယ်"

"စိတ်ချပါ သခင်မ ... ဟန်ရှင် ယုံကြည်အောင် ကျွန်တော်
ပြောဆိုနိုင်ပါတယ်"

ꩶ ꩷ ꩶ

www.burmeseclassic.com

www.burmeseclassic.com



## (၁၁၄)

အဒေါ်ချန်က ...

"တစ်ခုတော့ရှိတယ် ... အခု သူ့အဖေအိမ်ထဲမှာ ပိတ်လှောင်ခံထားရတယ် မဟုတ်လား။ သူ့အနေနဲ့ အပြင်ကို ထွက်လာနိုင်ပါ့ မလား"

ဟူအင်ချန်က ရယ်မောလျက် ...

"သူ့အဖေဟာ ကျွန်တော့်အဖေရဲ့ ငယ်သူငယ်ချင်းပါ၊ ကျွန်တော့်ကိုလည်း သိပ်ခင်ပါတယ်၊ ဘယ်နည်းနဲ့မဆို ကျွန်တော့်ကို တွေ့ခွင့်ပေးမှာပါ"

သခင်မယီတာကလည်း ရယ်မောရင်း ဝင်ပြောသည်။

"အဒေါ်ချန်ကလည်း အတွေးခေါင်ရန်ကော၊ ဟန်ရှင်လို သိုင်းပညာထူးချွန်တဲ့ မိန်းကလေးတစ်ယောက်အတွက် သော့ခတ်ထားတဲ့ တံခါးပေါက်ဟာ ရယ်စရာပေါ့၊ သူ မထွက်ချင်လို့ နေတာပါ၊ ထွက်ချင်ရင် အလွယ်လေးပါ၊ စိုးရိမ်စရာ မဟုတ်ပါဘူး"

အဒေါ်ချန်လည်း ခေါင်းညိတ်၏။

"ကျွန်မက ဟန်ရှင်ကို စိတ်ဓာတ်ပျော့ညံ့တဲ့ မိန်းကလေးတစ်ယောက် အဖြစ်ပဲ မြင်နေမိတယ်"

သခင်မ ယီတာက ရှင်းပြ၏။

"ဟန်ရှင်ဟာ အဒေါ်ချန် ထင်သလို ပျော့ညံ့တဲ့ မိန်းကလေး



မဟုတ်ပါဘူး။ သူဟာ သခင်မကိုတောင် စိန်ခေါ်ချင်တဲ့ မိန်းကလေးဖြစ်ပါတယ်တဲ့၊ ဒါ ... ထားလိုက်ပါလေ၊ အခု သခင်မ ဆက်ပြောမယ့် အစီအစဉ်ကတော့ အဒေါ်ချန်အတွက်ပဲ"

"ပြောပါ ... သခင်မ၊ သခင်မအတွက်ဆိုရင် ဘာပဲ လုပ်ရလုပ်ရ ကျွန်မ လုပ်ပါ့မယ်"

"ရှင့်ကို သခင်မက မြွေပါကျင်လင် ပုံသဏ္ဌာန်အတိုင်း တစ်သမဝေသိမ်း တူအောင် ရုပ်ဖျက်ပေးလိုက်မယ်"

"ရှင်"

"ဘာလဲ ... အဒေါ်ချန် အံ့ဩသွားသလား"

"အံ့ဩတာပေါ့ သခင်မရယ်၊ သခင်မက ကျွန်မလို အဘွားအိုတစ်ဦးကို အသက်ဆယ့်ခုနစ်နှစ်သာ ရှိသေးတဲ့ မြွေပါကျင်လင်လို မိန်းကလေးမျိုး ရုပ်ဖျက်ပေးမယ် ဆိုတော့"

အဒေါ်ချန်သည် မဖြစ်နိုင်ပါဘူး သခင်မရယ်ဟု ဆက်မပြောတော့ချေ။ သူမသည် စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေ၏။ သခင်မ ယီတာက ပြုံးလိုက်၏။

"ရှင်ရဲ့ ပြောပုံဆိုပုံ ဟန်အမူအရာတွေကိုသာ မြွေပါကျင်လင်နဲ့တူအောင် ကြိုးစားပါလေ၊ ရှင့်ရုပ်ရည်ကို မြွေပါကျင်လင်နဲ့ ချွတ်စွတ်တူအောင် လုပ်ပေးဖို့ကတော့ သခင်မရဲ့ တာဝန်ပဲ"

အဒေါ်ချန် ခေါင်းညိတ်လိုက်၏။

"ကောင်းပါပြီ ... သခင်မက ရုပ်ဖျက်ပေးမယ် ဆိုတော့လည်း ပြီးတာပဲပေါ့၊ ကျွန်မကတော့ ကျင်လင်ရဲ့အပြောအဆို ဟန်ပန်ကို တူအောင် ကြိုးစားရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ယီတာက ရယ်လျက် ပြောသည်။

"ရှင့်ကို သခင်မ ရုပ်ဖျက်ပေးပြီးရင် ရှင့်ကို သခင်မ ဆေးတစ်မျိုး ပေးလိုက်မယ်၊ ရှင်က လဆန်းဆယ့်တစ်ရက်နေ့မှာ ချိန်းဆိုထားတဲ့အတိုင်း စင်စင်သဘာဝဥယျာဉ်ကြီးကိုသွားပြီး ဟာန်ရှင်နဲ့တွေ့ပါ၊ သူနဲ့တွေ့တဲ့အခါ စာထဲမှာ ပါတဲ့အတိုင်း ဆေးကို သူ့လက်ထဲထည့်ပါ၊ ရှင့်တာဝန်ကတော့ ဒါပါပဲ၊ အဲ ... သူယုံကြည်အောင်တော့ လုပ်ဖို့လိုတယ်ပေါ့"

"ဟုတ်ကဲ့ ... ဆောင်ရွက်ရမယ့်ကိစ္စကတော့ လွယ်ပါတယ်"

"အဲဒီလိုလည်း သဘောမထားနဲ့လေ၊ လွယ်ပါတယ်လို့ သဘောထားလိုက်ရင် ရှင့်ရဲ့ ပြောပုံဆိုပုံ ဟန်ပန်တွေဟာ ကျင်လင်နဲ့ ကွဲသွားလိမ့်မယ်၊ လေးလေးနက်နက် သဘောထားမှပေါ့"

"ဟုတ်ကဲ့ ... ကျွန်မ လေးလေးနက်နက် သဘောထားပါမယ်"

သခင်မယီတာသည် မြေဘုရင် လူတင်းဘက်သို့ လှည့်လိုက်၏။

"လူတင်း ... ဦးကြီးကကော ကျွန်မကို ကူညီမယ်လို့ ဆုံးဖြတ်ထားပြီလား"

"ကျုပ် ပြောခဲ့ပြီ မဟုတ်လား၊ ကျုပ်ဟာ ချန်ကလေးအတွက်ဆိုရင် ဘာမဆိုလုပ်ပါ့မယ်လို့ ဆိုထားတာပဲ၊ သူ့အတွက် ကျုပ်အသက်ကို စွန့်လွှတ်ပြီး လုပ်ကိုင်ပေးပါ့မယ်၊ ခုကိစ္စမှာ သူက လေးကိုယ်တိုင် ပါနေမှတော့ ကျုပ်အနေနဲ့ ဘာမှငြင်းစရာ မရှိပါဘူး။ ကျုပ်ကိုပေးမယ့်တာဝန်ကိုသာ ပြောပါ"



သခင်မယီတာ ခေါင်းညိတ်လိုက်၏။

"ကောင်းပါပြီ ... သခင်မက အဒေါ်ချန့်ကို ပေးမယ့် ဆေးက ကျိုင်းရွှေလို့ခေါ်တဲ့ ဆေးတစ်မျိုးပဲ၊ ဒီဆေးဟာ အင်မတန် အစွမ်းထက်ပါတယ်၊ ရှင်တို့က ဒီဆေးကို အဆိပ်ဖြေဆေး တစ်မျိုးလို့ ထင်ချင် ထင်နေကြမယ်၊ တကယ်တော့ ရန်သူကို အနှံခံရာမှာသုံးတဲ့ ဆေးတစ်မျိုးပါ"

လူတင်းက ...

"ကျိုင်းရွှေဆေးကို ကျုပ် ကြားဖူးပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



## (၁၁၅)

“ရှင်က ဗဟုသုတရှိလို့ ဒီဆေးအကြောင်း ကြားဖူးတာပါ၊ အရိုး့လူတွေ မသိကြပါဘူး။ ဒီဆေးနဲ့ကို အနံ့ခံဖို့ လှေကျင့်ပေးထားတဲ့ ခွေးနက်ကြီးသုံးကောင်အနက် တစ်ကောင်ကို သခင်မ,သုံးမယ်၊ ငှက်နက်တစ်ကောင်ကိုလည်း သုံးမယ်၊ ငှက်က ကောင်းကင်က အနံ့ခံမယ်, လမ်းပြမယ်၊ ခွေးက အောက်ကနေ အနံ့ခံမယ်, လမ်းပြမယ်၊ ကောင်းကင်နဲ့ မြေလမ်းက နှစ်ဖက် ညှပ်ပြီး ရန်သူကို ခြေရာခံမယ်၊ ရှင်အနေနဲ့က ခွေးနဲ့ငှက်ကို ထိန်းကျောင်းပြီး ရန်သူ့နောက်ကိုလိုက်ပါ၊ ဟန်ရှင်ဟာ ဒီဆေးကို ဘယ်သူ့ကိုမှ ပေးမှာမဟုတ်ပါဘူး၊ သူကိုယ်တိုင် ဆေးကို သွားပို့ပေးမှာ သေ ချာတယ်၊ အဲဒီအခါမှာ ကွမ်ယု ဘယ်မှာရှိတယ်ဆိုတာကို သေချာပေါက်သိပြီပေါ့”

သခင်မယီတာ၏စကားကို လူတင်းက လေးနက်စွာ စဉ်းစားနေသည်။

“ကျုပ်အနေနဲ့ သခင်မကို သတိတစ်ခု ပေးချင်ပါတယ်”

“ပေးပါ ... ပေးပါ၊ ပညာရှိ သတိဖြစ်ခဲဆိုတဲ့ စကားလည်း ရှိသားပဲ”

“သခင်မ အစီအစဉ်အတိုင်းဆိုရင် ဟန်ရှင်ဟာ ကျိုင်းရွှေဆေးကို တိမ်အဆိပ်ဖြေဆေးအမှတ်နဲ့ ကွမ်ယုကို တွေ့တဲ့အခါ ကျွေးလိမ့်မယ်”



“ဟုတ်တယ်လေ”

“ဒီလိုဆိုရင် ကွမ်ယုဟာ ခုနစ်ရက်တိတိ အသက်မရှူဘဲ နှလုံးမခုန်ဘဲ ခုနစ်ရက်တိတိ မေ့မြောသွားလိမ့်မယ်”

“အဲဒါကို သခင်မ သိတာပဲ၊ သခင်မရဲ့အစီအစဉ်ထဲမှာ အဲဒီ အချက်ဟာ အရေးကြီးဆုံး အချက်တစ်ခုပေါ့”

“ကျုပ် နားမရှင်းပါဘူး သခင်မ၊ ဘာဖြစ်လို့လဲဆိုတော့ ဖြစ်လာတဲ့ အဖြစ်အပျက်ဟာ သူတို့အားလုံးအတွက် အခြေအနေ မကောင်းဘူးလေ၊ သခင်မ ဘယ်လိုလုပ် ရှင်းမလဲ”

“ရှင်းတာက လွယ်ပါတယ်လေ၊ ဦးကြီးအနေနဲ့ ကွမ်ယုနေထိုင်တဲ့ အရပ်ကို သိတာနဲ့ သခင်မကို ချက်ချင်း အကြောင်းကြားပါ၊ ကွမ်ယုဟာ ကျိုင်းရွှေဆေးကို သောက်မိပြီး အသက်မရှူဘဲ ခုနစ်ရက် လူသေလို ဖြစ်သွားမယ်၊ ဒီအခါမှာ အဲဒီလူတွေ ဘာမှမတတ်နိုင်ကြတော့ဘူး၊ သူတို့ကွမ်ယုကို မြေမြှုပ်ရုံမှလွဲလို့ ဘာရှိတော့မှာလဲ”

“ဟုတ်ပါတယ်၊ သူတို့ မြေမြှုပ်ရုံပဲ ရှိတော့တာပေါ့”

“သူတို့ မြေမြှုပ်လာတဲ့အခါမှာ သခင်မတို့တစ်ဖွဲ့တွေဟာ ပုန်းကွယ်ပြီး စောင့်ကြည့်နေကြမယ်၊ သူတို့လည်း မြေမြှုပ်ပြီးပြန်ရော သခင်မတို့ဟာ သချိုင်းထဲက ကွမ်ယုအလောင်းကို ဖော်ပြီး သယ်ဆောင်လာရုံပါပဲ”

“သယ်ပြီးတော့”

“သယ်ပြီးတော့ ခုနစ်ရက်ကျော်တဲ့အခါမှာ ကျိုင်းရွှေဆေးရဲ့ အစွမ်းပြယ်ပြီး ကွမ်ယု လူကောင်းတစ်ယောက်လို ဖြစ်လာလိမ့်မယ်၊ အဲဒီအခါမှာ သခင်မဟာ ကွမ်ယုအသက်ကို ကယ်တင်ခဲ့တဲ့အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ခတ်လမ်းကလေးတစ်ခု ဆင်ပြောပြလိုက်ရုံပါပဲ၊ ကွမ်ယုဟာ သခင်မကို ကျေးဇူးတင်သွားလိမ့်မယ်၊ သူ့ကို အတွင်းအားတိုးဆေးတွေ တိုက်ခဲ့တာကိုလည်း စိတ်ပြေသွားလိမ့်မယ်၊ တကယ်တော့ အဲဒီ အတွင်းအားတိုးဆေး တိုက်တာကလည်း သခင်မရဲ့ သူ့အပေါ် စေတနာလွန်သွားတာပဲ၊ ဒါဆိုရင် ကိစ္စက ပြီးပါပြီလေ၊ ကွမ်ယုဟာ အစကတည်းက စိတ်ထား ခက်ထန်မှု မရှိပါဘူး"

သခင်မယီတာက ရှင်းပြလိုက်သည်။

အဒေါ်ချုန်၏မျက်နှာတွင် ပြုံးယောင်သန်းသွား၏။

သခင်မယီတာသည် ကွမ်ယုကို ချစ်နေသည်။

ထို့ကြောင့် ...

သူမနှင့်နီးစပ်အောင် မိန်းကလေးတန်မယ့် ကြံဆောင်နေခြင်းဖြစ်ကြောင်းကို အဒေါ်ချုန် သိရှိ၏။

ဟူအင်ချုန်ကလည်း သိရှိပါသည်။

သခင်မယီတာက ကွမ်ယုကိုရရှိအောင် ကြိုးပမ်းနေခြင်းအတွက် သူ စိတ်ဆိုးရန် မည်သည့်အကြောင်းမျှ မရှိပါ။

ကွမ်ယုသာ သခင်မယီတာနှင့် နီးစပ်သွားလျှင် ဟန်ရှင်၏ အချစ်ကို သူ ပိုင်ပိုင်နိုင်နိုင်ရရှိနိုင်မည် မဟုတ်ပါလား။

ယခု အကြံအစည်တွင် သူ အားကြိုးမာန်တက် ဆောင်ရွက်ပေးရန်သာ ရှိသည်။

အဒေါ်ချုန်သည် သူမနှင့်လူတင်း၏ အဖြစ်အပျက်ကို ပြန်လည်တွေးမိပြီး သခင်မယီတာ၏အဖြစ်ကို ကိုယ်ချင်းစာမိလေသည်။

ထို့ကြောင့် ...



"သခင်မ စိတ်ချနေပါတော့၊ သခင်မရဲ့ အစီအစဉ်အတိုင်း ချောမောအောင် ကျွန်မတို့ အစွမ်းကုန်ဆောင်ရွက်ပေးပါ့မယ်"

"ဟုတ်ပါတယ် ... ကျွန်တော်ကလည်း အစွမ်းကုန် ဖြည့်ဆည်းဆောင်ရွက်ပေးပါ့မယ်"

ဟူအင်ချုန်က ပြောလိုက်သည်။ လူတင်းကလည်း ...

"ချုန်ကလေးက ဒီလောက် စိတ်ပါလက်ပါ ပြောနေမှတော့ ကျုပ်ကလည်း ကူညီရတော့မှာပေါ့"

ထိုသုံးယောက်သည် အစွမ်းကုန် ကတိပေးလိုက်၏။

သခင် မ,ယီတာ၏မျက်နှာသည် ပြုံးရွှင်နေသည်။ ယခင်ကလို တွေဝေငေးငိုင်မှု မရှိတော့ချေ။

ဟူအင်ချုန်၏ မျက်နှာတွင်လည်း မျှော်လင့်ချက်ရောင်ခြည်များ ယှက်သန်းလာသည်။

သူသည် ဟန်ရှင်နှင့် ပြန်လည်နီးစပ်ရန် အခွင့်အရေး ပေါ်လာပြီ မဟုတ်ပါလား။

ꩰ ꩶ ꩰ

www.burmeseclassic.com

www.burmeseclassic.com



## (၁၁၆)

# အသည်းနှလုံးကြွေပြုန်းခြင်း

ကုန်သည်ကြီး ဟန်ရှီအိသည် မျက်လုံးပြူးသွားလေ၏။ ထိတ်လည်း ထိတ်လန့်သွားသည်။

အဘယ်ကြောင့်ဆိုသော် ...

ဘုရင်စကေရာဇ်၏အလံများ ကိုင်ဆောင်ထားသည့် တပ်စု တစ်စုသည် သူ့အိမ်ခြံဝင်းအတွင်းသို့ မြင်းများစီးပြီး ဝင်ရောက်လာသောကြောင့်တည်း။

သူသည် အကြီးအကျယ် အံ့အားသင့်နေ၏။

သူသည် မည်သည့်အခါမျှ ရာဇဝတ်သင့်မည့်အလုပ်များ မလုပ်ခဲ့ချေ။ ယခုတပ်စုသည် မည်သည့်အကြောင်းကြောင့် ဝင်လာပါသနည်း။ ရဲမက်များသည် တံခါးဝသို့ ဆင်းရပ်လိုက်သည်။ နံဘေးတစ်ဖက်တစ်ချက်သို့ လူစုခွဲပြီး ရပ်လိုက်၏။

ကုန်သည်ကြီးဟန်ရှီအိသည် တပ်မှူးကလေးကို ကြိုဆိုရန် အိမ်ပေါ်မှ ပျာယီးပျာယာ ဆင်းလာလေ၏။

သို့သော် တပ်မှူးကလေးသည် ကုန်သည်ကြီးဟန်အိရှီကို လုံးဝမကြည့်ချေ။

သူကြည့်နေသည်မှာ ခြံဝင်းအပြင်ဘက်သို့သာ ဖြစ်၏။



တစ်စုံတစ်ယောက် လာဦးမည်မှာ သေချာနေသည်။

ကုန်သည်ကြီးဟန်အိရှီမှာ အံ့အားသင့်သွား၏။

သူ ဆင်းလာ၍ တပ်မှူးကလေးအနီးသို့ ရောက်သည်နှင့် ခြံဝတွင် မြင်းဖြူကြီးတစ်ကောင် ဘွားခနဲ ပေါ်လာသည်ကို သူ တွေ့လိုက်ရ၏။

မြင်းပေါ်တွင် နန်းတွင်းသားတစ်ဦး ပါလာသည်။

အလွန်တောက်ပြောင်သော အဝတ်အစားများ ဝတ်ဆင်ထားသည့် နန်းတွင်းသားကြီးသည် မြင်းဖြူကြီးကို တပ်မှူးကလေး အနီးအထိ စီးလာလေ၏။

တပ်မှူးကလေးက ထိုနန်းတွင်းသားကို ရိုသေစွာဂါရဝ ပြုသည်။ ထို့နောက် တပ်မှူးကလေးသည် မြင်းဇက်ကြိုးကို ဆွဲကိုင်ပြီး ထိန်းပေးသည်။

ကုန်သည်ကြီးဟန်အိရှီမှာ တပ်မှူးကလေးကို အရိုအသေ ပေးရနိုးနိုး၊ မြင်းဖြူပေါ်မှ နန်းတွင်းသားကို အရိုအသေ ပေးရနိုးနိုး ယောင်တောင်တောင်ဖြစ်နေ၏။

မြင်းဖြူပေါ်မှလူငယ်သည် ဆင်းလာပြီး ဟန်အိရှီကို ဦးညွှတ်ဂါရဝပြုလေ၏။

ထိုအခါ ဟန်အိရှီကလည်း ဂါရဝပြုလိုက်ရသည်။

မြင်းဖြူပေါ်မှ လူငယ်က...

"ဦးကြီး ဟန်အိရှီခင်ဗျား ... မတွေ့တာကြာနေလို့ ကျွန်တော့်ကို မေ့နေပုံရပါတယ်၊ ကျွန်တော်ဟာ ဦးကြီးရဲ့တူတော်မောင် ဟူအင်ချန်ဖြစ်ပါတယ်ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

ကုန်သည်ကြီးဟန်အီချိုသည် အလွန်အံ့အားသင့်သွားလေ၏။

"ဟူအင်ချန် ... ဟူအင်ချန်"

သူသည် ထိုနာမည်ကိုသာ ရေရွတ်နေသည်။

"ကျွန်တော် ဦးကြီးရဲ့တူတော်မောင် ဟူအင်ချန်ပါ"

ထိုအခါမှ ဟန်အီချိုသည် ဟူအင်ချန်ကို မှတ်မိသွားသည်။

ဟူအင်ချန်သည် တောက်ပသောအဝတ်အစားများနှင့် တစ်သွေးတစ်မွေး ဖြစ်နေသည် မဟုတ်ပါလား။

"ဟူအင်ချန် ... မင်းက အသွေးအရောင်တွေ ပြောင်းနေတော့ ငါ ရုတ်တရက် ဘယ်မှတ်မိမှာလဲ၊ မင်းရဲ့သတင်းကောင်းတွေကို ငါကြားနေရပါတယ်၊ ဘုရင်စကောရာ့ခ်ရဲ့သမီးတော်ဟာ မင်းရဲ့သိုင်းပညာဆရာဖြစ်နေတယ်ဆိုတဲ့ သတင်းတွေကို ငါကြားနေရပါတယ်၊ ရေမြင့်တော့ ကြာတင့်တာပေါ့ကွယ်၊ သမီးတော်ယီတာကော ကျန်းမာချမ်းသာရဲ့လား"

"ကျွန်တော့်သခင်မ ကျန်းမာချမ်းသာပါရဲ့ခင်ဗျာ"

"လာ ... လာ ... အိမ်ထဲဝင်ပါ၊ တပ်မှူးကလေးလည်း အိမ်ထဲဝင်ပါ"

တပ်မှူးကလေးက ...

"ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ကျွန်တော့်တာဝန်က ဒီအိမ်ပေါက်ဝမှာပဲ စောင့်ရမှာပဲ"

ဟန်ချိုအီနှင့်ဟူအင်ချန်တို့သည် အိမ်ထဲသို့ လှမ်းဝင်လာကြလေ၏။



ဟူအင်ချန်က ...

"ဟန်ရှင်တစ်ယောက် ခရီးလွန်နေရာကနေ အိမ်ပြန်ရောက်လာပြီလို့ သတင်းကြားတယ်၊ ကျွန်တော် သတင်းကြားကြားချင်း ပြေးလာခဲ့တာပါ ဦးကြီး"

ဟန်အီချိုသည် မျက်နှာပျက်သွားလေ၏။

"ဒီသမီးမိုက်ကြောင့် ခက်ပါသေးတယ်ကွယ်၊ ယောက်ျားကလေးလို လျှောက်သွားနေတော့တာပဲ၊ ဒီကလေးမဟာ သိုင်းဆရာကြီးတစ်ယောက်ဆီမှာ တပည့်ခံသတဲ့၊ အဲဒီဆရာကြီးနဲ့ တောတောင်အနှံ့ ခရီးလှည့်လည်နေသတဲ့၊ မင်းပဲ စဉ်းစားကြည့် ... ဒါဟာ မိန်းကလေးတစ်ယောက် လုပ်ရမယ့်အလုပ်လားကွာ၊ အခုတော့ ဦးကြီးကလည်း သူ့ကို ဆူပူပြီး အိမ်ထဲက အိမ်ပြင်မထွက်နဲ့လို့တော့ တားလိုက်တယ်၊ သူ့အခန်းကိုလည်း သော့ပိတ်ထားလိုက်တယ်၊ မင်းအနေနဲ့ မင်းသူငယ်ချင်းပေါ် စိတ်သဘောထားများ ပြောင်းလဲသွားမှာကို ဦးက စိုးရိမ်နေတာ"

"အို ... ဦးကြီးရယ် ... ကျွန်တော့်အနေနဲ့ ဟန်ရှင့်အပေါ် ဘယ်လိုမှ စိတ်သဘောထား မပြောင်းပါဘူး၊ ဟန်ရှင်ဟာ သိုင်းပညာ သိပ်သင်ချင်နေတဲ့ မိန်းကလေးမဟုတ်လား။ သူ ပညာရှာပြီး ခရီးထွက်နေတယ်ဆိုတာ ကျွန်တော် နားလည်ပါတယ်၊ ပြီးတော့ ဟန်ရှင့်ရဲ့ စိတ်ဓာတ်နိုင်မာမှုကို ကျွန်တော် အသိဆုံးပါပဲခင်ဗျာ"

ဟူအင်ချန်က ကုန်သည်ကြီး ဟန်ချိုအီအား နှစ်သိမ့်စကားပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဟန်ချိုအီသည် ဟူအင်ချုန်၏ နှစ်သိမ့်စကားများကြောင့် အပူလုံးကြီးတစ်ခု လျော့ကျသွားဟန်ရှိလေ၏။ မျက်နှာတစ်ပြင်လုံး ရွှင်ရွှင်ပျပျ ဖြစ်လာသည်။

ဟူအင်ချုန်က ...

"ဦးကြီး ... ကျွန်တော့်ကို ဟန်ရှင်နဲ့ တွေ့ခွင့်ပြုပါ။ သူ့အတွက် ဇင်ဝါအရပ်က ရှားပါးတဲ့ နှင်းဆီနက်တွေ ကျွန်တော် ယူလာပါတယ်၊ ဦးဦးဖျားဖျား နှုတ်ဆက်လက်ဆောင်ပေးချင်လို့ပါ"

ဟန်ချိုအီသည် ရယ်မောလျက် သူ၏အင်္ကျီအိတ်အတွင်းမှ သော့တစ်ချောင်းကို နှိုက်ယူလိုက်သည်။ ဟူအင်ချုန်၏လက်တွင်းသို့ ထည့်ပေးလိုက်သည်။

"ဟား ... ဟား ... ဟား ... မင်းသူငယ်ချင်းကို မင်းဝင်တွေ့တာ ငါက တားနေရဦးမှာလား။ ကဲ ... ရော့ ... ရော့ ... သော့ယူသွား။ ဟန်ရှင် စာကြည့်ခန်းထဲမှာရှိတယ်၊ မင်းကိုယ်တိုင်ပဲ စာကြည့်ခန်းကို ဖွင့်ပေတော့၊ မင်း ပြန်ထွက်လာရင်တော့ သော့ပြန်ခတ်ဖို့ မမေ့နဲ့တော့၊ မင်းနဲ့ တံပ်မှူးကလေးကို ညစာကျွေးပြီးမှ မင်းတို့ကို ပြန်ခွင့်ပေးနိုင်မယ်ဟေ့"

"ကျေးဇူးတင်ပါတယ် ဦးကြီးဟန်ချိုအီ ခင်ဗျား"

ဟန်ချိုအီသည် သူ၏အစေအပါးများကို အော်ဟစ်ခေါ်ဝင် အမိန့်ပေးတော့၏။ သူသည် တပ်စုတစ်စုလုံးကို ကျွေးမွေးရေးအတွက် ကိုယ်တိုင်စီမံကွပ်ကဲလေတော့၏။ သူ၏တက်ကြွသော စီမံခန့်ခွဲမှုများကြောင့် အစေအပါးများမှာ ပျာယာခတ်လှုပ်ရှား လုပ်ကိုင်ကြရတော့သည်။



ဟူအင်ချုန်သည် ဟန်ချိုအီ၏ စာကြည့်ဆောင်သို့ သွား ပြီး သော့ကိုဖွင့်လိုက်လေ၏။

"ကျွီ"

ဟူအင်ချုန်သည် တံခါးကိုဆွဲဖွင့်လိုက်၏။

ဟန်ရှင်သည် တံခါးဝတွင်ပေါ်လာသော ဟူအင်ချုန်ကို ငေးကြည့်နေသည်။

သူသည် ဟူအင်ချုန်မှန်း ရုတ်တရက် မသိချေ။

သိသွားသော် သူ၏မျက်နှာပေါ်၌ ဝမ်းသာသောအရိပ်အယောင်များ ဖြတ်သန်းသွားလေ၏။

သို့သော် ...

မျက်နှာက ချက်ချင်းတည်သွားသည်။

ဆ ႕ ဆ

www.burmeseclassic.com



(၁၁၇)

ဟူအင်ချွန်၏ပုံသဏ္ဍာန်ကို ဆံပင်ဖျားမှ ခြေဖျားအထိ စေ့စေ့စပ်စပ် ကြည့်နေသည်။

ထို့နောက် မဲ့ပြုံးပြုံးပြီး ...

"ကျွန်မ,ကြားတဲ့သတင်း မှန်နေပြီပေါ့"

"ဘာကြားတာလဲ"

"ရှင့်ရဲ့ဆရာမ သခင်မယီတာဟာ ဘုရင်ကေရာဇ်ရဲ့သမီးတော် ဆိုတာလေ"

"ဟုတ်ပါတယ် ဟန်ရှင်"

"ဒီလိုဆိုရင် ရှင် ပညာသင်ကြားခဲ့တဲ့ ရည်ရွယ်ချက်ဟာ ဘုရင့်အမှုထမ်းကောင်း ဖြစ်ဖို့ပေါ့နော်"

ဟန်ရှင်သည် ဟူအင်ချွန်ကို ထေ့ငေါ့ပြီး ပြောနေလေသည်။

ဟူအင်ချွန်က ...

"မဟုတ်ပါဘူး ဟန်ရှင်၊ ငါ သခင်မယီတာကို ဆရာတင်စဉ်က သခင်မယီတာဟာ ဘုရင့်သမီးတော် ဖြစ်တယ်ဆိုတာကို မသိသေးပါဘူး။ အခု ငါ ပညာသင်ကြားနေဆဲရှိပါသေးတယ်၊ ပညာသင်ချိန် မကုန်ဆုံးသေးပါဘူး။ ဒါကြောင့် သခင်မယီတာနားမှာ ငါ ဆက်နေရဦးမှာပေါ့"

သူက ဆက်ပြောသည်။



"ဒါတွေ ထားလိုက်ပါဟာ ... နင်နဲ့ငါ ခွဲသွားရတာကြာလို့ ခုလို ပြန်တွေ့ရခိုက်မှာ ဝမ်းသာစရာသတင်းစကားတွေပဲ ပြောကြပါစို့ဟာ၊ နင့်အတွက် ငါ လက်ဆောင်ယူလာတယ်၊ အင်မတန်ရှားပါးတဲ့ နှင်းဆီနက်တွေ လက်ဆောင်ပါလာတယ်၊ ရော့ ... ယူပါ ဟန်ရှင်"

ဟန်ရှင်သည် နှင်းဆီနက်များအား မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်၏။

"အင်း ... ပန်းတွေကတော့ အပြစ်ကင်းစင်ပြီး လှပမွှေးကြိုင်နေတာပဲ၊ ပေးတဲ့လူကတော့ ပန်းလို အပြစ်မကင်းဘူးနော်၊ အင်းလေ ... ဘာပဲဖြစ်ဖြစ် ရှင်နဲ့ကျွန်မဟာ ငယ်သူငယ်ချင်းတွေပဲ၊ ရှင်ယူလာတဲ့ ပန်းတွေကို အဲဒီကျောက်စားပွဲပေါ် တင်ထားလိုက်ပါ"

ဟူအင်ချွန် စိတ်ထိခိုက်သွား၏။

သူပေးသောပန်းကို ဟန်ရှင်ကိုယ်တိုင် လက်ခံယူခြင်း မရှိသောကြောင့် ဖြစ်သည်။

သို့သော် ...

ဟူအင်ချွန်သည် ထိုအမူအရာကို မျက်နှာပေါ်၌ မပေါ်အောင် ကြိုးစားထိန်းသိမ်းလိုက်ရသည်။

"ငါလာတာ ကိစ္စတစ်ခုရှိလို့ပါ"

"ဘာကိစ္စလဲ"

"ကွမ်ယုနဲ့ပတ်သက်တဲ့ အရေးကြီးတဲ့ကိစ္စတစ်ခုကြောင့်ပါ"

ကွမ်ယုဟူသောအမည်ကို ကြားလိုက်သည်နှင့် ဟန်ရှင်၏ မျက်နှာပေါ်မှအမူအရာမှာ သိသိသာသာပြောင်းလဲသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏မျက်လုံးများ အရောင်တောက်လာသည်။

ဟူအင်ချန်သည် စိတ်မသက်မသာ ဖြစ်မိ၏။

သို့သော် ...

သူ့ခံစားချက်ကို မျိုသိပ်လိုက်သည်။

"ရော့ ... ဒီစာကို နင် လက်ခံယူပါ၊ ဒီစာဟာ ကျင်လင်က ပေးတဲ့စာပါ၊ သူက ငါ့ကို သေသေချာချာ မှာလိုက်ပါတယ်၊ နင့်လက်ထဲကို အရောက်ထည့်ပါတဲ့၊ အေး ... သူလာတာ အေးအေးဆေးဆေး လာတာတော့မဟုတ်ဘူး။ နင့်ကို ပြောပြလိုက်တာ၊ ငါလည်း မတတ်သာလို့ ယူလာခဲ့ရတာ"

ဟန်ရှင်သည် ဟူအင်ချန်၏လက်ထဲမှ စာရွက်ကို အလျင်အမြန်လှမ်းယူလိုက်၏။

စာဖတ်ပြီးနောက် သူ၏မျက်နှာပေါ်၌ သောကရိပ်များ၊ စိုးရိမ်ပူပန်မှုများ ပေါ်လာတော့သည်။

ဟန်ရှင်၏မျက်နှာ ကို အသေးစိတ်လေ့လာနေသော ဟူအင်ချန်သည် ထိုအချက်များကို တွေ့နေရသဖြင့် သက်ပြင်းကြီးသာ ချမိတော့သည်။

ဟန်ရှင်၏မျက်နှာတွင် အနည်းငယ် သက်သာမကင်းသော အမူအရာပေါ်လာသည်။

ဟန်ရှင်က ...

"ဒါကိစ္စကို ယီတာ သိသလား"

"အင်း ... ပထမတော့ သိတယ်၊ ကျင်လင်ဟာ သခင်မယီတာဆီ ဝင်ပြီး စာကို ဟန်ရှင်လက်ထဲထည့်ပေးဖို့ ဝင်ပြောတာပဲ"



"ယီတာက လက်မခံဘူးလား"

"အဲဒီအချိန်မှာ ဟန်ရှင်သတင်းကလည်း စုပ်စမြုပ်စပျောက်နေတော့ သခင်မယီတာက ဟန်ရှင်ကို ဘယ်မှာသွားရှာမှာလဲ၊ ဟန်ရှင်မရှိတော့ သခင်မယီတာလည်း ဦးနှောက်ခြောက်နေတာပေ့ါ၊ ဒါနဲ့ သခင်မဟာ ကျင်လင့်စကားကို ငြင်းလိုက်တယ်"

ထိုစကားသည် ဟန်ရှင့်အတွက် တွေးစရာဖြစ်လေသည်။

"သူက ဘာကြောင့်ငြင်းရတာလဲ၊ သူ့အနေနဲ့ ကွမ်ယုအပေါ် အလွန်သိယောဇဉ်ရှိနေတယ်ဆိုတာ ကျွန်မ သိတာပဲ၊ သူဟာ ကွမ်ယုအတွက်ဆိုရင် ဘာမဆို လုပ်ပေးနေတာပဲ၊ သူ ... သူ ... ကွမ်ယုကို ..."

"ထားလိုက်ပါတော့လေ ... သူက ကျင်လင့်ကို ငြင်းလိုက်တာကတော့ သူနဲ့ကျင်လင် တိုက်ခိုက်စဉ်က ကျင်လင်ရဲ့အဆိပ်မိသွားခဲ့တယ်၊ ကျင်လင်က အဆိပ်ဖြေဆေး ပေးလိုက်ပါတယ်၊ ဒါပေမဲ့ သခင်မဟာ အင်မတန် ခေါင်းမာတယ်၊ ကျင်လင်ပေးတဲ့ အဆိပ်ဖြေဆေးကို မသောက်ဘူး။ သူ့ဘာသာ အဆိပ်ဖြေဆေးဖော်တယ်၊ အဲဒီအဆိပ်ဖြေဆေးဖော်နေတဲ့အချိန်အတွင်းမှာ သခင်မဟာ အဆိပ်ဆေးဒဏ် အလူးအလဲခံရတာပဲ၊ သူ့ကိုယ်တစ်ခြမ်း မည်းသွားခဲ့တယ်၊ အဲဒီအချက်ဟာ သခင်မ စိတ်ခွဲနေတဲ့အချက် ဖြစ်တယ်၊ ကျင်လင့်အပေါ် အခဲမကျေနိုင်ဘဲ ဖြစ်နေတယ်၊ သူ ကွမ်ယုကို ဘယ်လောက်ချစ်ချစ် ကျင်လင်ရဲ့ဆေးကို လက်မခံနိုင်ဘဲ ဖြစ်နေတယ်၊ သူ့အသက်ကို တောင် ဂရုမစိုက်ဘဲ ကျင်လင်ရဲ့အဆိပ်ကို မသောက်ဘဲနေခဲ့တယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဒီအချက်ကို ကျွန်မ လက်ခံပြီ၊ ရှင်ကရော ဘာစိတ်ကူးရပြီး ကျင်လင့်ဆီက စာကို လက်ခံယူပြီး ကျွန်မဆီရောက်အောင် ပို့ပေးရတာလဲ၊ ကျွန်မစိတ်ထင်တော့ ရှင်ဟာ ကွမ်ယုအပေါ် သဘောထား မကြည်လင်ဘူးလို့ ထင်တာပဲ"

ဟူအင်ချန်သည် ဟန်ရှင်က ထိုသို့ ပွင့်ပွင့်လင်းလင်း မေးလိုက်သဖြင့် အံ့ဩသွား၏။

သို့သော် သူသည် ဝန်ခံသည်။

"ဟုတ်ပါတယ် ... အမှန်အတိုင်း ဝန်ခံရရင် ငါ့အနေနဲ့ ကွမ်ယုအပေါ် သဘောထားမကြည်လင်တာ အမှန်ပါပဲ၊ ဒါပေမဲ့ ငါ့သူငယ်ချင်းအပေါ်မှာ ငါ တစ်ခါမှ မကောင်းမကြံစည်ခဲ့ဖူးပါဘူး"

"ကျွန်မ သိပါတယ်၊ ရှင်က သူ့ရဲ့သိုင်းပညာ ထူးချွန်မှုကို မနာလိုဖြစ်နေတယ် မဟုတ်လား"

ဟူအင်ချန်က ပြုံးမဲ့မဲ့သည်။

"အဲဒါတော့ နင်မှားနေပါပြီ"

"ဘာဖြစ်လို့ မှားရမှာလဲ၊ ရှင် မနာလိုဖြစ်နေတာကို ကျွန်မ သိတယ်"

"မှားတာပေါ့ဟာ၊ သူဟာ တို့နှစ်ယောက် သိုင်းပညာမတတ်ခင်ကတည်းက သိုင်းပညာတတ်နေတဲ့ လူပါ။ ကိုယ်ဖော့ပညာလည်း အရမ်းတတ်ကျွမ်းနေတဲ့ လူပါ။ နောက်ပြီး တကယ်တော့ ငါဟာ သူ့ထက် သိုင်းပညာတတ်တဲ့လူပါ"

ဟန်ရှင်သည် ဟက်ဟက်ပက်ပက် ရယ်မောလေ၏။

"အလိုရှင် ... ကြွားသားမိုးကြိုး"



"ဘာလဲ နင် အံ့ဩနေသလား။ အဆင့်တစ်ခုအထိ သိုင်းပညာကို ငါ အောင်မြင်ပြီးပါပြီ"

ဟန်ရှင်က မဲ့ပြုံးပြုံးသည်။

"ယီတာ သင်ပေးသလောက်ပညာကို ရှင်က ပညာလို့ ထင်နေသလား"

မထင်ပါ။ ဟူအင်ချန် လုံးဝမထင်ပါ။

ယီတာသည် ကွမ်ယုကိုသာ သိုင်းပညာများ အိတ်သွန်ဖာမှောက် သင်ပေးချင် သင်ပေးလိုက်မည်။ သူ့ကိုတော့ ယီတာက သင်မပေးပါ။ သူ့ဘာသာ အထပ်ထပ်လေ့ကျင့်ပြီး သိုင်းပညာလမ်းခွဲတစ်ခုကို တွေ့ရှိခြင်းဖြစ်ပါသည်။

သူသည် သူပေါက်မြောက်ထားသော သိုင်းပညာဖြင့် ဟန်ရှင့်ကိုလည်း အနိုင်မယူခဲ့ပါ။

ယီတာသင်ပေးထားသည့် သမားရိုးကျသိုင်းပညာအဆင့်ဖြင့် ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး ကန္တာရဆူးပင်ပေါ် လဲကျကာ မျက်နှာ၌ ဒဏ်ရာရခဲ့ခြင်း ဖြစ်ပါသည်။

ယီတာ၏ ဆေးပညာကြောင့် သူ ရုပ်ပျက်ဆင်းပျက် မဖြစ်ခဲ့သော်လည်း မျက်နှာ၌ ဒဏ်ရာကြီး ရရှိခဲ့ပါသည်။

ဟန်ရှင်က ဆက်ပြော၏။

"ကွမ်ယုဟာ ဟိုမှာ တခြားသိုင်းပညာတစ်ခုကို တတ်မြောက်ခဲ့ပြီရှင့်၊ သိုင်းပညာမှာ အထွတ်အထိပ်ကို ရောက်နေခဲ့ပြီ၊ ရှင့်လိုလူမျိုးကို မပြောနဲ့ ... ရှင့်လို လူဆယ်ယောက်ကိုလည်း ဂရုမစိုက်တော့ဘူးရှင့်"

www.burmeseclassic.com

www.burmeseclassic.com



ဟူအင်ချန် ရင်နင့်သွားသည်။

"အင်း ... ငါ့ကို သူအရမ်း အထင်သေးနေပါကလား"

သူသည် စိတ်မကောင်း အလွန်ဖြစ်သွားလေ၏။

"ဟုတ်ပါတယ်၊ ဒါက သူနဲ့တွေ့ပြီး သိုင်းပညာဖလှယ်ကြည့်မှ ဘယ်သူသာတယ် ဘယ်သူချာတယ်ဆိုတာကို သိရမယ်၊ အဖြေမှန်ပေါ်မှာပေါ့"

"အင်းပေါ့လေ ... လူဆိုတာကတော့ ကိုယ့်ကိုယ်ကိုယ် ထင်တစ်လုံး ရှိတတ်စမြဲပဲ၊ တကယ်ယှဉ်ပြိုင်ရင်တော့ ကိုယ့်အရည်အချင်းကို ကိုယ်သိသွားမှာပေါ့၊ ကဲ ... လိုရင်းကို ပြန်ကောက်ရအောင်၊ ရှင့်အနေနဲ့ ကွမ်ယုအပေါ် သဘောထားကြည်လင်တဲ့နဲ့ ဘာကြောင့် ဒီစာကို ယူလာပေးရတာလဲ"

ဢ ၈ ဢ



(၁၁၈)

ဟူအင်ချန် သက်ပြင်းချလေ၏။

"ဘာကြောင့်လဲဆိုတော့ နင့်ကြောင့်ပဲပေါ့ ဟန်ရှင်ရယ်၊ နင့်ကို စိတ်ချမ်းသာစေချင်တယ်၊ နင်ဟာ ကွမ်ယုကို မသေစေချင်တဲ့ သူတွေထဲမှာ ထိပ်ဆုံးက ပါတယ်မဟုတ်လား"

ဟန်ရှင်သည် ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် ဟူအင်ချန် ... ကျွန်မ ပွင့်ပွင့်လင်းလင်း ပြောမယ် ... ကျွန်မဟာ ကွမ်ယုအပေါ် သံယောဇဉ်ရှိနေတယ်"

ဟူအင်ချန်သည် မဲ့ပြုံးပြုံးလိုက်၏။

"နင့်ကို ငါ တစ်ခုတော့ အသိပေးရမယ်" -

"နင် သိထားဖို့က နင်ဟာ ငါနဲ့ လက်ထပ်ဖို့ လူကြီးချင်း စေ့စပ်ထားတဲ့ မိန်းကလေးပဲ၊ လူကြီးချင်း သဘောတူထားတဲ့ မိန်းကလေးပဲ၊ မိဘချင်း သဘောတူထားတဲ့ အိမ်ထောင်ဖက်ဆိုတာ အမြဲ သတိရနေသင့်တယ်"

ထိုစကားကို ကြားလိုက်ရသော ဟန်ရှင်မှာ ငယ်ထိပ်ကို မိုးကြိုးပစ်ချခံလိုက်ရသည့်နှယ် အလွန်တုန်လှုပ်သွားရှာသည်။

"ရှင်"

သူမ၏လက်ထဲမှ စာရွက်ပင် ကြမ်းပြင်ပေါ်သို့ လွတ်ကျသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် အံ့အားကြီး သင့်သွားလေ၏။

သွေးဆုတ်ဖြူရော်သွားသော မျက်နှာဖြင့် ကျောက်ရုပ်ပမာ ငြိမ်သက်သွားသည်။

ထို့နောက် တုန်ယင်စွာ မေးလေ၏။

"ရှင် ... ရှင် ... တကယ်ပြောလိုက်တာလား။ ဒီကိစ္စကို လူကြီးတွေ ဘယ်တုန်းက လုပ်လိုက်တာလဲ၊ ကျွန်မလည်း မသိရပါကလား"

ဟူအင်ချန်သည် ဟန်ရှင် အလွန်တုန်လှုပ်သွားသည်ကို မြင်သောအခါ အလွန်စိတ်မကောင်း ဖြစ်သွားသည်။

သူမသည် ကွမ်ယုကို ဤမျှ စိတ်ဝင်စားလိမ့်မည်ဟု မထင်မိပေ။

ယခုတော့ ...

သူမသည် ကွမ်ယုကို လွန်စွာ စိတ်ဝင်စားနေလေပြီ။

ဟူအင်ချန်က ...

"တုန်လှုပ်မနေပါနဲ့တော့ ဟန်ရှင်၊ ငါ ညာမပြောပါဘူး၊ ငါပြောတဲ့စကားဟာ အမှန်တွေပါ၊ ဒါပေမဲ့ နင် မစိုးရိမ်ပါနဲ့၊ နင့်အလိုဆန္ဒ မရှိရင်တော့ ငါတို့ရဲ့ ဇေ့စပ်ကြောင်းလမ်းမှုကို ငါတို့ဘက်က ဇ,ပြီး ဖျက်သိမ်းလိုက်မယ်၊ ဒီလိုဆိုရင် နင် စိတ်ချမ်းသာသွားမယ် မဟုတ်လား"

ဟူအင်ချန်သည် ထိုစကားကို လွယ်လွယ်ပြောလိုက်ခြင်း မဟုတ်ပါ။ သူ အလွန်အားတင်း၍ ပြောရခြင်း ဖြစ်ပါသည်။

သူသည် ဟန်ရှင်ကို လွန်စွာချစ်မိသူ မဟုတ်ပါလား။



ယခုတော့ စွန့်လွှတ်ရချေတော့မည်။

သူသည် ထိုစကားကိုပြောပြီးနောက် သူ့အသည်းနှလုံးများသည် တစ်စစီ ကွဲကြေသွားသည်သို့ ခံစားလိုက်ရတော့သည်။

ဟန်ရှင်အား သူသည် ငယ်စဉ်ကပင် ခင်မင်ခဲ့၏။ အရွယ်ရောက်သောအခါ ချစ်ခဲ့မိသည်။

ဟန်ရှင်ကမူ သူ့ကို အမျိုးမျိုးအနိုင်ယူခဲ့သည်။ နောက်ဆုံး သူ့မျက်နှာကိုပင် ဒဏ်ရာရစေခဲ့သည်။

ဤလိုမိန်းကလေးကို သူ့ အနေနှင့် မချစ်သင့်ပေ။

သို့သော် ...

သူ့ရင်ထဲမှ စွဲချစ်နှစ်သက်နေပေသည်။

ယခုတော့ ချစ်နေချင်၍ မရတော့ပေ။

သူမက အတိအလင်း ပြောလာပြီ ... ကွမ်ယုကို သူ ချစ်နေပါသည်တဲ့။ သူသည် စိတ်ကို တည်ငြိမ်အောင်ကြိုးစားလိုက်ရာ အတန်ကြာမှ တည်ငြိမ်မှုရသည်။

"နင် စိတ်သက်သာရာ ရသွားပြီလား ဟန်ရှင်"

ဟန်ရှင်သည် လေပွေများကို မှုတ်ထုတ်လိုက်ပြီး ခေါင်းညိတ်ပြလေ၏။ ဟူအင်ချန်က ...

"ငါ စာယူလာတာက နင့်ဆီက မျက်နှာလိုချင်လို့ပါ၊ ခုတော့ မျက်နှာမရ ခြေထောက်ရ ဆိုတာလို ဖြစ်နေပြီ၊ ကိစ္စမရှိပါဘူး၊ ငါ ဆောင်ရွက်လက်စ ကိစ္စကို ငါ ဆက်လက် ဆောင်ရွက်သွားပါ့မယ်၊ နင် ဆယ့်တစ်ရက်နေ့မှာ ချိန်းဆိုထားတဲ့အတိုင်း စင်စင် ဥယျာဉ်ကို သွားမှာလား"

www.burmeseclassic.com

www.burmeseclassic.com



ဟူအင်ချန်က မေးလိုက်လေ၏။

"ကျွန်မ ကျိန်းသေ သွားဖြစ်မှာပါ"

ဟူအင်ချန်သည် သူ့လက်ထဲမှသော့ကို ကြည့်သည်။ ဟန်ရှင်ကို ကြင်နာစွာ မေးလိုက်သည်။

"ဟန်ရှင် ... အခု ဒီအခန်းထဲက ငါပြန်ထွက်သွားတဲ့အခါ အခန်းတံခါးကို မပိတ်ဘဲ ဖွင့်ထားခဲ့ရမှာလား၊ ဒါမှမဟုတ် ပိတ်ခဲ့ရမှာလား"

ဟန်ရှင်က မဲ့ပြုံးပြုံးပြသည်။

"အို ... မလိုပါဘူး။ ကျွန်မသိုင်းပညာက ဒီလောက် မညံ့ပါဘူး။ ကျွန်မထွက်ချင်ရင် ဒီအခန်းထဲက အချိန်မရွေး ထွက်နိုင်ပါတယ်၊ ရှင် အခု ကျွန်မ ငြိမ်နေတာက ဖေဖေ စိတ်ချမ်းသာအောင် ငြိမ်နေတာပါ။ ဒါမှ သူ့စကားနားထောင်တယ်လို့ ထင်မှာ မဟုတ်လား"

"ငါက စိုးရိမ်လို့ မေးတာပါ"

"မစိုးရိမ်ပါနဲ့ရှင်၊ စိုးရိမ်ခြင်းဟာ ကျွန်မရဲ့ သိုင်းပညာကို အထင်သေးရာ ရောက်ပါတယ်၊ ကျွန်မအတွက် ထွက်ဖို့ကိစ္စက အင်မတန် လွယ်ပါတယ်"

သူမသည် ခေါင်းမှီးကို လက်ညှိုးထိုးပြလေသည်။ ခေါင်းမှီးသည် သူ့ထွက်ပေါက်ဖြစ်သည်ဟု ပြောခြင်းဖြစ်သည်။

"ဒီလိုဆိုရင် ငါ အခန်းပြင်ထွက်တော့မယ်၊ ငါ မင်းနဲ့ စကားပြောနေတာ အတော်ကြာပြီ"

"အင်း ... ရှင် ဟိုကိစ္စကို ပယ်ဖျက်မယ်လို့ပြောတာ တကယ်နော်"



ရေစပ်ကြောင်းလမ်းမှုကို ပြောခြင်းဖြစ်သည်။

"တကယ်ပါ ... နင် စိတ်မချမ်းသာတာကို ငါ ဘယ်တော့မှ မလုပ်ပါဘူး"

ဟူအင်ချန်သည် စကားဆုံးသွားသည်နှင့် အပြင်သို့ ထွက်သွားကာ အခန်းတံခါးကို ပြန်ပိတ်လိုက်သည်။ သော့ခတ်လိုက်သည်။

အခန်းထဲကျန်ရစ်သော ဟန်ရှင်သည် ကြမ်းပြင်ပေါ်သို့ လွတ်ကျသွားသည့်စာကို ယူပြီး ဒုတိယအကြိမ် ထပ်မံ၍ ဖတ်လိုက်လေသည်။

၈၈ ❧ ၈၈

www.burmeseclassic.com



## (၁၁၉)

## ဆရာခွင့်ပြုချက်

သိုင်းသူရဲကောင်းစူစီဝေ့သည် ဟန်ရှင်ကို ချာအိုချွမ်မြို့တွင်းသို့ ပြန်ပို့သည့်အခါက မည်သည့်နေရာတွင် ပြန်လည်ဆုံတွေ့မည်ဟု ချိန်းဆိုခဲ့ပေသည်။

ထိုချိန်းဆိုထားသော နေ့ရက်သို့ ရောက်သည့်အခါ ဟန်ရှင်သည် အစားအသောက်များ လျင်မြန်စွာ စားသောက်လိုက်လေသည်။ စားသောက်ပြီးသောအခါ သူမသည် တင်ပျဉ်ခွေထိုင်၍ အတွင်းအားကျင့်စဉ်ကို လေ့ကျင့်လေတော့သည်။

အစေခံများသည် အခန်းတွင်းသို့ ခြေဖော့နင်းပြီး ဝင်လာကြသည်။ သူတို့သည် စားပြီးသောက်ပြီးသည့် ပန်းကန်လုံးများကို သိမ်းဆည်းသွားကြလေသည်။ သူတို့သည် တံခါးကို ပိတ်သွားကြသည်။

အတန်ကြာသောအခါမှ ဟန်ရှင်ထလာသည်။ သူမသည် အခန်းတံခါးဆီသို့ ကပ်၍ နားထောင်လိုက်သည်။ မည်သည့်အသံမျှ မကြားရပေ။ သူမသည် အိမ်အမိုးဆီသို့ လွှားခနဲ ခုန်တက်လိုက်၏။ ထုပ်တန်းများပေါ်ဆီသို့ လိပ်ပြာကလေးတစ်ကောင်ပမာ ရောက်ရှိသွားသည်။ သူသည် ထုပ်တန်းများပေါ်၌ ရပ်လိုက်ပြီး အမိုးကို လက်ဖြင့် တွန်းလိုက်သည်။ အုတ်ကြွပ်မိုးကို တွန်းခြင်းဖြစ်သည်။



အုတ်ကြွပ်လေးချပ်စာမျှ ဖယ်လိုက်သောအခါ လူတစ်ကိုယ်စာထွက်ပေါက် ပေါ်ထွက်လာတော့သည်။ သူမသည် ထိုလူတစ်ကိုယ်စာထွက်ပေါက်မှ ကိုယ်ကိုလျှိုု၍ ထွက်လိုက်သည်။ ခေါင်မိုးပေါ်သို့ သူမ ရောက်ရှိသွားသည်။ ပွင့်ဟ နေသော အုပ်ကြွပ်မိုးကို မူလအတိုင်း နေသားတကျ ပြန်ပိတ်လိုက်သည်။

သူသည် အိမ်ခေါင်မိုးစွန်းမှ သစ်ပင်ကြီးတစ်ပင်ပေါ်သို့ ခုန်တက်ပြီး မြို့အပြင်သို့ ရောက်ရှိလာသည်။ သူမသည် ရှေ့နောက်ဝဲယာကို ကြည့်သည်။ မည်သည့်လူ အရိပ်အခြည်မျှ မတွေ့ရချေ။ အလွန်လျင်မြန်သောအဟုန်ဖြင့် တရိပ်ရိပ်ပြေးလေရာ ပင်လယ်ကမ်းစပ်သို့ ဦးတည်နေသည်။

သူ၏နောက်မှ အရိပ်ပမာ ထက်ကြပ်မကွာ လိုက်နေသော လူရိပ်တစ်ခုရှိသည်။

ထိုလူရိပ်ကား သိုင်းသူရဲကောင်း စူစီဝေ့ပင်တည်း။

သိုင်းသူရဲကောင်းစူစီဝေ့သည် ဟန်ရှင်ကို သူမ၏ဖခင်က အိမ်တွင်းပိတ်လှောင်ထားသည်ဆိုသည့်သတင်းမှာ ချာအိုချွန်မြို့ကလေးသာဖြစ်သည့်အတွက် သတင်းအလုံးစုံကို ကြားသိနိုင်သည်။ သူသည် ချိန်းဆိုထားသောနေ့တွင် ဟန်ရှင် ထွက်မှထွက်လာနိုင်ပါ့မလားဟူသော စိုးရိမ်စိတ်ဖြင့် သူမ၏အိမ်ရှေ့၌ မယောင်မလည်ရပ်ကာ တစေ့တစောင်း ကြည့်နေခြင်း ဖြစ်သည်။ အချိန်စေ့သောအခါ ဟန်ရှင်သည် မြို့၏အပြင်သို့ ရောက်ရှိလာသည်ကို တွေ့ရသည်။

စူစီဝေ့သည် ကိုယ်ဖော့ပညာသုံးကာ သူမနှင့် မလှမ်းမကမ်းမှ လိုက်ပါသွားခြင်း ဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ကမ်းခြေအနီးတွင် ကွမ်ယုနေထိုင်သည့် ယန်စီ ကျေးရွာကလေးရှိ၏။ ထိုကျေးရွာ အစွန်အဖျားတွင် စားသောက်ဆိုင် ကလေး တစ်ဆိုင်ရှိ၏။

စူစီဝေက ဟန်ရှင်အား ချိန်းဆိုထားသည့်အရပ်မှာ ထိုဆိုင် ကလေးပင် ဖြစ်သည်။ ထောင့်ကျကျ စားပွဲတစ်လုံးတွင် စူစီဝေ ထိုင် နေသည်ကို တွေ့လိုက်ရတော့၏။

အမှန်ကတော့ စူစီဝေ၏ ကိုယ်ဖျောက်ပညာမှာ ထိပ်တန်း ကိုယ်ဖျောက်ပညာဖြစ်၍ ယန်စီကျေးရွာအပြင်သို့ ရောက်သည်နှင့် ဟန် ရှင်အား ရိပ်ခနဲ ဖြတ်ကျော်ကာ ဆိုင်အတွင်း အရင်ရောက်နေသည့် ဖမ်းကာ ဝင်ထိုင်နေခြင်း ဖြစ်လေသည်။

ဟန်ရှင်သည် ဆိုင်ထဲသို့ လှမ်းကြည့်လိုက်သောအခါ စူစီ ဝေ ထိုင်နေသည်ကို တွေ့ရသည်။ သူသည် ထိုနေရာသို့ လျှောက် သွားလေ၏။ စူစီဝေသည် စားပွဲထိုးလုလင်အား ဟင်းနှင့်ထမင်းများ မှာကြားလိုက်သည်။

"စား ... ဟန်ရှင်"

ဟန်ရှင်သည် ထမင်းနှင့်ဟင်းကို မတို့မိဘဲ စဉ်းစားနေလေ သည်။ စူစီဝေသည် ဟင်းများကို တူနှင့်ညှပ်ယူစားသောက်သည် အတန်ကြာသောအခါမှ စူစီဝေက ပြောသည်။

"မင်းမျက်နှာကို အကဲခတ်ရတာ တစ်စုံတစ်ရာကို လေး လေးနက်နက်စဉ်းစဉ်းစားစား တွေးတောနေတဲ့ပုံပဲ"

"ဟုတ်ပါတယ် ဆရာ"

"မင်း ငါ့ကိုကြည့်နေတဲ့ပုံက တစ်ခုခုပြောချင်နေတဲ့ပုံပဲ"



ဟန်ရှင်သည် သက်ပြင်းချလိုက်၏။

"ဆရာက ကျွန်မစိတ်ထဲမှာ ဘာတွေတွေးနေသလဲဆိုတာ ကို သိနေတာကိုး။ ဟုတ်ပါတယ် ဆရာ၊ ကျွန်မမှာ ဆရာ့ကို ပြောစရာ တွေ အများကြီးရှိနေပါတယ်"

စူစီဝေ ပြုံးလိုက်သည်။

"ပြောပေတော့ ငါ့တပည့်၊ အကုန်လုံးသာပြော"

ဟန်ရှင်သည် သူနှင့်ဟူအင်ချန် သူငယ်ချင်းပြောပုံ၊ ကွမ်ယု နှင့် သူငယ်ချင်းဖြစ်ပုံ၊ ယီတာကို တွေ့ရှိပုံ၊ အဆင်မပြေဖြစ်ပုံ၊ သူမနှင့် ကျင်လင် တွေ့ဆုံပုံတို့ကို ပြောပြလေ၏။ ပြီးသောအခါ ဟူအင်ချန် ရောက်ရှိလာပုံ၊ စာတစ်စောင်ပေးပုံတို့ကို ပြောပြလေ၏။

"စာကတော့ ဒီစာပါ ဆရာ၊ ဖတ်ကြည့်ပါဦး၊ ကျွန်မတော့ ဆုံးဖြတ်ရခက်နေပါတယ်"

အတွေ့အကြုံ ရင့်ကျက်လှပြီဖြစ်သော စူစီဝေသည် စာကို ထုတ်ဖတ်လိုက်၏။ သူသည် စာဖတ်ပြီး စဉ်းစားနေလေ၏။ အတန် ကြာစဉ်းစားပြီး ချီသည် ခါးသည်ကို ဝေဖန်ချက်မပေးဘဲ တပည့်အား သွားခွင့်ပြုလိုက်၏။

"စာထဲမှာ ငါ့တပည့်ကို ချိန်းဆိုထားတယ်၊ ချိန်းဆိုထားတဲ့ အတိုင်း ငါ့တပည့်သွားပါ"

ဟန်ရှင် ပျော်ရွှင်သွားသည်။

"အကြောင်းအရာတွေ အားလုံးလည်း ဆရာသိပြီး စာလည်း ဖတ်ပြီဆိုတော့ ဆရာ့အနေနဲ့ ဘာမှဝေဖန်ချက်ပေးစရာ မရှိတော့ဘူး လား"

www.burmeseclassic.com

www.burmeseclassic.com



ဟန်ရှင်က မေးလိုက်၏။ စူစီဝေ့က ...

"ဘာဘအနေနဲ့ သမီးတို့ကိစ္စမှာ ဘာမှဝင်ပြီး ရှုပ်မနေချင်ဘူး သမီးတို့ကိစ္စဟာလည်း တစ်ယောက်နဲ့တစ်ယောက် ပြဿနာဖြ လောက်တာမှ မဟုတ်တာ၊ တစ်ခုတော့ ဘာဘ သတိထားမိခဲ့တယ် ယီတာရဲ့ အနေအထားကိုပဲ"

စူစီဇွေက ယီတာအကြောင်း ပြောသောအခါ ဟန်ရှင်သည် ခေါင်းထောင်လာ၏။ စူစီဝေ့က ပြုံးပြီး ...

"ငါ့တပည့် အချို့ကိစ္စတွေမှာ သဘာဝတရားကကို ကိုယ့် အရှုံးပေးထားပြီး သူတစ်ပါးကို အနိုင်ပေးထားတာမျိုးရှိတယ်၊ ဥပမ ယီတာကိစ္စမျိုး ဆိုပါတော့၊ ဘာဘဟာ အရူးအဖူးအဖြစ် လှည့်လည် နေထိုင်စဉ်တုန်းမှာပဲ ယီတာကို တွေ့ရှိခဲ့တယ်၊ ယီတာရဲ့ရုပ်ရည် ပကာ ပြောပုံဆိုပုံ၊ သွားပုံလာပုံ၊ ဟန်ပန်တွေအရ သူ ဘယ်လောက် ချိုးနှိမ် ချိုးနှိမ် သူဟာ မျိုးရိုးမြင့်မြတ်တဲ့ အဆင့်အတန်းက ပေါက်ဖွာ လာသူဖြစ်ကြောင်း ဘာဘရိပ်မိခဲ့တယ်၊ နောက်ပြီး သူ့ရုပ်ရည်ကို ကြည့်လိုက်ပါဦး။ ငါ့တပည့်ကိုပြောတာ အဲဒါပဲ၊ သဘာဝတရားကြီး ကိုက ယီတာကို အနိုင်ပေးထားတာ၊ ဘာဘဟာ သူနဲ့ ရင်ဆိုင်တွေ့ တိုင်း သူ့ကို လျှော့ပေးခဲ့တာချည်းပဲ"

ဟန်ရှင်က ဝန်ခံ၏။

"ဟုတ်ကဲ့ ... အဲဒီအချက်ကို ကျွန်မ သတိထားခဲ့မိပါတယ် အမှန်အတိုင်းပြောရရင် ယီတာနဲ့ ပတ်သက်တဲ့သူတိုင်းဟာ ယီတာကို အလျှော့ပေးနေကြတယ်၊ ဒါကိုချည်း ကျွန်မတွေ့နေရတော့ အမြင် ကတ်ခဲ့မိပါတယ်၊ ဘာကြောင့် သူ့ကို လူတိုင်းက အလျှော့ပေးနေ



တာလဲ၊ ဒါကိုပဲ ကျွန်မ တွေးနေပါတယ်"

"ဩော် ... တပည့်ရယ် ဘာဖြစ်လို့ သူများကို အမြင်ကတ်ရ တာလဲ၊ ယီတာဟာ ငါ့တပည့်နဲ့ ရွယ်တူလောက်ပဲရှိတယ်၊ ဒါပေမဲ့ ဉာဏ်ထက်မြက်တဲ့နေရာကျတော့ ငါ့တပည့်က သူ့ကို မမီပါဘူး၊ အင်မတန် ဉာဏ်ထက်တယ်၊ စိတ်ရင်းကောင်းလည်းရှိတယ်၊ သူ အဒေါ်ချုန်ကို ကယ်ထားတာကြည့်ပေါ့၊ ကွမ်ယုကို ပညာသင်ပေးတာ ကြည့်ပေါ့၊ မြင့်မြတ်တဲ့မျိုးရိုးက ဆင်းသက်လာတော့ လူ့တကာကို အပေါ်စီးကပဲ ကြည့်မှာပဲ၊ ဒါ သူ့အပြစ် မဟုတ်ပါဘူး။ သူ့လူတွေနဲ့ ရောရောနှောနှောနေထိုင်တာကိုပဲ ချီးကျူးရမယ် နောက်ပြီး သူဟာ တစ်ဖွတ်ထိုးလုပ်တတ်တဲ့ ဉာဏ်ရှိပုံရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကေရာဓိကြီးရဲ့ သမီးတော်ဖြစ်ပြီး သူ့ဘေးမှာ ဘာအစောင့်အရှောက် မှ မရှိလို့ပဲ၊ ဒါပေမဲ့ သိုင်းသမားကြီးတွေက သူဟာ ဘုရင်ကေရာဓိ ကြီးရဲ့ သမီးတော်မှန်း သိကြတယ်၊ တောင်သုံးလုံးသိုင်းပြိုင်ပွဲမှာ တောင်ကျွန်းဆရာကြီး လီယူမာကိုယ်တိုင် လာတာကို ငါ့တပည့် တွေ့ တယ်မဟုတ်လား"

"တွေ့ပါတယ် ဆရာ"

"အေး ... အဲဒီမှာ ပြောတာတွေကို ငါ့တပည့်ကြားမှာပေါ့၊ သူ မရှိတုန်း အဲဒီကျွန်းကိုသွား၊ လီယူမာရဲ့တပည့်ကို အနိုင်ယူ၊ ကျောက်စိမ်းဓားကို ယူလာခဲ့တယ်၊ နောက်ပြီး အဲဒီဓားကို ကွမ်ယုကို အကိုင်နိုင်းတယ်၊ အဲဒီကိစ္စကိုပဲ ကြည့်၊ တော်ရုံတန်ရုံလူဆိုရင် လီယူမာ က ဘယ်ခွင့်လွှတ်မလဲ၊ ယီတာကိုတော့ ခွင့်လွှတ်ရတယ်၊ သူ့တပည့် ကို အဆိပ်ဖြေဆေးပေးဖို့ တောင်းတောင်းပန်ပန်ပြောပြီး သူ့

www.burmeseclassic.com

www.burmeseclassic.com



ကျောက်စိမ်းစေးကို ပြန်တောင်းသွားတယ်၊ ဒါဟာ ဘုရင့်သမီးတော် ဖြစ်လို့ပေါ့ တပည့်ရယ်၊ မင်းလည်း သူ့အပေါ် သူဆက်ဆံသလို မောက်မောက်မာမာ မဆက်ဆံပါနဲ့၊ ဘဝပေးအခြေအနေချင်းကမှ မတူညီဘဲကိုး၊ သူက ဘုရင့်သမီးကိုယ်က သာမန်အရပ်သူလေ"

"ဟုတ်ကဲ့ ... ဆရာရဲ့ အမိန့်အတိုင်း ကျွန်မ လိုက်နာပါ့မယ်"

"ကဲ ... မင်းအခု အိမ်ပြန်ပေတော့၊ ဟန်မပျက် ဆက်နေပေတော့၊ ချိန်းဆိုထားတဲ့ လဆန်း ဆယ့်တစ်ရက်မှာ စင်စင် ဥယျာဉ်ကြီးကို အရောက်သွားပေတော့၊ မင်းသိထားဖို့က မင်းပတ်ဝန်းကျင်မှာ မင်းကိုစောင့်ရှောက်ဖို့ ဆရာဟာ အမြဲတမ်း ရှိနေတယ်ဆိုတာပဲ"

ဟန်ရှင်က ပြုံးရွှင်စွာ ခေါင်းညိတ်လေ၏။

"ဟုတ်ကဲ့ ... ကျွန်မ ယုံကြည်ပါတယ် ဆရာ၊ ဪ ... ဒါနဲ့ ကျင်လင်ဆီက အဆိပ်ဖြေဆေးရခဲ့ရင် ဆရာ့ကို ကျွန်မ ဘယ်အချိန် ဆက်သွယ်ရမှာလဲ ဆရာ၊ ဆရာ့ကို အဲဒီအဆိပ်ဖြေဆေးကို ပြချင်လို့ပါ"

"ဆုံဖို့ မလိုတော့ဘူး ငါ့တပည့်၊ မင်း တစ်ဦးတည်း အဲဒီအဆိပ်ဖြေဆေးကိုယူပြီး မျောက်စမ်းချောင်းရွှေမြို့တော်ကို သွားပေတော့၊ ငါတို့ လာခဲ့တဲ့လမ်းကို မှတ်မိတယ် မဟုတ်လား"

"မှတ်မိပါတယ် ဆရာ"

"အေး ... အဲဒီလမ်းအတိုင်းသာသွား၊ မင်းနောက် မလှမ်းမကမ်းမှာ ဆရာအမြဲတမ်းရှိတယ်၊ မင်းကတော့ ဆရာ့ကို ရှာတွေ့မှာ မဟုတ်ဘူး"



"ဒါဆို ကျွန်မ ပြန်တော့မယ်ဆရာ၊ ကျွန်မကို ပြန်ခွင့်ပြုပါဦး"

"အေး ... အေး ... ငါလည်း ဒီဘက်နယ်မှာ ချယ်ရီပွင့်ဒေသ သိုင်းပဒေသာကျမ်းအကြောင်း စုံစမ်းနေတာ အခုအထိ အချက်အလက်တွေ မရသေးဘူး"

ထိုစဉ် ...

စားသောက်ဆိုင်အတွင်းသို့ အရိပ်တစ်ခု ပျံ့ဝဲရောက်ရှိလာလေ၏။

စူစီဝေသည် သူ့လက်ကို အပေါ်သို့ ဆန့်တန်းပေးလိုက်လေ၏။

အစိမ်းရောင်ငှက်တစ်ကောင်သည် သူ့လက်မောင်းပေါ် ဖျတ်ခနဲ လာနားလေ၏။

ကြိုးကြာစိမ်းငှက် ... ။

သူတို့၏ဆက်သွယ်ရေးငှက် ...။

စူစီဝေသည် ဆက်သွယ်ရေးငှက်ကလေးကို ယုယစွာ ကိုင်တွယ်ပြီး သူ့ရင်ဘတ်အတွင်းသို့ ထည့်သွင်းလိုက်လေ၏။

စူစီဝေက ...

"ဟန်ဖူးတို့ဆီက အရေးကြီးတဲ့အတွက် ကြိုးကြာစိမ်းငှက် လွှတ်ပြီး ဆက်သွယ်တာပဲ"

"ဆရာရဲ့ အဆက်အသွယ်တွေလား"

"ဟန်ဖူးနဲ့အမော်ဆိုတာ ဘဘကို ကူညီနေတဲ့ ထိပ်သီးသိုင်းသမားနှစ်ယောက်ကွယ့်၊ သူတို့ အကူအညီမရရင် ဘဘ ဘာမှမ

www.burmeseclassic.com

www.burmeseclassic.com



ရှားနိုင်ဘူး။ ကဲ ... ကဲ ... ဘာလဲ ချီကီယင်ပြည်နယ် လူချင်မြို့ကို ခရီးထွက်ရမယ်၊ ငါ့တပည့်နဲ့မျောက်စမ်းချောင်း ရွှေမြို့တော်မှာ ပြန်ဆုံကြမယ်"

သူတို့နှစ်ဦးလည်း စားသောက်ဆိုင်ထဲမှ လမ်းခွဲ၍ ထွက်ခွာသွားကြလေ၏။

ဟန်ရှင်သည် သူမနေထိုင်ရာ ချာအိုချွမ်မြို့သို့ ပြန်လာသည်။ သစ်ပင်ကြီးပေါ်မှတစ်ဆင့် ခေါင်းမိုးပေါ်သို့တက်၊ အိမ်အမိုးကို အသာဖွင့်ဟပြီး ထုပ်တန်းပေါ်သို့ အသာလျှိုဆင်းလိုက်၏။ အုပ်ကြွပ်ပြားများကို ပြန်စေ့ပိတ်လိုက်ပြီး ထုပ်တန်းပေါ်မှ ကြမ်းပြင်ပေါ်သို့ ပြန်လည်ခုန်ချလိုက်၏။

သူမရောက်ရှိလာသည်မှာ အချိန်မီရုံကလေးပင်။

အဘယ်ကြောင့်ဆိုသော် ...

အစေခံများသည် ညနေစာ လာပို့ကြသောကြောင့်ပေတည်း။ အစေခံများသည် လင်ပန်းများကိုင်လျက် အခန်းထဲသို့ အစီအရီဖြင့် ဝင်လာကြ၏။

"ထားခဲ့"

ဟန်ရှင်က ထိုမျှသာပြောသည်။

အစေခံများသည် သူတို့လင်ပန်းအသီးသီးကို ချထားခဲ့ပြီး ထွက်ခွာသွားကြလေတော့၏။

၆၈ ၈ ၉၉



(၁၂၀)

## ကိုယ်ပျောက်သူလော

နောက်တစ်နေ့ နံနက်။

ဟန်ရှင်အား နံနက်စာလာပို့ကြမည်ဖြစ်သော အစေအပါးများကို လှည့်စားရန် ဟန်ရှင်သည် အကြံထုတ်နေ၏။ ထိုင်လျက်လည်း စဉ်းစားသည်။ လမ်းလျှောက်လျက်လည်း စဉ်းစားသည်။ အတန်ကြာသောအခါမှ အကြံရသွားသည်။ သူမသည် စာကြည့်ခန်းကို လှည့်ပတ်ကြည့်ရှု၏။ စာအုပ်စင်ကြီးများနှင့် ရှေး ဟောင်းပစ္စည်းများထည့်ထားသည့် ဗီရိုမြင့်ကြီးများကို နေရာအကွာအဝေး မှတ်သား၏။ နေရာအထားအသိုများကို မှတ်သား၏။

ထိုစဉ် အခန်းပြင်မှ ခြေသံများ ကြားလိုက်ရသည်။ နံနက်စာ လာပို့ကြသော အိမ်စေများ ရောက်ရှိလာကြလေပြီ။ ဟန်ရှင်သည် စာအုပ်စင်ကြီးတစ်ခု၏ဘေး အမှောင်ရိပ်သို့ ခုန်ဝင်လိုက်၏။ သူသည် အမှောင်ရိပ်တွင် အသာပုန်းခိုလိုက်ခြင်း ဖြစ်သည်။

"သခင်မလေး ... သခင်မလေး ... ကျွန်တော်တို့ ထမင်းလာပို့ကြပါတယ်၊ သခင်မလေး ဘယ်ရောက်နေပါသလဲ"

ထိုအခါ ဟန်ရှင် အသံပေးရန် အကြောင်းပေါ်လာတော့၏။

"ငါ ဒီမှာဟေ့"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ ထမင်းပွဲ ပြင်လိုက်ရမလား၊ သခင်မလေး ထမင်းသုံးဆောင်တော့မယ် မဟုတ်လား"

"ဟော့ ... ငါ့အခန်းထဲကို ဒီနေ့ကစပြီး မင်း လာပို့စရာ မလိုတော့ဘူး။ ငါ အစာမစားဘဲနေနိုင်တဲ့ လီရှေးအာဟာရသိဒ္ဓိဆေးလုံးကို စားလိုက်ပြီးပြီ"

ထိုအခါ အစေခံများသည် ရယ်မောကြတော့၏။

"ဟား ... ဟား ... ဟား"

"မင်းတို့ ဘာရယ်တာလဲ"

"ရယ်တာပေါ့ - သခင်မလေးက ရယ်စရာပြောနေတာကိုး"

"ငါ့စကားထဲမှာ ဘာမှ ရယ်စရာမပါဘူး"

"ရယ်စရာမပါဘဲ ဘယ်ရှိပါ့မလဲ၊ လီရှေးအာဟာရသိဒ္ဓိဆေးလုံးဟာ ခုခေတ်မှာ မရှိပါဘူး။ ဒဏ္ဍာရီထဲမှာသာရှိတာပါ၊ ဒါကြောင့် ကျွန်တော်တို့ ရယ်ကြတာ"

"ဟော ... ဒဏ္ဍာရီထဲက ဆေးလုံးဟာ အပြင်မှာရှိတယ်ဟဲ့၊ ရှိလို့ပဲ ဝါးစားပြီးပြီ၊ နင်တို့ ထမင်းတွေ ပြင်မနေနဲ့ ပြန်ယူသွား"

အစေခံများမှာ ပြန်ယူသွားရမလို ထားခဲ့ရမလို ဖြစ်နေသည်။ ထိုအခါ ဟန်ရှင်သည် ပုတီးစေ့ကလေး တစ်စေ့ကို ထုတ်ကာ လက်ညှိုးနဲ့ လက်မကြားညှပ်၍ ထောက်ထုတ်လိုက်သည်။

'ဝှီး'

ပုတီးစေ့ကလေးသည် လျှင်မြန်စွာ ပြေးထွက်သွား၏။ ထမင်းပွဲပြင်နေသည့် အိမ်စေတစ်ဦး၏လက်ကို ထိမှန်သွားသည်။ ဟန်ရှင်သည် သွေးကြောကို ချိန်ရွယ်၍ ပစ်လိုက်ခြင်းဖြစ်ရာ သွေးကြောကိုပင် ထိမှန်သည်။



'ဖောက်'

'ခွမ်း ... ခလွမ်း ... ခလွမ်း'

အစေခံ၏လက်ထဲမှ ဟင်းပန်းကန်များ လွတ်ကျသွားသည်။ အားလုံး အထိတ်တလန့် ရှေ့တိုးကြ၏။

"ဟင် ... ဟင်းပန်းကန် မှောက်သွားပြီ"

အစေခံ အကြီးအမှူးလုပ်သူက ...

"မင်း ဘယ်လိုလုပ်လိုက်တာလဲ သခင်ကြီး ဆူတော့မှာပဲ၊ သူက အစစအရာရာ စည်းကမ်းရှိတယ်၊ မင်းလည်း သိသားပဲဥစ္စာ"

ထမင်းပွဲပြင်သူက ...

"ကျွန်တော် ဘယ်လိုဖြစ်သွားမှန်းကို မသိတော့ပါဘူးဗျာ"

'ဝှီး ...'

နောက်ထပ် ပုတီးစေ့ကလေး ပြေးထွက်လာပြန်၏။

'ဖောက်'

'ဂွမ်း ... ခလွမ်း'

"ဟာ ..."

"ဟင်းပန်းကန်တွေ ထပ်မှောက်ပြန်ပြီ"

"မင်းရော ဘယ်လိုဖြစ်တာလဲ"

"ကျုပ်လည်း ဘယ်လိုဖြစ်မှန်းကို မသိတော့ပါဘူးဗျာ၊ အသေအချာ ကိုင်ထားလျက်က မှောက်ကျသွားတယ်"

အစေခံ အကြီးအမှူးလုပ်သူသည် စဉ်းစားနေ၏။

"ဒီအခန်းထဲမှာ တစ်ခုခုတော့ ဖြစ်နေပြီကွ၊ မင်းတို့ဘာမှ

www.burmeseclassic.com

www.burmeseclassic.com



မလှုပ်ရှားကြနဲ့ ငြိမ်ငြိမ်ကလေး ရပ်နေကြစမ်း"

အစေခံများသည် အကြီးအမှူးလုပ်သူ၏ အမိန့်အတိုင်း ငြိမ်သက်စွာ ရပ်နေကြလေ၏။ အကြီးအမှူးက ...

"သခင်မလေး ထွက်ခဲ့ပါဦး။ ကျွန်တော်တို့လူတွေ မဖြစ်စဖူး အဖြစ်ထူးနေတယ်၊ အဲဒါ အင်မတန် အံ့ဩစရာကောင်းပါတယ်၊ သခင်မလေး အပြင်ထွက်ပြီး အဲဒီတစ်ခုခုကို ဝိုင်းရှာပေးပါဦး။ မကောင်းဆိုးဝါးများ ရောက်နေသလား မသိဘူး"

"ငါပြောနေတယ် ... မင်းတို့ ပြန်ထွက်သွားကြ"

"မဟုတ်ဘူး သခင်မလေး။ ကျွန်တော့်လူတွေ တစ်ခါမှ ဒီလို မဖြစ်ဖူးဘူး"

"ငါ့စကားကို နားမထောင်ကြဘူးလား။ ထမင်းပွဲဟင်းပွဲတွေ ပြန်ယူသွားကြ၊ ဒီနေ့ကစပြီး ထမင်းဟင်းတွေကို လာမပို့ကြနဲ့၊ ငါ လီရှေးအာဟာရသိဒ္ဓိဆေးလုံးကို စားထားပြီးပြီ၊ သွားကြပြန်သွားကြ"

အစေခံအကြီးအမှူးသည် တွေဝေငေးမောသွားလေ၏။ အတန်ကြာမှ သူပြောနိုင်သည်။

"သခင်မလေးပြောတဲ့စကားတွေဟာ မှုမမှန်ဘူး။ လီရှေးအာဟာရသိဒ္ဓိဆေးလုံးဆိုတာ ခုခေတ်မှာ ဘယ်လိုမှ မရှိနိုင်ဘူး၊ သခင်မလေးပြောတာ မှုမမှန်ဘူး။ သခင်မလေးတစ်ခုခု ဖြစ်နေတာ သေချာပြီ"

သူသည် ထိုစကားကိုပြောရင်း ဟန်ရှင် ဝင်ပုန်းနေသည့် ဓာအုပ်စင်ကြီးဆောင့်သို့ တိုးကပ်ကြည့်လိုက်၏။

ဟန်ရှင်သည် အစေခံအကြီးအမှူး ဝင်လာသည်ကို သိသည်။



ထို့ကြောင့် သူသည် ကိုယ်ဖျောက်ပညာကိုသုံးကာ စင်တစ်ဖက်သို့ ခုန်ပျံကျော်လွှားလိုက်လေ၏။ ဟန်ရှင် ခုန်လွှားလိုက်သည်မှာ အလွန်လျင်မြန်သည်။ အကြီးအမှူး၏ သာမန်မျက်လုံးများသည် ဟန်ရှင့်ကို မတွေ့လိုက်ချေ။ ထို့ကြောင့် အကြီးအမှူးသည် အံ့ဩသွားလေ၏။

"ဟင် ... ခုနကပဲ ဒီထောင့်က သခင်မလေးရဲ့အသံကို သေသေချာချာ ကြားလိုက်ရသေးတယ်၊ ခုတော့ မရှိတော့ပါလား"

ဟန်ရှင်သည် နေရာထပ်မံ၍ ရွှေ့ပြောင်းလိုက်ပြီး ...

"ငါ ဒီအထဲမှာ ရှိတယ်၊ နင်တို့ အပြင်မထွက်ကြသေးဘူးလား"

အကြီးအမှူးသည် သူ့လူများကို လက်ပြလိုက်၏ ... ငြိမ်နေကြဟုသည့် သဘောပင်တည်း။ သူကမူ ဟန်ရှင့်အသံကြားရာသို့ ခြေဖော့နင်းပြီး လျှောက်သွားနေလေ၏။

ဟန်ရှင်သည် အစေခံအကြီးအမှူး ကပ်လာသည်ကို သိရှိသည်။ သူတို့ မည်မျှခြေဖော့နင်းစေကာမူ ဟန်ရှင်၏နားထဲ၌ စည်တီးသကဲ့သို့ မြည်ဟည်းနေ၏။ သူမသည် မူလနေရာမှ ပြောင်းရွှေ့နေရာယူသွားလေပြီ။ သူသည် ထိုနေရာသို့ အလွန်လျင်မြန်စွာ ပြောင်းရွှေ့ခဲ့ခြင်း ဖြစ်သည်။

ဟန်ရှင်တို့၏အိမ်ကြီးမှာ အလွန်ကျယ်ဝန်းသည်။ စာကြည့်ဆောင်သည် သေးသေးကွေးကွေး မဟုတ်ချေ။ လွန်စွာကျယ်ဝန်းသည်။ အိပ်ခန်းလေးခန်းစာမျှယူထားသော နေရာကြီးဖြစ်၍ အလွန်ကြီးကျယ်သည်။ စာအုပ်စာတမ်း ပေပရပိုက်များ များပြားသဖြင့် ဤမျှအခန်းကျယ်ရန်လည်း လိုအပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အစေခံအကြီးအမှူးသည် တစ်နေရာမှ တစ်နေရာသို့သွားရာတွင် ရှည်လျားစွာ သွားနေရသည်။ သူသည် ဗိုရိုမြင့်ကြီးဘေး၌ ရှာဖွေသော်လည်း ဟန်ရှင့်ကို မတွေ့ရ တော့ချေ။ ထို့ကြောင့် ဗိုကြည့်သည်ကြည့်ဖြင့် လိုက်ရှာသည်။ ဟန်ရှင့်ကို လုံးဝမတွေ့ရ တော့ချေ။ ထိုစဉ် အတန်ငယ်ဝေးကွာသောနေရာရှိ ကြွေပန်းအိုးကြီးနောက်ကွယ်မှာ ဟန်ရှင်၏အသံ ပေါ်လာသည်။

"ဟေ့ ... မင်းတို့ ထွက်သွားမလား မထွက်သွားဘူးလား ...ဒါပဲပြော၊ ခုတစ်ကြိမ်ဟာ နောက်ဆုံးအကြိမ် သတိပေးတာပဲ၊ အခန်းထဲက မင်းတို့ မထွက်ရင်တော့ အသေပဲ"

ကြိမ်းမောင်းလိုက်သည့်အသံသည် ပီသစွာ ထွက်ပေါ်လာ၏။ သူတို့သခင်မလေး တကယ်စိတ်ဆိုးပေပြီ။ သူတို့အားလုံး ထိတ်လန့်သွားကြ၏။ ကြက်သီးများပင် ထသွားကြသည်။ တစ်ဦးနှင့်တစ်ဦး လက်ကုတ် မျက်စပစ်ကာ ထွက်သွားကြသည်။ ဟန်ရှင်က ...

"ဟဲ့ ... နင်တို့ ယူလာတဲ့ လင်ပန်းတွေ၊ ပန်းကန်ပြား၊ ပန်းကန်လုံးတွေကို ပြန်ယူသွားလေ၊ ငါက နင်တို့ကို နောက်ပြောင်နေတယ်များ မှတ်သလား။ ငါ ဘာမှမစားဘဲနေနိုင်တယ်ဟဲ့၊ လီရှေးဆေးလုံးကို ငါဟာ အမှတ်မထင်ဘဲ ရခဲ့တာ၊ အခု အဲဒီဆေးလုံးကိုစားထားပြီးပြီ၊ သွားကြ ... နင်တို့ ယူလာတဲ့ ဟင်းတွေ ထမင်းတွေ ပြန်ယူသွားကြ၊ ငါ့အတွက် မလိုအပ်တော့ဘူး"

အစေခံ အကြီးအမှူးသည် ထိတ်လန့်တုန်လှုပ်နေလေပြီ။

"ကြား ... ကြားပါတယ်ခင်ဗျာ၊ ယူဆို ယူသွားပါ့မယ်၊ စိတ်မဆိုးပါနဲ့ခင်ဗျာ"



အစေခံအကြီးအမှူးသည် သူ့လူများကို အော်ဝေါ်လိုက်၏။

"ဟေ့ ... ထမင်းပန်းကန် ဟင်းပန်းကန်တွေကို လင်ပန်းပေါ်တင်လေ၊ အားလုံးပြန်ယူခဲ့ကြ၊ ဘာဖြစ်လို့ ငေးကြောင်ကြောင်ဖြစ်နေတာလဲ"

အစေခံများသည် ဒရောသောပါး သိမ်းဆည်းကြလေသည်။ သိမ်းဆည်းပြီးကြသောအခါ အစေခံအကြီးအမှူးရှေ့မှ ထွက်သွားကြသည်။ အစေခံအကြီးအမှူးက နောက်ဆုံးမှထွက်သည်။ သူသည် တံခါးပိတ်၍ သော့ခတ်လိုက်သည်။ သူသည် တံခါးကိုမှီပြီး လေပူကြီးတစ်ချက် မှုတ်ထုတ်လိုက်လေ၏။ အစေခံများကား တစ်ယောက်မျှ မရှိကြတော့ပေ။ သူတို့သည် သုတ်သုတ်သုတ်သုတ်နှင့် ထွက်ခွာသွားကြလေပြီ။ အစေခံအကြီးအမှူးလည်း သူတို့နောက်သို့ လိုက်ပြီး ...

"ဟေ့ကောင်လေးတွေ နေကြဦး၊ မင်းတို့ပါ သခင်ကြီးဆီကို လိုက်ခဲ့ကြ"

အစေခံအကြီးအမှူးသည် ညှို့ခန်းမတွင်ရှိသော သခင်ကြီး ဟန်ရှိုးအိရှိရာသို့ သွားလေတော့၏။

"သခင်ကြီး ... သခင်ကြီး ..."

"ဘာလဲကွ ... မင်းတို့ဥစ္စာက နောက်က သရဲလိုက်လာတဲ့ ကိစ္စကျနေတာပဲ"

"သခင်ကြီး ... သခင်မလေးရဲ့အခန်းထဲမှာ မကောင်းဆိုးဝါးဝိညာဉ်တစ်ကောင် ရောက်နေပါတယ်၊ သခင်မလေးရဲ့အသံကို ကြားရပြီး လူကို ရှာလို့မတွေ့ဘဲ ဖြစ်နေပါတယ်၊ အဲဒါ ... အဲဒါ ... သခင်ကြီး ..."

www.burmeseclassic.com

www.burmeseclassic.com



အစေခံအကြီးအမှူးသည် စကားကိုဆုံးအောင် မပြောနိုင်ပါ။ အစေခံတစ်ယောက်က ထောက်ခံ၏။

"ဟုတ်ပါတယ် သခင်ကြီး၊ သခင်မလေးဟာ စကားပြောတဲ့အခါမှာလည်း မှုမှန်မဟုတ်တော့ဘူး၊ ထမင်းနဲ့ဟင်း လာမပို့နဲ့တဲ့၊ ဘာဖြစ်လို့လဲဆိုတော့ လိရှေးအာဟာရသိဒ္ဓိဆေးလုံးကို သူစားထားလို့တဲ့၊ မကောင်းဆိုးဝါးဝိညာဉ်ပူးပြီး ပြောတာပဲ ဖြစ်လိမ့်မယ်"

အစေခံတစ်ဦးကလည်း ...

"အခန်းထဲက မကောင်းဆိုးဝါးဝိညာဉ်ကတော့ အတော့်ကိုဆိုးရွားပါတယ် သခင်ကြီး၊ ထမင်းပွဲဟင်းပွဲတွေကို တန်ခိုးနဲ့ ရိုက်ချလိုက်တာ အကုန်မှောက်ကုန်ပါတယ်"

အစေခံအားလုံး တစ်ယောက်တစ်ပေါက် ပြောကြရာ ဧည့်ခန်းထဲ၌ ဗလုံးဗထွေး ဝရုန်းသုန်းကား ဖြစ်နေတော့သည်။

ဟန်ရှီအီက ...

"ဟဲ့ ... နေကြစမ်းပါဦး၊ တစ်ယောက်ချင်း ပြောကြစမ်း၊ မင်းတို့အများကြီးဝိုင်းပြောနေတော့ ဘယ်သူ့စကား နားထောင်ရမှာလဲ၊ ကဲ ... ဟိုကောင် လီတင်ကျုန်း ... မင်းဟာ အစေခံအကြီးအမှူးပဲ မင်းပြောစမ်း"

လီတင်ကျုန်းက ခေါင်းညိတ်၏။

"ဟုတ် ... ဟုတ်ကဲ့ပါ သခင်ကြီး"

သူသည် ဖြစ်ပုံပျက်ပုံအလုံးစုံကို အားလုံး ပြန်ပြောင်းပြောပြလေ၏။ အပြည့်အစုံ ခရေစေ့တွင်းကျ ရှင်းပြလိုက်သည်။ ဟန်ရှီအီသည် အလွန်အံ့သြစွာ နားထောင်နေသည်။ ထို့နောက် ဟန်ရှီအီက



... "မင်းတို့ ငါ့သမီးကို လုံးဝရှာလို့မတွေ့ဘူး ... ဟုတ်လား"

"ဟုတ်ပါတယ် သခင်ကြီး၊ အသံကိုသာ ကြားရပြီး လူကို မမြင်ရပါဘူး၊ အဲဒါ ထူးခြားချက်ပါ"

"ကဲ ... ဒီလိုဆိုရင် ငါကိုယ်တိုင် အခန်းထဲကို လိုက်ကြည့်မယ်၊ မင်းတို့ လိုက်ပြစမ်း"

သူတို့သည် ဟန်ရှီအီ၏နောက်မှ ကုပ်ကုပ်ကလေး လိုက်ပါလာကြသည်။ ဟန်ရှီအီသည် သမီးဖြစ်သူရှိရာ စာကြည့်ဆောင်သို့ မားမား မားမားနှင့် သွားနေလေ၏။

"ကဲ ... သော့ဖွင့်စမ်း"

စာကြည့်ဆောင်ရှေ့သို့ ရောက်သောအခါ ဟန်ရှီအီက အမိန့်ပေးလိုက်၏။ အစေအခံအကြီးအမှူးက သော့ဖွင့်ပေးသည်။ ဟန်ရှီအီ ဦးဆောင်ပြီး အစေခံတစ်သိုက်သည် အခန်းထဲသို့ ဝင်သွားကြလေ၏။

"ဖေဖေ ... သမီးကို လာကြည့်တာလား"

ဟန်ရှင်၏အသံသည် အပေါ်မှ ကြားရခြင်းဖြစ်သည်။ ထုတ်တန်းပေါ်မှ ဖြစ်မည်ဟု သိလိုက်သဖြင့် ဟန်ရှီအီ မော့ကြည့်သည်။ ထုပ်တန်းပေါ်တွင် မည်သူ့ကိုမျှ မတွေ့ရချေ။ ဟန်ရှင်သည် စကားကို ခပ်တိုးတိုးပြောပြီး မှောင်ရိပ်ကျရာ စာအုပ်စင်၏ဘေးသို့ ခုန်ချလိုက်ခြင်း ဖြစ်သည်။ ဟန်ရှီအီမော့ကြည့်သောအခါ ထုပ်တန်းကြီးကိုသာ တွေ့ရတော့သည်။ ဟန်ရှီအီသည် မယုံနိုင်သော မျက်လုံးများဖြင့် ထုပ်တန်းပေါ်သို့ ကြည့်နေသည်။ အစေခံအကြီးအမှူးပြောခဲ့သည့်စကားမှာ ဟုတ်မှန်နေပြီ မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



ထုတ်တန်းပေါ်၌ မည်သူမျှရှိမနေသည်ကတော့ အသေအချာပင်ဖြစ်သည်။

"ဖေဖေ ... ဘာကိုရှာနေတာလဲ"

အသံသည် သူတို့နောက်မှ ထွက်ပေါ်လာသည်။ သူတို့အားလုံး ထိတ်လန့်သွားကြသည်။ တစ်ပြိုင်နက် အားလုံး လှည့်ကြည့်လိုက်ကြ၏။ သို့သော် လူကိုတော့ မမြင်ရပေ။ ဟန်ရှင်သည် မည်သည့်နေရာသို့ ရောက်သွားပါသနည်း။ အဘယ်ကြောင့် အသံကြားရပြီး လူကိုမမြင်ရဘဲ ဖြစ်နေပါသနည်း။ ဟန်ချိုအီသည် တွေးနေလေ၏။

"ဖေဖေ ... ကျွန်မပြောတာကို သေချာနားထောင်ပါဖေဖေ"

အသံသည် သူတို့နောက်မှ မဟုတ်တော့ပေ။ လူတစ်ရပ်ကျော်မြင့်သော ကြွေအိုးကြီးဆီမှ လာခြင်းဖြစ်ကြောင်း သိသာပေသည်။ ထို့ပြင် ပန်းအိုးကြီးသည် စည်းချက်ဝါးချက်ကျကျ ယိမ်းနွဲ့နေလေ၏။ ဟန်ချိုအီနှင့် အစေခံများသည် ထိုပန်းအိုးကြီးကို မျက်လုံးပြူးပြီး ကြည့်နေကြလေ၏။ ဟန်ရှင်သည် လူအများ စိတ်ဝင်စားစေရန် ပန်းအိုးကြီးကို လှုပ်ယမ်းနေခြင်းဖြစ်သည်။

"ဖေဖေ ... ကျွန်မ ပြောတာကို ဖေဖေ သေသေချာချာနားထောင်ပါ။ ကျွန်မဟာ သိုင်းကျင့်စဉ်တစ်ခုတက်ဖို့အတွက် ကျွန်မရဲ့ဆရာက လီရှေးအာပဟာရသိဒ္ဓိဆေးလုံး စားသုံးခိုင်းပါတယ်၊ ဒီဆေးကို ဒီကလူတွေက ဒဏ္ဍာရီထဲမှာသာ ဖတ်ဖူးတာပါ၊ ဒီဆေးကို ကျွန်မစားသုံးထားပါတယ်၊ ဒါကြောင့် ကျွန်မဟာ လုံးဝ မဆာလောင်တော့ပါဘူး။ အခု အဖေ ကျွန်မအသံကို ကြားရပြီး လူကိုမမြင်ရဘူး မဟုတ်လား"



"ဟုတ်တယ် ... သမီး"

"အဲဒီဆေးက လုံးဝ မဆာလောင်ပါဘူး၊ ဒီဆေးကြောင့် ဖေဖေတို့ ကျွန်မကို မမြင်ရတာတော့ မဟုတ်ဘူး။ ကျွန်မ တတ်ခဲ့တဲ့ သိုင်းကျမ်းကျင့်စဉ်ကြောင့် ကျွန်မကို ဖေဖေတို့ မမြင်နိုင်တာပါ"

"သမီးရဲ့သိုင်းကျင့်စဉ်က တော်တော်ထူးခြားတာပဲ"

ဟန်ချိုအီသည် သူ့လူများကို လက်ဟန်ခြေဟန်ဖြင့် ပြလိုက်သည်။ ပန်းအိုးကြီးကို ဝိုင်းပတ်လိုက်ဟု ပြောခြင်းဖြစ်သည်။ ထို့ကြောင့် ဟန်ချိုအီနှင့် အစေခံလေးယောက်တို့သည် ယိမ်းထိုးနေသော ပန်းအိုးကြီးဆီသို့ တဖြည်းဖြည်းချဉ်းကပ်လာကြလေတော့သည်။ ဟန်ရှင်၏အသံကတော့ မှန်မှန်ပင် ထွက်ပေါ်နေသည်။

"ဖေဖေရယ် ... ကျွန်မ တစ်ခုတောင်းပန်ချင်ပါတယ်"

"ဘာတောင်းပန်ချင်သလဲ သမီး"

"ဒီနေ့ကစပြီး တစ်လတိတိ ကျွန်မအခန်းထဲကို ထမင်းမပို့ပါနဲ့တော့၊ ကျွန်မအခန်းထဲလည်း ဘယ်သူမှ မဝင်ပါစေနဲ့"

"ဘယ်ဖြစ်မလဲ သမီးရယ် သမီးစားဖို့ ..."

"ကျွန်မ မဆာတော့ပါဘူးလို့ ဖေဖေ့ကို ပြောထားသားပဲ"

"မဆာပေမယ့် နေမကောင်း ထိုင်မသာဖြစ်ရင် ..."

"သိုင်းကျင့်စဉ် လေ့ကျင့်နေတဲ့ လူတစ်ယောက်ဟာ ဘယ်တော့မှ နေထိုင်မကောင်း မဖြစ်ပါဘူး ဖေဖေ၊ ကျွန်မ ဒီအခန်းထဲမှာ သိုင်းကျင့်စဉ်ကို အောင်မြင်အောင် အာရုံစိုက် လေ့ကျင့်ပါရစေ၊ အခု ကျွန်မ တောင်းပန်နေတာပါ၊ တောင်းပန်လို့မရရင်တော့ ဒီအိမ်က အပြီးအပိုင် ထွက်သွားတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟန်ချီအီနှင့် သူ့လူများသည် ကြွေပန်းအိုးကို ဝိုင်းပတ်လှန်းပေပြီ။ အစေခံများသည် ကုန်သည်ကြီးဟန်ချီအီကိုသာ ကြည့်နေကြသည်။ ဟန်ချီအီ အချက်ပြမည်ကိုသာ စောင့်နေကြသည်။ ဟန်ချီအီက လက်မြှောက်အချက်ပြလိုက်သည်။ အစေခံများနှင့်တကွ ဟန်ချီအီသည် ကြွေပန်းအိုးကို ဝုန်းခနဲ ဝင်ဖမ်းကြသည်။

"ဟာ"

လူအားလုံး ဟာခနဲ ဖြစ်သွားသည်။ သူတို့ အံ့သြသွား၏။ အဘယ်ကြောင့်ဆိုသော် ကြွေပန်းအိုး နောက်ကွယ်၌ ဟန်ရှင် ရှိမနေသောကြောင့်တည်း။ ဟန်ချီအီ အကြီးအကျယ် ဦးနှောက်ခြောက်သွား၏။

"သမီး ဘယ်မှာလဲ"

ဟန်ချီအီက မေးလိုက်သည်။

"ကျွန်မ ဒီမှာရှိနေပါတယ် ဖေဖေ၊ ဒါပေမဲ့ ဒီတစ်ခါ ကျွန်မ စကားမယုံဘဲ ရှေ့ကိုတိုးလာမယ်ဆိုရင်တော့ ဖေဖေ့ကို ပစ်ပြီး ခုပဲ အိမ်ထဲက ထွက်သွားတော့မယ်"

ဟန်ရှင်၏အသံသည် ပေစာများ ထည့်ထားသည့် ကျွန်းသေတ္တာကြီးထဲမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ သည်တစ်ကြိမ်တွင်တော့ ဟန်ချီအီသည် ရှေ့သို့မတိုးဝံ့တော့ချေ။ သူသည် မည်သို့လုပ်ရမှန်း မသိတော့ချေ။ ဟန်ရှင်၏အသံကိုသာ ကြားရပြီး လူရုပ်သဏ္ဍာန်ကို မမြင်ရခြင်းမှာတော့ မျက်မြင်ကိုယ်တွေ့ ဖြစ်နေပေပြီ။

မယုံချင်၍ မရတော့ပေ။ ယုံရပေတော့မည်။ အကယ်၍ ဟန်ရှင်၏တောင်းဆိုချက်အတိုင်း သူ့အနေဖြင့် မလိုက်လျောခဲ့ပါလျှင် ဟန်ရှင်သည် အခန်းထဲမှ ထွက်သွားမည်ဟု ပြောခဲ့သည်။ ဤအတိုင်း



ဟန်ရှင်ပြုလုပ်ခဲ့လျှင် သူသည် သမီးကို ဆုံးရှုံးရုံသာရှိတော့သည်။ ဟန်ရှင်သည် အသံကိုသာကြားရပြီး လူကို မမြင်ရဘဲ ဖြစ်နေသည် မဟုတ်ပါလား။ ထို့ကြောင့် ဟန်ချီအီသည် လက်လျှော့ရန် ဆုံးဖြတ်လိုက်ရသည်။

"ဟန်ရှင် သမီး...သမီးပြောတဲ့ စကားတွေကို အဖေ ယုံပါပြီ"

"ယုံရမယ် ဖေဖေ့ကို လက်တွေ့ပြနေတာပဲ၊ သမီး သိုင်းကျင့်စဉ်ကိုလည်း ဖေဖေယုံပါ"

"ယုံပါတယ် ... ယုံပါတယ်၊ ဖေဖေ ဒီအခန်းကို တစ်လတိတိ ပိတ်ထားမယ်၊ ဒီအခန်းထဲကို ဘယ်သူ့ကိုမှ မလွှတ်တော့ပါဘူး၊ သမီး ဘာသာ သိုင်းကျင့်စဉ်ကို စိတ်ချလက်ချ လေ့ကျင့်ပါတော့၊ တစ်လကြာရင် သမီးကို ဖေဖေ မူလရုပ်သွင်အတိုင်း ပြန်မြင်လိုပါတယ်"

"ဒီအတွက်တော့ စိတ်ချပါ ဖေဖေ၊ သမီး ကတိပေးပါတယ်"

ဟန်ချီအီသည် သူ့လူများကို လက်ပြလိုက်တော့သည်။ အစေခံများသည် အခန်းထဲမှ နောက်ဆုတ်နောက်ဆုတ်နှင့် ထွက်ခွာသွားလေသည်။ ဟန်ချီကိုယ်တိုင် အခန်းအပြင်သို့ ထွက်လာပြီး တံခါးကို သော့ခတ်ပြန်ပိတ်လိုက်သည်။ အစေခံများ၏ အကြီးအမှူးမှာ ဟန်ရှင်၏ အသံသည် မည်ကဲ့သို့ အလုံပိတ်ထားသည့် ကျွန်းသေတ္တာကြီးထဲသို့ ရောက်သွားကြောင်း အလွန်သိချင်နေသည်။

သို့သော် သူစဉ်းစား၍ မည်သို့မျှမဖြေမရဘဲ ဖြစ်နေသည်။ ဟန်ချီအီသည် အခန်းနှင့် အတော်လှမ်းကွာသည့်နေရာအထိ လျှောက်လာပြီးမှ သူ၏ အစေခံများကို တီးတိုးပြောသည်။

"အံ့ရောပဲ ... အံ့ရော ... အံ့ရော ... မျက်မြင်ကိုယ်တွေ့မို့လို့

www.burmeseclassic.com

www.burmeseclassic.com



သာ ယုံရတာ၊ အခုတော့ မယုံလို့မရတော့ဘူး။ ဖွတ်မိုတ်ပြီး ယုံရတော့တာပဲ၊ သို့သော်လည်း အမှန်အတိုင်း ပြောရရင်ဖြင့် ကျုပ်စိတ်ထဲမှာ မကျေနပ်လှသေးပါဘူး၊ ကဲ ... မင်းကရော ဘယ်လိုသဘောရလဲ"

သူသည် အစေခံအကြီးအမှူးကို မေးလိုက်၏။

"ကျွန်တော်လည်း ဘဝင်မကျလှပါဘူး ခင်ဗျာ၊ ကျွန်တော်တို့လည်း သခင်ကြီးလိုပဲ စိတ်ထဲခံစားနေရပါတယ်"

ဟာန်ချီအီသည် ခေတ္တမျှစဉ်းစားလိုက်၏။

"ကဲ ... ဒီလိုဆိုရင် မနက်ဖြန်ကျတော့ အသံမပေးဘဲ သူ့အခန်းနားကို သွားကြစမ်း။ လှို့ဝှက်ချောင်းကြည့်ပေါက်တွေကို လွန်ပူနဲ့ ဖောက်စမ်း။ အခန်းထဲကို ချောင်းကြည့်၊ ဘာထူးမလဲလို့ ချောင်းကြည့်ရမယ်"

အစေခံအကြီးအမှူးသည် အလွန် ဝမ်းသာသွားသည်။ သူက ဤသို့ပင် ပြုလုပ်နေချင်သည် မဟုတ်ပါလား။

"စိတ်ချပါ ... သခင်ကြီးခင်ဗျာ၊ အဲဒီတာဝန်ကို ကျွန်တော်တို့ လေးယောက် စိတ်ရောကိုယ်ပါ ထမ်းဆောင်ကြပါ့မယ်၊ ဒါ ... ဒါပေမဲ့ ကျွန်တော်တို့ရဲ့ တာဝန်နဲ့ ဝတ္တရားတွေ ..."

ဟာန်ချီအီက လက်ယမ်းပြသည်။

"ဒါတွေ မပူနဲ့ ... နှိုပြင်လူတွေ လုပ်လိမ့်မယ်"

ထို့နောက် သူတို့အားလုံး ထိုနေရာမှ ထွက်ခွာသွားကြလေတော့၏။

၈ ၈ ၈



## (၁၂)

## ကိုယ်ပျောက်အသံ

အခန်းထဲတွင်ရှိနေသော ဟာန်ရှင်သည် အကြားအာရုံကို စူးစိုက်ပြီး အတွင်းအားထုတ်ထားရာ ဟာန်ချီအီနှင့် သူ့အစေခံများ တိုင်ပင်နေကြသည့်အသံ အလုံးစုံကြားလိုက်ရသည်။

သူမသည် ကျေနပ်စွာ ပြုံးမိလေ၏။ သူသည် တကယ်တော့ သူ့အဖေနှင့်အစေခံများကို အရှုးလုပ်ခြင်းသာ မဟုတ်ပါလား။ သူမသည် ထုပ်တန်းပေါ်သို့ လွှားခနဲ ခုန်တက်လိုက်သည်။ သူသည် ခေါင်မိုးအုပ်ကြွပ်များကို လှန်လိုက်သည်။ အပြင်သို့ ထွက်လိုက်သည်။ ထုံးစံအတိုင်း သစ်ပင်မှတစ်ဆင့် ခြံဝင်းအပြင်သို့ ရောက်သွား၏။

ခြံဝင်းအပြင်သို့ ရောက်သွားသောအခါ အလွန်လွတ်လပ်ပျော်ရွှင်သောစိတ်များ ဖြစ်ပေါ်ခံစားမိ၏။ သူမသည် လေထဲ၌ လှုပ်ရှား၍ က,ခုန်မိ၏။ တေးသီချင်းတစ်ပုဒ်ကိုလည်း ခပ်တိုးတိုး သီဆိုမိသည်။ သီချင်းကလည်း သူမနှင့် လိုက်ဖက်သည့်သီချင်းဖြစ်သည်။ ငှက်ကလေးတစ်ကောင် လွတ်လပ်စွာပျံဝဲ သောသီချင်းပင် ဖြစ်သည်။

တေးဆိုရင်း သူမသည် လမ်းအတိုင်း လျှောက်လာမိသည်။ လမ်းခရီး၌ မည်သူနှင့်မျှ မတွေ့ချေ။ မကြာမီ သူမသည် လင်ဖုန်းမြို့သို့ ရောက်ရှိသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



လင်ဖုန်းမြို့မှာ လောင်းကစားဝိုင်းများနှင့် စားသောက်ဆိုင်များ ပေါများသောမြို့ ဖြစ်သည်။ လောင်းကစားဝိုင်း မြို့းစုံရှိသည်။ ထို့ကြောင့်လည်း နာမည်ကြီးသည်။ ဟန်ရှင်သည် အကောင်းဆုံး စားသောက်ဆိုင်ကို ရှာဖွေသည်။ ဆိုင်ထဲသို့ဝင်ပြီး စားသောက်လိုသည့် ဟင်းလျာများကို မှာကြားသည်။ ဟင်းလျာများ စုံလင်လှသည်။ သူမသည် အကုန်မစားနိုင်ပေ။ စားလိုသည့်ဟင်းများကို အကုန်မှာခြင်းဖြစ်ပြီး နည်းနည်းချင်းသာ စားမည်ဖြစ်သည်။ စားပွဲထိုးကလေးသည် ဟန်ရှင်မှာပုံကို ကြည့် ပြီး အံ့သြသွားသည်။

"အမလေး ... ကျွန်တော် စေတနာနဲ့ ပြောတာပါ၊ အစ်မလေးမှာတဲ့ဟင်းတွေက သိပ်များနေပါတယ်၊ ဘယ်လိုမှ အစ်မလေး မကုန်နိုင်ပါဘူး"

ဟန်ရှင်က ရယ်လိုက်၏။

"ငါ စားချင်လို့မှာတာပါ၊ နည်းနည်းစီပဲ စားစား ကိစ္စမရှိဘူး။ ငါမှာတာတွေသာ ချပေး"

"ဟို ... ဟို ... တစ်ခုတော့"

"ဘာတစ်ခုလဲ"

"ဟို ... ဟို"

စားပွဲထိုးလေးသည် ပြောမထွက်ပေ။ ဟန်ရှင်မှာ အခြေအရုံမပါဘဲ သာမန်အဝတ်အစားနှင့် ထွက်လာခြင်းဖြစ်သည်။ ဤမျှများပြားသော အစားအသောက်များအတွက် ကျသင့်ငွေများကို ပေးချေနိုင်ကောင်းမှ ပေးချေနိုင်လိမ့်မည်။

ထိုအချက်ကို စားပွဲထိုးလေးက ပြောခြင်းဖြစ်၏။



ဟန်ရှင်သည် မကြာမီ ထိုအချက်ကို ရိပ်မိသွား၏။ သူမသည် ဟက်ဟက်ပက်ပက် ရယ်မောရင်း အင်္ကျီအိတ်ထဲမှ ငွေတုံးများကို နှိုက်ယူပြီး စားပွဲပေါ် တင်ပြလိုက်လေသည်။

"ကဲ ... တွေ့ပြီလား။ မင်းတို့ ဘာအခက်အခဲ ရှိနေသေးလဲ"

ငွေတုံးများကို မြင်လိုက်သောအခါမှ စားပွဲထိုးလေးသည် အလျင်အမြန် ဟင်းလျာများကို ယူပေးလေတော့၏။ အခြားစားပွဲထိုးများလည်း လာရောက် ကူညီပေးလေသည်။

ဟန်ရှင်မှာကြားထားသည့် ဟင်းလျာစုံ ရောက်ရှိလာသောအခါ မြိန်ရှက်စွာ အားရပါးရ စားသောက်လေတော့သည်။ ဟင်းများက များလှသဖြင့် ဟင်းတစ်ခွက်စီမှ အသားတစ်တုံးလောက်သာ စားနိုင်သည်။ စားပွဲထိုးများမှာ စုတ်သပ်ပြီး နှမြောနေကြ၏။ ဟင်းခွက်များ၌ ဟင်းလျာများ ကျန်နေပြီ မဟုတ်ပါလား။ အတန်ကြာ အားရပါးရစားသောက်ပြီးသောအခါ သူမ၏စားသောက်ပွဲမှာ ပြီးစီးသွားသည်။

"ကဲ ... ငါတော့ စားလို့ပြီးသွားပြီ၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းကြော်တွေကို ကြော်ပေးစမ်း။ ငါ ယူသွားမယ်"

သူမ၏ပြောစကားအတိုင်း သူမ၏စိတ်ကြိုက် ပြုလုပ်ပေးကြသည်။ ဟန်ရှင် ထသည်။ သူမ စားသောက်သည်များကို ရှင်းပေးသည်။ သူမ ဝယ်ယူသွားသည့်ပစ္စည်းများအတွက် ရှင်းပေးလေသည်။ ထို့နောက် စားပွဲထိုးများကို ငွေတုံးတစ်တုံးစီ ဆုချလေ၏။ စားပွဲထိုးများမှာ မရစဖူးရရှိသော ဆုငွေအတွက် လွန်စွာ ဝမ်းမြောက် ဝမ်းသာဖြစ်ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ရိက္ခာများကိုဆွဲ၍ ဆိုင်ထဲမှထွက်သောအခါ ဆိုင်ပိုင်ရှင်နှင့် စားပွဲထိုးများအားလုံးက ဦးညွှတ်ဂါရဝပြုနေကြလေ၏။ သူမ ဝယ်ယူခဲ့သည့် ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းများမှာ အကြောင်းရှိသည်။ သူမသည် စာကြည့်ခန်းထဲ၌ရှိနေစဉ် အစေခံက ထမင်းလာမပို့ဘဲ ရှိကြတော့မည်။ ထိုအခါ စားသောက်ရန်ဖြစ်သည်။

သူမသည် နောက်ထပ် နှစ်ရက်ခန့်မျှ အိမ်ထဲရှိ စာကြည့်ခန်းထဲတွင် ဆက်လက်နေနိုင်ရဦးမည် ဖြစ်သည်။ နှစ်ရက်ကျော်လျှင် ကျင်လင်နှင့် ချိန်းဆိုထားရာ စင်စင်ဥယျာဉ်ကြီးဆီသို့ သွားရပေတော့မည်။

ယခုအခါတွင် ချိန်းဆိုထားသည့်နေ့ရက်မရောက်သေးသဖြင့် မိမိအိမ်ကြီးဆီသို့ ပြန်ရပေမည်။ သူမသည် စိတ်ရှိလက်ရှိစားသောက်ပြီးနောက် အိမ်ကြီးဆီသို့ ပျော်ပျော်ပါးပါး ပြန်လာခဲ့လေ၏။

အိမ်တွင်လည်း ဟန်ချိအီ၏အမိန့်ကိုရပြီဖြစ်သဖြင့် အစေခံအကြီးအမှူး လီတင်းကျန်နှင့် အစေခံများသည် ဟန်ရှင်ရှိနေသည့် အခန်းကို တိတ်တဆိတ် အခန်းများဖောက်ကြတော့သည်။

အခန်းထဲသို့ ချောင်းကြည့်လိုက်သောအခါ အခန်းတစ်ခုလုံး မည်သည့်အသွင်သဏ္ဍာန်ရှိသည်ကို မတွေ့ရချေ။ အသံလည်း လုံးဝမကြားရချေ။ ဟန်ရှင်၏ အရိပ်အယောင်ကိုလည်း မတွေ့ရချေ။

သူတို့သည် အချိန်အတော်ကြာ ချောင်းမြောင်းကြပါသော်လည်း မည်သည့်နေရာမျှ မတွေ့ရသဖြင့် လီတင်းကျန်သည် စိတ်ပျက်လာ၏။ အစေခံများ ကတော့ ပို၍ပင် စိတ်ပျက်ကြသေးသည်။ ဤသို့ကြည့်ရှုရန် လီတင်းကျန်က စိတ်ကူးခဲ့သေးသည် မဟုတ်ပါလော။ လီတင်းကျန်သည် ချောင်းနေကြသည့် အစေခံများကို



လက်ပြလိုက်၏။ တစ် နေရာ၌ စကားပြောနေမည်ဟု အချက်ပြခြင်းဖြစ်သည်။ သူတို့သည် ဟန်ရှင်၏အခန်းအနီးမှ ထွက်ခွာလာကြသည်။ အခန်းနှင့်ဝေးရာရောက်မှ အကြီးအမှူးလီတင်းကျန်က ပြောသည်။

"စိတ်ပျက်စရာပါကွာ ... ငါတော့ ဘာမှမတွေ့ဘူး"

အစေခံ တစ်ဦးက ...

"ဆရာက အဲဒီအကြောင်းကို သခင်ကြီးကို ပြောပြပေါ့၊ နို့မို့ဆိုရင် ကျွန်တော်တို့ အဲဒီမှာပဲ တာဝန်ကျနေမယ်"

"အေး ... ဟုတ်တယ်၊ သခင်ကြီးကို သွားအကြောင်းကြားရမယ်"

သခင်ကြီး ဟန်ချိအီက ...

"ဟေ့ ... မင်းတို့ကို ငါက စောင့်ကြည့်ပါလို့ ခိုင်းထားတာ၊ အခု ဘာဖြစ်လို့ ပြန်လာကြတာလဲ"

"အကြောင်းမထူးလို့ လာပြောတာပါ သခင်ကြီး"

အစေခံအကြီးအမှူး လီတင်းကျန်က ပြောလိုက်၏။

"ဘာကွ"

"ဒီလိုပါ သခင်ကြီး ... အခန်းထဲမှာ ဘယ်သူမှ မရှိဘူး"

"ဟေ ... မင်းတို့ကို ဘယ်သူပြောသလဲ"

"ကျွန်တော်တို့ကို ဘယ်သူမှ မပြောပါဘူး။ ကျွန်တော်တို့အားလုံး လွန်ပူနဲ့ဖောက်ပြီး အပေါက်တွေက ချောင်းကြည့်နေကြတာပါ၊ ဘာလှုပ်ရှားမှုမှ မတွေ့ပါဘူး"

"ဟာ ... ဒီကောင်တွေ၊ သောက်တလွဲတွေ လျှောက်ပြောနေပြန်ပြီ၊ မနေ့က မင်းတို့နဲ့ ငါကိုယ်တိုင် အခန်းထဲကို ဝင်ကြည့်ပြီးပြီ၊

www.burmeseclassic.com

www.burmeseclassic.com



မနေ့တုန်းက ငါတို့အခန်းထဲဝင်ရှာတော့ ဘယ်သူ့ကိုတွေ့လို့လဲ၊ ဟန်ရှင့်အသံကိုပဲ ကြားရတာ မဟုတ်လား။ ဒီနေ့ကျမှ ထူးပြီး မင်းတို့က ဟန်ရှင့်ကို မြင်ရမယ်လို့ ထင်နေလား၊ အသံကိုပဲ နားစွင့်နေမှပေါ့ကွ"

"အသံလည်း မကြားပါဘူး ခင်ဗျာ"

"ဟာ ... တယ်လျှာရှည်တဲ့ အကောင်တွေပဲ၊ သူက အရှူးလို တစ်ယောက်တည်း စကားပြောနေမလားကွ၊ သွားကြ ... ငါအမိန့်ပေးထားတဲ့အတိုင်း တစ်နေ့လုံး သွားထိုင်ပြီး စောင့်ကြည့်ကြ"

"ဟုတ် ... ဟုတ်ကဲ့"

"ဟုတ်ကဲ့ဆို သွားကြလေကွာ"

"ဟုတ်ကဲ့ ... အမိန့်အတိုင်း ဆောင်ရွက်ပါမယ်"

လီတင်းကျန်နှင့် သူ့အစေခံများသည် ဟန်ချီအီရှေ့မှ အပြေးအလွှား ထွက်ခွာသွားကြလေ၏။ လီတင်းကျန်က ...

"ဒုက္ခပါပဲကွာ ... တစ်နေ့လုံး ပျင်းစရာကောင်းတဲ့ အလုပ်ကို လုပ်ကြရတော့မယ်၊ ငါတို့ ဟိုဟိုဒီဒီ လုပ်ကြတဲ့အလုပ်ကမှ အပျင်းပြေဦးမယ်၊ တာဝန်ယူပြီးလုပ်ရင် အပျင်းပြေမလား မှတ်ပါတယ်၊ အခုမှ ဒုက္ခလှလှကြီး ရတော့တာပဲဟေ့ ..."

အစေခံတစ်ယောက်ကလည်း ထောက်ခံသည်။

"ဟုတ်တယ်ဗျာ ... ကျွန်တော်တို့တော့ ခြေချုပ်မိတာပဲဗျာ"

"ကဲ ... ကဲ ... ခြေချုပ်မိမနေနဲ့၊ ငါတို့ရဲ့ တာဝန်ဝတ္တရားအတိုင်း ချောင်းကြည့်ပေါက်က ချောင်းကြည့်ကြရမယ်"

သူတို့သည် လှုပ်ရှားမှု လူရိပ်လူယောင်ကိုမျှ မမြင်ရသော အခန်းထဲသို့ ကြည့်နေကြရာ အလွန်တရာ ပျင်းရိငြီငွေ့ဖွယ်ကောင်း



သော အထွေပြတ္တိကြီးတစ်ခုကို ဖတ်နေရသူများကဲ့သို့ အားလုံးပင် အိပ်ငိုက်ကြလေတော့၏။ သူတို့ မည်မျှကြာအောင် အိပ်ငိုက်သွားကြသည် မသိ။ အခန်းထဲမှ အသံလိုလို ကြားမိမှ အစေခံအကြီးအမှူး လီတင်းကျန်သည် အိပ်ငိုက်ရာမှ လန့်နိုးလာလေ၏။ သူသည် မျက်လုံးကို ပုတ်ခတ်ပုတ်ခတ် လုပ်သည်။

"အိပ်ငိုက်နေကြသလား အစေခံ အကြီးအမှူးကြီးရဲ့၊ နင်တို့ ငါ့ကို ဘာဖြစ်လို့ လာချောင်းနေတာလဲ"

လီတင်းကျန်သည် သူတို့လာချောင်းနေသည်ကို သခင်မလေး ရိပ်မိသွားပြီဖြစ်၍ အိပ်ငိုက်နေသူများအား ခြေထောက်ဖြင့် ကန်နှိုးလိုက်တော့သည်။

"ဟေ့ကောင်တွေ ... ထကြစမ်း"

အစေခံများသည် ဝရုန်းသုန်းကားနှင့် အိပ်ရာမှ ထကြလေသည်။

"သေလိုက်ကြတော့ အကုန်လုံးပဲ"

သူလည်း အိပ်ငိုက်သည်သာ။

"အခန်းထဲကို ကြည့်ကြဟေ့၊ သခင်မလေးအသံ ကြားတယ်၊ စောစောက ငါ့ကို စကားလှမ်းပြောလိုက်သလား မသိဘူး"

သူတို့အားလုံးသည် ချောင်းကြည့်ပေါက်များသို့ တိုးကပ်လိုက်ကြသည်။ သူတို့သည် ချောင်းကြည့်ပေါက်များမှ အတွင်းသို့ လှမ်းကြည့်ကြလေ၏။

"နင်တို့ကို ငါပြောမယ်"

လူကိုတော့ မမြင်ရ။ ဟန်ရှင်၏အသံတော့ ကြားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ ပြန်ကြ ... ငါ့ကို လာမချောင်းကြပါနဲ့လို့ ငါ့အဖေကို ပြောလိုက်ပါ။ နောင်ကို ငါ့အနေနဲ့ တစ်နေ့လုံးလိုလို သိုင်းပညာလေ့ကျင့်နေရမှာမို့လို့ နင်တို့နဲ့ စကားမပြောနိုင်တော့ဘူး။ နင်တို့ကိုလည်း အသံမပေးနိုင်တော့ဘူး။ အဲဒီအခါကျရင် ငါ့အခန်းဟာ လူသံတိတ်ဆိတ်ပြီး ဘယ်သူမှ မရှိသလို ထင်နေရလိမ့်မယ်၊ မနက်ပိုင်းက ဘာသံမှမကြားလို့ ငါ့အခန်းထဲ လူမရှိဘူးလို့ နင်တို့ ထင်ခဲ့ကြသေးတယ် မဟုတ်လား"

သူတို့သည် ချောင်းကြည့်ပေါက်မှ အားလုံးချောင်းကြည့်နေကြသည်သာ။ သို့သော် သခင်မလေး ဟန်ရှင်ကိုတော့ မတွေ့ရပေ။

"ဟာ ... အသံကြားပြီး လူကို မမြင်ရဘူးဟေ့"

အစေခံတစ်ယောက်က အော်လိုက်၏။ လီတင်းကျန့်က ...

"ဟာ ... ဒီကောင် ဘာတွေပြောနေတာလဲ၊ လူမမြင်ရတာပဲ အဆန်းလုပ်နေတယ်၊ ဒါ ဘာဆန်းလို့လဲ အရင်ကလည်း ဒီအတိုင်းဖြစ်နေတာပဲ၊ အသံကြားရရင်ပဲ လုံလောက်နေပြီ၊ လာကြ သခင်ကြီးဆီသွားပြီး အကြောင်းကြားမယ်၊ သခင်မလေး ပြောတဲ့အတိုင်း ပြန်ပြောရမယ်"

လီတင်းကျန့်သည် သခင်ကြီး ဟန်ချိုအီထံသို့ ပြေးထွက်သွားလေတော့၏။ သခင်မလေး ပြောလိုက်သည့်စကားများကို တစ်လုံးမကျန် ပြန်ပြောလေတော့သည်။

"ကျွန်တော်ကတော့ သူ့ကို မမြင်ရလို့ ဘာမှအထူးအဆန်းမဖြစ်တော့ပါဘူး။ ဟိုကောင်တွေကသာ ထူးဆန်းနေတာပါ၊ ကျွန်တော်တို့ ဘာဆက်လုပ်ရမလဲ ခင်ဗျာ"



ဟန်ချိုအီသည် အတန်ကြာ စဉ်းစားပြီး ...

"ကောင်းပြီလေ မင်းတို့တာဝန်ကုန်ပြီ၊ နောက်နေ့တွေမှာ ဟန်ရှင်အခန်းကို မင်းတို့ ချောင်းကြည့်ဖို့ မလိုတော့ဘူး။ မင်းတို့အားလုံး မူလတာဝန်တွေကို ပြန်ထမ်းဆောင်ကြပေတော့"

လီတင်းကျန့်လည်း သက်ပြင်းချမိလေ၏။ သူသည် စိတ်ပေါ့ပါးသွားလေပြီ။ သူတို့၏ မူလတာဝန်များသည် ချောင်းကြည့်ရသည့်တာဝန်ထက် ပိုမိုပေါ့ပါးသည်ဟု သူအထင်ရှိသည်။

"ဟုတ်ကဲ့ခင်ဗျား ... သခင်ကြီးရဲ့ အမိန့်အတိုင်း ကျွန်တော်တို့ ထမ်းဆောင်ပါတော့မယ်၊ ကျွန်တော့်ကို သွားခွင့်ပြုပါ"

ဟန်ချိုအီ လက်ပြလိုက်သောအခါ လီတင်းကျန့်သည် ဟန်ချိုအီအနီးမှ ထွက်ခွာလာပြီး သူ့လူများအား လာရောက်ခေါ်ငင်လေ၏။

"ဟား ... ဟား ... ဟား ... မင်းတို့ ဒီတာဝန်ကြီးက လွတ်သွားပြီကွ"

"ဟာ ... ဆရာ သခင်ကြီးက ကျွန်တော်တို့ကို ဒီတာဝန် မထမ်းဆောင်စေတော့ဘူးလား"

"မထမ်းဆောင်နဲ့တော့တဲ့၊ ဟူး ... တော်ပါသေးရဲ့ကွာ၊ ဘယ်သူ့မှ မမြင်ရတဲ့ ဗလာအခန်းကြီးထဲကို သွားချောင်းကြည့်နေရဦးမယ်ဆိုရင် စိတ်ညစ်တာနဲ့ သေရမှာပဲ၊ အင်း ... ခုတော့ ပျော်စရာကောင်းတဲ့ မူလအလုပ်ကို ပြန်လုပ်ရတော့မယ်၊ ဝမ်းသာတယ်ကွာ ဝမ်းသာတယ်"

လီတင်းကျန့်၏ ဝမ်းသာအားရ ပြောလိုက်သောစကား ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ အစေခံတစ်ဦးက ...

"ကျွန်တော်တို့ တောက်တိုမည်ရလုပ်ပေးနေတာကို အရှင်က ပင်ပန်းတယ်လို့ ထင်ခဲ့တယ်ဗျာ၊ အခုမှ ထိုင်ပြီး ချောင်းနေရတာက ပိုပင်ပန်းတယ်ဆိုတာကို သိတော့တယ်"

နောက်အစေခံတစ်ဦးက ...

"ဟုတ်တယ် စားဖိုမှူးပြင်ပေးတဲ့ အစားအသောက် ပန်းကန်တွေ သယ်ရတယ်ဆိုတာကလည်း ပင်ပန်းတဲ့အလုပ် မဟုတ်ပါဘူး၊ အစားကောင်း အသောက်ကောင်းတွေလည်း စားရသေးတယ်၊ ခြေဆန့်လက်ဆန့်လည်း လုပ်လို့ရတယ်၊ ဟား ... ချောင်းကြည့်ရတဲ့ တာဝန်ကြီးကို ကင်းလွတ်ခွင့်ပေးတဲ့ သခင်ကြီးကို ကျေးဇူးတ^လိုက်တာ"

တစ်ဦးက ...

"သူကလည်း သူ့သမီးအခြေအနေသိအောင်ပေါ့ကွာ၊ ကိုယ့်သမီးကို လူမမြင်ရဘဲနဲ့ စကားသံချည်း ကြားနေရတော့ တစ်မျိုးကြီး ဖြစ်မှာပေါ့ကွာ"

"အေး ... ဟုတ်တယ်"

အစေခံများသည် စကားများကို ဖောင်လောက်အောင် ပြောကြားနေကြတော့၏။ သူတို့ ချောင်းကြည့်တာဝန်ကြီးမှ လွတ်မြောက်သွားပြီ မဟုတ်ပါလား။

၈၈ ၈ ၈၈



## (၁၂၂)

## နောက်ယောင်ခံခြင်းအဆင့်ဆင့်

'စင်စင် ပန်းဥယျာဉ်'

စင်စင်ဥယျာဉ်ကြီးမှာမည်ကာမတ္တဥယျာဉ်မဟုတ်။ အလွန်ကြီးကျယ်သော ဥယျာဉ်ကြီးဖြစ်သည်။ သဘာဝဥယျာဉ်ကြီးလည်း ဖြစ်သည်။

ချိန်းဆိုထားသည့်နေ့ရက်ကို ရောက်လေပြီ။

လဆန်း ဆယ့် တစ်ရက် ... ။

စင်စင်ဥယျာဉ်ကြီး၏ အထင်ရှားအကျော်ကြားဆုံးနေရာမှာ ကျောက်တုံးသစ်တောဟု အမည်ရသည့်နေရာဖြစ်သည်။ သဘာဝအရ ဖြစ်ပေါ်နေသော ကျောက်တုံးကျောက်ဆောင်ကြီးများ ရှိသည်။ ဆန်းကြယ်လှပသည်။

ဥယျာဉ်ကြီးအတွင်းသို့ ဝင်ရောက်လာသူအားလုံးမည်သည် အပေါက်က ဝင်လာဝင်လာ၊ မည်သည့်လမ်းကို ပဲသွားသွား နောက်ဆုံးတွင် ကျောက်တုံးသစ်တောနေရာကိုတော့ ရောက်လာစမြဲ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဥယျာဉ်ကြီး၏ လမ်းအားလုံးကို ကျောက်တုံးသစ်တော၌ ဆုံစေရန် ဗဟိုချက်ပြုထားသောကြောင့် ပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



ဟန်ရှင်သည် သစ်တောဥယျာဉ်သို့ ရောက်ရှိနေသည်။ သူမသည် ကျောက်ထိုင်ခုံတစ်လုံး၌ ထိုင်ရင်း တောင်စဉ်းစား မြောက်စဉ်းစား စဉ်းစားနေသည်။ တစ်စုံတစ်ယောက်ကို စောင့်မျှော်နေဟန်လည်း ရှိနေ၏။ စောင့်မျှော်နေသူသည် နေမွန်းတည့်ချိန် လောက်မှ ထိုနေရာသို့ ဆိုက်ရောက်လာလေ၏။

ထိုနေရာကို ဆိုက်ရောက်လာသူကား ဝတ်စုံပွပွကြီးကို ဝတ်ဆင်ထားသည့် အလွန်ချောမောလှသည့် မိန်းမငယ်ပင်တည်း။ သူမ ဝတ်ဆင်ထားသည့်ဝတ်စုံမှာ မြွေပါအရေခွံဖြင့် ချုပ်လုပ်ထားသည့် ဝတ်စုံဖြစ်သတည်း။ သူမသည် ဟန်ရှင်ထံသို့ တည့်မတ်စွာ လျှောက်လာသည်။ သူမကား မြွေပါကျင်လင်တည်း။

ဟန်ရှင်သည် မြွေပါကျင်လင်ကို ကြည့်နေသည်။ သူမသည် မြွေပါကျင်လင်ကို ကြည့်နေသည်။ သူမသည် မြွေပါကျင်လင်နှင့် တစ်ခါတည်းသာ တွေ့ဖူးသော်လည်း မြွေပါကျင်လင်ကို မှတ်မိနေသည်။ ဟန်ရှင်က ပြုံးရယ်၍ နှုတ်ဆက်၏။ ကျင်လင်က ...

"ရှင် စောင့်နေတာ ကြာပြီလား"

သူမ၏အသံသည် ယခင်က ကြည်လင်ပြတ်သားလှသည်။ ယခုမူ ခပ်အောအောဖြစ်နေသည်။ အသံ၏ထူးခြားမှုကို ဟန်ရှင်သိရှိ၏။

"သိပ် မကြာသေးပါဘူး၊ သြော် ... ဒါနဲ့ ရှင် နေထိုင်မကောင်းဘူးနဲ့တူတယ်"

ကျင်လင်၏မျက်လုံးများသည် မသိမသာ ကျဉ်းသွားသည်။ ထို့နောက် ချက်ချင်းရယ်မောလိုက်၏။



"ရှင် လှကဲ့ခတ်တော်ပါပေတယ် ဟန်ရှင်၊ ကျွန်မ မကျန်းမာလှဘူး။ မကျန်းမာတာ ဆယ်ရက်လောက်ရှိနေပါပြီ၊ ရှင် အလွန်တော်တာပဲ၊ သြော် ... ဒါနဲ့ ကျွန်မ မကျန်းမာဘူးဆိုတာကို ရှင် ဘယ်အချက်ကိုကြည့်ပြီး ပြောနိုင်တာလဲ၊ ကျွန်မဟာကျွန်မ မကျန်းမမာဖြစ်နေတယ်ဆိုတာ ကြိုးစားပြီး ဟန်ဆောင်ထားတာရှင့်၊ တစ်ဆိတ်လောက် ကျွန်မ သိပါရစေ"

သူမက မေးလိုက်လေ၏။ ဟန်ရှင်က ပြုံးလိုက်သည်။

"ဒါက မခက်ပါဘူး"

ကျင်လင်က နားထောင်နေ၏။ ဟန်ရှင်က ...

"ကျွန်မနားထဲမှာ ရှင့်အသံက နည်းနည်းအောနေသလားလို့ပါ၊ ဖျားနာနေတဲ့လူဟာ အသံပျက်တတ်တယ်လေ၊ ဒီတစ်ချက်တည်းပါ၊ တခြားအကြောင်းတော့ ဘာမှမတွေ့မိပါဘူး"

ဟန်ရှင်၏ရှင်းပြချက်ကို ကြားလိုက်ရသောအခါ သူမသည် ပင့်သက်ကို ခိုး၍ချလိုက်၏။ သခင်မယီတာ ပြောလိုက်သည့်စကားသည် ဒက်ထိ မှန်နေလေပြီ။ သခင်မယီတာက ဟန်ရှင်သည် အလွန်အကင်းပါးသူဖြစ်ကြောင်း၊ အခေါ်ချိန်အနေဖြင့် အစစအရာရာ သတိထားရမည်ဖြစ်ကြောင်း၊ အခေါ်ချိန်အနေဖြင့် သတိမထားပါက ဟန်ရှင် ရိပ်မိသွားမည်ဖြစ်ကြောင်း သတိပေးခဲ့လေသည်။ အထူးသဖြင့် ဟန်ရှင်နှင့် စကားပြောသည့်အခါ သတိထားပြောရန် မှာကြားခဲ့သည်။ ကျင်လင်က ...

"ကွမ်ယု နေထိုင်ကောင်းပါရဲ့လားရှင်"

ဟန်ရှင်က ပြေပြစ်စွာပြော၏။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်ပြောခဲ့တဲ့ အဆိပ်က တန်ခိုးမပြသေးတော့ ခုအချိန်မှာ ကျန်းမာစွာရှိတဲ့အပြင် သိုင်းပညာရပ်တစ်ခုကိုတောင် ထပ်မံလေ့ကျင့်သင်ကြားအောင်မြင်ခဲ့ပါပြီ"

သူမပြောသည့်စကားမှာ အမှန်အကန်ပင် ဖြစ်သည်။ ကွမ်ယုသည် သိုင်းပညာရပ်တစ်ခုကို အောင်မြင်ခဲ့လေပြီ။ ကျင်လင်က...

"ဝမ်းသာလိုက်တာ ဟန်ရှင်ရယ်၊ ကွမ်ယုက စိတ်နှလုံးကောင်း ရှိတယ်၊ သူတစ်ပါးကို ကူညီချင်တယ်၊ လောကရဲ့ အထွတ်အထိပ် သိုင်းပညာရပ်တွေ ဘယ်လောက်ပဲ စုဝေးတတ်မြောက်နေပါစေ သူဟာ လောကကြီးကို ဒုက္ခမပေးဘူး၊ အကျိုးရှိတဲ့ အလုပ်သာ လုပ်ချင်လုပ်မယ်၊ သိုင်းလောကတစ်ခုလုံးရဲ့ ကောင်းကျိုးကိုသာ လုပ်မယ့်လူဖြစ်မယ်"

ဟန်ရှင်က ကျင်လင့်စကားကို သဘောတူထောက်ခံလေ၏။

"ကျင်လင် ... ရှင်ရဲ့စကားတွေဟာ အမှန်တွေချည်းပါပဲ၊ ကျွန်မလည်း ရှင်ပြောတာတွေကို သဘောတူပါတယ်၊ ကွမ်ယုကိုလည်း ရှင်ပြောတဲ့စကားတွေကို ပြန်ပြောလိုက်ပါ့မယ်၊ ရှင်ဟာ အမှန်တရားကို သိပါတယ်၊ ဒါကြောင့် ရှင့်ကို ကျွန်မ လေးစားစွာ ဂါရဝပြုဦးညွှတ်ပါတယ်"

ဟန်ရှင်သည် ကျင်လင်ကို ဂါရဝပြု ဦးညွှတ်လေ၏။

"ကျေးဇူးတင်ပါတယ် ဟန်ရှင်၊ ကျွန်မ အချိန်မရှိပါဘူး၊ ကျွန်မ နာမကျန်းတဲ့အတွက်လည်း ဆေးကုသနေရပါတယ်၊ ကဲ ... တိမ်အဆိပ်ဖြေဆေးကို လက်ခံယူပါတော့"

ကျင်လင်သည် သူမ၏ဝတ်စုံကြီးအတွင်းမှ ငွေအိုးကလေးကို ထုတ်ယူလိုက်၏။ ထို့နောက် ဟန်ရှင်အား လှမ်းပေးလေ၏။ ဟန်ရှင်သည် အဆိပ်ဖြေဆေးငွေအိုးကို ရိုသေစွာ လှမ်းယူလိုက်သည်။

"ကွမ်ယုဟာ အခုအချိန်မှာ အဆိပ်မခံစားရသေးပါဘူး၊ ကွမ်ယုကိုယ်စား ရှင့်ကို မဖော်ပြနိုင်လောက်အောင် ကျေးဇူးတင်ပါတယ်"

"အဆိပ်က မကြာခင်မှာ တက်တော့မှာပါ၊ ကျွန်မအဆိပ်အစွမ်းကို ကျွန်မလောက် ဘယ်သူမှမသိပါဘူး၊ ကျွန်မ ကွမ်ယုကို အစဉ်အမြဲ သတိရနေပါတယ်၊ သူ ကျန်းမာစေဖို့ ကျွန်မ ဆုတောင်းနေတယ်ဆိုတာ ရှင်ပြောလိုက်ပါရှင်"

ကျင်လင်၏ မျက်လုံးအစုံတွင် ကြေကွဲမှုများကို ငိုပ်ခနဲတွေ့လိုက်ရသည်ဟု ဟန်ရှင် ထင်လိုက်မိ၏။

"စိတ်ချပါ ကျင်လင်၊ ရှင့်အမှာစကားကို ကျွန်မကိုယ်တိုင် ဆက်ဆက်ပြောလိုက်ပါ့မယ်၊ ကွမ်ယုကိုယ်တိုင်လည်း ရှင့်ကို အစဉ်အမြဲ သတိရနေလိမ့်မယ်လို့ ကျွန်မ ပြောရဲတယ်၊ ကွမ်ယုဟာ သူ့အပေါ် ကျေးဇူးရှိထားတဲ့လူ ့နဲ့သမျှ မမေ့တတ်ပါဘူး"

သူတို့သည် ခင်မင်ရင်းနှီးစွာ စိုက်ကြည့်နေကြသည်။ ဟန်ရှင်၏သဘောထားသည် အလွန်ပျော့ပျောင်းနေသည်။ ကျင်လင်ထံမှ ဤကဲ့သို့ သဘောထားနူးညံ့မှုကို ရရှိလိမ့်မည်ဟု သူမ မထင်မိပေ။ တစ်ဦးကိုတစ်ဦး နှုတ်ဆက်ဂါရဝပြုကြ၏။ ဆန့်ကျင်ဘက်အရပ်နှစ်ခုသို့ သူတို့ဦးတည်ထွက်ခွာသွားကြလေ၏။

ဟန်ရှင်သည် သံယောဇဉ်နှောင်တည်းမှုဖြင့် ကျင်လင်ကို လှမ်းကြည့်၏။ ကျင်လင်ကလည်း ထိုအချိန်မှာပင် နောက်သို့ ပြန်



www.burmeseclassic.com

www.burmeseclassic.com



လှည့်ကြည့်မိလေ၏။ တစ်ဦးနှင့်တစ်ဦး အကြည့်ချင်း ဆုံမိကြသည်။ ကျင်လင်က လက်ပြနှုတ်ဆက်သည်။ ဟန်ရှင်သည် ခင်မင်မှုသံယောဇဉ်ကို အတင်းဖြတ်တောက်လျက် ချာခနဲ လှည့်ထွက်သွားတော့သည်။ ကျင်လင်ကား သမင်လည်ပြန်ကြည့်လျက် ကျန်ရစ်ခဲ့သည်။

စင်စင်ပန်းဥယျာဉ်အထွက်တွင် သူတောင်းစားကြီးအသွင် ရုပ်ဖျက်ထားသော လူတင်းသည် တောင်ဝှေးကို တခေါက်ခေါက် ထောက်ရင်း ဟန်ရှင့်နောက်မှ လိုက်ပါလာလေ၏။ လူတင်းနောက်မှ အဘွားအိုကြီးတစ်ယောက်တည်း တောင်ဝှေးတခေါက်ခေါက်ဖြင့် မသိမသာ လိုက်ပါသွားသည်။ ထိုသူကား စုစီဝှေပင်တည်း။

လူတင်း ရုပ်ဖျက်ထားတာကလည်း ပီပြင်သည်။ စုစီဝှေ ရုပ်ဖျက်ထားမှုကလည်း ပီပြင်သည်။ ဟန်ရှင်ကိုယ်တိုင် ထိုအဘွားအိုကြီးနှင့် ရက်သတ္တပတ်မျှ အတူနေဦးတော့ ဖွင့်သာမပြောလျှင် ထိုအဘွားအိုကြီးကို စုစီဝှေဟု သိမည်မဟုတ်ပေ။

စုစီဝှေသည် ရုပ်ဖျက်အလွန်ကောင်း၏။ သူ ရုပ်ဖျက်ထားလျှင် သခင်မယီတာသည်ပင်လျှင် မသိနိုင်ပေ။ ယီတာသည် ဉာဏ်အလွန်ကောင်းသည်၊ မြင်တတ်သည် မဟုတ်ပါလား။ ထို့ပြင် ရုပ်ဖျက်ပညာပြောင်မြောက်သော စုစီဝှေက သူ့ရှေ့တွင် ဟန်ရှင်နှင့်မြွေဘုရင်လူတင်းကို ထားကာ နောက်မှ လိုက်ပါသွားလေ၏။

အဘွားအိုကြီးသဏ္ဌာန် ရုပ်ဖျက်ထားသော စုစီဝှေသည် တုန်တုန်ယင်ယင်ဖြင့် မကြာခဏ နောက်သို့လှည့်ကြည့်သည်။ သူ့နောက်မှ နောက်ထပ် နောက်ယောင်ခံလိုက်သူ ရှိမရှိ အကဲခတ်ခြင်းဖြစ်သည်။



ထိုစဉ် သူတောင်းစားတစ်ဦးသည် သူ့နောက်ပါးမှ ပါလာသည်။ စုစီဝှေသည် တုန်တုန်ယင်ယင်ဖြင့် ထိုသူတောင်းစားကို စောင့်နေသည်။ ထိုသူတောင်းစားသည် စုစီဝှေကို ကျော်တက်သွား၏။ မြွေဘုရင်လူတင်းကို ကျော်တက်သွား၏။ နောက်ဆုံး ဟန်ရှင်ကိုပင် ကျော်တက်သွားလေ၏။

စုစီဝှေ ပြုံးလိုက်၏။ သူ့သတိသည် အစဉ်အမြဲ ပိုနေတတ်သည်။ သတိဆိုသည် အမြဲတမ်းပိုနေမှသာ တော်ကာကျမည် မဟုတ်ပါလား။ သုံးဦးသား သွားနေပုံမှာ အစဉ်လိုက်ဖြစ်သည်။ မိမိသွားရမည့် ခရီးကိုသာ ဂရုစိုက်နေသည်။ နောက်ယောင်ခံလိုက်မည့်သူ ရှိမရှိ သတိမထားချေ။

သူ့နောက်မှ လိုက်နေသူကား မြွေဘုရင်လူတင်းတည်း။ လူတင်းသည် ဟန်ရှင်ကို မျက်ခြည်ပြတ်မခံ အမိလိုက်နေသည်။ လူတင်းသည် နောက်ယောင်ခံမည့်သူ မရှိဟု ထင်နေသလား မသိ။ လုံးဝ လှည့်မကြည့်ချေ။ စုစီဝှေကတော့ အဘွားကြီးသဏ္ဌာန်ပုံဖြင့် သူတို့နောက်မှ ပါးနပ်စွာ လိုက်ပါသွားသည်။

ဤသို့ဖြင့် သူတို့သုံးဦးသည် ဟုတ်စိမ့်ယီမြို့သို့ ဝင်ရောက်လာကြလေတော့၏။ ထိုအခါ ဥဒဟိုသွားလာနေသော လမ်းသွားလမ်းလာများကို တွေ့ရပြုတော့သည်။ လူတင်းသည် အကင်းပါး၏။ လမ်းသွားလမ်းလာများနှင့် ရောနှောလိုက်သည်။ သို့မဟုတ်ပါက သူသည် ထင်းထင်းကြီး ဖြစ်နေမည် မဟုတ်ပါလား။ ယခုတော့ သူသည်လည်း အများထဲမှ လူတစ်ယောက် ဖြစ်သွားပေပြီ။

လူတင်း သည် ဟုတ်စိမ့်ယီမြို့တွင်းသို့ ဝင်လာခဲ့၏။ သူသည်

www.burmeseclassic.com

www.burmeseclassic.com



ဟန်ရှင့်ကို နောက်ယောင်မခံတော့ပေ။ သူသည် လမ်းဆုံလမ်းထောင့် တစ်ခုတွင် ခွက်ကိုချပြီး တောင်းရမ်းနေတော့သည်။

အဘွားအိုကြီးသဏ္ဌာန် ဟန်ဆောင်လာသော စုစီဝေသည် ခွက်ချကာ တောင်းခံနေသော လူတင်းကို တွေ့သောအခါ ဤသူသည် တစ်စုံတစ်ခု အကြံရှိမည်ဟု တွေးမိလေသည်။ ထို့ကြောင့် သူသည် လူတင်းနှင့် မလှမ်းမကမ်းရှိသည့် ဆိုင်တစ်ဆိုင်သို့ ဝင်လိုက်သည်။ ထိုဆိုင်ကား သစ်တော်သီးဆိုင် ဖြစ်လေ၏။ သူသည် သစ်တော်သီး နှစ်လုံး ဝယ်ယူလိုက်၏။ ထို့နောက် အခြားဆိုင်တစ်ဆိုင်သို့ ပြောင်းကာ ဝယ်ပြန်သည်။ ထိုဆိုင်မှာ သစ်တော်သီးများ ရောင်းချသောဆိုင် ဖြစ်လေ၏။ သူသည် သစ်တော်သီးများကို ရွေးချယ်ပြီး ဝယ်နေသည်။ တစ်ဖက်ကလည်း လူတင်းကို အကဲခတ်နေ၏။

လူတင်းကား တစာစာ တောင်းရမ်းဆဲတည်း။

ဤဟုတ်စိမ့်ယီမြို့ကလေးမှထွက်လျှင် သူတို့သည် တောလမ်းခရီး သွားရမည်ဖြစ်ရာ တစ်ယောက်ကိုတစ်ယောက် ဤသို့ နောက်ယောင်ခံလိုက်၍ မရတော့ပေ။ နောက်ယောင်ခံလိုက်လျှင် ရှေ့မှလူက ရိပ်မိသွားမည်သာ ဖြစ်သည်။ ထို့ကြောင့် ဤမြို့ကလေး တွင် လူတင်း မည်သည့်အကြံအစည်ပြုမည်နည်းဟု စုစီဝေ စဉ်းစား နေခြင်း ဖြစ်သည်။

ထိုစဉ် မုဆိုးသဏ္ဌာန်ရှိသော လူတစ်ဦးသည် ခွေးနက်ကြီး သုံးကောင်ကို ကြိုးဆွဲ၍ မြို့တွင်းဈေးထဲသို့ ဝင်လာလေ၏။ ထိုမုဆိုး သည် ဆိုက်ဆိုက်မြိုက်မြိုက်ပင် သူတောင်းစားလူတင်းထံသို့ သွား လေ၏။



အဘွားအိုသဏ္ဌာန် ဟန်ဆောင်ထားသည့် စုစီဝေသည် ထို မုဆိုးနှင့် လူတင်းကို အကဲခတ်နေသည်။ လူတင်းသည် ခွေးနက် သုံးကောင်ကို လက်ခံယူလိုက်၏။ မုဆိုးနှင့်တူသောလူလည်း ပြန် ထွက်သွားသည်။ လူတင်း သည် ခွေးနက်သုံးကောင်ကို ရသောအခါ ပိုက်ဆံခွက်ကို ကောက်ယူပြီး မြို့လယ်လမ်းမကြီးမှ မြို့ပြင်သို့ ထွက် လာလေတော့၏။

စုစီဝေသည် အဘွားအိုရုပ်သဏ္ဌာန်ဖြင့်ပင် လူတင်းနောက်မှ လိုက်လေတော့၏။ မြို့ပြင်သို့ ရောက်လုလုရှိသောအခါ လူ အတော် ပင် ပြတ်သွားလေပြီ။ စုစီဝေသည် မြွေဘုရင်လူတင်းကို အနီးကပ် မလိုက်တော့ချေ။ အတော်ခပ်လှမ်းလှမ်းမှသာ ကြည့်နေတော့သည်။

မြွေဘုရင်လူတင်းသည် နောက်သို့လှည့်ကြည့်လိုက်၏။ သူ့ နောက်မှ မည်သူမျှလိုက်ကြောင်း မတွေ့ရပေ။ စုစီဝေသည် အတော် လှမ်းလှမ်းရှိ သွားလာနေသော လူလေးငါးယောက်နှင့် အတူရှိနေ သဖြင့် စုစီဝေအား အထူးသတိမကင်း မဖြစ်မိပေ။ ထို့ကြောင့် မြွေ ဘုရင်လူတင်းသည် သူတောင်းစားဝတ်ရုံကြီးကို ချွတ်ချလိုက်ပြီး လက်ထဲမှ ခွက်ကို လွှင့်ပစ်လိုက်၏။ သူသည် သူတောင်းစားအသွင် ရုပ်ဖျက်ခြင်း မပြုတော့ပေ။

ဟန်ရှင့်ကိုလည်း အရိပ်အယောင်မျှ မတွေ့ရတော့။ သူမ သည် မြို့ပြင်သစ်တောထဲသို့ ရောက်ရှိသွားပေတော့မည်။ မြွေဘုရင် လူတင်းသည် ခွေးနက်ကြီးသုံးကောင်ကို ထိန်းသိမ်းထားပြီး ရင်ခွင်ထဲ မှ ငှက်နက်ကလေးတစ်ကောင်ကို ထုတ်ယူကာ ကောင်းကင်သို့ ပစ် မြှောက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ငှက်နက်ကလေးသည် သစ်တောကြီးထဲသို့ ပျံသန်းထွက်သွားသည်။ ထို့နောက် သူသည် ရင်ထဲမှ တစ်စုံတစ်ရာကို ထုတ်ပြီး ခွေးနက်ကြီးများကို နမ်းစေ၏။ တစ်စုံတစ်ခုကို အနံ့ခံခိုင်းခြင်း ဖြစ်သည်။ ပြီးသောအခါ သူသည် ထိုအရာကို ရင်ခွင်ထဲသို့ ပြန်ထည့်လိုက်၏။ ထိုအရာမှာ ဟန်ရှင်၏လက်ထဲတွင် ပါသွားသည့် ငွေအိုးထဲမှဆေး ဖြစ်ပုံရသည်။

ခွေးနက်ကြီးများသည် သူတို့အနံ့ခံရမည့်ပစ္စည်းကို ပြသခြင်း ဖြစ်ကြောင်း နားလည်ကြသည်။ သူတို့သည် မြေကြီးအား တရှုပ်ရှုပ် အနံ့ခံကြတော့သည်။ ထို့နောက် ဟန်ရှင်ပြေးထွက်သွားရာ သစ်တောအုပ်ဆီသို့ ဖြတ်သန်း ပြေးထွက်သွားတော့သည်။

မြွေဘုရင်လူတင်းသည် ကိုယ်ဖျောက်ပညာကို အသုံးပြုလျက် ခွေးနက်ကြီးများနောက်မှ ပြေးလွှားလိုက်ပါသွားတော့သည်။

စူစီဝေသည် မြွေဘုရင်လူတင်း၏ အကြံအစည်ကို ရိပ်မိလေပြီ။ သူသည် ဟန်ရှင်အား နောက်ယောင်ခံလိုက်ရာတွင် မြေပြင်မှ ခွေးနက်ကြီးများ၏ အကူအညီကိုယူ၍လည်းကောင်း၊ ကောင်းကင်မှ ငှက်ကလေး၏အကူအညီကိုယူ၍လည်းကောင်း လိုက်ပါတော့မည်ဖြစ်ကြောင်း စူစီဝေ ရိပ်မိသည်။ စူစီဝေလည်း မြို့ပြင်သို့ ထွက်လာသည်။

သူ့အနီးပတ်ဝန်းကျင်၌ လူတစ်ယောက်မျှမရှိသောအခါ သူသည် အဘွားအိုကြီးသဏ္ဍာန် ဝတ်စားထားသည်တို့ကို ချွတ်ပစ်လိုက်၏။ မျက်နှာဖုံးလည်း ချွတ်ပစ်လိုက်၏။ ပကတိစူစီဝေ၏မျက်နှာသည် ပေါ်လာသည်။ သူသည် မြွေဘုရင်လူတင်းပြေးဝင်သွားသည့် သစ်တောဆီသို့ ကိုယ်ဖျောက်ပညာကိုသုံးကာ လိုက်ပါသွားတော့သည်။



သူ့အနေဖြင့် ဟန်ရှင်ဦးစွာနေသော မျောက်စမ်းချောင်းရွှေမြို့တော်လမ်းခရီးကို အကြိမ်ကြိမ်အခေါက်ခေါက် ဖြတ်သန်းသွားခဲ့ပြီးဖြစ်၍ သူသည် လမ်းကို အလွတ်ကျက်မှတ်မိနေလေပြီ။ ထိုလမ်းခရီးမှာ တောင်များတောများကို ခရုပတ်အထွေထွေရစ်ပတ်သွားနေရသဖြင့် တော်ရုံတန်ရုံလူမှာ မည်သို့မျှ မရောက်နိုင်ချေ။

မြွေဘုရင်လူတင်းမှာ သူလိုက်နေသည်မှာ ဟန်ကျနေပြီဟု အထင်ရှိသည်။ သို့သော် တကယ်တမ်းတွင် ကောင်းကင်မှ ငှက်ကလေး၏ အချက်ပြအော်ဟစ်သံ၊ ခွေးကြီးများ၏ခြေသံ၊ ရံဖန်ရံခါ ခွေးကြီးများ၏ မာန်ဖီသံ ထိုအသံများကို ကြားနေရသည်။

ဟန်ရှင်သည် သူ့မနောက်မှ တစ်စုံတစ်ဦး လိုက်နေပြီဖြစ်ကြောင်း ခရီးလမ်းတစ်ဝက်တွင် ရိပ်မိသိရှိခဲ့လေ၏။ သို့သော် သူသည် နောက်ကြောင်းကိုစောင့်၍ စူးစမ်းခြင်း မပြုခဲ့ချေ။ အဘယ်ကြောင့်ဆိုသော် လှည့်မကြည့်နှင့်၊ နောက်ပိုင်း၌ သူ အမြဲရှိနေမည်ဖြစ်ကြောင်း စူစီဝေက ပြောထားသောကြောင့်တည်း။

ဟန်ရှင်သည် ထိုစကားကြောင့် လှည့်ကြည့်ရန်၊ လမ်းကြောင်းပြောင်းရန် မကြိုးစားတော့ချေ။ သူ့ခရီးကိုသာ စိုက်လိုက်မတ်တတ် ခရီးနှင်တော့သည်။

မျောက်စမ်းချောင်းရွှေမြို့တော်ဟောင်းသို့ဝင်သော ပင်မလမ်းမကြီးတစ်ခုရှိသော်လည်း ဟန်ရှင်သည် ထိုလမ်းမကြီးမှ မဝင်ချေ။ လျှို့ဝှက်ပေါက်မှဝင်ရန် ရွေးချယ်လိုက်သည်။ သူမသည် လျှို့ဝှက်ပေါက်မှ ရွှေမြို့တော်ဟောင်းဆီသို့ ဝင်လိုက်လေတော့၏။

ဢ ༄ ဢ

www.burmeseclassic.com

www.burmeseclassic.com



## (၁၂၃)

# တန်ပြန်အစီအစဉ်

ဟန်ရှင်သည် ဆက်လက်ပြေးလွှားသွားလာလေ၏။

သူသည် နန်းတော်ဟောင်းကြီး၏ ကျောဘက်သို့ ရောက်ရှိလာသည်။ လှို့ဝှက်ဝင်ပေါက်တစ်ခုဆီသို့ ပြေးကပ်လျက် အရိပ် တစ်ရိပ်ပမာ နန်းတော်ဟောင်းနောက်ဘက်ဝင်ပေါက်မှ ဝင်ရောက်ခဲ့၏။

နန်းရင်ပြင်သို့ ရောက်သောအခါ စူစီဝေကို နန်းရင်ပြင်ရှေ့၌ အခန့်သားထိုင်လျက်ရှိသည်ကို တွေ့ရလေ၏။ စူစီဝေသည် ကြို့တင် ရောက်နှင့် နေပေသည်။ ဟန်ရှင်သည် အမောပင် မဖြေနိုင်ဘဲ စူစီဝေ ရှေ့သို့ ဒူးထောက်အရိုအသေပြုလိုက်သည်။

"ဆရာ ... ကျွန်မနောက်ကို ရန်သူလိုက်လာပါတယ်၊ ရန်သူ ဟာ ခွေးနဲ့ငှက်ကို အသုံးပြုပြီး တစ်လမ်းလုံး ထက်ကြပ်မကွာ လိုက် လာပါတယ်၊ ကျွန်မလည်း ဆရာက စောင့်ရှောက်မယ်ဆိုထားတော့ ရန်သူကို မျက်ခြည်မပြတ်မိခဲ့ပါဘူး။ ကျွန်မ ထင်တယ် ... ဒီမြို့တော် ကို ရန်သူဟာ ခြေရာခံမိသွားပြီပေါ့ဆရာ၊ အဲဒါ ကျွန်မ ဘယ်လိုလုပ်ရ မလဲဟင်"

သူမ စိုးရိမ်စွာ ပြောလိုက်သည်။ စူစီဝေက ပြုံးလိုက်ပြီး...

"ငါ့တပည့်နယ် ... အ,ရန်ကော"



"ဘာဖြစ်လို့လဲ ဆရာ"

"ငါ့တပည့်နောက်က ဆရာ တစ်လမ်းလုံးစောင့်ရှောက်ပြီး လိုက်လာခဲ့တာပဲ"

"ဆရာ ... ဆရာ ကျွန်မနောက်က ရန်သူကို မတွေ့ဘူး လား ဆရာ"

"တွေ့တာပေါ့ တပည့်ရယ်"

"ရန်သူကို ဆရာ ဘာမှမလုပ်ဘူးလား"

"မင်းနောက်ကလိုက်လာတဲ့လူဟာ မြွေဘုရင်လူတင်းကွယ့်"

"ရှင် ..."

"ဟုတ်တယ် ... မြွေဘုရင်လူတင်းပေါ့ကွယ်"

"ဒါ ... ဒါဖြင့် ယီတာတို့အုပ်စုပေါ့ဆရာ"

စူစီဝေက ရယ်လိုက်၏။

"အင်း ... မင်းကို လာတွေ့တဲ့မြွေပါကျင်လင်ကို မင်း ဘယ် လိုသဘောရသလဲ"

"သူ စိတ်ကောင်းဝင်နေပုံရတယ် ဆရာ၊ ကွမ်ယုအတွက် သူ အတော်စိတ်မကောင်းဖြစ်နေတာ၊ ကွမ်ယုကို ကျန်းမာစေချင် တယ်လို့ သူက ပြောပါတယ် ဆရာ"

"အဲဒါ မြွေပါကျင်လင် အစစ်မဟုတ်ဘူး"

"ရှင် ..."

"အဒေါ်ချန်လေ၊ အဒေါ်ချန်က မြွေပါကျင်လင်အဖြစ် ရုပ် ဖျက်ထားတာ၊ ယီတာက ရုပ်ဖျက်ပညာလည်း အတော်ကျွမ်းကျင် တယ်ကွယ့်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါ ... ဒါဆိုရင် ယီတာက ကျွန်မတို့အပေါ် တစ်ခုခုကြံစည်နေပြီပေါ့၊ မကောင်းတဲ့အကြံအစည်တစ်ခု ရှိနေတာ သေချာနေပြီပေါ့"

"အင်း ... ဒီအကြောင်းကို ကွမ်ယုတို့ ပြန်လာတဲ့အခါကျတော့ မျက်နှာစုံညီအားလုံးကို ဆရာရှင်းပြပါမယ်၊ ငါ့တပည့်မ ဘာမှစိတ်မပူပါနဲ့"

"ဟုတ်ကဲ့ ... ဆရာ"

သူတို့သည် ကွမ်ယုကို စောင့်ဆိုင်းနေကြရသည်။

ကွမ်ယုသည် တောင်တင်းရယ်နှင့်အတူ မျောက်စမ်းချောင်းရွှေမြို့တော်သစ်ကြီးဆီသို့ သွားရောက်လည်ပတ်နေကြခြင်း ဖြစ်သည်။ သူတို့နှင့် အတန်ဝေးဝေးနေရာ၌ အတွင်းအားကျင့်စဉ် လေ့ကျင့်နေသော လျှူနန်ကျင်းရှိသည်။

သူတို့သည် လျှူနန်ကျင်းကို အနှောင့်အယှက်မပေးဘဲ အတော်ဝေးကွာသောနေရာ၌ စကားပြောနေကြခြင်း ဖြစ်သည်။ စူစီဝေ့နှင့် ဟန်ရှင်တို့ စကားပြောနေစဉ် လျှူနန်ကျင်းသည် အတွင်းအားလေ့ကျင့်ရာမှ ထလာလေ၏။ သူသည် စူစီဝေ့ကို ဦးညွတ်ဂါရဝ ပြုလိုက်သည်။ စူစီဝေ့က လျှူနန်ကျင်းကို လက်ပြ၍ထိုင်ခိုင်းလိုက်သည်။

လျှူနန်ကျင်းသည် မလှမ်းမကမ်းတွင် ပုဆစ်တုပ်လျက်ရှိသေစွာ ထိုင်လေ၏။ သူသည် စူစီဝေ့ကို အလွန်ရှိသေပေသည်။ စူစီဝေ့သည်လည်း အသက်ကို နေးကွေးစွာရှူကာ ခန္ဓာကိုယ် သွေးလည်ပတ်မှုကို ထိန်းချုပ်လျက် တစ်ကိုယ်လုံးရှိ အကြောများကို လျှော့ချကာ အနားပေးလိုက်သည်။

ဟန်ရှင်လည်း အမောဖြေလိုက်ရသည်။ သူမသည်လည်း



တစ်လျှောက်လုံး အတွင်းအားသုံးကာ ပြေးလွှားလာခဲ့ရသည် မဟုတ်ပါ လား။

နန်းရင်ပြင်တစ်ခုလုံး မည်သည့်အသံမျှ မကြားရဘဲ လွန်စွာတိတ်ဆိတ်ငြိမ်သက်သွားသည်။ မည်မျှ အချိန်ကြာမြင့်သွားသည်မသိ ... ဟန်ရှင်၏ အတွေးများလည်း လွင့်ပါးနေသည်။ နန်းတော်ဟောင်းကြီး၏ဘေးမှ ခိုးခိုးခစ်ခစ်ရယ်သံနှင့် စကားပြောသံအချို့ကြားလိုက်ရမှ ဟန်ရှင်၏အတွေးများသည် ပစ္စုပ္ပန်ဘဝသို့ ပြန်လည်ရောက်ရှိလာသည်။ ဟန်ရှင် လှမ်းကြည့်လိုက်သည်။

နန်းတော်ကြီး၏ ကျောက်လှေကားထစ်များပေါ်သို့ ကွမ်ယုနှင့် တောင်တင်းရယ်တို့သည် ပခုံးချင်းတိုက်လျက် လှမ်းတက်လာနေကြသည်။ တောင်တင်းရယ်၏မျက်နှာသည် နှမ်းဆမ်းသဖြင့် လန်းနေသောပန်းပွင့်သဖွယ် ဖြစ်နေ၏။ တောင်တင်းရယ်သည် ပြုံးနေသည်။ သူမမျက်လုံးများ၌ ညို့အပြုံးများကို ဟန်ရှင်တွေ့လိုက်ရသောအခါ ကြက်သေသေသွားသည်။သူမ၏တစ်ကိုယ်လုံးမှ သွေးများသည် ရပ်ဆိုင်းမလို ဖြစ်သွားသည်။ သို့သော် ချက်ချင်းလိုလိုပင် သွေးများပြန်လည်လည်ပတ်လာ၏။ သူမသည် ပင့်သက်ချမိလေသည်။ ကွမ်ယုနှင့်ပတ်သက်လျှင် မိန်းကလေးများသည် အားလုံးညွတ်တိမ်းလိုက်သည်ချည်း ဖြစ်ကြသည်။

သူမသည် ကွမ်ယုကို တောင်တင်းရယ်တွေ့စက မျက်လုံးများကို မနှစ်သက်ခဲ့ပေ။ တောင်တင်းရယ်၏မျက်လုံးများသည် ကွမ်ယုကို စွဲလမ်းချစ်ခင်သည့်မျက်လုံးများ ဖြစ်နေသည်။ တောင်တင်းရယ်က ကွမ်ယု၏ဘဝဇာတ်ကြောင်းကို ပြန်ပြောသောအခါ တောင်

www.burmeseclassic.com

www.burmeseclassic.com



တင်းရယ်သည်လည်း ကွမ်ယု၏ ဘဝတစ်စိတ်တစ်ဒေသကို ပိုင်နိုင်သည့်အနေအထားရှိလာကြောင်း ဟန်ရှင်သိလိုက်သည်။

ကွမ်ယုကတော့ သူ့အား စွဲလမ်းနေသူများကို မသိရှိပေ။ သူသိရှိသည့်အချက်ကတော့ သူ့ဖခင်၏ဘဝအား ဖျက်ဆီးသွားသည့် ဘုရင်ကျွမ်းလုံ့ချိအား အမှန်ချေရန်သာ စိတ်ထဲ စွဲနေသည်။ သူ့အမုန်းများသည် မီးတောက်မီးလျှံများလို တဟုန်ဟုန်တောက်လောင်နေသည်။ သို့သော် သူ့အပြင်ပန်း ဟန်အမူအရာကတော့ ရွှေမြို့တော်ကြီး၌ အုပ်စိုးနေသည့် ကျွမ်းလုံ့ချိကို သာမန်မျှသာ သိရှိနေသလိုနေသည်။

ကွမ်ယုသည် သူ့အားတိမ်းညွတ်နေသည့် ဆရာမဖြစ်သူ ယီတာ၏စိတ်ခံစားချက်ကိုလည်း မသိပေ။ ကျင်လင်၏စိတ်ခံစားချက်ကိုလည်း မသိပေ။ ဟန်ရှင်၏စိတ်ခံစားချက်ကိုလည်း မသိပေ။ တောင်တင်းရယ်၏စိတ်ခံစားချက်ကိုလည်း မသိပေ။

မိန်းမသားတိုင်း တိမ်းညွတ်လေသော ကွမ်ယုလိုယောက်ျားမျိုးကို ရနိုင်ဖို့ကတော့ အလွန်မလွယ်ကူပါပေဟု ဟန်ရှင်၏စိတ်ထဲ တွေးမိကာ စိတ်ရောကိုယ်ပါ နွမ်းနယ်မောဟိုက်သွားရှာလေသည်။

ဟန်ရှင်သည် သူ့စိတ်ထဲ၌ ဖြစ်ပေါ်နေသည်ကိုတော့ ပြန်လည်ဆင်ခြင်မိသည်။ သူမသည် ဆင်ခြင်တုံတရားကို သတိနှင့် ထိန်းချုပ်လိုက်ရသည်။

ကွမ်ယုနှင့် တောင်တင်းရယ်တို့သည် နန်းတော်ရင်ပြင်ပေါ်သို့ ရောက်သောအခါ စူစီဝေ့ကို တွေ့သွားလေသည်။ သူတို့ ပျာပျာသလဲဖြစ်သွားကြသည်။ စူစီဝေ့ရှေ့သို့ လျင်မြန်စွာရောက်လာပြီး ဒူးထောက်အရိုအသေပြုသည်။



ကွမ်ယုသည် ကိုယ်ပေါ်၌ မီးနဂါးဝတ်စုံကြီးကို ဝတ်ဆင်ပြီး ရွှေမြို့တော်ထဲ လှည့်ပတ်သွားလာနေခြင်း ဖြစ်သည်။ သူသည် မီးနဂါးဝတ်စုံနှင့် အလွန်လိုက်ဖက်တင့်တယ်လှလေသည်။ စူစီဝေ့က သူ့အား နဂါးခေါင်းစားကြီးကို ပေးထားပြီးဖြစ်သော်လည်း ရွှေမြို့တော်နန်းတွင်းအသိုင်းအဝိုင်းမှ ထိုနဂါးခေါင်းစားကို အချိန်မတိုင်မီ မတွေ့စေနှင့်ဟု မှာကြားပိတ်ပင်ထားသဖြင့် သူက နဂါးခေါင်းစားကိုတော့ နန်းတော်ဟောင်းကြီး၌ ထားပစ်ခဲ့ရသည်။ တောင်တင်းရယ်က ...

"အဘ မှတ်မိမလား မသိပါဘူး။ အခု နန်းတွင်းမှာ သိုင်းဆန်းစစ်ပွဲ ကျင်းပပါတော့မယ်၊ အဲဒီ သိုင်းပညာဆန်းစစ်ပွဲမှာ ကွမ်ယု ဝင်ရောက်ယှဉ်ပြိုင်ဖို့ ရွှေမြို့တော်ထဲကိုလိုက်ပြပြီး အခြေအနေတွေကို ရှင်းလင်းပြောပြနေရပါတယ် အဘ"

"အေး ... ကောင်းပါလေရဲ့ကွယ်၊ ကဲ ... မင်းတို့နှစ်ယောက်လည်း ထိုင်ကြပါဦး။ ငါ အရေးကြီးတဲ့ကိစ္စတစ်ခု ပြောပြစရာရှိတယ်"

ကွမ်ယုက ...

"ဘာများလဲ ဘဘရယ် ... ထိတ်လန့်စရာများလား"

ကွမ်ယုနှင့် တောင်တင်းရယ်သည် သင့်လျော်သောနေရာများ၌ ပုဆစ်တုပ် ထိုင်လိုက်ကြ၏။ စူစီဝေ့က ...

"အခု ငါပြောမယ့်အကြောင်းအရာတွေကို မင်းတို့အားလုံး အလေးအနက် နားထောင်ဖို့လိုတယ်၊ မရှင်းလင်းတာရှိရင် မင်းတို့မေးပါ၊ မေးခွင့်ရှိတယ်"

လူငယ်နှစ်ယောက်ကျင်းသည်လည်း စိတ်ပါဝင်စားစွာ နားထောင်နေသည်။ စူစီဝေ့သည် အတန်ကြာငြိမ်သက်နေပြီးမှ စကားပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"တို့ရဲ့ မျောက်စမ်းချောင်း ရွှေမြို့တော်ကြီးနဲ့ ပတ်သက်ရင် မရှင်းလင်းတဲ့အချက် တော်တော်များများ ရှိတယ်၊ အဲဒီမရှင်းလင်းတဲ့ အချက်တွေထဲမှာ အတော်အရေးကြီးတဲ့ အချက်တွေကို ပြောပြမယ်၊ ဘုရင်ရန်တင်းဟာ ဘုရင် ကျွမ်းလုံ့ချီ နန်းတက်တဲ့နေ့မှာပဲ ပျောက်ဆုံးသွားခဲ့တယ်၊ ဘယ်လိုပျောက်ဆုံးသွားခဲ့သလဲ၊ ဘယ်ရောက်နေသလဲ၊ သေပြီလား၊ ဘယ်သူမှ မသိကြဘူး၊ ဘုရင်ကျွမ်းလုံ့ချီရဲ့လက်ချက်လို့ ထင်ရပေမယ့် တိတိကျကျ မသိရတဲ့အတွက် ဘယ်သူမှ အပ်ချမပ်ချ မပြောနိုင်ခဲ့ဘူး ... ဒါက တစ်ချက်ပေါ့"

အားလုံး တိတ်ဆိတ်နေကြသည်။

"ကျွမ်းလုံ့ချီဟာ ဘာကြောင့် ငါတို့ရဲ့ သူရဲကောင်းသုံးဦးကို လုပ်ကြံရသလဲ ... ဒါက နှစ်အချက်"

စူစီဝှေက လက်ညှိုးနှစ်ချောင်း ထောင်ပြသည်။

"တောင်ပေါ်မြားနက်ဂိုဏ်းဆိုတဲ့ အောက်လမ်းဂိုဏ်းနဲ့ ဘယ်လိုအဆက်အသွယ်ရှိပြီး ဆက်သွယ်သွားကြတာလဲ ... ဒါက သုံးအချက်"

ဟန်ရှင်သည် တစ်စုံတစ်ခုထ,မေးရန် ဟန်ပြင်လိုက်လေသည်။ နောက်မှ သူသည် ယခု ရှိနေသူများနှင့်စာလျှင် သူသည်သာ မသက်ဆိုင်ဆုံးလူ ဖြစ်သည်ကို သတိရလိုက်သဖြင့် မေးမည့်စကားများကို မျိုသိပ်လိုက်ရသည်။ စူစီဝှေက ဆက်ပြောလေ၏။

"မျောက်စမ်းချောင်း ရွှေမြို့တော်ထဲကို နှစ်ကြိမ်၊ မြားနက်ဂိုဏ်းကို ငါးကြိမ်-ခစ်ရောက်ခဲ့တဲ့ အမည်မသိပုဂ္ဂိုလ်တစ်ယောက် ရှိတယ်၊ အဲဒီပုဂ္ဂိုလ်ကို မြားနက်ဂိုဏ်းခေါင်းဆောင် ရှန်ရှန်ကျိနဲ့ ဘုရင်



ကျွမ်းလုံ့ချီတို့နှစ်ယောက်လုံးက အလွန်လေးစားတာ ငါကိုယ်တိုင် ကြုံတွေ့ခဲ့ရတယ်၊ သူတို့နဲ့ငါ ထိပ်တိုက်တွေ့တာ မဟုတ်ဘူး၊ ငါက ပုန်းလျှိုးကွယ်လျှိုးနဲ့ ကြည့်ခဲ့ရတာ"

သူ ဆက်ပြောလေ၏။

"အဲဒီပုဂ္ဂိုလ်ရဲ့ ပုံသဏ္ဌာန်ကတော့ မုတ်ဆိတ်ဖြူ အရှည်ကြီးရှိတယ်၊ သူနေထိုင်တဲ့နေရာကတော့ ဝေယူချမ်းတောင်ပေါ်မှာပဲ၊ အဲဒီပုဂ္ဂိုလ်ဟာ မျောက်စမ်းချောင်းရွှေမြို့တော်နဲ့ ပတ်သက်တဲ့ပုဂ္ဂိုလ်ဖြစ်တယ်၊ အခုအထိ အဲဒီပုဂ္ဂိုလ်ကို ဘယ်သူမှန်း မသိရသေးဘူး၊ အဲဒီအချက်ဟာ နံပါတ်လေးအချက်ဖြစ်တယ်"

အားလုံး စူးစိုက်နားထောင်နေကြ၏။

"အဲဒီအချက် လေးချက်ကို မင်းတို့စိတ်ထဲမှာ စွဲစွဲမြဲမြဲ မှတ်သားထားကြပါ"

အသီးသီး ခေါင်းညိတ်ကြ၏။ စူစီဝှေက ...

"အဲဒီ နံပါတ်လေးအချက်နဲ့ ပတ်သက်ပြီး ဆက်ပြောစရာ စကားရှိတယ်၊ ငါ အခု မြေပြန့်ကို ထွက်သွားတဲ့အခါမှာ အတော်အတန် ပိုသိလာခဲ့ရတယ်၊ အဲဒီအကြောင်းတွေကို ငါ မင်းတို့ကို အခု ပြောပြအသိပေးမယ်"

လျူနန်ကျင်းသည် အလွန်စိတ်ဝင်စားသည်။' သူ၏အေးဆေးတည်ငြိမ်လှသောမျက်လုံးများ၌ အရောင်များတောက်ပလာ၏။

"မြေပြန့်မှာ ငါ့ကိုအကူအညီပေးနေတဲ့ မိတ်ဆွေနှစ်ယောက်ရှိတယ်၊ တကယ့်ထိပ်သီးသိုင်းသမားကြီးတွေပါ ... ဟာန်ဖူးနဲ့ အ[illegible]တဲ့၊ သူတို့နှစ်ယောက်နဲ့ ရှီကီယင်ပြည်နယ်၊ လူချင်းမြို့မှာ [illegible]ကောင်

www.burmeseclassic.com

www.burmeseclassic.com



ချောက်တစ်ခု ဆင်နိုင်ခဲ့တယ်"

တချို့မေးခွန်းများကို မေးလိုကြသော်လည်း ယခုရှိသမျှ လူများတွင် စူစီဝေမှာ ဝါစဉ်အကြီးဆုံး ဖြစ်နေသဖြင့် မည်သူမျှ မမေးဝံ့ကြပေ။

"ထောင်ချောက်ရဲ့ သဘောကတော့ ကွမ်မူ မသေသေးဘူး။ လူချင်းမြို့မှာ ပုန်းအောင်းနေထိုင်နေတယ်၊ ရန်သူကို လက်စားချေဖို့ကြံဆောင်နေတယ်လို့ သတင်းလွှင့်တယ်၊ ငါတို့အတွက် အကောင်းဆုံး ထောင်ချောက်ပါပဲ၊ ဘယ်လောက် ထိရောက်တဲ့သတင်းလဲဆိုရင် မုတ်ဆိတ်ရှည်အဘိုးအိုဟာ ချက်ချင်းပဲ လူချင်းမြို့ကို ရောက်ချလာတော့တာပဲ"

လူများသည် ပိုမိုစိတ်ဝင်စားလာကြ၏။

"ကွမ်မူအဖြစ် ဟန်ဆောင်ထားတဲ့ ငါတို့လူတစ်ယောက်ဟာ မုတ်ဆိတ်ရှည်အဘိုးအို ဝူကျဉ်းကျောင်းအိုပျက်ထဲကိုရောက်အောင် ခေါ်ဆောင်နိုင်ခဲ့တယ်၊ လှည့်ဖျားမှုဟာ အောင်မြင်ခဲ့တယ်၊ ဝူကျဉ်းကျောင်းအိုပျက်ထဲမှာ ဝက်ပါတစ်ခု ဆင်ထားတယ်၊ မုတ်ဆိတ်ရှည်အဘိုးအိုကို အဲဒီဝက်ပါထဲမှာ ဟန်ဖူးနဲ့ အမော်တို့ ညှပ်တိုက်ကြတာပဲ၊ ဟန်ဖူးနဲ့အမော်တို့ဟာ တော်ရုံတန်ရုံသိုင်းသမားတွေ မဟုတ်ဘူးနော်၊ ဝါစဉ်ကြီး ထိပ်သီးသိုင်းသမားတွေ၊ ဒါပေမဲ့ သူတို့မခံနိုင်ကြဘူး၊ ငါ့ဆီကို ဆက်သွယ်ရေးငှက်စေလွှတ်ပြီး ခေါ်တယ်၊ ငါကိုယ်တိုင် အချိန်မီ ရောက်သွားတာယ်၊ ဟန်ဖူးနဲ့အမော်တို့ ဒဏ်ရာရသွားတယ်၊ သူ့ကိုလည်း ငါ မထိန်းချုပ်နိုင်ဘူး၊ သုံးယောက်တစ်ယောက် တိုက်တဲ့နေရာမှာ နှစ်ယောက်ကို ဒဏ်ရာရအောင်လုပ်ပြီး ဝက်ပါထဲက လွတ်



သွားတယ်ဆိုကတည်းက ဒီပုဂ္ဂိုလ်ရဲ့ သိုင်းပညာဟာ ဘယ်လောက် အဆင့်မြင့်နေသလဲဆိုတာ မင်းတို့ စဉ်းစားကြည့်ကြတော့"

စူစီဝေက ဆက်ပြောသည်။

"သူ အသုံးပြုတဲ့ သိုင်းပညာကို မင်းတို့ မသိနိုင်ကြပါဘူး၊ သူ ဘာသိုင်းပညာ အ [illegible]ုံးပြုသွားသလဲဆိုတော့ ချယ်ရီပွင့်ဒေသ သိုင်းပဒေသာကျွမ်းထဲက ပညာတွေကို အသုံးပြုသွားတာပဲ၊ ငါကိုယ်တိုင် သူ့ကို မယှဉ်နိုင်ခဲ့ဘူးလေ"

ထိုအခါ ဟန်ရှင်က ...

"ဆရာ ... ဒီမုတ်ဆိတ်အဘိုးအိုရဲ့ သိုင်းပညာက ဒီလောက်အထိ အဆင့်မြင့်နေသလား ဆရာ"

စူစီဝေက ခေါင်းညိတ်လိုက်၏။

"မြင့်တယ် ... ငါတို့ သိုင်းသူရဲကောင်းသုံးယောက်ရဲ့ သိုင်းပညာ သုံးရပ်စလုံးကို ရယူထားတဲ့ လျှုနန်ကျင်းတောင် သူ့ကို မနိုင်နိုင်ဘူး။ ချယ်ရီပွင့်ဒေသ သိုင်းကျွမ်းပဒေသာကျွမ်းဟာ အတော့်ကို အဆင့်မြင့်တယ်"

လျှုနန်ကျင်း၏ခန္ဓာကိုယ်မှာ တဆတ်ဆတ်တုန်ခါသွား၏။ သူသည်ပင် မနိုင်နိုင်ဆိုတော့ ဤအဘိုးအိုကို မည်သူ အနိုင်ယူနိုင်ပါတော့မည်နည်း။ စူစီဝေသည် လျှုနန်ကျင်း တုန်ခါသွားသည်ကို သိသည်။ ထို့ကြောင့် လျှုနန်ကျင်းကို လှမ်းကြည့်၏။ လျှုနန်ကျင်းက...

"ဆရာကြီးခင်ဗျား ... ဒီလိုဆိုရင် ဒီမုတ်ဆိတ်ရှည်အဘိုးအိုကို ထိန်းချုပ်ရခက်ပြီပေါ့ ဆရာကြီးခင်ဗျာ"

စူစီဝေက ခေါင်းညိတ်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် လျှူနန်ကျင်း၊ ငါ စိတ်လေးနေတာက မုတ်ဆိတ်ရှည်အဘိုးအိုလိုလူမျိုးနဲ့ ရန်သူဖြစ်ရတဲ့ ငါ့ရဲ့ကြမ္မာဆိုးကို စဉ်းစားနေတာပဲ၊ ငါတို့အုပ်စု ဒီအဘိုးအိုကို ရှင်းမှ ရှင်းနိုင်ပါ့မလားလို့ သံသယရှိနေတယ်"

"ဒီလောက်လည်း စိတ်မကောင်းမဖြစ်ပါနဲ့ ဆရာကြီးခင်ဗျာ၊ လိုလျှင်ကြံဆ နည်းလမ်းရဆိုတာလည်း ရှိဦးမှာပါ"

ကွမ်ယုက ...

"ကျွန်တော် တစ်ခုမေးပါရစေ ဘဘ"

"မေး"

"ဒီပုဂ္ဂိုလ်မျိုးကိုနိုင်အောင် ဘယ်လိုသိုင်းပညာမျိုးကို သင်ယူထားသင့်သလဲ ခင်ဗျာ"

"ငါ ဉာဏ်မီသလောက်ပြောရရင်တော့ သူ့သိုင်းပညာကို အနိုင်ယူနိုင်တဲ့ တခြားသိုင်းပညာကို မမြင်မိဘူး၊ သူ့ကို နိုင်ချင်ရင် သူတတ်ကျွမ်းထားတဲ့ သိုင်းပညာမျိုးကိုပဲ သင်ယူရမယ်၊ အဲ ... ကိုယ်ကလည်း ထက်မြက်တဲ့ တခြားသိုင်းပညာတွေ တတ်ထားရဦးမှာပေါ့"

"ဒါဖြင့် ချယ်ရီပွင့်ဒေသ သိုင်းပဒေသာကျမ်းကိုပဲ သင်ယူရမှာပေါ့နော်"

"အင်း ..."

"ဒါဖြင့် မလွယ်ဘူး၊ ချယ်ရီပွင့်ဒေသ သိုင်းပဒေသာကျမ်းဟာ ဘယ်ရောက်နေမှန်းမှ မသိဘဲ"

ချယ်ရီပွင့်ဒေသ သိုင်းပဒေသာကျမ်းသည် သိုင်းလောကတွင် ထင်ရှားကျော်ကြားခဲ့သော ကျမ်းတစ်စောင်ဖြစ်သည်။



သို့သော် ... ထိုကျမ်းတွင် ဆိုးရွားမှုများရှိနေသည်။ ထိုသိုင်းကျမ်းကို သင်ယူပြီးသူတိုင်း အတွင်းအားဖောက်ပြန်ကာ သေဆုံးမှုများ ရှိနေသဖြင့် သိုင်းသမားများသည် ထိုသိုင်းပညာကို ကြောက်ရွံ့နေကြလေ၏။ ထိုသိုင်းကျမ်းသည် အဆင့်ဆင့် လက်ဆင့်ပြောင်းကာ မည်သူ့လက်ထဲတွင် ရောက်မှန်းမသိ၊ ပျောက်မှန်းမသိ ဖြစ်ကာ နောက်ဆုံး စုပ်စမြုပ်စ ပျောက်ဆုံးနေရတော့သည်။

ထိုသိုင်းကျမ်းကို သင်ယူရာတွင် အရောင်ငါးမျိုး၊ စကားဝှက်ငါးမျိုးကို အရင်သိပြီးမှ သိုင်းကျမ်းအဓိပ္ပာယ်ဖော်ကာ လေ့ကျင့်ရကြောင်း သိပြီးဖြစ်လေပြီ။ ထူးခြားချက်မှာ ထိုသိုင်းကျမ်းကို သင်ကြားရာ၌ ဆရာ လိုအပ်နေသည့်အချက်ပေတည်း။ ဆရာမရှိဘဲ သိုင်းကျမ်းကို သင်ရသဖြင့် အတွင်းအားထုတ်ပုံထုတ်နည်း လွဲမှားကာ သင်ယူသူအားလုံးလိုလို အတွင်းအားဖောက်ပြန်ချွတ်ယွင်းကြရသည်။

"အဲဒီသိုင်းကျမ်းအကြောင်းကို မင်း စဉ်းစားမနေပါနဲ့ ကွမ်ယုရယ်၊ ငါတို့ ဒီမုတ်ဆိတ်ရှည်အဘိုးအိုအတွက် ဘယ်လိုထောင်ချောက်ဆင်မလဲဆိုတာ ငါတို့ ထပ်ပြီး စဉ်းစားကြတာပေါ့"

ထို့နောက် စူစီဝေက ...

"အခု နောက်တစ်ချက် ပြောရဦးမယ်၊ ဒီတစ်ချက်ကတော့ ကွမ်ယုနဲ့ တိုက်ရိုက်ပတ်သက်နေတဲ့အကြောင်းပဲ"

"ဗျာ ... ကျွန်တော်နဲ့ တိုက်ရိုက်ပတ်သက်နေတဲ့အကြောင်း ဘယ်လိုအကြောင်းများလဲ ခင်ဗျာ"

"ဟုတ်တယ် ... ကွမ်ယု၊ ဖြစ်ပုံပျက်ပုံကတော့ ယီတာပဲ၊ ယီတာဆိုတဲ့ မိန်းကလေးဟာ ထူးခြားပါတယ်လို့ ထင်နေတာ လက်

www.burmeseclassic.com

www.burmeseclassic.com



သတ်တော့ ဘုရင်ကေရာစ်ကြီးရဲ့ တစ်ဦးတည်းသော သမီးတော် ဖြစ်နေတာကိုး"

ကွမ်ယုသည် ယီတာ၏ မာန်တင်းလှသည့် မျက်နှာကို ပြန်လည် မြင်ယောင်မိလေ၏။ သူမ၏ချောမောလှသည့် ရုပ်ရည်မှာ တည်ကြည်ဣန္ဒြေရှိလှ၏။ မျက်နှာကြောတင်းတင်းနှင့်ဆိုလျှင် သူမ အနီး၌ မည်သူမျှ မနေဝံ့ကြောင်း သူသည် ပြန်လည်မြင်ယောင်လာမိ၏။ စူစီဝေ့က ...

"ယီတာရဲ့ အစီအစဉ်နဲ့ ဟူအင်ချန်က ဟန်ရှင်ဆီ ဆက်သွယ်ပြီး စာတစ်စောင် လာပေးတယ်၊ သူတို့ဟာ မင်းဘယ်ရောက်နေမှန်း မသိလို့ ဒီအကြံကို တီထွင်တာလို့ပဲ ငါထင်တယ်၊ စာက မြေပါကျင်လင် ရေးဟန် ရေးထားတယ်၊ မြေပါကျင်လင်က ချိန်းဆိုတဲ့ဟန်ပဲ"

"ကျင်လင်က ကျွန်တော့်ကို ဘာဖြစ်လို့ ချိန်းတာလဲ"

"ကျင်လင်က ချိန်းတာ မဟုတ်ဘူး ဒါဟာ ယီတာအစီအစဉ်ကွ၊ ကျင်လင်အဖြစ် ဟန်ဆောင်ထားတဲ့ အဒေါ်ချန်ဟာ ဟန်ရှင့်လက်ထဲကို တိမ်အဆိပ်ဖြေဆေး ငွေအိုးကလေးကို ထည့်ပေးလိုက်တယ်၊ ကွမ်ယုကို ဒီအဆိပ်ဖြေဆေး တိုက်ကျွေးရမယ်လို့ ဆိုတယ်၊ ဟန်ရှင်က အဆိပ်ဖြေဆေးကိုယူပြီး ခရီးထွက်လာတဲ့အခါမှာတော့ မြေဘုရင်လူတင်းက နောက်ယောင်ခံ လိုက်လာခဲ့တယ်"

"ယီတာ့အစီအစဉ်က ဘယ်လိုလဲ မသိဘူးနော်"

"ငါ့စိတ်ထင်တော့ ယီတာ့အစီအစဉ်က ဆိုးရွားတဲ့ အစီအစဉ်တော့ ဟုတ်ပုံမရဘူး၊ ယီတာဟာ မင်းအပေါ် အတော်သံယောဇဉ်ရှိတယ်"



ကွမ်ယုသည် ရုက်စနိုးဖြစ်သွား၏။

"ငါ ထင်တယ်၊ သူဟာ မင်းကို တစ်နည်းတစ်ဖုံနဲ့ ပြန်ရအောင် စီစဉ်တာပဲလို့ ထင်တယ်၊ ငါပြောတာ ဟုတ်မဟုတ် သိရအောင် ဟန်ရှင်ယူလာတဲ့ အဆိပ်ဖြေဆေးကို စမ်းသုံးကြည့်ရမယ်"

စူစီဝေ့သည် တောင်တင်းရယ်ကို လှမ်းကြည့်လိုက်၏။

"သမီးတောင်တင်းရယ်ရေ ... ဘုရင်ကျွမ်းလုံချိရဲ့ နန်းတော်ကြီးအောက်က သုတေသနအခန်းထဲမှာ ဟန်ရှင်ယူလာတဲ့ ဆေးအစွမ်းကို စမ်းသပ်ဖော်ထုတ်သိနိုင်မလားကွယ်"

တောင်တင်းရယ်က ခေါင်းညိတ်၏။

"ရပါတယ် ... ဘဘ၊ မြေအောက်ခန်း တစ်ခုလုံးဟာ ကျွန်မရဲ့ ထိန်းချုပ်မှုအောက်မှာ ရှိပါတယ်"

"အေး ... ဒီအဆိပ်ကို စစ်ဆေးပြီးရင်တော့ ယီတာရဲ့ အကြံအစည်ဟာ ဘာလဲဆိုတာ ငါ တိတိကျကျ ပြောနိုင်ပါပြီ၊ အဲဒီဆေးကို စစ်ဆေးလိုက်ပါကွယ်၊ အဲဒီဆေးရဲ့ အဖြေကို မနက်ဖြန်ရအောင် လုပ်ပေတော့"

"ဟုတ်ကဲ့ ... ဘဘ"

ငွေအိုးကလေးကို ဟန်ရှင်ထံမှ ယူပြီး တောင်တင်းရယ် လက်ထဲသို့ ပေးအပ်လိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## (၁၂၄)

## သိုင်းပဒေသာတတ်မြောက်သူတစ်ဦး

နံနက်ခင်း၏နေခြည်သစ်သည် လန်းဆန်းတောက်ပနေသည်။ နေမင်း၏ လန်းဆန်းသော ရောင်ခြည်များအောက်ဂယ် နန်းတော်ဟောင်းကြီးသည် တည်ငြိမ်စွာ ရှိနေလေသည်။

ကွမ်ယုသည် တောင်တင်းရယ်ကို မျှော်နေမိသည်။

သူမသည် အဆိပ်ဖြေဆေးကို သုတေသနအခန်းထဲ၌ စမ်းသပ်ရန် ယူသွားသည်မဟုတ်ပါလား။ မွန်းတိမ်းသောအခါ တောင်တင်းရယ် ပြန်ရောက်လာလေ၏။ သူမသည် နန်းတော်ဟောင်း၏ လှေကားထစ်များဆီသို့ အပြေးကလေး တက်လာသည်။

"အဖြေသိရပြီ ဘဘ ... အဖြေသိရပြီ၊ အဆိပ်ကို စမ်းသပ်လာခဲ့ပြီးပြီ"

စုစီဝေသည် တောင်တင်းရယ်ကို လက်ပြပြီး ထိုင်စေသည်။

"ပြောပါဦးကွယ် ... ဒီဆေးရဲ့ အကျိုးအာနိသင်က ဘယ်လိုများလဲကွယ်"

တောင်တင်းရယ်သည် ငွေအိုးကလေးကို ရှေ့သို့ချလိုက်၏။

"ဒီဆေးဟာ အဆိပ်ဖြေဆေးမဟုတ်ပါဘူး။ သတိလစ်မေ့မြောစေတဲ့ဆေးပဲ ဖြစ်ပါတယ်၊ သူ သတိလစ်မေ့မြောသွားတဲ့အခါမှာ



အသက်သေဆုံးသွားသလို နှလုံးမခုန်တဲ့ဆေးပါ။ တော်တော်ထူးဆန်းပါတယ်၊ ဒီလိုသေဆုံးပုံမျိုး သတိလစ်သွားတဲ့ဆေးဟာ သုံးရက်လောက်အထိပဲ အာနိသင်ရှိတတ်ပါတယ်၊ အခု ယီတာရဲ့ဆေးကတော့ ခုနစ်ရက်လောက်အထိ ခံမယ်လို့ ယူဆရပါတယ်၊ ခုနစ်ရက်ကြာရင် ဆေးစွမ်းပြယ်သွားပြီး လူကောင်းပကတိပြန်ဖြစ်သွားပါလိမ့်မယ်"

သူမ စမ်းသပ်ခဲ့သည့်အကြောင်းအရာများကို တောင်တင်းရယ်က ပြောပြခဲ့သည်။ စုစီဝေက ...

"ဒါဆိုဒီဆေးဟာ အဆိပ်ဖြေဆေးမဟုတ်တာသေချာပြီပေါ့"

"တိမ်အဆိပ်ဖြေဆေးမဟုတ်တာ သေချာပါတယ်"

"ငါထင်သားပဲ"

သူသည် ကွမ်ယုဘက်သို့ လှည့်လိုက်သည်။

"ကွမ်ယု ... ဒီဆေးကို မင်း သောက်မိပြီဆိုပါတော့ ဆေးသောက်ပြီးရင် မင်း ဘာဖြစ်မလဲ"

"တောင်တင်းရယ်ပြောတဲ့အတိုင်းဆိုရင် ကျွန်တော်ဟာ လူသေအတိုင်း ဖြစ်သွားပါလိမ့်မယ်"

"တို့က မင်းကို တကယ်သေပြီထင်ရင် တို့ ဘာလုပ်မလဲလို့ မင်းထင်သလဲ"

"ခေါင်းထဲထည့်ပြီး သင်္ဂြိုဟ်ပစ်ပါလိမ့်မယ်"

"အေး ... ငါတို့လည်း အဲဒီအတိုင်း လုပ်ကြတာပေါ့ကွာ"

"ဗျာ ... ဘဘ ဘာကိုဆိုလိုတာလဲ ခင်ဗျာ"

"ဒီဆေးကိုတော့ မင်း တကယ်သောက်စရာ မလိုပါဘူး။ ဒါပေမဲ့ မင်းဟာ ဆေးသောက်ပြီး ဖြစ်ပျက်တဲ့ပုံစံအတိုင်း ဖြစ်ရမယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဆိုလိုတာက သတိလစ်မေ့မြောသွားဟန်ဆောင်ရမယ်"

ကွမ်ယုမှာ စူစီဝေ၏ရည်ရွယ်ချက်ကို မသိပေ။ မေးမြန်းလို ပါသော်လည်း စူစီဝေ၏မျက်နှာထားကိုကြည့်၍ မမေးဝံ့ပေ။

ထို့ကြောင့် နောက်ဆုံး သူ ပြောလိုက်ရသည်။

"ဘဘနှစ်သက်လို့ စီစဉ်နိုင်ပါတယ်ခင်ဗျာ၊ ဘဘကို ကျွန်တော် တစ်ကိုယ်လုံး ပေးအပ်ပါတယ်ခင်ဗျာ"

"ကဲ ... ဒီလိုဆိုရင် အစီအစဉ် စကြစို့ရဲ့"

သူသည် တောင်တင်းရယ်ဘက်သို့ လှည့်လိုက်၏။

"ကဲ ... တောင်တင်းရယ်ရေ ... ညည်းက ဘုရင်ကျွမ်းလုံ့ရှိဆီ သွားပါ၊ ကွမ်ယုကို အဆိပ်ပြင်းတဲ့မြွေတစ်ကောင် ကိုက်သွားပြီလို့ အသိပေးပါ၊ နောက်ပြီး ခေါင်းတစ်လုံးလည်း စီစဉ်ယူဆောင်ခဲ့ကွယ်"

"ဟုတ်ကဲ့ ဘဘ"

တောင်တင်းရယ်သည် နန်းတော်ပေါ်မှ ပြေးဆင်းသွားလေ၏။ ညနေစောင်းသောအခါ တောင်တင်းရယ် ပြန်လာသည်။ သူမ ပြန်လာသောအခါ အတော်ပင် မှောင်နေချေပြီ။ ခေါင်းတစ်လုံးကို လည်း လူနှစ်ယောက် ထမ်းယူလာသည်။

"ကဲ ... ခေါင်းကို ရင်ပြင်ရှေ့ချထားခဲ့၊ မင်းတို့ ပြန်နိုင်ပြီ"

ခေါင်းထမ်းလာသူနှစ်ယောက်သည် ခေါင်းကြီးကို နန်းတော်ရင်ပြင်ရှေ့ချထားခဲ့သည်။ ထို့နောက် တောင်တင်းရယ်ကို ဂါရဝ ပြုပြီး ပြန်သွားကြလေ၏။ နန်းရင်ပြင်ရှေ့ ရပ်နေသော စူစီဝေက...

"တောင်တင်းရယ် ... ကွမ်ယုသေဆုံးပြီလို့ အကြောင်းကြား လိုက်တော့ ဘုရင်ကျွမ်းလုံ့ရှိက ဘာပြောသလဲ"



"အတော်ဝမ်းသာပုံ ရပါတယ်"

"ဟုတ်လား ... သူ တစ်ခုခု သင်္ကာမကင်း ဖြစ်နေပုံရတယ်"

"ကျွန်မတို့နဲ့ ပတ်သက်လာရင် သူဟာ အမြဲတမ်း သင်္ကာမကင်းဖြစ်နေတာပဲ၊ ကျွန်မကိုတော့ ကောင်းကောင်းမွန်မွန်သင်္ဂြိုဟ် ပေးပါလို့ မှာလိုက်ပါတယ်"

"ကဲ ... ငါတို့က သေပြီလို့ သတင်းပေးလိုက်တော့ မင်းဟာ ချက်ချင်းသေရတော့မှာပေါ့၊ မင်း ခေါင်းထဲဝင်ပေတော့"

ကွမ်ယုသည် လှသေထည့်သည့် ခေါင်းအတွင်း ထည့်လိုက် ရတော့သည်။ သို့သော် တရုတ်တို့သည် ခေါင်းကို မကြောက်ပေ။ ခေါင်းတစ်ခု စီစဉ်ထားပြီးလျှင် သူတို့ဘဝ၌ စိတ်အေးသွားရပြီဟု ယူဆကြသူများ ဖြစ်သည်။ စူစီဝေက ...

"ညောင်းညာမှု ဆာလောင်မှုတွေကတော့ ရှိမယ်၊ မင်း အတွင်းအားကျင့်စဉ်တစ်ခုခုကို လေ့ကျင့်နေပေတော့"

သူတို့သည် ခေါင်းအဖုံးကို ပြန်ပိတ်လိုက်ငတော့သည်။ ကွမ်ယုက ခေါင်းအတွင်း၌ ခုနစ်ရက်မျှ လဲလျောင်းနေရပေတော့မည်။ သူတို့ ကွမ်ယုအား ခေါင်းအတွင်းထည့်ပြီး မကြာမီမှာပင် ဘုရင်ကျွမ်း လုံ့ရှိထံမှ အထောက်တော်နှင့်အတူ အစေအပါးနှစ်ယောက် ရောက်ရှိ လာသည်။ ထိုအချိန်တွင် တောင်တင်းရယ်သည် အသုဘအခမ်းအနား ကို တရုတ်တို့ ထုံးစံအ ကိုင်း စီစဉ်နေလေပြီ။

စူစီဝေ၏ချက်ချင်းဆောင်ရွက်ခိုင်းသည်ကိုပင် ကျေးဇူးတင် ရသေးသည်။ သူတို့သာ ချက်ချင်းမဆောင်ရွက်ပါက အထောက် တော်နှစ်ဦး ကွမ်ယုကို လူကောင်းကြီးအတိုင်း တွေ့သွားပေလိမ့်

www.burmeseclassic.com

www.burmeseclassic.com



မည်။ ဘုရင်ကျွမ်းလုံ့ချီက စေလွှတ်လိုက် သော အထောက်တော်နှင့် အစေပါးနှစ်ယောက်တို့သည် လက်ချည်းဗလာသက်သက် လာကြသည် မဟုတ်။ တရုတ်လူမျိုးတို့ထုံးစံအတိုင်း အသုဘအတွက် ရွှေစက္ကူ၊ ငွေစက္ကူ၊ ဖယောင်းတိုင်၊ အမွှေးတိုင်၊ အမွှေးနံ့သာတုံး၊ သစ်သီးဝလံများ ပါရှိလာသည်။ အထောက်တော်က ...

"ဘုရင်ကျွမ်းလုံ့ချီက မိန့်ကြားလိုက်ပါတယ်၊ ကွမ်ယု ရုတ်တရက် ကွယ်လွန်သွားတဲ့အတွက် အလွန်ဝမ်းနည်းကြောင်း မိန့်ကြားလိုက်ပါတယ်၊ အသုဘအခမ်းအနားအတွက် ဘာများလိုအပ်နေပါသေးသလဲ၊ လိုအပ်တာတွေကို စီစဉ်ပေးမယ်လို့ အမိန့်ရှိလိုက်ပါတယ်"

တောင်တင်းရယ်က ...

"ဘုရင်မင်းမြတ်ကျွမ်းလုံ့ချီကို ကျေးဇူးတင်ကြောင်း ပြောကြားပေးပါရှင်၊ သူဟာ ဒီအရပ်မှာ ဆွေမဲ့မျိုးမဲ့ဖြစ်တဲ့အတွက် ကျွန်မတို့အနေနဲ့ အသုဘကို အကျယ်မချဲ့တော့ပါဘူး။ ဒါကြောင့် ဘုရင်မင်းမြတ်ထံက ဘာမှအကူအညီမလိုတော့ကြောင်း ပြန်ကြားပေးပါ"

"ဟုတ်ကဲ့ပါ ... မှာကြားတဲ့အတိုင်း ပြောလိုက်ပါ့မယ်"

အထောက်တော်နှင့် သူ့လူများသည် တောင်တင်းရယ်ကို အရိုအသေပေးကာ ပြန်ထွက်သွားကြ၏။ ထွက်မသွားခင် ကွမ်ယု၏ အလောင်းကို သေချာစေ့စပ်စွာ စစ်ဆေးသွားသေးသည်။ စိတ်ကြိုက် ကြည့်ရှုပြီးမှ ပြန်သွားခြင်း ဖြစ်သည်။

ထိုသူများ ထွက်သွားသောအခါ မှ စုစီဝေ ထွက်လာသည်။

စုစီဝေက အချက်ပြလိုက်သောအခါ ဟန်ရှင်နှင့်တောင်တင်းရယ်သည် အသုဘအတွက် အစီအစဉ်ပြုလုပ်ကြ၏။ စုစီဝေက ညွှန်



ကြားသည်။ လျှူနန်ကျင်းကတော့ ကြည့်နေသည်။

တောင်တင်းရယ်သည် အလွန်လျင်မြန် ဖျတ်လတ်၏။ အနီရောင် ယွန်းခြင်းတောင်းတစ်ခုကို ချထားလိုက်သည်။ အဝါရောင် ရွှေစက္ကူများကို ဟိုမှသည်မှ ချိတ်ဆွဲလိုက်သည်။ ထမင်းတစ်ပန်းကန်နှင့် ဟင်းလေးခွက်ကိုလည်း တည်ခင်းလိုက်သည်။ ပန်းကုံးများလည်း ချိတ်ဆွဲသည်။ ထို့နောက် အမွှေးတိုင်၊ ဖယောင်းတိုင် ထွန်းသည်။ ခေါင်း၏ ခေါင်းရင်းဘက်နှင့် ခြေရင်းဘက်၌ နံ့သာတုံးများ မီးရှို့သည်။ ဘုရင်ကျွမ်းလုံ့ချီ၏ အထောက်တော်နှင့် အစေအပါးနှစ်ယောက် ယူလာသည့် ပစ္စည်းများကိုလည်း ခင်းကျင်းလိုက်သည်။ စုစီဝေသည် ခေါင်းကို အသာလက်နှင့်ပုတ်၍ ပြောလေ၏။

"ကွမ်ယု ... မင်း အစားစားချိန်ရောက်ရင် တောင်တင်းရယ်က မင်းကို ထမင်းကျွေးလိမ့်မယ်၊ ဘယ်သူမှမရှိချိန် စားမှဖြစ်မယ်၊ အထူးသဖြင့် ညသန်းခေါင်အချိန်ပေါ့ကွယ်၊ တစ်နေ့ကို တစ်နပ်ပဲစားရမယ် ... နားလည်လား"

"ဟုတ်ကဲ့"

ကွမ်ယုက အထဲမှ ပြန်ပြောလေ၏။ တောင်တင်းရယ်သည် ရွှေစက္ကူများကို မီးစတင်ရှို့လေတော့၏။

ဤသို့ဖြင့် ခုနစ်ရက်ပြည့်မြောက်လေတော့၏။ သူတို့သည် သင်္ချိုင်းမြေသို့ ယူဆောင်လာရာ ဘုရင်ကျွမ်းလုံ့ချီ၏ အထောက်တော်များ၊ အစေအပါးများလည်း ပါရှိလာသည်။ သူတို့သည် သင်္ချိုင်းမြေအထိ လိုက်ပါပို့ဆောင်ကြလေ၏။ ကွမ်ယု၏အခေါင်းကို အုတ်ဂူ

www.burmeseclassic.com

www.burmeseclassic.com



ထဲထည့်လိုက်၏။ အုတ်ဂူကို လွန်ခဲ့သည့်ခုနစ်ရက်ကပင် တည်ဆောက်ခဲ့ပြီး ဖြစ်သည်။ တောင်တင်းရယ်သည် ရွှေစက္ကူများကို မီးရှို့ ရင်း ရှိုက်ငိုလိုက်၏။ သူမ၏ပါးပြင်ပေါ်သို့ မျက်ရည်စက်များ စီးကျလာတော့သည်။ အကယ်၍ ကွမ်ယုတစ်ယောက် အမှန်ပင်သေဆုံးသွားခဲ့လျှင် တောင်တင်းရယ်တစ်ယောက် ရင်ကွဲနာကျပေတော့မည်။

တောင်တင်းရယ်သည် ကွမ်ယု၏ ငယ်သူငယ်ချင်းဖြစ်၏။ အကြောင်းကြောင်းကြောင့် သူတို့ ခွဲနေရခြင်းဖြစ်သည်။ သူသည် ကွမ်ယုကို ပြန်တွေ့ရသောအခါ ကွမ်ယုကို မြင်မြင်ချင်း ချစ်မိလေ၏။ သို့သော် ဟန်ရှင်ရှိနေသောကြောင့် သူမ၏အချစ်များကို မျိုသိပ် ထိန်းသိမ်းထားခဲ့ရသည်။

ဟန်ရှင်သည် စုစီဝေနှင့်အတူ မြေပြန့်သို့ ပြန်လိုက်သွားရသောအခါ ကွမ်ယုနှင့်အတူ တောင်တင်းရယ်သည် သွားသွားလာလာ အတူနေထိုင်ကြရတော့သည်။ သူမသည် ကွမ်ယုအပေါ် ချစ်စိတ်များ တားမရဆီးမရနိုင် ပေါ်လာတော့သည်။

သို့သော် ကွမ်ယုသည် ကြိမ်မီးအုံးသကဲ့သို့ ဘုရင်ကျွမ်းလုံးချီကိုသာ လက်စားချေရန် တွေးတောနေသဖြင့် ဟန်ရှင်ကို စိတ်မဝင်စားသကဲ့သို့ တောင်တင်းရယ်ကိုလည်း စိတ်ဝင်စားဟန်မပြတော့ချေ။

တောင်တင်းရယ်မှာ ကွမ်ယု၏ နေနိုင်ပုံကို သက်ပြင်းချမိရုံမှအပ ဘာမျှမတတ်နိုင်တော့ပေ။ ယခု ကွမ်ယု မသေဟု သိပါသော်လည်း ကွမ်ယုသေခဲ့သော်ဟူသောအသိက သူမအား မျက်ရည်ကျနေစေပါသည်။ ဤသည်မှာ အလွန်သဘာဝကျသော မြင်ကွင်းဖြစ်သွား၏။ အသုဘအခမ်းအနားတွင် ငိုသူကတော့ ရှိရပေမည်။



ဟန်ရှင်သည် တောင်တင်းရယ်ကို ငေးကြည့်နေ၏။ လက်ထဲမှ အမွှေးတိုင်နှင့် ပန်းခွေများကို အုတ်ဂူပေါ်တင်ဖို့ မေ့နေသည်။ စုစီဝေက ချောင်းဟန့်လိုက်မှ သတိရပြီး လက်ထဲမှ အမွှေးတိုင်နှင့် ပန်းခွေများကို အုတ်ဂူပေါ် တင်လိုက်သည်။

သူတို့သည် မူလစီစဉ်ထားသည့်အတိုင်း အသုဘအခမ်းအနားပြီးစီး၍ အလောင်းကို ဝှသွင်းသင်္ဂြိုဟ်ပြီးသော် သင်္ချိုင်းမြေမှ ပြန်လည်ထွက်ခွာကြလေ၏။ သင်္ချိုင်းမြေသည် တိတ်ဆိတ်သွား၏။ မြို့တော်ဟောင်း၏ သင်္ချိုင်းဖြစ်သဖြင့် ပို၍ တိတ်ဆိတ်သည်။ မြို့တော်သစ်မှ မြို့သူမြို့သားများသည် သင်္ချိုင်းသစ်၌ ချကြသဖြင့် သင်္ချိုင်းဟောင်းမှာ ချမည့်သူမရှိဘဲ ဖြစ်သွားခဲ့ရသည်။

သင်္ချိုင်းမြေမှ စုစီဝေတို့အုပ်စုနှင့် ဘုရင်ကျွမ်းလုံးချီ စေလွှတ်လိုက်သည့်အုပ်စု ထွက်ခွာသွားပြီးနောက် အုတ်ဂူဟောင်းများ နောက်ကွယ်၌ ပုန်းအောင်းနေကြသောလူအချို့ အလျိုလျို ထွက်လာကြသည်။ သူတို့သည် ကွမ်ယု၏အုတ်ဂူဆီသို့ ချဉ်းကပ်လာ၏။

ရှေ့ဆုံးမှ လျှောက်လာသူကား သခင်မယီတာပေတည်း။

ပြီးတော့ အဒေါ်ချန်။ သူ့နောက်မှ မြွေဘုရင်လူတင်း။ သူ့နောက်မှ ဟူအင်ချန်။ သူတို့လေးယောက်သည် အလွန်လျင်မြန်ဖျတ်လတ်စွာ ကွမ်ယု၏ အုတ်ဂူဆီသို့ ချဉ်းကပ်လာကြ၏။

သခင်မယီတာသည် ဘေးမှရပ်ကြည့်မနေနိုင်ပေ။ သူမ ဦးဆောင်ပြီး အုတ်ဂူကို ဖြိုဖျက်ချလေ၏။ အုတ်ဂူပွင့်သွားသောအခါ အခေါင်းကို ထုတ်ယူကြသည်။ အဖုံးကို ဖွင့်လိုက်ကြ၏။ ခေါင်းထဲမှ ကွမ်ယုသည် အသက်မရှူပေ။ မျက်နှာတွင် သွေးဆုတ်ဖြူရော်နေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ၏ခြေလက်များမှာလည်း အေးစက်နေသည်။ အဒေါ်ချန်သည် ကွမ်ယုကို ပွေ့ယူထုတ်ချီလိုက်၏။ မြေပေါ်သို့ အသာချကာ သွေးကြောကို စမ်းသပ်ကြည့်လိုက် ၏။ အဒေါ်ချန်က ...

"ကွမ်ယုတစ်ယောက် တကယ်များ သေသွားပြီလားမသိဘူး သခင်မလေး၊ သူ့အသားတွေ တရားလွန် အေးစက်နေတယ်၊ အခြေအနေမကောင်းဘူး သခင်မလေး"

ယီတာသည် ကွက်ခနဲ မျက်နှာပျက်သွား၏။

"ဆေးစွမ်းကြောင့် ဖြစ်ပါလိမ့်မယ် ... အဒေါ်ချန်"

ယီတာသည် စိုးရိမ်သွားသဖြင့် ကွမ်ယု၏ လက်ကောက်ဝတ်သွေးကြောကို စမ်းသပ်ရန် ရှေ့သို့တိုးလာသည်။ ကွမ်ယု၏လက်ကောက်ဝတ်ပေါ်သို့ သူမ၏လက်ဖဝါးကလေး တိုးကပ်သွားချိန်မှာပင် ကွမ်ယု၏မျက်လုံးများသည် ဖျတ်ခနဲ ပွင့်လာလေ၏။

ကွမ်ယု၏လက်ဖဝါးသည် ယီတာ၏လက်ကို ဖျတ်ခနဲ ဆုပ်ကိုင်လိုက်ပြီး မှေ့ကြောမကြီးကို ထိန်းချုပ်လိုက်လေ၏။ ထို့နောက် သူသည် ငေါက်ခနဲ ထထိုင်သည်။ သူ၏လက်ဝဲဘက်လက်ကို ကိုင်မြှောက်၍ပြ၏။ ကွမ်ယု၏လက်ထဲတွင် တိမ်အဆိပ်ဖြေဆေး ထည့်ထားသည်ဆိုသော ငွေအိုးကလေးကို တွေ့ရသည်။ ကွမ်ယုက ငွေအိုးကလေးကို ယီတာထံ တိုးပေးလေသည်။

ယီတာသည် အကြီးအကျယ် အံ့အားသင့်သွားသည်။

သူသည် ကွမ်ယုကို ဤသို့ထထိုင်နိုင်မည်ဟု လုံးဝမထင်မိပေ။ ကွမ်ယုက သူ၏မှေ့ကြောအား ထိန်းချုပ်သည်ကို သူမ လုံးဝရုန်းမထွက်နိုင်ဘဲ အမိခံလိုက်ရသည်။



"ယူပါ ... သခင်မ၊ ပြီးရင် ကျွန်တော့်ကို ဘာကြောင့် မှေ့ကြောအိပ်ပျော်ဆေးတိုက်ကျွေးတယ်ဆိုတာ ရှင်းပြစေချင်ပါတယ်"

ယီတာသည် ကွမ်ယုလက်ထဲမှ ငွေအိုးကလေးကို လှမ်းယူလိုက်သည်။ ငွေအိုးကလေးထဲတွင် ဆေးလုံးကလေးများ မလျော့ဘဲ မူလအရေအတွက်အတိုင်း ရှိနေ၏။ ယီတာ၏မျက်နှာပေါ်၌ ကြေကွဲရိပ်များ ပေါ်လာသည်။ သူမ၏ရင်ထဲ၌ ခံစားနေရသည်များ မျက်နှာပေါ်၌ ပေါ်လာခြင်း ဖြစ်သည်။

"ကျွန်မရဲ့ရည်ရွယ်ချက်က ရှင့်ကို မြေပြန့်ကို ပြန်ခေါ်သွားပြီး ကျွန်မတတ်မြောက်ထားတဲ့ သိုင်းပညာအားလုံးကို ရှင့်ကို သင်ပေးမယ်လို့ စိတ်ကူးထားလို့ပါပဲ၊ ဒါပေမဲ့ ကျွန်မ ထင်သလို မဟုတ်ဘူး။ ရှင်ကိုယ်တိုင်က ကျွန်မနဲ့ ပြန်လိုက်ချင်ပုံမရဘူး၊ ရှင်က ဒီမှာပဲ နေချင်တာဆိုတော့ ရှင့်ကို ကျွန်မခေါ်ဖို့ မကြိုးစားတော့ပါဘူး။ ကဲ ... ဖယ်ပါ ... ကျွန်မလက်ကို ..."

ယီတာသည် ဖျတ်ခနဲ ရုန်းထွက်လိုက်သည်။ ရုန်းထွက်ပုံမှာ ညာခြေကို ဖနောင့်နှင့်ထောက်၊ ဘယ်ခြေကို ခြေဖျားထောက်ပြီး ခါးညွတ်၍ လက်ဝဲဘက်သို့ တစ်ပတ်ကျွမ်းပစ်၍ ခုန်ထွက်လိုက်ခြင်း ဖြစ်သည်။ ကွမ်ယုမှာ မည်သို့မျှ ထိန်း၍မရတော့ပေ။ လက်ထဲမှ လွတ်ထွက်သွားသည်။

"ဟာ ... တယ်ကောင်းတဲ့ ချယ်ရီပွင့်ဒေသသိုင်းပဒေသာပညာပါလား"

စုစီဝေ့၏ လွတ်ခနဲပြောလိုက်သံ ပေါ်ထွက်လာလေ၏။

၆ ၈ ၉

www.burmeseclassic.com

www.burmeseclassic.com



## (၁၂၅)

## အကူအညီတောင်းခံရခြင်း

စူစီဇေ့၊ တောင်တင်းရယ်၊ ဟန်ရှင်နှင့် လျူနန်ကျင်းတို့သည် ယီတာတို့လူစုအနီးသို့ ရောက်ရှိနေလေ၏။

စူစီဇေ့သည် တိုက်ခိုက်ရန် စိတ်ကိုတင်းမထားခြင်းကြောင့် တောင်တင်းရယ်၊ ဟန်ရှင်နှင့် လျူနန်ကျင်းတို့မှာလည်း ပေါ့ပါးစွာ စိတ်လွတ်ကိုယ်လွတ် ရှိနေကြသည်။

ယီတာသည် စူစီဇေ့ကို လှည့်ကြည့်လိုက်၏။ စူစီဇေ့၏အသွင်သဏ္ဌာန်မှာ အဖူး၏ပုံသဏ္ဌာန်မဟုတ်တော့သဖြင့် ယီတာမမှတ်မိချေ။

"ဦးကြီးရဲ့နာမည်က ဘယ်သူတဲ့လဲ၊ ကျွန်မရဲ့နာမည်ကို သိသလား"

စူစီဇေ့က ရယ်မောလိုက်၏။

"သခင်မလေးယီတာဆိုတာ မိန်းကလေးရဲ့နာမည် မဟုတ်ဘူးလားကွယ်"

"ကျွန်မနာမည်ကို သိပုံထောက်တော့ ဦးကြီးရဲ့ သိုင်းပညာအဆင့်ဟာ အတော်မြင့်မားမယ်ဆိုတာ သေချာတယ်၊ ဦးကြီးက ဘယ်သူတုံး"

"ချယ်ရှီပွင့်ဒေသသိုင်းပဒေသာကျမ်းဟာ တစ်ချိန်က အလွန်



ကျော်ကြားလူသိများခဲ့တဲ့ သိုင်းကျမ်းပဲ၊ သိုင်းလောကသား အတော်များများဟာလည်း အဲဒီသိုင်းပညာကို သင်ကြားချင်ကြပါတယ်၊ လေ့လည်း လေ့ကျင့်ခဲ့ကြတယ်၊ ဒါပေမဲ့ အောင်မြင်တဲ့လူကတော့ နည်းပါးခဲ့ပါတယ်၊ မိန်းကလေးကတော့ ချယ်ရှီပွင့်သိုင်းပဒေသာကျမ်းကို အောင်မြင်ထားပုံရတယ်"

ယီတာက ...

"အမှန်အတိုင်း ဝန်ခံရရင်တော့ ကျွန်မ နှစ်ဆင့်ပဲ အောင်မြင်ခဲ့ပါတယ်၊ နှစ်ဆင့် အောင်မြင်တာကတော့ ကျွန်မကိုယ်က ဆက်မသင်လို့ပါ၊ ကျွန်မက ဒီသိုင်းကျမ်းကို ဖတ်ပြီး အထင်မကြီးဘူးလေ၊ ဒါကြောင့် သိုင်းပညာအခန်းအကုန်လုံးကို မတတ်တာပေါ့၊ ကဲ ... ဒါနဲ့ ဦးကြီးလာတာက ကျွန်မနဲ့ အာလာပ သလ္လာပစကား ပြောရုံမဟုတ်ပါဘူးနော်"

စူစီဇေ့က ခေါင်းခါလိုက်၏။

"အာလာပ သလ္လာပစကား ပြောရုံမဟုတ်ပါဘူး။ သို့သော် အရေးကြီးတဲ့စကားတွေကိုတော့ ကေရာဇ်ကြီးရဲ့သမီးတော်ဖြစ်တဲ့ သခင်မယီတာကို ပြောဖို့ရှိပါတယ်"

စူစီဇေ့သည် ဒူးထောက်၍ အရိုအသေပြုလိုက်လေ၏။ ယီတာက လက်ကိုဝှေ့ယမ်းပြီး ...

"ထားလိုက်စမ်းပါ ... ဦးကြီးရဲ့၊ စကားကိုသာ ဆက်စမ်းပါ"

စူစီဇေ့က ...

"သခင်မလေးကို ကျုပ် ပြောချင်တာက သခင်မလေးအနေနဲ့ ကျေးဇူးပြုပြီးတော့ ကျုပ်တို့နဲ့အတူ မျောက်စမ်းချောင်း ရွှေပြီး

www.burmeseclassic.com

www.burmeseclassic.com



တော်ဟောင်းဆီကို လိုက်ခဲ့ပါလို့ အလည်ခေါ်ချင်ပါတယ်"

ယိတာ၏မျက်နှာမှာ ခက်ထန်သွားသည်။

"ဦးကြီးက အကျပ်ကိုင်ခြိမ်းခြောက်ပြီး ခေါ်တာလား"

"ကေရာစ်ကြီးရဲ့သမီးတော်ကို အကျပ်ကိုင် မခေါ်ဝံ့ပါဘူး။ ဒီလိုခေါ်တာဟာ ကောင်းတဲ့ရည်ရွယ်ချက်နဲ့ပါ၊ မေတ္တာနဲ့ ဖိတ်ခေါ်တာပါ၊ သခင်မလေးယိတာ သံယောဇဉ်ရှိတဲ့ ကွမ်ယုရဲ့ ကောင်းကျိုးအတွက် အကူအညီတောင်းချင်လို့ပါ"

စူစီဝေ၏အသံမှာ နူးညံ့နေသည်။ သူသည် ကေရာစ်ကြီး၏ သမီးတော် ယိတာကို ဟန်ရှင်တို့ ဆက်ဆံသကဲ့သို့ မဟုတ်ဘဲ လွန်စွာ ရိုသေစွာ ဆက်ဆံနေသည်။ ဟန်ရှင်မှာ မနေတတ်မထိုင်တတ် ဖြစ်နေတော့သည်။ ယိတာ တွေဝေသွားလေ၏။ ကွမ်ယု၏ ကောင်းကျိုးချမ်းသာအတွက် ဆိုပါလား။ ကွမ်ယုကို သူမ ချစ်သည်။ ကွမ်ယု ကောင်းကျိုးချမ်းသာအတွက်ဆိုတော့ သူမစဉ်းစားရပေမည်။ ယိတာက ...

"ကွမ်ယုအတွက် အမှန်တကယ် အကျိုးရှိမယ့်ကိစ္စလား"

"ကျုပ် ကတိပြုပါတယ်၊ သူ့ တကယ်အကျိုးရှိမှာပါ"

"ကောင်းပြီလေ ... ကွမ်ယု အကျိုးရှိမယ့် ကိစ္စအတွက်ဆိုရင်တော့ ကျွန်မ မျက်ကွယ်မပြုနိုင်ပါဘူး။ ဦးကြီးတို့နဲ့အတူ ကျွန်မတို့ လိုက်ခဲ့ပါ့မယ်"

စူစီဝေ ဦးဆောင်ပြီး သူတို့အားလုံးကို ခေါ်ဆောင်သွားလေ၏။ မကြာမီ မြို့တော်ဟောင်းသို့ ရောက်ရှိလာကြသည်။

မြို့တော်ဟောင်းသည် ငြိမ်သက်တိတ်ဆိတ်နေသည်။



သူတို့သည် နန်းတော်ဟောင်း၏ အနောက်ဘက်လှိုဏ်ပေါက်မှ ဝင်ခဲ့ကြသည်။

"ကဲ ... ကျုပ်တို့အားလုံး လူစုလူဝေးကြီးနဲ့ဆိုတော့ နန်းရင်ပြင်မှာ ဆွေးနွေးလို့ မဖြစ်ပေဘူး။ ဒါကြောင့် သခင်မလေးယိတာကို ဒီအခန်းထဲ ခေါ်လာရတာပါ၊ သခင်မယိတာက ဘာဖြစ်လို့ ဆွေးနွေးလို့ မဖြစ်သလဲလို့ သိချင်လိမ့်မယ်၊ အဲဒီအကြောင်းကို ကျုပ် ရှင်းပြပါ့မယ်"

စူစီဝေက ...

"ပထမဆုံး သခင်မလေးကို ပြောပြရမှာတော့ ဒီမျောက်စမ်းချောင်း ရွှေမြို့တော်ဟောင်းရဲ့ အကြောင်းပဲ၊ ဒီမျောက်စမ်းချောင်း ရွှေမြို့တော်ဟောင်းကို ကျုပ်တို့သိုင်းသူ့ရဲ့ကောင်းငါးဦးက စတင်တွေ့ရှိ တည်ထောင်ခဲ့တာပါပဲ၊ ကျုပ်တို့ သိုင်းသူ့ရဲ့ကောင်း ငါးဦးရဲ့အမည်ကတော့ ရန်တင်း၊ ကျွမ်းလုံချို၊ ကွမ်မူ၊ မူပင်ကျို့နဲ့ ကျုပ် စူစီဝေတို့ပါပဲ"

သခင်မလေး ယိတာ၏ မျက်လုံးများသည် ဝိုင်းသွားသည်။ သူမသည် ထိုသိုင်းသူ့ရဲ့ကောင်း ငါးဦး၏အမည်ကို ကြားဖူးထားသည်။ တင် ႆ ပ္ဂြန်က လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့သော သိုင်းသူ့ရဲ့ကောင်းများ ဖြစ်ပါပေသည်း

စူစီဝေသည် သူတို့တွက်ခွာလာပုံ၊ ရွှေမြို့တော်ဟောင်းနေရာကို တွေ့ရှိပုံ၊ ခုတ်ထွင်ရှင်းလင်းပုံ၊ မြို့ရွာတည်ပုံ၊ ရန်တင်းကို ဘုရင်တင်မြှောက်ပုံမှအစ လက်ရှိအခြေအနေအထိ ရှင်းလင်းတင်ပြလေ၏။ ယိတာက ...

"ဟာ ... ဒီလိုဆိုရင် ကွမ်ယုဟာ ကျေးတောသားက...

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဟုတ်တော့မလဲ၊ သိုင်းသူရဲကောင်းကြီး ကွမ်မူရဲ့ရင်သွေးပဲ"

ဝမ်းမြောက် ရွှင်လန်းစွာ ပြောကြားလိုက်၏။ စူစီဝေ့က ...

"ဟုတ်တယ် ... သခင်မလေး၊ ကွမ်ယုဟာ သူရဲကောင်း ကွမ်မူရဲ့ ရင်သွေးပါ၊ အခု ကျုပ်တာဝန်က မျောက်စမ်းချောင်း ရွှေမြို့တော်ကို ကျုပ်တို့လက်ထဲ ပြန်ရောက်အောင် လုပ်နေတာပါ၊ ဒီမြို့တော် ကျုပ်တို့လက်ထဲ ပြန်ရောက်ရင် ကျုပ်တို့က ဒီမြို့တော်ကို ကွမ်ယုလက်ထဲ ထည့်မှာပါ၊ ကွမ်ယုကို ဘုရင်အဖြစ် မြှောက်တင်မှာပါ၊ နောက်ပြီး ဘုရင်ဧကရာဇ်ကြီးဆီကို ဒီအကြောင်း လျှောက်ထားပြီး ပြည်နယ်တစ်နယ်အဖြစ် လျှောက်ထားတောင်းပန်ရမှာပါ၊ ဘုရင်ဧကရာဇ်ရဲ့ ဩဇာအာဏာစက်အောက်ကို ခိုလှုံမှ ဖြစ်ပါတော့မယ်၊ အဲဒါကြောင့် ကျုပ်တို့လက်ထဲကို မျောက်စမ်းချောင်း ရွှေမြို့တော် ပြန်ရောက်လာအောင် ဆောင်ရွက်တဲ့ကိစ္စမှာ သခင်မလေး ယီတာ အနေနဲ့ အစွမ်းကုန် အကူအညီပေးလိမ့်မယ်လို့ မျှော်လင့်ပါတယ်"

ယီတာက ဦးခေါင်းညိတ်သည်။ သူမသည် ကွမ်ယုအတွက် အကျိုးဆောင်ပေးရမည် ဖြစ်သဖြင့် ပျော်ရွှင်နေသည်။

"ကောင်းပါပြီ ... ကျွန်မကိုယ်စွမ်း ရှိသလောက် ဉာဏ်စွမ်း ရှိသလောက် အစွမ်းကုန် အကူအညီ ပေးပါ့မယ်"

ယီတာက ကတိပြုလိုက်၏။

"ဝမ်းသာလိုက်တာ၊ ကျုပ် ပထမဆုံး အကူအညီလိုချင်တာကတော့ ကျုပ်တို့ရဲ့ ရန်သူတစ်ဦးဖြစ်တဲ့ အမည်မသိ မုတ်ဆိတ်ရှည် အဘိုးအိုဟာ ချယ်ရီပွင့်ဒေသ သိုင်းပဒေသာကျမ်းကို ပေါက်မြောက် အောင်မြင်ထားသူတစ်ဦး ဖြစ်နေပါတယ်၊ သူ့ကိုယှဉ်နိုင်ဖို့ ကွမ်ယု



ဟာ ချယ်ရီပွင့်ဒေသ သိုင်းပဒေသာကျမ်းကို ကုန်စင်အောင် သင်ကြားပေးစေလိုပါတယ်"

ယီတာက ခေါင်းညိတ်၏။

"ကျွန်မက အဆင့်နှစ်တော့ အောင်မြင်ပြီးပါပြီ၊ ခုအတိုင်းဆိုတော့ ကျွန်မ အကုန်တတ်ရမှာပေါ့၊ ဒီအတွက် ကျွန်မ ဆောင်ရွက်ပေးနိုင်ပါတယ်"

"နောက်တစ်ချက်က မုတ်ဆိတ်ရှည် အဘိုးအိုဟာ ဘယ်သူလဲဆိုတာ ဘယ်သူမှမသိပါဘူး၊ သူ့နာမည်ကိုလည်း မသိကြပါဘူး၊ သူ့နာမည်ကို ကျုပ်တို့ သိချင်နေပါတယ်၊ အဲဒီအဘိုးအိုဟာ ချယ်ရီပွင့်ဒေသ သိုင်းပဒေသာကျမ်းနဲ့ ပတ်သက်ခဲ့လေတော့ အကယ်၍သာ ချယ်ရီပွင့်ဒေသ သိုင်းပဒေသာကျမ်းရဲ့ အဆက်အစပ် ရာဇဝင်ကို သိခွင့်ရမယ်ဆိုရင် ဒီအဘိုးအိုရဲ့ နာမည်ကိုလည်း သဲလွန်စ လိုက်နိုင်မှာ ဖြစ်ပါတယ်၊ ဒါကြောင့် သခင်မယီတာအနေနဲ့ သိုင်းပဒေသာကျမ်းကို ဘယ်လိုရရှိလာသလဲဆိုတာကို ပြောပြပါလား၊ သခင်မပြောချင်စိတ် ရှိရင်ပေါ့လေ"

ယီတာက ပြုံးလိုက်၏။

"ဒီမေးခွန်းကို ကျွန်မဖြေတာထက် အဒေါ်ချန်ဖြေတာက ပိုကောင်းပါတယ်၊ ကဲ ... အဒေါ်ချန် ... ရှင်းပြလိုက်စမ်းပါဦး"

အဒေါ်ချန်က ဆက်လက်ရှင်းပြလေတော့၏။

"ချယ်ရီပွင့်ဒေသ သိုင်းပဒေသာကျမ်းဟာ သခင်မဆီကို ခက်ခက်ခဲခဲ ရောက်လာတာ မဟုတ်ပါဘူး၊ ခက်ခက်ခဲခဲလုယူရတာ မဟုတ်ပါဘူး၊ ဒီသိုင်းကျမ်း ကျွန်မလက်ထဲ ရောက်လာပုံက ကျွန်မရဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆရာ ဟိုရီစင် မသေခင်က ဒီသိုင်းကျမ်းကိုအပ်ခဲ့တာပါ၊ သူဟာ နာမကျန်းဖြစ်ပြီး သေရတယ်လို့ ဆိုပါတယ်၊ တကယ်တော့ ဒါဟာ ဟုတ်ပုံမရပါဘူး။ သူဟာ ချယ်ရီပွင့်ဒေသသိုင်းပဒေသာကျမ်းကို တစ်ဦးတည်း ကျိတ်လေ့ကျင့်နေခဲ့သူပါ၊ အဲဒီမှာ အတွင်းအားတွေ ဖောက်ပြန်ပြီး သူ့အသက် ဆုံးရှုံးတော့မယ်လို့ ထင်မှတ်ခဲ့ဟန် တူပါတယ်၊ အဲဒီအခါ သိုင်းပဒေသာကျမ်းကို ကျွန်မလက်ထဲ အပ်ခဲ့တော့တာပဲ"

"ဩော် ... ချယ်ရီပွင့်သိုင်းပဒေသာကျမ်းဟာ အဒေါ်ချန်လက်ထဲ အလွယ်ကူဆုံး ရောက်ရှိခဲ့တာကိုး"

စုစီဝေက မှတ်ချက်ချလိုက်၏။ အဒေါ်ချန်က ...

"ကျွန်မအဖို့တော့ ချယ်ရီပွင့်ဒေသ သိုင်းပဒေသာကျမ်းဟာ မိစ္ဆာနတ်ဆိုးပါပဲ၊ ကျွန်မကို အဒေါ်ချန်လို့ ခေါ်ပြီး လူတကာက အဘွားကြီး ထင်မှတ်ရလောက်အောင် ပြောင်းလဲပစ်တာကတော့ အဲဒီသိုင်းပဒေသာ ကျမ်းပါပဲ၊ ကျွန်မဟာ သခင်မယိတာနဲ့ တွေ့ဆုံတဲ့အခါမှာ လူကောင်းသူကောင်း ဖြစ်သွားခဲ့ပါတယ်၊ ဒါပေမဲ့ ခါးသီးတဲ့ အနှိပ်စက်ခံထားရတဲ့ ဒဏ်တွေက ကျွန်မစိတ်ကို အလျှင်ကလို နူးညံ့ပျော့ပျောင်းတဲ့ ချန်ကလေး မဖြစ်စေတော့ပါဘူး။ ဒါပေမဲ့ သခင်မယိတာဟာ ကျွန်မအပေါ် အလွန်ကောင်းခဲ့ပါတယ်၊ အဲဒါကြောင့် အဲဒီကျေးဇူးတွေ ထောက်ထားပြီး ကျွန်မလက်ထဲ ရောက်နေတဲ့ ချယ်ရီပွင့်ဒေသ သိုင်းပဒေသာကျမ်းကို သခင်မကို ပေးအပ်ခဲ့တာပါပဲ"

"ဒီသိုင်းပဒေသာကျမ်းကို လိုချင်တဲ့လူတွေ အများကြီးပဲ၊ သခင်မယိတာက ဒီသိုင်းကျမ်းကို အလွယ်တကူ ရသွားတာပဲ"

အဒေါ်ချန်က ရှင်းပြ၏။



"အလွယ်တကူ ရလွန်းတော့ ဒီသိုင်းပဒေသာကျမ်းကို သခင်မဟာ ဘယ်လိုမှတန်ဖိုးမထားတော့ဘူးပေါ့၊ အခုပဲကြည့် ... အခန်းနှစ်ခု တတ်မြောက်ပြီးတာနဲ့ သခင်မဟာ ဒီသိုင်းပဒေသာကျမ်းတွေကို သူ့စာကြည့်တိုက်ခန်းထဲပစ်ထားလိုက်တော့တာပဲ၊ သူ့မှာကလည်း သိုင်းကျမ်းတွေ အမြောက်အမြားရှိနေတာကိုး"

"ကဲ ... ပြောစမ်းပါဦး၊ မင်းရဲ့ဆရာ ဟိုရီစင် အကြောင်းကို၊ သူ သေသွားသလား"

"သူ မသေပါဘူး။ ဟိုရီစင်ဟာ စိမ့်ဟူချမ်းတောင်ပေါ်မှာ တစ်ယောက်တည်း ကျန်ခဲ့ပါတယ်၊ သူ သေတော့မယ်ဆိုပြီး ကျွန်မကို တောင်အောက်သို့ ပြန်လွှတ်ခဲ့ပါတယ်၊ နောက်တော့ သူ မသေဘူးဆိုတာ ကျွန်မ သိခဲ့ရတယ်၊ သူဟာ ကမောက်ကမဖြစ်နေတဲ့ အတွင်းအားတွေ ပြန်ကောင်းသွားခဲ့ပါတယ်၊ သိုင်းပဒေသာကျမ်းကို သူ ပြန်မလိုတော့တာကတော့ အဲဒီမှာပါတဲ့ အခန်းငါးခန်းစလုံးကို သူ အလွတ်ရပြီးပြီကိုး။ သူဟာ အဲဒီမှာပါတဲ့ အခန်းငါးခန်းစလုံးကို မှန်ကန်စွာ လေ့ကျင့်ပြီး အောင်မြင်ခဲ့တာ တူတယ်"

"မင်းနဲ့ ပြန်မဆက်သွယ်ဘူးလား"

"မဆက်သွယ်ပါဘူး၊ အဆက်အသွယ်မလုပ်တာကတော့ အကြောင်းနှစ်ချက်ရှိပါတယ်၊ တစ်ချက်က ကျွန်မဆရာ ဟိုရီစင်ဟာ ဉာဏ်ထက်သလောက် အင်မတန် ရက်စက်ကြမ်းကြုတ်တဲ့လူဖြစ်လို့ပါပဲ၊ သူဟာ အထက်လမ်းမကျ အောက်လမ်းမကျတဲ့ သိုင်းသမားဖြစ်တယ်ဆိုပေမယ့် သူဟာ များသောအားဖြင့် အမှောင်ထုထဲမှာ ပျော်နေတတ်တဲ့လူ ဖြစ်ပါတယ်၊ ဒါကြောင့် လူကောင်းသူကောင်းတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်လို ဖြစ်သွားတဲ့ ကျွန်မဟာ သူ့ကို အဆက်အသွယ် ပြန် မလုပ်တော့ပါဘူး"

"မင်းက အဆက်အသွယ်မလုပ်ပေမယ့် သူက လုပ်နိုင်တာ ပေါ့၊ သူဟာ ချယ်ရီပွင့်ဒေသသိုင်းပဒေသာကျမ်းကို အောင်မြင်သွားပြီ မဟုတ်လား"

"သူက ဆက်သွယ်ချင်သလား မဆက်သွယ်ချင်သလားဆို တာကတော့ ကျွန်မ မသိပါဘူး၊ ကျွန်မကို လာမဆက်သွယ်တာ တော့ အမှန်ပဲ၊ ကျွန်မကို ဆရာနဲ့ အဆက်အသွယ်ရှိနေတဲ့ တောင် ပေါ်မြားနက်ဂိုဏ်းက ဖမ်းဆီးပါတယ်၊ အကြောင်းကတော့ ချယ်ရီပွင့် ဒေသ သိုင်းပဒေသာကျမ်းကို လိုချင်လို့ပါပဲ၊ သူတို့ဟာ လောကမှာ ရှိသမျှ အရက်စက်ဆုံး နှိပ်စက်ညှင်းပန်းတဲ့ နည်းမှန်သမျှသုံးပြီး ကျွန်မကို နှိပ်စက်ပါတယ်၊ ကျွန်မဟာ တစ်လအတွင်း ချန်ကလေးဆို တဲ့ နုပျိုလှပတဲ့ မိန်းကလေးကနေ အဒေါ်ချန်အဖြစ်ကို ပြောင်းလဲ သွားတော့ပါပဲ၊ အဲဒီအချိန်မှာ သခင်မဟာ ဘယ်လိုသတင်းရသလဲ မသိဘူး၊ သိုင်းကျမ်းကိုပေးမယ်ဆိုပြီး မြားနက်ဂိုဏ်းချုပ် ရွှန်ရွှန်ကျို ဆီကို စာရေးတာပါပဲ၊ နောက်ဆုံး သခင်မယီတာက ကျွန်မကို ကယ် တင်နိုင်ခဲ့ပါတယ်"

အဒေါ်ချန်က သက်ပြင်းချလိုက်၏။

"နောက်ဆုံး ကျွန်မကို ဘယ်သူကမှ ချန်ကလေးဆိုတာ မမှတ်မိတော့ပါဘူး"

"ကျွန်မက ရုပ်ပျက်ဆင်းပျက် ဖြစ်သွားပြီကိုး၊ အဲဒါလည်း ခပ်ကောင်းကောင်းပါပဲ၊ ကျွန်မနာမည်ကိုလည်း အဒေါ်ချန်လို့



ပြောင်းလဲ ပြင်ဆင်ခဲ့တယ်၊ လူသစ် အသွင်သစ်နဲ့ သခင်မယီတာရဲ့ အာဝါသမှာ ခိုလှုံနေလိုက်တော့ ကျွန်မဆရာဟာလည်း ကျွန်မကို လာမဆက်သွယ်တော့ပါဘူး"

"အခု ပြန်တွေ့ရင် မင်းဆရာဘက်က မင်း ဝင်ကူရမှာ လား။ ဒါက ရှင်းရှင်းလင်းလင်း မေးထားတာပါ"

အဒေါ်ချန်က ခေါင်းယမ်းလိုက်၏။

"ကျွန်မက သခင်မအမိန့်တစ်ခုတည်းကို နာခံတော့မယ်လို့ သစ္စာဆိုထားသူပါ၊ ဒါကြောင့် ဆရာ့ဘက်ကို ကျွန်မ ဘယ်တော့မှ မလိုက်နိုင်တော့ပါဘူး။ သခင်မဘက်က ကျွန်မ အမြဲတမ်း ရှိမှာပါ"

ရှူစီဝေက ခေါင်းညိတ်သည်။

"ကောင်းပါ့ ကောင်းပါ့ကွယ်၊ ဒါဆိုရင် မှတ်ဆိတ်ရှည်အဘိုး အိုဟာ အဒေါ်ချန်ရဲ့ဆရာ ဟိုရီစင်ပဲ၊ ကျုပ်တို့အနေနဲ့ ရန်သူဟာ ဘယ်သူမှန်းမသိဘဲ တိုက်ရတာထက် ဘယ်သူဖြစ်တယ်ဆိုတာသိပြီး တိုက်ရတာက ပိုကောင်းတာပေါ့၊ ကဲ ... သခင်မယီတာက ကွမ်ယုကို မြေပြန့်ဒေသကို ပြန်ခေါ်သွားပါတော့၊ ကွမ်ယုဟာ အလျှင်ကလည်း သခင်မလေးရဲ့တပည့်ဖြစ်ပြီး အခုလည်း သခင်မလေးရဲ့ တပည့်ပဲ ဖြစ်ပါတယ်၊ တစ်ခုတော့ရှိတယ်၊ ဒီက ဘုရင်ကျွမ်းလုံနိုဟာ တောင် ပေါ် မြားနက်ဂိုဏ်းနဲ့ အဆက်အသွယ်ရှိပါတယ်၊ နောက်ပြီး အဒေါ် ချန်ရဲ့ဆရာ ဟိုရီစင်နဲ့လည်း အဆက်အသွယ် ရှိပါတယ်၊ ဒီတော့ ကွမ်ယုကို သိုင်းပညာ သင်ပေးတယ်ဆိုတာ ဘယ်လိုမှ ပေါက်ကြား လို့ မဖြစ်ပါဘူး။ ကွမ်ယုကို သခင်မလေးက သိုင်းပညာသင်ပေးနေ တာသိရင် သူတို့ကလည်း အဘက်ဘက်ကို လိုက်မှာပါပဲ၊ အဲဒီမှာတင်

www.burmeseclassic.com

www.burmeseclassic.com



ရာဇဝင်တစ်ခုလုံးကို သိသွားပြီး ကျုပ်တို့ကိစ္စ မအောင်မမြင် ဖြစ်သွားနိုင်ပါတယ်၊ မကြာခင် ကျုပ်တို့ မြေပြန့်ကိုလိုက်လာပြီး တွေ့ဆုံပါဦးမယ်"

"ကဲ ... ကျွန်မတို့လည်း ဒီမှာ ကြာကြာနေလို့ ဘယ်ဖြစ်မလဲ၊ ရွှေမြို့တော်က အထောက်တော်တွေ တွေ့သွားရင် မုချသံသယရှိမှာပဲ"

"ဟုတ်ပါတယ်၊ သခင်မလေးတို့ ဒီက ချက်ချင်းထွက်သွားတာ အကောင်းဆုံးပါပဲ"

"ဒါဖြင့်ရင်လည်း ကျွန်မတို့ ဒီက အမြန်ဆုံးထွက်မယ်"

ယီတာသည် ချက်ချင်းပြန်ကြရန် စီစဉ်တော့၏။

သူတို့အတွက် ရိက္ခာခြောက်များကို စူစီဝေက စီစဉ်ပေး၏။

ဟာန်ရှင်နှင့်တောင်တင်းရယ်တို့မှာ သိသိသာသာပင် မျက်နှာများ ညှိုးနေကြ၏။

ယီတာသည် သူတို့အား အောင်နိုင်သူကဲ့သို့ မကြည့်တော့ချေ။ မမြင်ဟန် ဆောင်နေသည်။ အမြန်ဆုံး ခရီးထွက်နိုင်ရန်သာ စီစဉ်နေသည်။

ကွမ်ယုသည် စူစီဝေနှင့်လျူနန်ကျင်းကို ကန်တော့ပြီး လောဆော်နေသော ယီတာတို့နှင့်အတူ လိုက်ပါသွားတော့သည်။ အပြန်ခရီးတွင် ယီတာ၏မျက်နှာသည် ပန်းဝတ်ရည်ရသော လိပ်ပြာကဲ့သို့ ရွှင်လန်းနေပေသည်။ မြွေဘုရင်လူတင်း၊ အဒေါ်ချုန်နှင့် ဟူအင်ချုန်တို့လည်း ပြုံးနေကြောင်း။

ဿ ၏ ဿ



(၁၂၆)

## အရှုံးကိုရင်ဝယ်ပိုက်သူများ

ချယ်ရီပွင့်ဒေသ သိုင်းပဒေသာကျမ်းကို စတင်တီထွင်သူ အစစ်မှာ ဘုန်းတော်ကြီးကျိုးယွန်း ဖြစ်လေသည်။

ဟိုရီစင်တီထွင်သည်ဆိုခြင်းမှာ သိုင်းလောကသား အနည်းငယ်မျှသာ ပြောကြားခြင်း ဖြစ်သည်။

ဘုန်းတော်ကြီးကျိုးယွန်းက ဤသိုင်းပဒေသာကို တီထွင်ခြင်းမှာ အဆင့်မြင့်ပါသည်။ အထွတ်အထိပ်သို့ ရောက်နေသည့် သိုင်းပညာရှင်ကြီးကိုးဦးကို ခေါ်ယူစုစည်းနိုင်ခဲ့ပြီး သူတို့၏ မတူညီသော သိုင်းပညာကိုးမျိုးကို မူတည်၍ သိုင်းပဒေသာကျမ်းကို တီထွင်ခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဤသိုင်းကျမ်းတွင် မတူညီသော သိုင်းပညာရပ်ကိုးခု၏ ခက်မကိုးမြွာတို့သည် ချယ်ရီပွင့်ဒေသ သိုင်းပဒေသာကျမ်းတွင် လာရောက်ပေါင်းဆုံနေခြင်း ဖြစ်၏။

ဘုန်းတော်ကြီးကျိုးယွန်းက ပြောသည်မှာ သိုင်းပညာရပ်များကို ခွဲခြမ်းစိတ်ဖြာလိုက်လျှင် သိုင်းပညာအမျိုးအစား နှစ်မျိုးကိုသာ တွေ့ရမည် ဖြစ်သည်။ တစ်မျိုးက အမာ။ တစ်မျိုးက အပျော့စွမ်းအားပင် ဖြစ်သည်။

ဝူခေါ်တိုက်ခိုက်ရေးမှာ ကန်းလိခေါ် အားထုတ်နည်းအပေါ်

www.burmeseclassic.com

www.burmeseclassic.com



မှုတည်ရာ အမာသုံး အတတ်ပညာကို အပျော့စွမ်းအားပညာဖြင့် ပေါင်းစပ်သွားအောင် ပြုပြင်တီထွင်ထားခြင်း ဖြစ်သည်။

ချယ်ရီပွင့်ဒေသသိုင်းပဒေသာကျမ်းကို တတ်မြောက်အောင်မြင်သူသည် ကျားကို တောင်ပံတပ်ပေးထားသကဲ့သို့ စွမ်းအားထက်မြက်လိမ့်မည်မှုချဟု ကျမ်းအဖွင့်တွင်မိန့်ဆိုရေးသားထားသည်။

ကျမ်းကို ရေးသားပုံမှာလည်း ထူးဆန်းလှသည်။ စကားဝှက်များကိုသုံးပြီး အရောင်ငါးမျိုးဖြင့် ခွဲခြားရေးသားထားခြင်း ဖြစ်သည်။ ထိုအရောင်ခွဲခြားပုံစနစ်မှာ အတွင်းအားလေ့ကျင့်သောအခါ ထည့်သွင်းစဉ်းစားရသည့်အလွန်အရေးကြီးသောအချက်ဖြစ်လေသည်။

ယခု ထိုသိုင်းလေ့ကျင့်သူတိုင်း အတွင်းအား ဖောက်ပြန်ပြီး ကမောက်ကမ ဖြစ်ရခြင်းမှာ ထိုအရောင်ခွဲခြားပုံစနစ်ကို မပိုင်နိုင်၍ ဖြစ်သည်။

ဟိုရီစင်မှာ ချယ်ရီပွင့်ဒေသသိုင်းပဒေသာကျမ်းကို အောင်မြင်သွားပြီဖြစ်၍ အရောင်ခွဲခြားပုံစနစ်ကို ပိုင်နိုင်သွားပြီဟု ယူဆသော် ရသည်။ အရောင်ခွဲခြားပုံစနစ်မှာ အောက်ပါအတိုင်း ဖြစ်၏။

ဥပမာ ... အနီရောင်ဖြင့်ရေးသားထားသော သိုင်းပညာတွင် အရောင်သဘောအရ အပူဓာတ်အခြေခံဖြင့် လေ့ကျင့်ပါမှ အောင်မြင်နိုင်သည်။ ကျင့်စဉ်မှန်ကန်သည်ဟု ဆိုသည်။ ထိုနည်းတူ အပြာရောင်အပိုင်းတွင်လည်း အအေးဓာတ်ဖြင့် လေ့ကျင့်မှ မှန်ကန်နိုင်သည်။ ခရမ်းရောင်မှာ အပြာနှင့်အနီ အခြေခံ ပေါင်းစပ်နေသဖြင့် အပူဓာတ်၊ အအေးဓာတ် တစ်ပြိုင်တည်း တွဲစပ်လေ့ကျင့်မှ မှန်ကန်သည်။ ထိုအထဲတွင် အဝါရောင်ပါသည်။ အဝါရောင်၏သဘောမှာ



လျှင်မြန်ခြင်း၊ ပေါ့ပါးခြင်းဖြစ်၍ ထိုအပိုင်းတွင် ကိုယ်ဖော့ပညာရပ်ကို အဓိကထား၍ ဦးစားပေးလေ့ကျင့်ကြရသည်။ လိမ္မော်ရောင်၏ သဘောကတော့ အတွင်းအားစွမ်းအင်ကို ထုတ်သုံးရသည့် အလွန်နက်ရှိုင်းသောအပိုင်း ဖြစ်သည်။

သခင်မယီတာနှင့် ကွမ်ယုတို့သည် ဉာဏ်အလွန်ကောင်းသူများဖြစ်သည်။ သခင်မယီတာသည် ထိုအထဲမှ အခန်းနှစ်ခန်းကို တတ်မြောက်ပြီးဖြစ်ရာ ကျန်သုံးခန်းကို တတ်မြောက်ရန်မှာ မခက်ခဲလှတော့ချေ။ ထို့ပြင် ကွမ်ယုကို သင်ပေးရမည်ဖြစ်ရာ သူမသည် အလွန်အားတက်ပြီး လေ့ကျင့်လေရာ မကြာမီ ချယ်ရီပွင့်ဒေသ သိုင်းပဒေသာကျမ်း ပေါက်ရောက်အောင်မြင်သွားတော့၏။

ထို့ပြင် သူမသည် အရောင်ခွဲခြားပုံစနစ်နှင့် စကားဝှက်များကိုလည်း အဒေါ်ချန်ထံမှ သင်ယူတတ်မြောက်ခဲ့ရာ သူမသည် မည်သို့မျှ အတွင်းအားဖောက်ပြန်သည့်ဒဏ်ကို မခံရတော့ချေ။

သူမသည် ချယ်ရီပွင့်ဒေသသိုင်းပဒေသာကျမ်းကို နည်းလမ်းမှန်ကန်စွာ တတ်မြောက်ခဲ့သဖြင့် ကွမ်ယုကို သင်ပေးသောအခါတွင် ဖြောင့်တန်းစွာ သင်ပေးနိုင်ခဲ့သည်။ ထို့ကြောင့် ကွမ်ယုမှာ အတားအဆီးမရှိ တစ်ဆင့်ပြီးတစ်ဆင့် တတ်မြောက်လာခဲ့တော့သည်။

သိုင်းပဒေသာကျမ်း၏ ဆန်းပြားသောအပိုင်း၊ နက်နဲသောအပိုင်းများကို ယီတာကလည်း ခွဲခြမ်းစိတ်ဖြာ သင်ပေးနိုင်ခဲ့သည်။ ကွမ်ယုမှာ ဆရာကောင်းတပည့်ပီသစွာ ကြောင်ပုဇွန်စား ကျွတ်ကျွတ်ဝါးသကဲ့သို့ ဆရာ့ခြေရာကို အမီနင်းနိုင်သည်။

ယနေ့တွင် ထူပေကုန်းခေါ် တင်းပုတ်လက်သီးနှင့် တ...

www.burmeseclassic.com

www.burmeseclassic.com



ဆန်အဲခေါ် လက်ဝါးစောင်းလှေကျင့်နည်းများကို ပြင်းထန်စွာ လေ့ကျင့်နေသည်။ သူလေ့ကျင့်ရာတွင် ဝါးပိုးဝါးလုံးများ၊ သဲအိတ်များ အဆင့်ဆင့်ရှိနေသည်။

ယီတာသည် ကွမ်ယုသင်ကြားရမည့် အထောက်အကူပြုပစ္စည်းအားလုံးကို အသင့်ဆောင်ထားသည်။ ဘုရင့်သမီးတော်တစ်ပါးဖြစ်နေသဖြင့်လည်း အားလုံး လိုတရဖြစ်နေသည်။

ယီတာ၏ဦးဆောင်မှုဖြင့် ကွမ်ယုတစ်ယောက် သိုင်းပညာလေ့ကျင့်နေသည့်နေရာမှာ အဆောင်နီကြီး၏အတွင်းပိုင်းတွင် ဖြစ်သည်။ အဆောင်နီကြီးမှာ ဘုရင့်သမီးတော်နေသည်ဟု အဆိုရှိထားသဖြင့် မည်သူမျှ အဆောင်အနီး ဖြတ်သန်းမသွားဝံ့ချေ။ ဖြတ်သန်းသွားလျှင်လည်း အစောင့်များနှင့် တွေ့မည်ဖြစ်သည်။ အဆောင်နီကြီးတွင် ပြည့်စုံစွာ အစောင့်အနေရှိသဖြင့် ပြင်ပမှရန်သူ၏အန္တရာယ်ကိုတော့ မစိုးရိမ်ရချေ။ ကွမ်ယု သိုင်းပညာသင်ကြားနေခြင်းကို ပြင်ပလူများ မသိနိုင်ပေ။ ယီတာက ဤသို့ပြုမူဆောင်ရွက်ခြင်းမှာ စုစီဝေ၏ မှာကြားချက်ကို အတိအကျ လိုက်နာ၍ဖြစ်ပေသည်။ စုစီဝေက ကွမ်ယုအား ယီတာကသင်ကြားပြသနေခြင်းကို မည်သူမျှမသိပါစေနှင့်ဟု အမှာစကားရှိထား၍ ဖြစ်သည်။

ထိုစဉ် အဘွားအိုကြီးတစ်ဦးသည် တုန်ချည့်တုန်ချည့်ဖြင့် အဆောင်နီကြီးရှိရာသို့ လျှောက်လာလေ၏။ အစောင့်များသည် ကြည့်နေကြသည်။ အဘွားအိုကြီး အနီးကပ် ရောက်လာမှ တားလိုက်သည်။

"အဘွားအိုကြီး ဘယ်သွားမလို့လဲ၊ ဒါဟာ တားမြစ်ထားတဲ့



နယ်မြေ၊ အဘွားကြီး အမြင်ပြန်ထွက်ပါ"

အဘွားကြီးက တုန်တုန်ယင်ယင်ဖြင့် ...

"မင်းတို့ သခင်မယီတာနဲ့ တွေ့ချင်လို့ပါကွယ်"

စစ်သည်ရဲမက်များသည် ခေါင်းရှုပ်သွားကြလေ၏။ သူတို့၏သခင်မကလေးနှင့် အဘွားကြီး တွေ့ဆုံရန် မည်သည့်အကြောင်းမျှမရှိချေ။ ထို့ပြင် သခင်မကလေးကလည်း အဘွားကြီး တစ်ယောက် ရောက်လာလိမ့်မည်ဟု မှာကြားမထားချေ။

"အဘွားကြီး ဘာလာရှုပ်နေတာလဲဗျာ၊ ကိုယ့်လမ်းကိုယ်သွားစမ်းပါ၊ သခင်မလေး သူ့ဘာသာနေတာ နေစမ်းပါစေ၊ ဘယ်နယ့် ကျုပ်တို့ သခင်မနဲ့မှ လာတွေ့ချင်နေရတာလဲ"

အဘွားအိုကြီးက ...

"ငါက မင်းတို့သခင်မဆီကို အရေးကြီးတဲ့ သတင်းအချက်အလက်တွေ ပေးချင်လို့ပါကွယ်"

စစ်သည်ရဲမက်မှာ မပေါ့ဆဝံ့တော့ချေ။ သူသည် သူ့အထက်မှ ဗိုလ်မှူးကလေးကို သွားရောက်အကြောင်းကြားရလေတော့၏။ ဗိုလ်မှူးကလေး၏အမိန့်ဖြင့် အဘွားအိုကို အဆောင်နီကြီး၏အတွင်းခန်းတစ်ခန်းသို့ ခေါ်ဆောင်သွားသည်။ အခန်းထဲတွင် ဗိုလ်မှူးကလေး ရှိနေ၏။ ဗိုလ်မှူးကလေး၏မျက်နှာ မာတင်းလှသည်။

"အဘွားကြီး ... ခင်ဗျားနဲ့ ဒီအဆောင်နဲ့ ဘာမှမဆိုင်ဘူး၊ ကိုယ့်လမ်းကိုယ်သွားပါလား၊ ခင်ဗျားက သခင်မလေးကို တွေ့ချင်တယ်လို့ ပြောတယ်ဆို"

ဗိုလ်မှူးလေး၏အသံမှာ ခက်ထန်လှ၏။

www.burmeseclassic.com

www.burmeseclassic.com



အဘွားအိုက တုန်တုန်ချည့်ချည့်ဖြင့် ...

"ကျူပ် ... ကျူပ် ... သတင်းပေးစရာရှိနေလို့ပါ"

ဗိုလ်မှူးကလေး၏မျက်နှာမှာ ခက်ထန်မြဲခက်ထန်နေသည်။

"သတင်းစကား ပြောစရာရှိရင် ကျူပ်ကိုပြောပါ။ ကျူပ်က တစ်ဆင့် သခင်မလေးဆီက သတင်းစကား သွားပြောပေးပါ့မယ်၊ ခင်ဗျား ပြောပါ ... ဘာသတင်းလဲ"

အဘွားအိုက ...

"အို ... မင်းကိုပြောလို့ ဘယ်ဖြစ်မှာလဲ၊ ကျူပ် သခင်မယီတာကို တွေ့မှ ဒီသတင်းကို ပြောနိုင်မှာ၊ သတင်းက သိပ်အရေးကြီးတယ်ကွယ့်"

"ဟာ ... သိပ်ခက်တာပဲ၊ ခင်ဗျားတို့လို သတင်းအရေးကြီးတယ်ဆိုတဲ့ လူတိုင်းကို သွင်းပေးနေရရင် ကျူပ်တို့ခက်သွားမှာပေါ့၊ ခင်ဗျားကို ဘယ်လောက်အရေးကြီးတယ် ပြောပြော ကျူပ်မယုံဘူး။ ခင်ဗျားပြောချင်တဲ့သတင်းစကားကို ကျူပ်ကိုပြော၊ ကျူပ်က အဲဒီသတင်း အရေးကြီးတယ် မကြီးဘူးဆိုတာ ဆုံးဖြတ်မယ်၊ ကျူပ်တို့က ကျူပ်တို့ သခင်မရဲ့ အသက်အန္တရာယ် လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရမယ့် တာဝန်ရှိတယ်ဗျာ၊ တော်ကြာ ခင်ဗျားက သခင်မလေးကို လုပ်ကြံသတ်ဖြတ်ရင် ဘယ့်နှယ့်လုပ်မလဲ"

ထိုအခါ အဘွားကြီးက တခွီးခွီးရယ်တော့၏။

"မင်းတို့က တော်တော် ရယ်စရာပြောတာပဲ၊ ကျူပ်လို အဘွားကြီးတစ်ယောက်က မင်းတို့ သခင်မယီတာလို သိုင်းအကျော်အမော်တစ်ဦးကို လုပ်ကြံသတ်ဖြတ်နိုင်မတဲ့လား၊ ကျူပ် မရယ်တာ



အတော်ကြာနေပြီ"

ဗိုလ်မှူးလေး၏လေသံမှာ အနည်းငယ် ပျော့သွားသည်။

"ဘယ်ပြောလို့ ရမလဲ အဘွားရယ်၊ သမီးတော်ကို လုပ်ကြံချင်တဲ့ ရန်သူတွေဆိုတာ ပြည့်နေတာပါပဲ၊ ဘုရင့်သမီးတော်တစ်ပါးမှာ မမြင်ရတဲ့ ရန်သူတွေ ပတ်လည်ဝိုင်းနေတာပါပဲ၊ အဘွားဆိုရင်လည်း တုန်တုန်ချည့်ချည့်နဲ့ပါ၊ ဒါပေမဲ့ ခွန်အားမသုံးဘဲ အဆိပ်နဲ့ လုပ်ကြံရင်ကော မရဘူးလား၊ အဆိပ်အပ်နဲ့ ပစ်ရင်ကော မရဘူးလား။ လုပ်ကြံနိုင်တဲ့ နည်းလမ်းတွေ အများကြီး ရှိပါတယ် အဘွားရယ်၊ ဒါကြောင့် အဘွားပြောရမယ့် သတင်းတွေကို ပြောပါ၊ ကျူပ်နားထောင်ပြီး သခင်မကို ပြန်ပြောပေးပါ့မယ်"

အဘွားအိုက တုန်တုန်ချည့်ချည့်နှင့် ဆက်ပြောနေ၏။ အဘွားအိုက တုန်ချည့်နေသော်လည်း အကြောက်အလန့် မရှိချေ။

"မင်းက စကားကို တော်တော်ကတ်ကတ်သတ်သတ် ပြောတတ်တာပဲ၊ ငါလို အဘွားကြီးက အဆိပ်အပ်မပြောနဲ့ ရိုးရိုးအပ်တောင် မကိုင်နိုင်ဘူး။ ဒီလောက် တုန်တုန်ချည့်ချည့်ဖြစ်နေတာ၊ ကဲ ... ငါပြောမယ်၊ မင်းသခင်မကို ငါ့ဆီ ပို့မလား မပို့ဘူးလား ... ပြော"

ဗိုလ်မှူးကလေးသည် ပထမ၌ ချော့ချော့မော့မော့ဖြင့် ပြောရာတွင် မရဘဲ အဘွားအိုက ပို၍ပင် လေသံမာလာသဖြင့် သူကလည်း လေသံမာလိုက်ရတော့သည်။

"အံမယ် ... အဘွားကြီးရဲ့ လေသံက မာကျောလှချည်လား။ မပို့နိုင်ဘူးဗျာ၊ ကဲ ... အဘွားကြီး ပြန်တော့၊ ပြန်ပေတော့၊ ဘာသတင်းစကားမှ သခင်မဆီကို မပို့နိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးကလေးက ခက်ထန်စွာ ပြောလေ၏။ ထိုအခါ အဘွားအိုက ...

"ပြန်ဆိုတော့လည်း ပြန်ရတာပေါ့ကွယ်၊ ကျုပ်လို အဘွားအိုတစ်ဦးက မင်းလို တပ်မှူးတစ်ဦးကို ဘယ်လွန်ဆန်နိုင်ပါ့မလဲ၊ မင်းက ဒီနေရာမှာ ဘုရင်တစ်ပါးပဲ မဟုတ်လား"

အဘွားအိုသည် အခန်းအပြင်သို့ ဆောင့်ဆောင့်အောင့်အောင့်နှင့် ထွက်လာခဲ့တော့သည်။ အခန်းထဲတွင် ကျန်ရစ်ခဲ့သော တပ်မှူးကလေးမှာ ဟင်းခနဲ သက်ပြင်းချလိုက်လေ၏။

"တော်တော် အပြောရကျပ်တဲ့ အဘွားကြီးပဲ၊ ဒီလိုအဘွားအိုကြီးနှစ်ယောက်လောက်နဲ့ တစ်နေ့တစ်နေ့ စကားပြောရင် ငါတော့ အသက်ရှည်မယ် မထင်ဘူး"

ဗိုလ်မှူးကလေးသည် ညည်းညူလိုက်၏။ သူသည် ခေတ္တမျှ မျက်စိမှိတ်ပြီး အနားယူလိုက်သည်။

ထိုစဉ်မှာပင် အခန်းအပြင်သို့ထွက်လုဆဲဆဲ အဘွားအိုကြီးသည် ထူးဆန်းသောအပြုအမူကို ပြုလုပ်လေ၏။ အဘွားအိုကြီး၏ အပြုအမူကို ဗိုလ်မှူးကလေး မတွေ့လိုက်ချေ။

အဘွားအိုကြီးသည် ခန္ဓာကိုယ်ကို ပြန်လှည့်လိုက်၏။ သူ့ခန္ဓာကိုယ်ပြန်လှည့်ပုံမှာ တုန်တုန်ချည့်ချည့်ပင် ဖြစ်သည်။ ဗိုလ်မှူးကလေးသည် မျက်စိမှိတ် အနားယူနေသည်ကို တွေ့သောအခါ သူမသည် ကိုယ်ဖျောက်ပညာကိုသုံး၍ လှားခနဲ ခုန်လိုက်သည်။ သူမသည် ဗိုလ်မှူးကလေးအား ကျော်ပြီး အဆောင်အနီးအတွင်းခန်းဝင်ပေါက်သို့ ရောက်ရှိသွားလေတော့၏။



သူမ၏ကိုယ်ဖျောက်ပညာသည် အံ့မခန်း ဆန်းကြယ်လှသည်။ ငှက်တစ်ကောင်ပျံဝဲသကဲ့သို့ တက်သွားခဲ့သည်။ သူမ၏ လှုပ်ရှားမှုကို ဗိုလ်မှူးကလေး မမြင်လိုက်ချေ။ အဘွားအိုသည် အခန်းတွင်းသို့ လျှင်မြန်စွာ ပြေးဝင်လိုက်သောအခါ ဗိုလ်မှူးကလေးကို မတွေ့ရတော့ချေ။

သူမသည် ဗိုလ်မှူးကလေးဟူသော အတားအဆီးကို လွန်မြောက်ခဲ့ချေပြီ။ သူသည် မျက်နှာတုကို ဆွဲဖြုတ်လိုက်၏။ ထိုအခါ အလွန်လှပမြန်ရှိ တည်ကြည်သော အဘိုးအိုစူစီဝေ့ပုံသဏ္ဌာန် ပေါ်လာလေတော့၏။ စူစီဝေ့သည် တမင်ရုပ်ဖျက်၍ ဝင်လာခြင်းပင်။ သခင်မ ယီတာချထားသောအစောင့်များ မည်မျှစိတ်ချရ,မရ လာရောက် စူးစမ်းခြင်းပင် ဖြစ်သည်။

သူသည် အဆောင်အတွင်း ဆက်လက်ဝင်လာလေ၏။ အတွင်းဘက်အကျဆုံးအဆောင်တွင် သခင်မယီတာသည် ကွမ်ယုကို သိုင်းပညာသင်ကြားပေးနေ၏။ သူသည် အခန်းထဲသို့ ခြေလှမ်း မှန်မှန်ဖြင့် လှမ်းဝင်လာသည်။ ယီတာနှင့် ကွမ်ယုသည် စူစီဝေ့ကို မတွေ့။ သူတို့သည် သိုင်းပညာကိုသာ စိတ်ဝင်စားစွာ လေ့ကျင့်နေကြသည်။

"အဟမ်း ... အဟမ်း"

ယီတာနှင့် ကွမ်ယုတို့သည် ပေါ့ဆခြင်း မဟုတ်ပေ။ သူတို့ချထားသည့် လုံခြုံရေးကို စိတ်ချ၍ ဖြစ်သည်။ ဤအဆောင်အတွင်းသို့ သူစိမ်းမဝင်နိုင်ဟု သူတို့ ယုံကြည်စိတ်ချနေသဖြင့် ဤသို့လေ့ကျင့်နေခြင်းသာ ဖြစ်သည်။ ချောင်းဟန့်သံကြားသောအခါမှ ယီတာနှင့် ကွမ်ယုတို့ လှည့်ကြည့်မိကြသည်။ ယီတာက ...

"ဟင် ... ဦးကြီးစူစီဝေ့ပါလား၊ ရောက်နေတာ အတော်ကြာ

www.burmeseclassic.com

www.burmeseclassic.com



ပြီလား"

စူစီဝေက ...

"ကွမ်ယုရဲ့ သိုင်းပညာလေ့ကျင့်မှု အခြေအနေက ဘယ်လိုလဲကွယ် ... တိုးတက်မှုရှိသလား၊ ဆုတ်ယုတ်မှုရှိသလား"

ယီတာက ဂုဏ်ယူသောလေသံဖြင့် ...

"ဦးကြီး ... အခု သိုင်းပဒေသာကျမ်းရဲ့ အခန်းလေးခန်းကို ကွမ်ယု တတ်မြောက်နေပါပြီ၊ အခန်းတစ်ခန်းပဲ ကျန်ပါတော့တယ်"

စူစီဝေ အံ့သြသွားလေ၏။

"ဟာ ... ဟုတ်လား"

ကွမ်ယုသည် စူစီဝေကို အရိုအသေပေးပြီး ...

"ဟုတ်ပါတယ် ဘဘ"

စူစီဝေ အလွန်အံ့သြနေသည်။

"ချယ်ရီပွင့်ဒေသ သိုင်းပဒေသာကျမ်းရဲ့ အတွင်းအားကျင့်စဉ်တွေဟာ ထူးခြားတယ်လို့ ပြောတယ်၊ ဒီလောက် ရက်တိုတိုနဲ့ မင်းတို့ လေ့ကျင့်အောင်မြင်တာဟာ တကယ်ထူးခြားတာပဲ၊ သင်ကြားပေးတဲ့လူကော သင်ယူတဲ့လူကိုပါ ငါ ချီးကျူးပါတယ်"

ယီတာက ...

"အတွင်းအားကျင့်စဉ်တွေရဲ့ နက်နဲရှုပ်ထွေးတာကတော့ မှန်ပါတယ်၊ ဒီကျမ်းကို သင်ချင်တဲ့လူဟာ လျှို့ဝှက်စကားနဲ့ အတွင်းအားတွေက ဆက်နေတာကိုး"

"ဟုတ်တယ်၊ ငါလည်း ဒီလိုပဲ ကြားပါတယ်"

"ကျန်တဲ့တစ်ပိုင်းကိုလည်း အမြန်ဆုံး ကွမ်ယု တတ်ကျွမ်း



အောင် ကျွန်မ လေ့ကျင့်ပေးလိုက်ပါ့မယ်"

"အင်မတန်ကောင်းတဲ့ အစီအစဉ်ပေါ့ကွယ်" .·

ယီတာသည် ခေါင်းညိတ်လေ၏။ သို့သော် သူမသည် စူစီဝေကို ကြည့်ပြီး တဖြည်းဖြည်း မျက်နှာထား ပြောင်းသွားလေ၏။ သူမ မျက်နှာ ပျက်နေသည်။

သူမသည် အဆောင်အပြင်သို့ လှမ်းကြည့်လိုက်ပြီး ...

"ဦးကြီး စူစီဝေ"

"ဟင် ..."

"အဆောင်ထဲကို ဝင်လာတော့ အစောင့်ရဲမက်တွေက ဦးကြီးကို မတားကြဘူးလား"

စူစီဝေသည် အနီးရှိခုံတစ်လုံး၌ ထိုင်လိုက်လေ၏။

"တွေ့တော့ တွေ့ခဲ့ပါတယ်၊ သို့သော်လည်း သူတို့ရဲ့ အတွေ့အကြုံက နုနယ်ရှာလေတော့ ငါ့ရဲ့ လှည့်စားမှုပရိယာယ်ကို သူတို့ မရိပ်မိရှာကြပါဘူး၊ သူတို့က သာမန်အရပ်သားတွေရဲ့ အတွေးအတိုင်းပဲ ရှိနေတယ်"

ယီတာ အံ့သြသွားသည်။

"အခု ... သခင်မလေးဟာ နန်းတွင်းသူတစ်ဦးတင် မဟုတ်ပါဘူး၊ သိုင်းလောကသားတစ်ဦးလည်း ဖြစ်နေပါတယ်၊ အဆောင်ပတ်ဝန်းကျင်မှာချထားတဲ့ အစောင့်တွေ ဗိုလ်မှူးတွေကို သာမန်စစ်သည်ရဲမက်တွေချလို့ မဖြစ်ပါဘူး၊ သိုင်းပညာတတ်တဲ့ သိုင်းလောကနဲ့ အကျွမ်းဝင်တဲ့ စစ်သည်ရဲမက်တွေကို ချထားဖို့လိုပါတယ်၊ အခု သာမန်ဗိုလ်မှူးကလေးကို ချထားတော့ သူဟာ ငါ့ကို ဒီအဆောင်

www.burmeseclassic.com

www.burmeseclassic.com



အဝေးကြီးကို ရောက်နေပြီလို့ ထင်နေရှာမှာပဲ"

စုစီဝေက ဆက်ပြောနေ၏။

"သခင်မလေးကို သတိပေးချင်တာက ဝါရင့်သိုင်းသမားကြီးတွေဟာ ပရိယာယ်ကြွယ်ကြပါတယ်၊ အထူးသဖြင့် အနက်ရောင်ဂိုဏ်းသားတွေက ပိုပြီး ပရိယာယ်မာယာကြွယ်ကြပါတယ်၊ ဒါကြောင့် လုံခြုံမှုအတွက် ဒီထက်ပိုပြီးတင်းကျပ်ရင် ပိုကောင်းပါတယ်"

ယီတာက ခေါင်းညိတ်၏။

"စိတ်ချပါ ဦးကြီး။ ခုလို ပေါ့လျော့မိတဲ့အတွက် အနူးအညွတ်တောင်းပန်ပါတယ်၊ နောက်တစ်ကြိမ် ဒါမျိုး လုံးဝမဖြစ်စေရပါဘူး"

ယီတာသည် အလွန်စိတ်ကြီးသော အလွန်မာနကြီးသော မိန်းကလေးဖြစ်သည်။ သူမှန်သည်ထင်လျှင် မည်သူ့ကိုမျှ လျှော့မပေးချေ။ ဖခမည်းတော် ဧကရာဇ်ကိုပင် ဆန့်ကျင်လျက် မြွေခုနစ်ကောင် ကျောင်းတိုက်အတွင်း သိုင်းပညာ လေ့ကျင့်ခဲ့သူ ဖြစ်သည်။ မြွေပါကျင်လင်၏ အဆိပ်ဖြေဆေးကိုမသောက်ဘဲ သေလုမြောပါး ခံစားလျက်မှ ကိုယ့်အဆိပ်ဖြေဆေးကို ကိုယ်ဖော်၍ စားခဲ့သူဖြစ်သည်။ ယခုတော့ ယီတာသည် ယခင်ယီတာ မဟုတ်တော့ပေ။ မာန်မာနကို ချိုးနှိမ်တတ်သည့် ယီတာ ဖြစ်နေလေပြီ။ ယီတာသည် ကိုယ့်ချွတ်ယွင်းချက်ကို ဝန်ခံတတ်နေပြီဖြစ်သည်။

ကွမ်ယုသည် သခင်မယီတာ၏ ပြောင်းလဲသွားသော အမူအကျင့်များကို ပြုံး၍ကြည့်နေသည်။ သခင်မယီတာသည် သူ့အပေါ် အန္တအတာခံလှသည်ကို ကွမ်ယု သိရှိခဲ့လေပြီ။ စုစီဝေက ...

"မင်းတို့နှစ်ယောက်ကို အလွန်အရေးကြီးတဲ့ကိစ္စအတွက် အသိပေးဖို့ လာခဲ့တာပဲ"



ကွမ်ယုမှာ လွန်စွာထိတ်လန့်သွား၏။

"မထိတ်သာ မလန့်သာပါလား အဘရယ်၊ ဘာဘာ အရေးကြီးပြီဆိုရင် ကိစ္စက မလွယ်တော့ဘူးမှတ်ပါတယ်"

စုစီဝေက ခေါင်းညိတ်၏။

"အေး ... အခု တို့အားလုံး မျောက်စမ်းချောင်းရွှေမြို့တော်ကနေ ထွက်ပြေးလာခဲ့ရပြီ"

"ဟင်"

"ဟာ"

ယီတာနှင့် ကွမ်ယုတို့မှာ အာမေဋိတ်သံများ လွှတ်ခနဲထွက်သွားကြသည်။

"ဘယ်လိုဖြစ်တာလဲ ဘာဘရယ်"

ကွမ်ယုက လေသံပျော့လေးနှင့် မေးလိုက်သည်။

"မယုံနိုင်စရာပါပဲလား"

ယီတာကလည်း ရေရွတ်နေသည်။ သူမသည် လျှိုနန်ကျင်း၏ စွမ်းအားကို မသိသေးပေ။ ယခု စုစီဝေကော လျှိုနန်ကျင်းတို့ပါ ထွက်ပြေးလာသည်ဆိုသောအခါ အလွန်အံ့ဩဖွယ်ရာပင် ဖြစ်နေသည်။ စုစီဝေက ...

"မင်းတို့ မျောက်စမ်းချောင်းမြို့တော်က ပြန်သွားကြတယ်၊ အဲဒီနေ့ကစပြီး ခုနစ်ရက်မြောက်တဲ့နေ့မှာ ဘုရင်ကျွမ်းလုံ့ရိုရယ်၊ တောင်ပေါ်မြားနက်ဂိုဏ်းရယ်၊ ဟိုရီစင်ရယ် အားလုံးစုပေါင်းပြီး ငါတို့ဆီ ရောက်လာပါလေရော"

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... သူတို့က ပြောင်ပြောင်တင်းတင်း ပေါင်းလိုက်တယ်ဆိုပါတော့"

ကွမ်ယုက ပြောလိုက်ခြင်း ဖြစ်သည်။ စုစီဝေက ခေါင်းညိတ်သည်။

"ဟုတ်တယ် ... သူတို့ ပေါင်းလိုက်ကြတာ အားလုံးသိအောင် ကြေညာလိုက်သလိုပါပဲ၊ သူတို့ဟာ မြို့တော်ဟောင်းက နန်းတော်ကြီးဆီ ရောက်လာပြီး လျူနန်ကျင်းကို ခြိမ်းခြောက်တယ်၊ မြို့တော်ဟောင်းက ထွက်သွားပါလို့ ဘုရင်ကျွမ်းလုံရှီက ပြောတယ်"

"ဘဘတို့က မတွန်းလှန်ကြဘူးလား"

"ဟ ... မတွန်းလှန်ကြဘဲ ဘယ်နေမလဲ၊ ငါတို့က မစွန့်ခွာနိုင်ဘူးပြောတော့ သူတို့ တိုက်တော့တာပဲ၊ ဟန်ရှင်လည်း ဒဏ်ရာရတယ် ... သူက သိုင်းပညာအနည်းဆုံးကိုး။ တောင်တင်းရယ်လည်း ဒဏ်ရာရတယ်၊ တောင်တင်းရယ်က စွမ်းစွမ်းတမံ ခုခံတာကိုး"

"နောက် ဘယ်သူတွေ ဒဏ်ရာရသေးသလဲ"

"ဘယ်သူမှ ဒဏ်ရာမရပါဘူး၊ ဟန်ရှင်နဲ့ တောင်တင်းရယ်ကို ငါတို့ အသေမခံနိုင်ဘူးလေ၊ အင်အားချင်းကလည်း မမျှတော့ ငါတို့ နောက်ဆုတ်ပေးခဲ့ရတာပေါ့"

"ဒီလိုဆိုရင် ကျွမ်းလုံရှီက အရေးသာသွားတာပေါ့"

"သူတို့ အရေးသာသွားတာပေါ့၊ ဟိုရီစင်ရဲ့ ချယ်ရီပွင့်ဒေသသိုင်းပဒေသာကျမ်းကို ဘယ်သူမှ မခံနိုင်ဘူး၊ လျူနန်ကျင်းလည်း နောက်ဆုတ်ရတာပဲ၊ သူတို့ အရေးသာသွားတယ် ဆိုပါတော့"

"ငါတို့ရဲ့ အမာခံစခန်းဖြစ်တဲ့ နန်းတော်ဟောင်းကြီး မီးရှို့



ခံလိုက်ရတယ်၊ တောက် ... အဲဒီအချက်ဟာ ငါ့ရင်ကို အနာစေဆုံး အချက်ပဲ၊ နောက်ဆုံးပြောရရင်တော့ ငါတို့ဟာ မျောက်စမ်းချောင်း ရွှေမြို့တော်ဟောင်းက ထွက်ပြေးလာခဲ့ရတယ် ဆိုပါတော့၊ အခု ... ငါတို့အားလုံး မြေပြန့်ကို ရောက်နေကြပြီ၊ ဟန်ရှင်ရော, တောင်တင်းရယ်ရော, လျူနန်ကျင်းရောပဲ"

ကွမ်ယုက စိုးရိမ်စွာ မေးလိုက်၏။

"ဟန်ရှင်နဲ့ တောင်တင်းရယ်ရဲ့ ဒဏ်ရာတွေက စိုးရိမ်ရပါ သလား ခင်ဗျာ"

စုစီဝေက ...

"ဒဏ်ရာပြင်းထန်တယ်၊ ဒါပေမဲ့ ငါတို့က အချိန်မီ ကုသနိုင်ပါတယ်၊ အသက်အန္တရာယ် စိုးရိမ်လောက်တဲ့အထိတော့ မဖြစ်ပါဘူး"

ယီတာက ...

"ဦးကြီး စုစီဝေရှင့် ... အခုလို မြေပြန့်ကို ထွက်ပြေးတိမ်းရှောင်ခဲ့ရတယ်ဆိုတော့ နေထိုင်စားသောက်ရေးအတွက် ကျွန်မ တာဝန်ယူပါရစေ၊ အခု ကျွမ်းလုံရှီဟာ ဦးကြီးတို့ကို တွေ့ရာသင်္ချိုင်း ဓား မဆိုင်း လိုက်လံသုတ်သင်မှာ သေချာပါတယ်"

"ဦးကြီးနဲ့ လျူနန်ကျင်းကိုတော့ သူတို့ ဘယ်လွယ်လွယ်နဲ့ သုတ်သင်လို့ ရလိမ့်မလဲကွယ်"

"ဒါပေမဲ့ ဟန်ရှင်နဲ့ တောင်တင်းရယ်တို့အတွက် ရှိသေးတယ် မဟုတ်လား"

"အေး ... ဒါတော့ ဟုတ်တယ်"

"ဦးကြီးတို့အတွက် အကောင်းဆုံးစခန်းကြီးတစ်ခု ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



မှာရှိပါတယ်၊ အဲဒါကတော့ မြေခုနစ်ကောင်ကျောင်းတိုက်ရဲ့ မြေအောက်ခန်းပါပဲ"

"လုံခြုံမှုရှိရဲ့လား"

"အလုံခြုံဆုံးနေရာပေါ့ရှင်၊ အဲဒီနေရာမှာ နေထိုင်နိုင်ဖို့ ကျွန်မ စီစဉ်ပေးနိုင်ပါတယ်"

"ကောင်းပါလေရဲ့ကွယ်၊ ကျုပ်ရဲ့ ရှေ့အစီအစဉ်ကတော့ ကွမ်ယူအနေနဲ့ ချယ်ရီပွင့်ဒေသသိုင်းပဒေသာကျမ်းကို အားလုံးတတ်မြောက်ပြီးတော့မှပဲ မျောက်စမ်းချောင်းရွှေမြို့တော်ကို ပြန်လည်တိုက်ခိုက်သိမ်းယူမယ်လို့ စီစဉ်ထားတယ်"

"အဲဒီအချိန်မှာ ကျွန်မကလည်း တတ်နိုင်သလောက် ကူညီပံ့ပိုးပါ့မယ်"

"ဟန်ရှင်နဲ့ တောင်တင်းရယ်ကို ဆေးကုသပေးဖို့ကလည်း ရှိနေတော့ မြေခုနစ်ကောင်သီလရှင်ကျောင်းတိုက် မြေအောက်ခန်းမှာ ငါတို့အားလုံး အနားယူရရင် အကောင်းဆုံးဖြစ်မှာပါ၊ ဒါပေမဲ့ ငါကတော့ မျောက်စမ်းချောင်းရွှေမြို့တော်အခြေအနေကို သိရအောင် တစ်ကိုယ်တည်း ခရီးသွားရဦးမယ်"

"ဦးကြီးတို့ရဲ့ နေရေးထိုင်ရေး စားသောက်ရေးအတွက် အားလုံးအဆင်ပြေအောင် ကျွန်မလိုက်ပြီး စီစဉ်ပေးပါ့မယ်"

ယီတာက ပြောလိုက်သည်။

စူစီရွှေ့သဘောမတူစရာအကြောင်း လုံးဝမရှိပါ။

ဆ ။ ဆ



(၁၂၇)

## တကယ့်အဖြစ်မှန်

မျောက်စမ်းချောင်း ရွှေမြို့တော်။

အားလုံး ရွှေရောင်တဝင်းဝင်းဖြစ်နေသည်။ အသုံးအဆောင်မှန်သမျှ ရွှေနှင့်ရွှေစပ်သတ္တုချည်းပင်။

လူအားလုံးသည် ချောင်လည်ကြ၏။ အားလုံး သိုင်းပညာသာ လေ့ကျင့်နေကြသည်။

အောက်ခြေမြို့သူမြို့သားအားလုံးၡ အခြေအနေ ရှင်းလင်းနေသော်လည်း မြို့တော်အထက်ပိုင်းနန်းတွင်းအခြေအနေနှင့် အကြီးအကဲအုပ်စုများ အခြေအနေသည် ရှုပ်ထွေးနေလေသည်။ ကြီးကြပ်ရေးအဖွဲ့ဝင်များသည် ဘုရင်ကျွမ်းလုံ့ရှို၏အမိန့်များကို မကျေမနပ်ဖြစ်နေကြသည်။ ကြီးကြပ်ရေးအဖွဲ့ဝင်များသည် အကြီးအကဲ အုပ်စုဝင်များဖြစ်၏။ သူတို့ မကျေနပ်သည့်အချက် သုံးချက်ရှိသည်။

တစ်အချက်အနေဖြင့် တောင်တင်းရယ်အား မောင်းထုတ်ခြင်းဖြစ်သည်။ တောင်တင်းရယ်သည် ကြီးကြပ်ရေးအဖွဲ့ဝင်များ၏ အကြီးအကဲဖြစ်သည်။ တောင်တင်းရယ်မရှိတော့သဖြင့် ကြီးကြပ်ရေးအဖွဲ့ဝင်များသည် မည်သူ့ကို အဖေခေါ်ရမှန်းမသိတော့ချေ။

နှစ်အချက်အနေဖြင့် ရွှေမြို့တော်သားမဟုတ်သည့် တောင်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်မြားနက်ဂိုဏ်းသားများကို နန်းတော်၌ နေရာပေးနေခြင်း ဖြစ်သည်။

သုံးအချက်မှာ အဆိုးဝါးဆုံးဖြစ်၏။

မုတ်ဆိတ်ရှည်ဟိုရီစင်သည် နေရာတကာ လက်ညှိုးထိုး အမိန့်ပေးနိုင်းစေနေခြင်းဖြစ်သည်။ ဘုရင်ကျွမ်းလုံချီသည် သူ့သဘောနှင့်သူ စေခိုင်းရသည်မရှိ။ မုတ်ဆိတ်ရှည် ဟိုရီစင်၏ ခိုင်းစေချက်များသာ လိုက်ဆောင်ရွက်နေရသည်။

ထို့ကြောင့် ကြီးကြပ်ရေးအဖွဲ့ဝင်များသည် အခြေအနေ အရပ်ရပ်ကို မကျေမနပ်ဖြစ်ကာ တော်လှန်ပုန်ကန်လိုနေကြသည်။ သို့သော် ခေါင်းဆောင်လည်း မရှိတော့သဖြင့် အခြေအနေ အခွင့်အခါကောင်းကို စောင့်မျှော်နေကြရသည်။

နန်းတော်တွင်းပိုင်း၌လည်း ဘုရင်ကျွမ်းလုံချီသည် အကြီးအကျယ် စိတ်ဆင်းရဲမှုကြုံတွေ့နေရသည်။ ဤအဖြစ်အပျက်ကို အကြီးအကဲဗိုလ်စုဝင် ကြီးကြပ်ရေးအဖွဲ့ဝင်များ မသိရှိကြချေ။ ထိုအဖြစ်အပျက်မှာ ကျွမ်းလုံချီ၊ ဟိုရီစင်နှင့် တောင်ပေါ်မြားနက်ဂိုဏ်းသားများ အကြားတွင် ဖြစ်ပွားနေခြင်း ဖြစ်သည်။ ဘုရင်ကျွမ်းလုံချီက ...

"ဘာဗျ ... ကျုပ်က ဘုရင်အဖြစ်က ဆင်းပေးပြီး ခင်ဗျားကို ဘုရင်အဖြစ် တင်မြှောက်ပေးရမယ် ဟုတ်လား။ မဖြစ်နိုင်ဘူး။ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ဒီရွှေမြို့တော်သားတွေက ဘယ်လိုမှ လက်ခံနိုင်မှာ မဟုတ်ဘူး။ ဒီအချက်ကို ခင်ဗျား မစဉ်းစားမိဘူးလား"

မုတ်ဆိတ်ရှည် ဟိုရီစင်က ရယ်သည်။

"ခင်ဗျား ဘာမှပူမနေနဲ့ နန်းတွင်းသူ နန်းတွင်းသားအားလုံးကို ကျုပ်အုပ်စီးမိထားရင် ရွှေမြို့တော်သားတွေ မလှုပ်ဝံ့ပါဘူးဗျာ၊ ဟား ... ဟား ... ဟား"



ဘုရင်ကျွမ်းလုံချီက ဒေါသဖြင့် အော်ဟစ်ပြောဆို၏။

"အခုလည်း ခင်ဗျား ဒီမြို့တော်မှာ အတော်ကြီး ပိုင်စိုးပိုင်နင်း လုပ်ခွင့်ရနေပြီပဲဗျာ၊ ဒီလောက်ဆိုရင် ခင်ဗျား ကျေနပ်ဖို့ ကောင်းပါတယ်၊ အခုတော့ ခင်ဗျားလောဘဟာ ယေ်ထိပ်တက်ကပ်နေပြီ၊ ကျုပ်ကို ဆင်းနိုင်းတာကတော့ ဘယ်လိုမှ မသင့်လျော်ပါဘူး"

မုတ်ဆိတ်ရှည် ဟိုရီစင်က ...

"ခင်ဗျား ကျုပ်စကားကို နားမထောင်ဘူးပေါ့ ... ဟုတ်လား"

"ခင်ဗျားတို့ သိထားသင့်ပါတယ် ... ဒီရွှေမြို့တော်ဟာ ကျုပ်တို့ တည်ထောင်ထားတဲ့ ရွှေမြို့တော်ပါ"

"ခင်ဗျားပဲ တည်ထားတည်ထား ဘယ်သူပဲ တည်ထားတည်ထား ကျုပ်တို့ ဂရုမစိုက်ဘူး။ ကျုပ် ဒီရွှေမြို့တော်မှာ ဘုရင်လုပ်မယ် ... ဒါပဲ"

"ခင်ဗျားတို့ စဉ်းစဉ်းစားစားလုပ်ကြရင် ကောင်းမယ်"

"ခင်ဗျား ဘုရင်အဖြစ်က ဖယ်ရှားပေးမလား မဖယ်ရှားပေးဘူးလား ... ဒါပဲ ပြော၊ ဖယ်ရှားမပေးရင် ခင်ဗျား ဘာဖြစ်သွားမယ်ဆိုတာကို သိတယ်မဟုတ်လား"

ဘုရင်ကျွမ်းလုံချီသည် အံကြိတ်၍ ခပ်စိမ်းစိမ်းကြည့်နေမိသည်။ ဘာမျှပြန်မပြောတော့ပေ။ မုတ်ဆိတ်ရှည်ဟိုရီစင်သည် တဟားဟား ရယ်မောလေတော့၏။

"ဟား ...ဟား ...ဟား ...ခင်ဗျား ကျုပ်ကို အာမံခံချင်စမ်းပါ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ခင်ဗျား အာခံရင် ဒုက္ခဖြစ်သွားမှာပေါ့၊ ခင်ဗျားရဲ့ ခန္ဓာကိုယ်သွေးသားတွေထဲမှာ ကျုပ်ရဲ့ အဆိပ်တွေ ဝင်နေပြီပဲ ဟား...ဟား...ဟား"

မုတ်ဆိတ်ရှည်ဟိုရီစင်သည် အားပါးတရ ရယ်နေသည်။ ထို့နောက် သူက ဆက်ပြောၡ၏။

"ကျုပ်ရဲ့ အဆိပ်တွေ ခင်ဗျားကိုယ်ခန္ဓာထဲမှာ ဝင်နေတဲ့နောက်တော့ ခင်ဗျားဟာ ကျုပ်ရဲ့ သားကောင်တစ်ကောင် ဖြစ်ပြီပေါ့ဗျာ၊ ခင်ဗျားဟာ ကျုပ်ဆီက အဆိပ်ဖြေဆေးကို မှန်မှန်ယူနေရတယ် မဟုတ်လား၊ မယူလို့ ဘယ်ဖြစ်မှာလဲ၊ အဆိပ်ဖြေဆေး မှန်မှန် မသောက်ရင် ခင်ဗျား သေဆုံးသွားမယ်ဆိုတာကို ခင်ဗျားကိုယ်တိုင်လည်း သိပါတယ်လေ၊ ခင်ဗျားကိုယ်ထဲက အဆိပ်ဖြေဆေးကို ဘယ်မှာမှ ရှာလို့ မရနိုင်ပါဘူးဗျာ"

ဘုရင်ကျွမ်းလုံ့ချီမှာ ခေါင်းငိုက်စိုက်ကျနေလေပြီ။

မုတ်ဆိတ်ရှည်ဟိုရီစင်မှာ အောင်နိုင်သူ ဖြစ်လေ၏။ စောစီးစွာ သူ့အဆိပ်များက ဘုရင်ကျွမ်းလုံ့ချီ ကိုယ်ခန္ဓာထဲသို့ ဝင်သွားပြီဖြစ်၍ သူ့ထံမှ အဆိပ် ဖြေဆေးမရလျှင် မဖြစ်တော့ပေ။

ယခုတော့ သူရှုံးပေပြီ။ ကျွမ်းလုံ့ချီ ရှုံးပေပြီ။ သူသည် ခေါင်းမထောင်နိုင်တော့ပေ။

ထိုအချိန်မှာပင် နန်းတော်ထဲသို့ လူတစ်ယောက် ဝင်လာလေ၏။ သူသည် လူကောင်းတစ်ယောက် မဟုတ်ချေ။ ရူးနေ မူးနေသူ ဖြစ်၏။ သူ့ခြေလှမ်းများက ဒယီးဒယိုင် ဖြစ်နေသည်။ ထိုသူ၏ အသားအရေများမှာ မကောင်းချေ။ ပွယောင်းယောင်း နီကြန်ကြန် ဖြစ်နေ၏။ မျက်ခွံများက နီရဲနေသည်။ သူသည် ရီဝေသောအကြည့်ဖြင့် ကျွမ်းလုံ့ချီနှင့် မုတ်ဆိတ်ရှည် ဟိုရီစင်ကို ကြည့်လိုက်သည်။ သူသည် မုတ်ဆိတ်ရှည် ဟိုရီစင်ကို ကြည့်လိုက်၏။



"ဘာလဲကွ ဘာဖြစ်နေကြတာလဲ"

"ဒီမှာဗျ ... ကျွမ်းလုံ့ချီက ကျုပ်ပြောတာကို နားမထောင်ဘူး ဖြစ်နေတယ်"

သူသည် စားပွဲခုံကို လက်ဖြင့် ထုလိုက်သည်။

"ဘာကွ ... ကျွမ်းလုံ့ချီက မင်းပြောတာကို နားမထောင်ဘူး ... ဟုတ်လား"

"ဟုတ်တယ်"

"ဟေ့ကောင် ... ဘာမှစဉ်းစားမနေနဲ့ အမိန့်ကို ဆန့်ကျင်ရင် သတ်ပစ်လိုက်၊ အမိန့်နာခံမလား မနာခံဘူးလား၊ ဒါပေမဲ့ အမိန့်ကို နာခံရင် အသက်ရှင်ခွင့် ပေးလိုက်၊ အမိန့်ကို မနာခံရင် သတ်ပစ်လိုက်"

ထိုသူသည် မူးနေသော လေသံကြီးဖြင့် ဆက်ပြောသည်။

"မင်း ဒီကောင်ကို ဘာမှချော့နေစရာ မလိုပါဘူး၊ အရင်က ဒီကောင့်ကို မရှိသုံ့ူသုံးနေရတာ၊ အခု မလိုတော့ဘူး။ မင်း ဒီကောင်ကို မကြည့်ချင်ရင် သတ်သာပစ်လိုက်၊ အခုတော့ ဇူစီဇေ့လည်း ထွက်ပြေးနေရပြီ၊ ကျွမ်းလုံ့ချီမရှိလည်း ငါတို့ နေလို့ဖြစ်ပြီ၊ အခု ငါတို့ ရွှေမြို့တော်ကို စီးမိပြီပဲ၊ ရှုပ်နေရင် ရှင်းသာပစ်လိုက်ကွာ"

ထိုအမူးသမားကား မည်သူနည်း။ အားလုံးအပေါ် အပေါ်စီးမှ ပြောနေသူကား မည်သူနည်း။ မုတ်ဆိတ်ရှည် ဟိုရီစင်၏ လုပ်ရပ်အား မီးလောင်ရာ လေပင့်လုပ်နေသူကား မည်သူနည်း။

၈ ၈ ၈

www.burmeseclassic.com

www.burmeseclassic.com



## (၁၂၈)

ထိုသို့ ညွှန်ကြားနေသူကား ဈောက်စမ်းချောင်း ရွှေမြို့တော်ကြီးမှ တစ်ချိန်လုံး ပျောက်ကွယ်နေခဲ့သည့် ဘုရင် ရန်တင်း (ခေါ်) သိုင်းသူရဲကောင်း ရန်တင်းပေတည်း။

ဘုရင် ကျွမ်းလုံ့ချီသည် အလွန်နာကြည်းသော အကြည့်ဖြင့် ရန်တင်းကို စိမ်းစိမ်းကြည့်နေ၏။

ရန်တင်းသည် သိုင်းသူရဲကောင်းငါးဦးတွင် ဝါစဉ်အကြီးဆုံး ပုဂ္ဂိုလ်ပေတည်း။

သူတို့သည် ရှေးပဝေသဏီအခါက ချစ်ချစ်ခင်ခင် ရှိခဲ့ကြသည်။ ယခုအခါ ထိုချစ်ခင်မှုများကို မည်သည့်နေရာတွင် ရှာဖွေရမည်မှန်း မသိတော့ချေ။

သူသည် ရန်တင်းကိုကြည့်ကာ အံတင်းတင်းကြိတ်လိုက်၏။

သူက ...

"ရန်တင်း ... မင်းဟာ ငါတို့ သိုင်းသူရဲကောင်းငါးဦးထဲမှာ ဝါစဉ်အကြီးဆုံး ပုဂ္ဂိုလ်ပဲ"

"အဲဒါ ဘာဖြစ်သလဲ"

"ဝါစဉ်အကြီးဆုံး မိုက်လုံးအကြီးဆုံးဆိုတာ မင်းပဲ"

"ဟော့ကောင် ... မင်းပါးစပ်ကို ပိတ်ထားလိုက်စမ်း။ မင်းပါးစပ် မပိတ်ရင် မင်း အသက်ထွက်သွားမယ်၊ မင်းကိုယ်ထဲမှာ အဆိပ်



တွေ ဘယ်လောက်ပွားများနေတယ်ဆိုတာ ဟိုရီစင်လည်း သိတယ်၊ ငါလည်း သိတယ်၊ မင်းလည်း သိတယ်၊ မင်းပါးစပ် ပိတ်မထားရင် မင်းသေသွားမှာ အမှန်ပဲ"

"မပိတ်နိုင်ဘူး၊ သတ်ရင်လည်း သတ်၊ ငါကတော့ ပြောစရာရှိတာ ပြောရမှာပဲ ... ငါတို့ သိုင်းသူရဲကောင်းငါးဦးရှိတဲ့အနက် သုံးဦးဟာ မင်းကို ငါတို့တည်ထောင်ထားတဲ့ ရွှေမြို့တော်ကြီးကို ထိုးအပ်ပြီး ယုံယုံကြည်ကြည်နဲ့ ဘုရင်တင်မြှောက်ခဲ့တယ် မဟုတ်လား"

"ဟား ... ဟား ... တော်တော်ရယ်စရာကောင်းတဲ့ ကောင်တွေပဲ"

ရန်တင်းသည် ရယ်မောနေလေ၏။ သူက ရယ်မောပြီး ဆက်ပြောသည်။

"ဟုတ်ပြီ ... မင်းတို့ ငါ့ကို နန်းတင်ခဲ့တယ်၊ ငါက ဝါစဉ်အကြီးဆုံးမို့ နန်းတက်ခဲ့တယ်၊ ကဲ ... ဘာဖြစ်လို့ ငါ့ကို နန်းပြန်ချခဲ့သလဲ"

ဘုရင်ကျွမ်းလုံ့ချီ၌ ပြောစရာသက်သေ အသင့်ရှိသည်။

"ဘာဖြစ်လို့ နန်းချသလဲဆိုတာ ကျုပ်တို့က ပြောဖို့ လိုသေးသလား၊ ယစ်ထုပ်ကြီးဖြစ်နေတဲ့ ခင်ဗျားကို ကျုပ်တို့က နန်းမချလို့ ဒီအတိုင်း ထိုင်ကြည့်နေရမှာလား၊ ခင်ဗျားဟာ တစ်နေ့လုံး တစ်ညလုံး အရက်သောက်ဖို့ပဲ စဉ်းစားနေတာပဲ၊ ရွှေမြို့တော်ရဲ့ အကျိုးအတွက် ဘာစဉ်းစားခဲ့သလဲ"

"ဟား ... ဟား ... အဲဒါအချက်ပဲပေါ့၊ မင်းတို့ဟာ ငါ့ကို နန်းတင်ပြီး နန်းချတော့ နသားပါယား နန်းချကြတယ်၊ ငါက ရွှေမြို့တော်ကြီးအတွက် ဘာမှမလုပ်ထားဘူး ထားဦး။ ငါ့ကြောင့် ရွှေမြို့

www.burmeseclassic.com

www.burmeseclassic.com



တော်ကြီးဟာ ဘာမှပျက်စီးမသွားဘူး။ ငါ့ကို နန်းချဖို့ ကြံစည်တဲ့အထဲမှာ မင်းလည်းပါတယ် ... အဲဒါကို ဝန်ခံသလား"

"ဝန်ခံတယ်လေ၊ တစ်နေကုန် မူးရူးနေတဲ့ ခင်ဗျားကို ကျုပ်တို့ ဘုရင်အဖြစ် သတ်မှတ်မထားနိုင်တော့တာဘဲ"

"အေး ... ငါကလည်း အကြံဉာဏ်မဲ့တဲ့လူ မဟုတ်ဘူးကွ၊ ငါ့မှာ အကြံအစည်ရှိတယ်၊ အရက်ကြောင့် မင်းတို့ဟာ ငါ့ကို ဦးနှောက်ပျက်နေပြီလို့ ထင်နေတယ် မဟုတ်လား၊ အခု ငါ့ဦးနှောက် ဘယ်လောက်ကောင်းသေးသလဲဆိုတာ မင်းတို့တွေ့ပြီ မဟုတ်လား"

သူသည် လက်ကိုဝှေ့ယမ်းပြလိုက်၏။

"အခုဆိုရင် ငါ့လက်ချက်ကြောင့် ထောင်ထောင်ထောင်ထောင်လုပ်နေတဲ့ ကွမ်မူ့ သေပြီ၊ မူပင်ကျီလည်း သေပြီ၊ ငါ့ကို ဖြုတ်ချဖို့ သဘောတူတဲ့အထဲမှာ ပါတဲ့မင်းလည်း အဆိပ်မိနေပြီ၊ မင်းကို သတ်ချင်သလို သတ်လို့ ရနေပြီ"

သူသည် အဝေးသို့ကြည့်ရင်း အံကြိတ်၍ ပြောနေသည်။

"ငါ့ရဲ့ ထိန်းချုပ်မှုအောက်က လွတ်နေသေးတာ ရှုစီဝှေပဲ ရှိတော့တယ်၊ ဒါပေမဲ့ ခွေးတစ်ကောင်လို ထွက်ပြေးနေတဲ့ ရှုစီဝှေဟာ ငါ့ထောင်ချောက်ထဲမှာပဲ ပြန်မိမှာကွ"

သူသည် ကျယ်လောင်စွာ ရယ်ရင်း ဆက်ပြောသည်။

"ဟား ... ဟား ... အခု ငါ့အလုပ်ကို မင်းတို့သိပြီ မဟုတ်လား။ ငါ ဒီအလုပ်ကို ဘာဖြစ်လို့ လုပ်သလဲ၊ မင်းတို့ လေးယောက် ငါ့ကို နန်းပြန်ချတဲ့အတွက် ဒီအလုပ်ကို လုပ်တာကွ၊ ဟား ... ဟား ... ကွမ်မူ့တို့အုပ်စုကလည်း မင်းကို အထင်မှား၊ မင်းက ငါ့ကို လုပ်ကြံလိုက်ပြီလို့ထင်၊ ကွမ်မူ့တို့အုပ်စုကို မင်းကလည်း ရှင်းဖို့ ကြိုးစား။ အဲဒီလိုဖြစ်အောင် ငါလုပ်တာကွ ... ငါလုပ်တာ၊ အဲဒါ ငါ့ရဲ့ လက်စားချေတဲ့လုပ်ရပ်ပဲ ... ဟား ... ဟား"



ရန်တင်းသည် တစ်ကိုယ်လုံးလှုပ်၍ ရယ်မောနေလေ၏။ သူသည် ဟန်လုပ်ရယ်မောနေခြင်း မဟုတ်။ စိတ်ပါလက်ပါ ရယ်မောနေခြင်း ဖြစ်သည်။

ထို့နောက် ချက်ချင်း အရယ်ရပ်ပစ်လိုက်၏။

အလွန်ခက်ထန်သော အကြည့်ဖြင့် ကြည့်သည်။

သူ့မျက်နှာသည် ဖောင်းမို့အစ်ကြွနေသော်လည်း ခက်ထန်သောအကြည့်ဖြင့် ကြည့်သည်ကို လူတိုင်းသိသည်။

သူ့အကြည့်သည် မီးတောက်မီးလျှံများ ထနေသကဲ့သို့ ထင်မှတ်ရသည်။

ၵ ၈ ၵ

www.burmeseclassic.com

www.burmeseclassic.com



(၁၂)

သူသည် သူ့ရဲကောင်းလေးဦးအား တကယ်မုန်းတီးနေပေသည်။ ရန်တင်းက နှုတ်ခမ်းကို မပွင့်တပွင့် ပြောလိုက်သည်။

"မင်းကို တစ်ရက် အချိန်ပေးမယ်၊ မင်း အခုလို ဆူညံပူညံ လုပ်နေတာ ငါ အလိုမရှိဘူး။ မင်း သေသေချာချာ စဉ်းစားထား။ မင်းဟာ ငါတို့ရဲ့ ရုပ်သေးရုပ်တစ်ရုပ်အဖြစ်နဲ့ ငါတို့စိတ်ကြိုက် ငါတို့ ကြိုးဆွဲရာ အလိုက်သင့်ကမယ့် ရုပ်သေးရုပ်တစ်ရုပ်ပဲ မဟုတ်လား၊ ငါတို့ကို ဆန့်ကျင်ပြီး အာခံတဲ့လူတစ်ယောက် လုပ်မလား။ အဲဒါကို မင်း စဉ်းစားပါ ... စဉ်းစားဖို့ အချိန်တစ်ရက်ပေးမယ်"

သူတို့သည် ခက်ထန်စွာ အသံဖြင့် ပြောသည်။

"မင်း ငါတို့ကို အာခံရင် မင်းသေပြီသာ မှတ်ပေတော့၊ ငါတို့ မင်းကို သတ်ပစ်မယ်"

ထို့နောက် ရန်တင်းသည် မှတ်ဆိတ်ရှည်ဟိုရီစင်ကို မျက်ရိပ်ပြ၍ ခေါ်ယူကာ သူတို့သည် နန်းတော်ထဲမှ ထွက်ခွာသွားကြလေတော့၏။ ဘုရင်ကျွမ်းလုံ့ရှိုကို တစ်ယောက်တည်း ထားရစ်ခဲ့ချေပြီ။

ဘုရင်ကျွမ်းလုံ့ရှိုသည် ခေါင်းငိုက်စိုက်ကျနေသည်။ သူသည် အလွန်ယူကျုံးမရ ဖြစ်နေသည်။ သူ၏ ပါးပြင်ပေါ်သို့ မျက်ရည်စက်များ စီးကျနေ၏။ နန်းတော်တွင်း၌ မည်သူမျှ ရှိမနေပေ။ အလွန်တရာ စိတ်ဓာတ်ပြင်းထန်သော နန်းတွင်းသားအချို့မှာ တောင်ပေါ်



မြားနက်ဝိုက်ဏ်းသားများ၏ ဖမ်းဆီးနှိပ်ကွပ်မှုကို ခံနေရပြီဖြစ်သဖြင့် နန်းတွင်း၌ ရန်တင်းနှင့် မှတ်ဆိတ်ရှည် ဟိုရီစင်ကို အာခံရဲသူ တစ်ယောက်မျှ မရှိတော့ပေ။

အကြီးဆုံးသော သူသည်ပင် သူတို့၏အဆိပ်ဆေးကို မိထားပြီး သူတို့စိတ်ကြိုက် ရုပ်သေးရုပ်တစ်ရုပ် ဖြစ်နေရာ အောက်မှ လူများကား အဘယ်ဆိုဖွယ်ရာ ရှိအံ့တော့နည်း။

ထိုအချိန်တွင် ပလ္လင်ကြီးအောက်မှ လျှို့ဝှက်တံခါးတစ်ချပ် ပွင့်လာလေသည်။ လူတစ်ယောက်သည် ဟိုကြည့်သည်ကြည့် လုပ်နေသည်။ ထို့နောက် မည်သည့်အစောင့်မျှ မတွေ့ရသောအခါ အပေါ်သို့ တက်လာတော့သည်။ သူသည် ခေါင်းငိုက်စိုက်ကျနေသော ကျွမ်းလုံ့ရှိုထံသို့ လျှောက်သွားလေသည်။

ထိုသူကား စူစီဝေ့ပင်တည်း။

စူစီဝေ့သည် နန်းတော်အောက် လျှို့ဝှက်ပေါက်မှ ဝင်လာခြင်းဖြစ်သည်။ နန်းတော်ကြီးတည်ဆောက်စဉ်က ကွမ်မူသည် လျှို့ဝှက်ဥမင်လမ်းတစ်ခုကိုထည့်ရန် စီစဉ်ခဲ့သည်။ ထိုဥမင်လမ်းကို ကွမ်မူနှင့်စူစီဝေ့တို့နှစ်ယောက်သာ သိရှိသည်။

စူစီဝေ့သည် ထိုဥမင်လမ်းမှ တက်လာသော ရန်တင်း၊ မှတ်ဆိတ်ရှည်ဟိုရီစင်နှင့် ကျွမ်းလုံ့ရှိုတို့ပြောသည့်စကားကို နားထောင်နေခြင်း ဖြစ်သည်။ ရန်တင်းပြောသမျှ အကုန်အစင်ကြားခဲ့ပြီးဖြစ်ရကား အဖြစ်အပျက်အခြေအနေအားလုံးကို ရှင်းရှင်းလင်းလင်း သဘောပေါက်သွားခဲ့ပြီ ဖြစ်လေသည်။

ခြေသံကြားသောအခါ ဘုရင်ကျွမ်းလုံ့ရှိုသည် လှည့်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်လေသည်။ စူစီဝေ့ကို တွေ့မြင်ရသောအခါ သူသည် အလွန်အံ့အားသင့်သွားလေသည်။ သူတို့သည် အလွန်ချစ်ခင်သော ညီနောင်များလည်း ဖြစ်ဖူးသည်။ အလွန်မုန်းတီးသော ရန်သူများလည်း ဖြစ်ဖူးသည်။ ကျွမ်းလုံရှီမှာ လက်ညှိုးထိုးလျက် စကားမပြောနိုင်ဘဲ ဖြစ်နေသည်။

"မင်း ... မင်း ..."

သူ့အသံက တိုးညင်းလှသည်။ စူစီဝေ့သည် အသံမထွက်ချေ။ ခြေဟန်လက်ဟန်များကို လှုပ်ရှားပြလေသည်။ သူတို့ သိုင်းညီနောင်ငါးဦးသာနားလည်သည့် သင်္ကေတအချက်ပြနည်းနှင့် ပြသခြင်းဖြစ်သည်။ ကျွမ်းလုံရှီက ခေါင်းညိတ်သည်။ ထို့နောက် သူကလည်း လက်ချောင်းများကို ပြန်လည်လှုပ်ရှားပြတော့သည်။ သူတို့နှစ်ဦးချင်းနားလည်နိုင်သည့် အသံတိတ် အချက်ပြဆက်သွယ်နည်းနှင့် စကားပြောနေကြတော့သည်။ စူစီဝေ့က ...

"အစ်ကိုကြီး ကျွမ်းလုံရှီ ... အခု ခင်ဗျား ဒုက္ခရောက်နေပြီ မဟုတ်လား"

"ဟုတ်ပါတယ်ကွာ ... ငါ အခု ဒုက္ခရောက်နေပါပြီ"

"ကျွန်တော်တို့အုပ်စုကို ခင်ဗျားရန်လိုတဲ့အကြောင်းကို ကျုပ်မပြောလိုတော့ဘူး။ အခု ခင်ဗျားဒုက္ခရောက်ပုံကိုကြည့်ပြီး သံဝေဂယူပါလို့ ကျုပ်ပြောချင်တယ်"

"အေးမါ်း.. ငါလည်း သံဝေဂရနေပါပြီ၊ သေခြင်းရဲ့ အစွန်းတစ်ဖက်ကို ရောက်နေကာမှ သံဝေဂ မယူနိုင်ရင်လည်း ငါ့လောက်မိုက်တဲ့လူ ရှိပါဦးမလား၊ အခု ရွှေမြို့တော်ကို ရန်တင်းနဲ့ဟိုရီစင်တို့က



သိမ်းပိုက်သွားပြီ ... ဒါကို မင်း သိသလား"

"သိပါတယ်၊ သိလို့ ကျုပ် ခိုးကြောင်ခိုးဝှက် လာရတာပေါ့၊ ခင်ဗျား ရုပ်သေးရုပ် ဖြစ်နေတယ်ဆိုတာတော့ ကျုပ် ခုမှသိရတာပါ"

"အေး ... ငါဟာ သူတို့ရဲ့ ရုပ်သေးရုပ်ပါပဲ၊ ဒါပေမဲ့ ငါဟာ သူရဲကောင်းတစ်ယောက်ပါ၊ အသက်ကို စွန့်လွှတ်ဝံ့ပါတယ်၊ ငါ့အသက် သေချင်သေပါစေ၊ ငါဟာ ရန်တင်းနဲ့ ဟိုရီစင်တို့ကို ဆန့်ကျင်ပါတော့မယ်၊ ဒါပေမဲ့ ငါဟာ ဒီမှာတစ်ယောက်တည်း ဖြစ်နေတယ်၊ သူတို့ကို ငါ တစ်ယောက်တည်း ဘယ်လိုမှ ဆန့်ကျင်လို့ မရဘူး ဖြစ်နေတယ်၊ နောက်ပြီး ငါဟာ အဆိပ်မိနေတယ်"

"ခင်ဗျား ဘယ်လိုလုပ်ချင်သလဲ"

"ငါဟာ မင်းတို့အဖွဲ့နဲ့ ပူးပေါင်းပါတော့မယ်၊ ငါ့အနေနဲ့ သူတို့ရဲ့ အကြံအစည်ကို ဘယ်လိုနည်းနဲ့ဖျက်ရဖျက်ရ ဖျက်မယ်လို့ သန္နိဋ္ဌာန်ချလိုက်ပါပြီ"

"ဒီလိုဆိုရင် ခင်ဗျား ကျုပ်နဲ့လိုက်ခဲ့ပေတော့"

"လိုက်ခဲ့ပါ့မယ်ကွာ၊ ငါဟာ ရွှေမြို့တော်သူ ရွှေမြို့တော်သားတွေအတွက် ငါ့အသက်ကို စွန့်လွှတ်ပါ့မယ်၊ ဒီရွှေမြို့တော်ဟာ ဟိုရီစင်ရဲ့ လက်ထဲရောက်သွားရင် မြို့တော်သူ မြို့တော်သားတွေဟာ အကျဉ်းသားတွေဖြစ်ပြီး ရွှေထုတ်လုပ်တဲ့ အလုပ်သမားတွေ ဖြစ်သွားလိမ့်မယ်၊ သူတို့ကတော့ ဒီရွှေတွေကိုသယ်ပြီး မြေပြန့်တစ်မြို့မြို့ကို ပို့လိမ့်မယ်၊ ငါ ဒီလိုအဖြစ်မခံနိုင်ပါဘူး။ ငါ မင်းနဲ့ လိုက်ပါရစေ"

"ကောင်းပြီ ... ကျုပ်ခေါ်သွားမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဤသည်မှာ သူတို့နှစ်ဦး အချက်ပြသင်္ကေတဖြင့် စကားပြောကြခြင်း ဖြစ်သည်။ စူစီဝေသည် ဝမ်းသာဝမ်းနည်းဖြစ်လျက် ကျွမ်းလုံချို၏လက်ကို ဆွဲခေါ်သွားသည်။ ပလ္လင်လှိုဏ်ဝင်ပေါက်သို့ ဝင်သည်။ ထို့နောက် နန်းတော်အောက်တွင် ဖောက်လုပ်ထားသော ဥမင်လမ်းပေါက်မှ ထွက်ခွာသွားလေတော့၏။

မကြာမီ ကျွမ်းလုံချို မကြာမီကရပ်နေသော နေရာသို့ ရန်တင်းနှင့် ဟိုရိုစင်တို့ ရောက်လာကြလေ၏။

"ကျွမ်းလုံချို ဘယ်ရောက်သွားပြီလဲ"

ရန်တင်းက မေးသည်။

"မသိဘူးလေ၊ ဒီလူ မြေလျှိုးသွားတာတော့ မဖြစ်နိုင်ဘူး"

"အေး ... ဟုတ်တယ်၊ ဘယ်လိုပဲဖြစ်ဖြစ် ဒီကောင် ပျောက်သွားတာတော့ အမှန်ပဲ၊ ကိစ္စမရှိဘူး ... အဆိပ်ဖြေဆေး မရရင် ဒီကောင် သေမှာပဲ၊ ဒီကောင်ထွက်ပြေးသွားတာ စူစီဝေတို့ရဲ့ပယောဂ ပါလိမ့်မယ်"

"စူစီဝေတို့ကိုလည်း ကျုပ်တို့ စိုးရိမ်စရာ မရှိလှပါဘူး"

"အေး ... ဟုတ်တယ်၊ စိုးရိမ်စရာ မရှိပါဘူး။ ကဲ ... ခု တစ်ရက်နှစ်ရက်အတွင်းမှာ မင်း ဘုရင်အဖြစ် ကြေညာပြီး နန်းတက်ရမယ်၊ နန်းတွင်းအသိုက်အဝန်းနဲ့ စီစဉ်ပေတော့"

မုတ်ဆိတ်ရှည် ဟိုရိုစင်၏မျက်နှာသည် ဝင်းထိန်သွားလေသည်။ သူ ဘုရင်ဖြစ်ရတော့မည် မဟုတ်ပါလား။

ဢ ၏ ၷ



## (၁၃၀)

## သရဖူဆောင်းသူ

မြို့သူမြို့သားများသည် ကြိတ်ကြိတ် ကြိတ်ကြိတ်နှင့် တီးတိုးပြောကြားလျက် ရှိကြလေသည်။ သူတို့သည် မကျေမနပ် ဖြစ်နေကြသည်။

သူတို့ မကျေမနပ်ဖြစ်နေခြင်းမှာ ရွှေနန်းတော်ကြီးနှင့် ပတ်သက်လေ၏။ မြို့သူမြို့သားများ စကားဆယ်ခွန်းပြောရာတွင် ဆယ်ခွန်းစလုံး ရွှေနန်းတော်ကြီးနှင့် သက်ဆိုင်သည်။

သူတို့သည် ရွှေမြို့တော်ကြီးကို အုပ်ချုပ်မည့် ဘုရင်သစ်အကြောင်း မကျေမနပ် ပြောဆိုနေကြခြင်း ဖြစ်သည်။

မြို့သူမြို့သားအားလုံးမှာ ရန်တင်း၊ ကျွမ်းလုံချို၊ မူပင်ကျို၊ ကွမ်မူနှင့် စူစီဝေတို့၏ ဆွေမျိုးသားချင်း အဆက်အနွယ်များသာ ဖြစ်၏။ သူတို့သည် ထိုငါးဦးထဲမှ တစ်ယောက်ယောက် ဘုရင်အဖြစ် ဆက်ခံလျှင် ငြင်းပယ်ရန် အကြောင်းမရှိကြချေ။ ယခု ဘုရင်အဖြစ် တက်လာသူကို လုံးဝမလိုလား မနှစ်သက်ချေ။

ဘုရင်သစ်ဖြစ်သော မုတ်ဆိတ်ရှည်ဟိုရိုစင်မှာ သူရဲကောင်းငါးယောက်ထဲမှ မဟုတ်သည့်အပြင် ရွှေမြို့တော်သားလည်း မဟုတ်ချေ။ အစဉ်အလာ မရှိသူ၊ အပြင်လူတစ်ယောက်သာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေမြို့တော်အတွင်းဝယ် လူများ ဟိုတစ်စုသည်တစ်ခု ရှိနေကြသည်။ ရှိနေကြသည့်လူများသည်လည်း ဘုရင်သစ်အကြောင်းသာ တီးတိုးပြောနေခြင်းဖြစ်သည်။

ထို့ပြင် နန်းတော်၌ မြင်နေကျမဟုတ်သော မျက်နှာသစ်များကို မြို့တော်သူ မြို့တော်သားတို့ မြင်နေကြရသည်။ ဤအတွက်လည်း ဘဝင်မကျကြချေ။

နန်းတော်ကား အပြင်၌ ဘာဖြစ်နေသည်ကို မသိချေ။ အောင်ပွဲသာ ခံနေကြသည်။ သိလည်း ဂရုစိုက်မည် မဟုတ်ချေ။ သူတို့သည် နန်းတွင်းသားတချို့တစ်ဝက်ကို စည်းရုံးမိပြီး ထိုလူများနှင့် တောင်ပေါ်မြားနက်ဂိုဏ်းသားအချို့ကို စုစည်းပြီး နန်းတွင်း ကိုယ်ရံတော်တပ်ဖွဲ့ကို ဖွဲ့စည်းထားသည်။

ထို့ကြောင့် မြို့သူမြို့သားများ ဆူလျှင်လည်း အရေးယူမည့် အဖွဲ့အစည်းတစ်ခုကို သူတို့ ပိုင်ဆိုင်ထားကြပြီ ဖြစ်သည်။

သစ္စာရှိနန်းတွင်းသားများကား အဖမ်းခံထားရသည်။ သူတို့သည် မြို့တော်သူမြို့တော်သားများနှင့် တစ်သားတည်း ရှိသူများ ဖြစ်ကြ၏။

နန်းရင်ပြင်တွင် မြားနက်ဂိုဏ်းသားများသာ ပြည့်နေသည်။ ရန်တင်းကလည်း အရက်အိုးကြီးကိုဖက်လျက် မူးနေချေပြီ။ နန်းရင်ပြင်တစ်ခုလုံး အရက်ချောင်းစီးနေသည်။ အစားအသောက်များလည်း အလျှံပယ် ဖြစ်နေသည်။ အားလုံးမူးမူးရူးရူး ဖြစ်နေကြသည်။ ရုပ်သေးရုပ်များလို ကြိုးဆွဲနေရသည်။ သေတ္တာမှောက်ဆရာကြီးကိုယ်တိုင် အမူးသမားကြီးဖြစ်နေပြီ မဟုတ်လား။



သူသည် လေးတိလေးကန် အာလုတ်သံကြီးဖြင့် ပြောသည်။

"အားလုံး သောက်ကြစမ်း ... မူးအောင် သောက်ကြစမ်း။ ငါတို့ ဒီမြို့တော်မှာ ဘယ်သူမှ သောက်ဂရုစိုက်စရာ မလိုတော့ဘူး"

"မှန်တယ် ... မှန်တယ်၊ သောက်ကြ ... သောက်ကြ"

"ဘာဖြစ်လို့ မမှန်ရမှာလဲ၊ ဒါဟာ ငါ့အောင်ပွဲပဲ၊ ငါ အနှစ်နှစ်အလလက မုန်းတီးပြီး ကြံဆောင်ထားခဲ့ရတဲ့ ငါ့အောင်ပွဲ၊ ဘုရင်ဟောင်းရဲ့အောင်ပွဲ၊ ရွှေမြို့တော်ကို အောင်တဲ့ပွဲကွ၊ ငါ့အပေါ် သစ္စာမဲ့ခဲ့တဲ့ သိုင်းသူရဲကောင်းတွေကို ရှင်းလင်းသုတ်သင်တဲ့အောင်ပွဲကွ၊ အခု စူစီဝေ့ဆိုတဲ့အကောင် တစ်ကောင်ပဲ လွတ်နေတယ်၊ ဒီကောင်တစ်ကောင်တည်းနဲ့လည်း ဘာမှလုပ်လို့ မရပါဘူး၊ အခု ငါ အောင်ပွဲဆင်နေပြီ၊ ငါလိုချင်တဲ့ စစ်ကဲကို ငါ ဘုရင်အဖြစ် တင်နိုင်ပြီ၊ ကဲ ... သောက်ကြစမ်း ... စိတ်ရှိလက်ရှိ သောက်ကြ"

ရန်တင်းသည် အော်ဟစ်ရယ်မောရင်း ပြောဆိုနေသည်။ အရက်ထည့်သော အသံများ၊ ခွက်ချင်းထိခတ်သော အသံများ၊ အရက်သောက်သံများ၊ အရက်ခွက် ကျကွဲသံများ၊ အချင်းချင်းစကားသံများ ဆူညံနေသည်။

ရန်တင်းက မူးသံကြီးဖြင့် ...

"အခု အချိန်ကစပြီး မြို့တော်သူ မြို့တော်သားအပေါင်းတို့လည်း လွတ်လွတ်လပ်လပ် နေနိုင်တယ်၊ ငါတို့ နန်းတော်သူ နန်းတော်သားတွေလည်း စိတ်ကြိုက်သောက်စားနိုင်တယ် ... မဟုတ်ဘူးလား ဘုရင်ဟိုရီစင်"

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မုတ်ဆိတ်ဖြူပုံရိုစင်သည် ပလ္လင်ထက်မှ ခေါင်းညိတ်လိုက်၏။

“ဒါပေါ့ ... မှန်တာပေါ့”

သူသည် မျက်လုံးထဲ၌ ရွှေပုံကြီးများသာ မြင်ယောင်နေသည်။ သူသည် ဤစခန်းထဲမှ ရွှေများကို ထုတ်လုပ်လျက် မြေပြန့်မြို့တစ်မြို့ရှိ လုံခြုံရာသို့ ပို့ဆောင်ရန်သာ စိတ်ကူးလျက်ရှိသည်။ သူသည် မကြာမီ အလွန်အလွန် ချမ်းသာကြွယ်ဝသူ တစ်ယောက် ဖြစ်ရပေတော့မည်။ သူ့အထက်၌ ရန်တင်းရှိနေသော်လည်း ရန်တင်းကို အရက် အဆက်မပြတ်ပေးထားပါက ထိုအရက်အိုးများထဲ၌ ခေါင်းနစ်နေအောင် ရန်တင်း သောက်နေမည်သာ ဖြစ်သည်။

ထိုစဉ် ခြေသံတစ်သံကို ကြားလိုက်ရလေ၏။

‘ဒုန်း ... ဒုန်း ... ဒုန်း’

သိုင်းသမားများသည် မိမိ၏ခြေသံကို သူများမကြားရအောင် ခြေဖော့နင်းလာတတ်ကြသည်။ ယခုခြေသံကား မိမိခြေသံကို သူတစ်ပါးမကြားကြားအောင် နင်းလာသည့် ခြေသံဖြစ်လေ၏။

ရန်တင်းသည် မူးမူးရူးရူးဖြင့် လှမ်းကြည့်လိုက်၏။

မုတ်ဆိတ်ရှည် ပုံရိုစင်လည်း ထိုခြေသံရှင်ကို လှမ်းကြည့်သည်။

အခန်းထဲသို့ အလွန်ထွားကျိုင်းသန်မာလှသော လူကြီး တစ်ယောက် တစ်လှမ်းချင်း လျှောက်ဝင်လာသည်။ သူ၏ ခန္ဓာကိုယ်ပေါ်၌ လက်နက်မျိုးစုံ ချိတ်ဆွဲထားသည်။ သူ၏ ကြွက်သားများ ဖုထစ်နေသော လက်မောင်းကြီးနှစ်ခုသည် ဘေးသို့ ကားထွက်နေလေ၏။



သူ၏လက်ထဲတွင် အလွန်ကြီးမားလှသော လေးကြီး တစ်ချောင်းကို ကိုင်ထားသည်။

ထူးဆန်းသည်မှာ သူသည် လေးညှို့တင်ထားခြင်း ဖြစ်သည်။ လေးညှို့ပေါ်၌ မြားကိုးစင်း ရှိနေလေ၏။ တစ်ကြိမ် ပစ်လျှင် မြားကိုးစင်းထွက်မည့် သဘော။

သူသည် လေးကြိုးကို တင်းနေအောင်ဆွဲပြီး မြားနက်ကိုးတံသားများနှင့် ဘုရင်ဟောင်းရန်တင်းထံသို့ ချိန်ရွယ်ထားလေသည်။

မည်သူနည်း။

ထွားကျိုင်း၍ ဖုထစ်ကြွရွနေသော ခန္ဓာကိုယ်ရှိသည်ဟု ပြောလိုက်သည်နှင့် သူ မည်သူဖြစ်မည်ကို သိရှိပြီးဖြစ်ပါလိမ့်မည်။

ထိုသူကား ...

နန်းတွင်းအုပ်စု၏ သိုင်းအကြီးအမှူး၊ ဘုရင်ကျွမ်းလုံရှီ၏ သစ္စာတော်ခံ ‘ချန်ခြူး’ ပေတည်း။

အားလုံးကပင် ချန်ခြူးကို မေ့လျော့နေကြ၏။

ယခု ... ချန်ခြူးတွင် မြားတံကိုးချောင်းတပ်လေးကြီးကို ချိန်ရွယ်လျက် ချန်ခြူး ပေါ်ထွက်လာပေပြီ။

“အားလုံး သေကြစမ်း”

ချန်ခြူးသည် ကျယ်လောင်စွာ အော်ဟစ်လိုက်၏။ သူသည် လေးညှို့ကို ပစ်လွှတ်လိုက်သည်။

၈၈ ❧ ၈၈

www.burmeseclassic.com

www.burmeseclassic.com



(၁၃၁)

'ဒိုး ...'

"ဟား ... ဟား ... ဟား"

"အမယ်လေး"

"အွး ..."

"အား ..."

ငရဲပွက်သံကဲ့သို့ သောမင်းဝင်သည့်အသံများ ဆူညံသွားသည်။

မုတ်ဆိတ်ရှည်ဟိုရီစင်သည် ပလွှင်ပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်ပြီး ရန်တင်းရှေ့သို့ ရောက်ရှိလာလေ၏။ သူသည် ရန်တင်းအား အကာအကွယ်ပေးရန် ရောက်ရှိလာခြင်းဖြစ်သည်။

သို့သော် သူ အနည်းငယ် နောက်ကျသွား၏။ မြှားတံသည် ရန်တင်းထံသို့ ပြေးဝင်သွားလေပြီ။

ထိုစဉ် ... အလွန်ထူးဆန်းသောအဖြစ်ကို မြင်ရလေ၏။

ရန်တင်းသည် အမူးလွန်နေရာမှ သူ့ဆီပြေးလာသော မြှားတံကို ရုတ်တရက် ဖမ်းယူလိုက်သည်။

ထို့နောက် မုတ်ဆိတ်ရှည် ဟိုရီစင်ကို ရယ်ပြလေ၏။

"မင်းဟာ ငါ့အသက်ကို ကာကွယ်ဖို့ ပြေးဆင်းလာတာကို ငါသိတယ်၊ မင်းရဲ့သစ္စာရှိမှုဟာ မင်းအတွက် အမှတ်တစ်မှတ်တိုးသွား



တာပဲ၊ ငါ့အတွက်တော့ မင်း မစိုးရိမ်ပါနဲ့၊ ငါဟာ အရက်ကို အသေအလဲစွဲလမ်းတာ မှန်ပေမယ့် ငါ့ရဲ့သိုင်းပညာ မဆုတ်ယုတ်အောင်တော့ အမြဲတမ်း လေ့ကျင့်နေခဲ့တယ်"

သူသည် မြှားတံကို မြှောက်ပြလိုက်၏။

"တွေ့လား ... ဒီလိုမြှားတံမျိုး တစ်ချောင်းတည်း မဟုတ်ဘူး။ ဆယ်ချောင်းကို ငါဖမ်းနိုင်တယ်"

သူသည် မြှားတံကို လက်မနှင့် လက်ညှိုးကြားတွင် ညှပ်ကာ ဂျွတ်ခနဲ ချိုးပြလိုက်တော့သည်။

တောင်ပေါ်မြှားနက်ဂိုဏ်းသားများသည် ချန်ခြူး၏မြှားဒဏ်အောက်၌ အလူးအလဲခံနေရတော့၏။ သူတို့၏သိုင်းပညာများလည်း သူတို့အား မကယ်တင်နိုင်ကြချေ။ တဖြုတ်ဖြုတ် ဇီဝိန်ချွေနေကြလေ၏။ သူတို့အားလုံး အောင်ပွဲခံပွဲတွင် အပျော်ကြူးနေကြခြင်းကြောင့် လက်နက်များ ကင်းကွာကာ ချန်ခြူးလုပ်သမျှ လည်စင်းခံနေကြရခြင်း ဖြစ်သည်။

မြှားနက်ဂိုဏ်းသားများ သေပွဲဝင်နေကြခြင်းကို ရန်တင်းမြင်သည်။ ရန်တင်းကား ...

"ဟိုရီစင်ရေ ... မြှားနက်ဂိုဏ်းသားတွေအတွက်တော့ ငါ့မှာတာဝန်ရှိနေတယ်ကွ၊ ဒီမြှားနက်ဂိုဏ်းသားတွေဟာ အသက်စွန့်ပြီး စူစီဝေ့တို့ကို တိုက်ခိုက်ပေးထားတာကွ၊ သူတို့ ငါ့ရှေ့မှာ ဒီလိုသေနေတာတော့ ငါတို့ကြည့်လို့မကောင်းဘူး၊ ဂိုဏ်းချုပ်ရွှန်ရွှန်ကျိုကိုလည်း မျက်နှာပျက်စရာဖြစ်နေမယ်၊ မင်းတို့ ချန်ခြူးကို ဝင်ရှင်းမှဖြစ်တော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ချန်ခြူးဟာ သိုင်းပညာစုံတတ်တယ်ကွ။ ဒါကြောင့် သူ့ကို တော်ရုံတန်ရုံထိပ်သီးသိုင်းသမားတွေ မနိုင်နိုင်ဘူး။ အဲဒါကို မင်း သတိထားဖို့လိုတယ်၊ ဒါကြောင့် သူ့ကို မင်းကိုယ်တိုင်ရှင်းပစ်မှဖြစ်မယ်"

မုတ်ဆိတ်ရှည်ဟိုရီစင်က ...

"ကောင်းပါပြီ ... ကျုပ်ကိုယ်တိုင် ရှင်းလိုက်ပါ့မယ်"

သူသည် ဝန်ခံလိုက်ပြီးနောက် ချန်ခြူးထံသို့ တိုးဝင်သွား၏။ သူ၏ခန္ဓာကိုယ်သည် လေပွေတစ်ခုပမာ လှည့်ပတ်ဝှေ့ယမ်းသွားသည်။ ဝူးခနဲ ထွက်သွားသည်။ ဤအုပ်စုထဲတွင် ဟိုရီစင်တစ်ယောက်သာ ချယ်ရီပွင့်ဒေသ သိုင်းပဒေသာ ကျမ်းကို တတ်မြောက်သူ ဖြစ်သည်။ သူသည် ထိုသိုင်းပဒေသာကျမ်းမှ အဝါရောင် သိုင်းပညာကို အသုံးပြုလိုက်ခြင်းဖြစ်သည်။

ချန်ခြူးကလည်း သူ့ထံသို့ လေပွေကြီးတစ်ခု ဝင်လာသည်ကို တွေ့လိုက်သည်။ ထိုလေပွေသည် သာမန်လေပွေမဟုတ်။ သိုင်းပညာရှင်တစ်ယောက် လေပွေမွှေ့သကဲ့သို့ ဝင်လာခြင်းဖြစ်သည်ကို သူသိသည်။ ထို့ကြောင့် ထိုလေပွေထဲသို့ မြားကိုးစင်းစလုံးကို ပစ်ထည့်လိုက်၏။

'ထန်း ... တလန်း ... လန်း'

'ထန်း ... ထန်း'

'ဒလန်း ... ထန်း'

မြားတံများသည် ပစ်မှတ်ကို ထိမှန်သော်လည်း စိုက်ဝင်ခြင်း မရှိချေ။ မြားတံများသည် လွင့်စဉ်လာသည်။



လေပွေဝဲကိုထိသည်နှင့် ပြန်ကန်ထွက်လာသည့် မြားတံများသည် အရပ်လေးမျက်နှာသို့ ပြန်ထွက်သည်မဟုတ်။ ချန်ခြူးထံသို့ ပြန်ထွက်ခြင်းဖြစ်သဖြင့် ချန်ခြူးသည် သူ၏လေးကြီးဖြင့် ကမန်းကတန်း ရိုက်ချနေရတော့၏။

ထိုအချိန်တွင် လေပွေကြီး ရပ်ဆိုင်းသွားပြီး မုတ်ဆိတ်ရှည် ဟိုရီစင်၏ ရုပ်သဏ္ဍာန်သည် ထင်ရှားပေါ်လွင်လာ၏။

ဟိုရီစင်သည် ချန်ခြူးထံသို့ တဝိုးဝိုး တဝှစ်ဝှစ်နှင့် မည်သည့် အရာများကို ပစ်မှန်းမသိ လှမ်းပစ်နေလေ၏။

'ဝိုး ... ဝိုး ... ဝိုး'

'ဝှစ် ... ဝှစ် ... ဝှစ်'

ချန်ခြူးမှာ သူ၏လေးကြီးဖြင့် စက်ဝိုင်းပမာ လှည့်ပတ်ရိုက်ချနေရလေ၏။

'ဖြန်း ... ဖြန်း ... ဖြန်း'

ဟိုရီစင်ပစ်နေသည့်အရာများကို မကြာမီ သိခွင့်ရလာတော့သည်။ သူ ပစ်နေသည့် အရာများမှာ မြွေနီကလေးများပင်တည်း။

မြွေနီများသည် ချန်ခြူး၏လေးကြီးကို ရစ်ပတ်နေကြသဖြင့် ချန်ခြူးသည် လေးကြီးကို ပစ်ချလိုက်ရတော့သည်။ သူ၏ခန္ဓာကိုယ်တွင် အခြားသောလက်နက်များကို ချိတ်ဆွဲထားရာ သူသည် ရဲတင်းနှင့် ဓားကောက်ကြီးကို ဖြုတ်ယူ၍ ရှေ့သို့ ချိန်ရွယ်လိုက်၏။

"လာလေ ... ကျုပ်တို့ချင်း ယှဉ်ကြရအောင်"

'ဝိုး ... ဝိုး ... ဝိုး'

ချန်ခြူးသည် ဝှေ့ယမ်းပြီး ရှေ့သို့တိုးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ချန်ခြူးသည် တဝိုးဝိုး တဝုစ်ဝုစ်ဖြင့် ဟိုရီစင်အား ခုတ်ထစ်လေ၏။ ဟိုရီစင်မှာ ချန်ခြူး၏တိုက်ကွက်များအား လွယ်ကူစွာ ရှောင်တိမ်းနိုင်လေ၏။

နန်းရင်ပြင်ပေါ်မှ မြားနက်ဂိုဏ်းသားများ၊ ရန်တင်း၏နန်းတွင်းသားများသည် ထိုတိုက်ပွဲကို ဝိုင်း၍ကြည့်ရှုနေကြသည်။ သူတို့အတွက် ဤတိုက်ပွဲသည် ကြီးကျယ်သောတိုက်ပွဲဖြစ်ပေသည်။ ဘုရင်သစ်နှင့် သစ္စာရှိ ချန်ခြူးတို့၏တိုက်ပွဲသည် အဘယ်မှာလျှင် သာမန်တိုက်ကွက်များနှင့် တိုက်ခိုက်ပါမည်နည်း။

သို့သော် အခြေအနေအရ ဟိုရီစင်က အသာစီးရနေသည်။ အဘယ်ကြောင့်ဆိုသော် ချန်ခြူးက သေလုမြောပါးတိုက်ခိုက်နေရသော်လည်း ဟိုရီစင်က ခပ်အေးအေးပင် တိမ်းရှောင်နေခဲ့သောကြောင့် ဖြစ်သည်။

'ဝုန်း'

ချန်ခြူး၏ခန္ဓာကိုယ်သည် လွင့်ထွက်သွား၏။ သို့သော် လက်နက်များကတော့ လွတ်မကျသွားပေ။ သူသည် ချက်ချင်းလိုလိုပင် ပြန်ထလာ၏။ သို့သော် ... သူ့ခန္ဓာကိုယ်၌ ဆစ်ခနဲ ဆစ်ခနဲ ဖြစ်နေသည်။ အကြောင်းမှာ သူ ရိုက်ချသော်လည်း မြွေနီသုံးကောင်သည် သူ့ခန္ဓာကိုယ်ဆီသို့ ရောက်သွားပြီး ကိုက်ခဲသောကြောင့် ဖြစ်ပေသည်။

ချန်ခြူး သိသည်။ မြွေနီများ၏ အဆိပ်အစွမ်း ပြပြီကို ချန်ခြူးသိပေသည်။ ချန်ခြူးသည် လက်နက်နှစ်ခုကို ဝှေ့ယမ်းလျက် ဟိုရီစင်ထံသို့ ပြန်ဝင်ပြန်၏။



ဟိုရီစင်သည် ချန်ခြူးထံသို့ ရိပ်ခနဲ ခုန်ဝင်လာ၏။ ချန်ခြူးကလည်း အလွတ်မပေးပေ။

'ဝိုး ... ဝိုး'

ရဲဒင်းနှင့် ဓားကောက်ကို အသုံးပြုရန် တိုက်ခိုက်လိုက်သည်။ သို့သော် ဟိုရီစင် ရှောင်တိမ်းသွား၏။ ချန်ခြူး၏တိုက်ကွက်သည် လွတ်ထွက်သွား၏။ ဟိုရီစင်က လွတ်သွားသည့် ချန်ခြူး၏တံတောင်နှစ်ဖက်ကို သံမဏိကဲ့သို့ မာကျောနေသော သူ၏လက်ချောင်းကလေးများဖြင့် တောက်ထုတ်လိုက်၏။ ချန်ခြူး၏လက်နက်များကို ဆုပ်ကိုင်ထားသည့်လက်များမှာ ပြေလျော့ကျသွားလေ၏။

'ထန်း ... ခြွမ်း'

ချန်ခြူးခမျာ လက်မောင်းများ၌အကြောပိတ်မရှိသလို ပျော့ခွေသွားသည်။ သူ့ခန္ဓာကိုယ်ကို ကိုက်ခဲလိုက်သည့် မြွေနီများ၏ အဆိပ်များကလည်း ပျံ့နှံ့လာခဲ့ချေပြီ။

ထိုအချိန်၌ ရန်တင်းသည် လျှပ်ပြက်သည့်ပမာ ချန်ခြူးရှေ့သို့ ရိပ်ခနဲကျရောက်ပြီး လက်ကိုလှုပ်ရှားလိုက်သည်။ ရန်တင်း၏လက်ထဲ၌ ဓားတစ်ချောင်း ပါသွားသည်ကို ရိပ်ခနဲ တွေ့လိုက်ရ၏။

"အင့် ..."

ချန်ခြူးသည် ဒူးထောက်ကျသွားလေ၏။ ဟိုရီစင်၏ ရှည်လျားမာကျောလှသော လက်သည်းရှည်ကြီးများကလည်း မြောက်တက်သွား၏။

"အား"

ချန်ခြူးမှာ နာကြည်းစွာ အော်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ရွှမ်း ...'

ရန်တင်း၏ဓားသည် လေထဲမှ စောင်း၍ကျလာသည်။ချွန်ခြူးတစ်ကိုယ်လုံး ပုံပျက်သွားပေပြီ။ သူ၏ ကြီးမားထွားကျိုင်းသော ခန္ဓာကိုယ်ကြီးသည် ကြမ်းပြင်ပေါ်သို့ ဇုန်းဇုန်းလဲကျသွားပေပြီ။ ထို ခန္ဓာကိုယ်ကြီးမှ ထွက်လာသောအရာများမှာ သွေးများပင်ဖြစ်သည်။

ဘုရင်ကျွမ်းလုံ့ချီ၏သစ္စာတော်ခံ ချွန်ခြူးတစ်ယောက် ရဲဝံ့စွာ တိုက်ခိုက်ရင်း နောက်ဆုံး အသက်ပေးသွားလေပြီ။ သူ လေးနှင့်ပစ်ထားသော တောင်ပေါ်မြားနက်ဂိုဏ်းသားများ၏ အလောင်းများသည် ကြမ်းပြင်ပေါ်၌ ပွကျဲနေ၏။ သူသည်လည်း ထိုအလောင်းများကြား၌ ရောနှောကျရောက်သွားသည်။

သို့သော် ချွန်ခြူး၏ရုပ်ကား မပေါ်တော့ချေ။ ရန်သူ့သွေးများနှင့် ချွန်ခြူး၏ သွေးများကား ရောနှောသွားချေပြီ။

"ချွန်ခြူးရဲ့အလောင်းကို နန်းတော်ဝမှာ ကြိုးနဲ့ ချိတ်ထားလိုက်စမ်း၊ ငါတို့ကို အာခံဆန့်ကျင်သူမှန်သမျှကို ဒီလိုဒုက္ခတွေ့ရမယ် ဆိုတာ ချွန်ခြူးရဲ့အလောင်းကို တွေ့သူတိုင်း သတိရစေရမယ်"

ရန်တင်းက အမိန့်ပေးလိုက်၏။ ရန်တင်း၏အစီအမံကား လွန်စွာ ရက်စက်လှပါ၏။ ရန်တင်းကဲ့သို့ ရက်စက်ကြမ်းကြုတ်သည် ဆိုသော ဟိုရီစင်ကိုယ်တိုင် ရန်တင်း၏အစီအမံကိုမြင်သောအခါ ကြက်သီးမွေးညင်း ထသွားလေ၏။

ရန်တင်းကား... ရက်စက်မှုအပေါင်း သရဖူဆောင်းသော ဘုရင်အိုကြီးပေတကား။

၆ ၈ ၆



## (၁၃၂)

## ရှေ့တွင်အောင်ပွဲ

"အား ... အား ... အား"

"အူး ..."

မြေခုနစ်ကောင်ကျောင်း၏ မယ်သီလရှင် ကျောင်းတိုက်ကြီး၏ မြေတိုက်ခန်းတွင် ဖြစ်ပါ၏။

ကျွမ်းလုံ့ချီမှာ ဟိုရီစင်၏အဆိပ်ဆေးက အစွမ်းပြနေခြင်း ဖြစ်ပါ၏။ သူသည် ကြမ်းပြင်ပေါ် လူးလိမ့်နေသည်။ သူ့တစ်ကိုယ်လုံး ချွေးများစိုရွှဲနေသည်။ မျက်လုံးများ လန်နေ၏။ ပါးကြောများဆွဲကာ တွန့်တက်နေ၏။ သေငယ်ဇောနှင့် မြောလုလုအချိန်အခါပင်။

ယီတာသည် လက်ထောက်ပြီး ငေးကြည့်နေမိ၏။ လက်ထောက်ပြီး ငေးကြည့်နေသည်ဆိုကတည်းက သူမ လက်လျှော့လိုက်သည့်သဘောပင်။ ယီတာသည် အလွန်ခွဲနပ်ကြီးသူ ဖြစ်၏။ သူ့ကိုယ်၌မိထားသော အဆိပ်ဆေးကိုပင် မရရအောင် ဖော်စပ်ခဲ့သူ ဖြစ်၏။

ယခုတော့ သူမ ဘာမျှမတတ်နိုင်တော့ပေ။

သူမသည် ကျွမ်းလုံ့ချီအတွက် ဖြေဆေးအမျိုးမျိုးကို စမ်းသပ်ဖော်စပ်ခဲ့၏။ နေ့ မအား ညမအား ဖော်စပ်ခဲ့၏။ ဤသည်မှာ သူမ၏အကူအညီဖြစ်သည်။ သူမ တတ်နိုင်သလောက် ကူညီမှုပင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ယီတာသည် စိတ်မကောင်းစွာ ပြောလိုက်၏။

"သူ ဘယ်လိုများ အဆိပ်ဆေးကို စားလိုက်မိသလဲမသိဘူး"

ကွမ်ယုက ...

"သူက မိတ်ဆွေတွေဆိုပြီး ပေါင်းသင်းစားသောက်မှာပေါ့၊ မိတ်ဆွေဆိုရင် အဆိပ်ခတ်ရတာ လွယ်တယ်လေ၊ တစ်နှစ်လောက်ကြာတော့မှ အဆိပ်မိကြောင်း သူတို့ ဖွင့်ပြောမှာပေါ့"

"အင်း ... ဒီလိုပဲ ဖြစ်မှာပေါ့လေ"

ကွမ်ယုသည် ယခုအခါ ချယ်ရီပွင့်ဒေသ သိုင်းပဒေသာကျမ်းကို ပေါက်မြောက်အောင်မြင်သွားခဲ့လေပြီ။

ယခုဆိုလျှင် စူစီဝေ့တို့ဘက်၌ သိုင်းပဒေသာကျမ်း ပေါက်မြောက်အောင်မြင်သူ နှစ်ယောက် ရှိနေလေပြီ။

ယီတာ ...။

ကွမ်ယု ...။

ထို့ကြောင့် သိုင်းပဒေသာကျမ်း ပေါက်ရောက်အောင်မြင်သူ တစ်ယောက်သာရှိသောရန်တင်းတို့ထက် စူစီဝေ့တို့က သာလွန်နေ၏။

ကျွမ်းလုံ့ချို ဝေဒနာခံစားနေသည်ကို ကြည့်နေသည်မှာ ယီတာနှင့် ကွမ်ယုတို့သာ မဟုတ်ပေ။ ဟန်ရှင်၊ တောင်တင်းရယ်၊ လျူနန်ကျင်းနှင့် စူစီဝေ့တို့လည်း ကြည့်နေကြပါသည်။

ဟန်ရှင်နှင့် တောင်တင်းရယ်တို့လည်း ပြန်လည်ကျန်းမာနေကြချေပြီ။ ဟန်ရှင်နှင့် တောင်တင်းရယ်တို့ကို လျူနန်ကျင်းက ပြုစုကုသနိုင်သော်လည်း လျူနန်ကျင်းသည် ဆေးပညာမတတ်သယောင် ဟန်ဆောင်နေခဲ့သဖြင့် ယီတာက ပြုစုကုသပေးရသည်။



ဤသည်မှာ စူစီဝေ့၏အစီအစဉ်ဖြစ်သည်။

စူစီဝေ့သည် လျူနန်ကျင်းအား ဆေးပညာမတတ်သယောင် နေရန် ပြောကြားခဲ့ခြင်း ဖြစ်သည်။

စူစီဝေ့ လိုချင်သည့်အချက်မှာ ယီတာ၊ ဟန်ရှင်နှင့် တောင်တင်းရယ်တို့ ညီအစ်မသဖွယ် ချစ်ခင်သွားစေလို၍ ဖြစ်ပေသည်။

ယခု ဟန်ရှင်နှင့် တောင်တင်းရယ်တို့လည်း ဝိုင်းကြည့်နေကြသည်။ ကျွမ်းလုံ့ချိုကတော့ လူးလိမ့်နေဆဲသာ။ စူစီဝေ့က ...

"အစ်ကိုကြီးကျွမ်းလုံ့ချို ... အစ်ကိုကြီးကျွမ်းလုံ့ချို ..."

ကျွမ်းလုံ့ချိုမှာ ဝေဒနာကို လူးလိမ့်ခံစားနေရသဖြင့် စူစီဝေ့၏ ခေါ်နေခြင်း ပြန်မထူးနိုင်ရှာပါ။

"အစ်ကိုကြီးကျွမ်းလုံ့ချို ဝေဒနာကို ဒီလောက်ပဲ တွန်းလှန်နိုင်မှာပေါ့၊ အစ်ကိုကြီးဆီမှာရှိတဲ့ အဆိပ်ဖြေဆေးတစ်လုံးကို ထုတ်သောက်လိုက်ပါတော့"

စူစီဝေ့က တောင်းပန်လိုက်သည်။

မှန်ပါသည်။ ကျွမ်းလုံ့ချို တွင် အဆိပ်ဖြေဆေး ရှိနေပါသည်။

သူသည် ယခင်ကတည်းက ရန်တင်းတို့၏ ထိန်းချုပ်မှုအောက်မှ ရုန်းထွက်မည်ဟု ကြံစည်နေခဲ့သောကြောင့် ဟိုရီစင်ထံမှ အဆိပ်ဖြေဆေးလုံးကို ပိုရအောင် ကြံဆောင်ခဲ့သည်။

အဆိပ်ဖြေဆေးမှာ တစ်လတွင် တစ်လုံးသောက်ရလေရာ သူသည် တစ်လကျော်ပြီးနောက် အဆိပ်ဒဏ်ကို သုံးလေးရက်မျှ အလူးအလဲခံပြီး နောက်ဆုံးမခံနိုင်သည့်အဆုံး သေလုမြောပါးဖြစ်ကာမှ အဆိပ်ဖြေဆေးကို သောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ရက်တိုးရက်တိုး၍ သောက်ခဲ့သဖြင့် သူသည် ယခုအခါ၌ အဆိပ်ဖြေဆေး အပိုခြောက်လုံးမျှ စုဆောင်းရရှိခဲ့သည်။

သူသည် ရရှိထားသော ဆေးလုံးခြောက်လုံးအနက် ဆေးလုံးသုံးလုံးကို သူ၏သစ္စာတော်ခံ ချုန်ဖြူးအား ပေးထားခဲ့၏။

ချုန်ဖြူးသည်လည်း မုတ်ဆိတ်ရှည်ဟိုရီစင်၏အဆိပ် မိထားသည် မဟုတ်ပါလား။

ကျွမ်းလုံ့ချီနှင့်အတူ ဆေးသုံးလုံးပါရှိခဲ့ရာ လွန်ခဲ့သည့် တစ်လကျော်က အဆိပ်ဝေဒနာကို လူးလိမ့်ခံစားပြီး ဆေးတစ်လုံးကို သောက်ချခဲ့ရသည်။ ယခု ဆေးနှစ်လုံးသာ ကျန်ရှိတော့သည်။ ယခု ဆေးတစ်လုံးကိုသောက်လိုက်လျှင် တစ်လုံးသာ ကျန်ရှိပေတော့မည်။

ယခုအခြေအနေက အဆိုးဆုံးအချိန်သို့ ရောက်နေပေပြီ။ မသောက်၍ မဖြစ်တော့ပေ။ ကျွမ်းလုံ့ချီ၏ မျက်လုံးများ ပြာဝေလာပေပြီ။ အာရုံများ ပျက်ပြယ်စ ပြုလာသည်။ သတိရတစ်ချက် မရတစ်ချက် ဖြစ်လာသည်။ ယခုအချိန် သောက်မှ ဖြစ်တော့မည်။ မသောက်လျှင် ဓိဝိန်ကြွေရပေတော့မည်။

ရိုးရိုးဓိဝိန်ကြွေသွားလျှင်ကား အကြောင်းမဟုတ်။ ရန်တင်းအား သူ လက်စားချေလိုပေသေးသည်။ မုတ်ဆိတ်ရှည်ဟိုရီစင်ကိုလည်း လက်စားချေလိုပေသေးသည်။ မျောက်စမ်းချောင်း ရွှေမြို့တော်သူရွှေမြို့တော်သားများကိုလည်း အကျဉ်းသားလုပ်သားများဘေးမှ ကယ်တင်လိုပေသေးသည်။

တကယ်တော့ သေခြင်းတရားမှာ ထင်သလောက် မဆိုးဝါးလှပါ။ မခါးသက်လှပါ။ ထင်သလောက် ကြောက်စရာမကောင်းလှပါ။



သေခြင်းတရားကို သူလှမ်းမြင်နေခဲ့ရပါသည်။ ရှေ့ကို အချိန်အနည်းငယ် စောင့်လိုက်ရုံမျှနှင့် သေခြင်းနယ်ပယ်ထဲသို့ သူရောက်ရှိသွားတော့မည် ဖြစ်ပါသည်။ သူ့အတွက် သေခြင်းနယ်ပယ်သည် အေးငြိမ်းသော အပြာရောင်ထုထည်တစ်ခုသာ ဖြစ်ပါသည်။

သို့သော် သူသေ၍မဖြစ်သေးဟု ကျွမ်းလုံ့ချီ တွေးမိပါသည်။

အဘယ်ကြောင့် သူသေ၍ မဖြစ်သေးဟု ကျွမ်းလုံ့ချီ တွေးပါသနည်း။ သူ့ရန်သူများ၏ ကျဆုံးခန်းကို သူ ကြည့်မြင်လိုသေး၍ ဖြစ်ပါသည်။ ရန်တင်း၏ ကျဆုံးခန်းနှင့် မုတ်ဆိတ်ရှည် ဟိုရီစင်တို့၏ ကျဆုံးခန်းကို သူကြည့်မြင်သွားလိုပါသေးသည်။ သူ မသေလိုသေးပေ။ ရွှေမြို့တော်ကို ပြန်လည်ကယ်တင်ပြီးမှ သူ သေချင်ပါသည်။

ရွှေမြို့တော်ကို သူပြန်ကယ်တင်နိုင်ရမည်။

သူသည် မုတ်ဆိတ်ရှည်ဟိုရီစင်၏ အကြံများကို ရိပ်မိသိရှိထားခဲ့ပါသည်။ ဟိုရီစင်သည် ရွှေမြို့တော်သူ ရွှေမြို့တော်သားများကို အကျဉ်းစခန်းမှ အကျဉ်းသားများသဖွယ် ဆယ်ယောက်တစ်စုစီ ဖမ်းဆီးပြီး ရွှေတွင်းများ တူးခိုင်းမည် ဖြစ်ပါသည်။ ဆယ်ယောက်လျှင် သူယုံကြည်စိတ်ချရသောအစောင့်တစ်ယောက် ထားမည် ဖြစ်သည်။ ရွှေမြို့တော်သားအားလုံး အကျဉ်းသားဖြစ်မည့်ဘေးမှ သူ ကယ်တင်ရပါမည်။

ကျွမ်းလုံ့ချီသည် အဆိပ်ဖြေဆေးတစ်လုံးကို တုန်ယင်ချည့်နဲ့စွာ ထုတ်လိုက်သည်။

"သောက် ... သောက်လိုက် အစ်ကိုကြီး။ ခင်ဗျား ခံစားနေရတဲ့ ဝေဒနာတွေ ဒါမှ ငြိမ်သက်သွားလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



စုစီဝေက အားပေးလေ၏။

"ကျွန်တော် တိုက်ရမလား"

"ရ ... ရ ... ရပါတယ်၊ ငါ ... ငါ ... သောက် ... သောက်နေကျပါ"

ကျွမ်းလုံရှိုသည် တဆတ်ဆတ်တုန်နေသော ခန္ဓာကိုယ်ဖြင့် ကြိုးစားထထိုင်ကာ ဆေးကိုသောက်ရန် ကြိုးပမ်းတော့၏။ ဆေးလုံးသည် သူ့ပါးစပ်တွင် ဝင်သွားသည်။ ကျွမ်းလုံရှို၏ အကြောဆွဲမှုများသည် ငြိမ်သက်သွားသည်။ ဇောချွေးထွက်မှုလည်း ရပ်ဆိုင်းသွားသည်။ ဖိုလှိုက်နေမှုများလည်း ငြိမ်သက်သွားသည်။ မျက်လုံးများ လန်နေရာမှ ပြန်ကျသွားသည်။ ကျွမ်းလုံရှိုသည် မောပန်းနွမ်းနယ်စွာ အိပ်ပျော်သွားလေသည်။

သူ အဆိပ်ဒဏ်ခံစားနေရသည်မှာ လွန်စွာ ပင်ပန်းလှသည်။ စုစီဝေသည် ကျွမ်းလုံရှိုကိုကြည့်ပြီး မျက်ရည်ကျလေသည်။ ယီတာနှင့် ကွမ်ယုတို့မှာ ဘာကိုမျှ မပြောရဲချေ။

"ဟိုးအရင်က ငါတို့ညီအစ်ကိုတွေဟာ တကယ်ချစ်ခင်ခဲ့ကြတာပါ။ အဲဒီ ရွှေမြို့တော်ကိုရောက်မှ ငါတို့ညီအစ်ကို ကွဲပြဲခဲ့ရတာ၊ အခုတော့ အစ်ကိုကြီး ရန်တင်းက တစ်မျိုး၊ အစ်ကိုကြီး ကျွမ်းလုံရှိုက တစ်မျိုးနဲ့ အမျိုးမျိုး ဒုက္ခရောက်ကြရတယ်၊ အဲဒီရွှေမြို့တော်ကို သခင်မလေးယီတာ ရောက်ပြီးပြီပဲ၊ အဲဒါကို ဧကရာဇ်ကြီးရဲ့ ပြည်နယ်တစ်ခုအဖြစ် သတ်မှတ်ပေးပြီး ဘုရင်ခံအဆင့်မျိုး နယ်စားကြီးအဆင့်မျိုးရအောင် သခင်မလေးယီတာက ဆောင်ရွက်ပေးပါ"

ယီတာက ခေါင်းညိတ်၏။



"စိတ်ချပါ ... ကျွန်မ ဆောင်ရွက်ပေးပါမယ်၊ ဒီပြည်နယ်ကို ခမည်းတော် လုံးဝ လျစ်လျူပြုတာမျိုး မဖြစ်စေရပါဘူး"

စုစီဝေသည် ကျွမ်းလုံရှိုကို ပွေ့ချီပြီး ခုတင်ပေါ်သို့ ယုယစွာ တင်ပေးလေ၏။

"အချိန်မရှိတော့ဘူး၊ မကြာခင် ရက်အတွင်းမှာပဲ အစ်ကိုကြီး ရန်တင်းကို ဝင်တိုက်နိုင်အောင် စီစဉ်ရမယ်၊ အဲဒီလို တိုက်တဲ့နေရာမှာ ကွမ်ယုအပြင် သခင်မလေးယီတာပါ ပါရင် ပိုကောင်းပါတယ်၊ ချယ်ရီပွင့်ဒေသ သိုင်းပဒေသာကျမ်းကို သခင်မလေးက ပေါက်ရောက်အောင်မြင်ပြီးပြီ မဟုတ်လား၊ သခင်မလေး ကူညီမယ်လို့ ဆုံးဖြတ်ပြီးပြီလား"

ယီတာက ...

"ကျွန်မ ပြောပြီးပါပြီ ဦးကြီး၊ မျောက်စမ်းချောင်းမြို့တော်ဟောင်းက သချိုင်းထဲမှာ ပြောကတည်းက ကျွန်မ ကူညီမယ်လို့ ကတိပေးခဲ့ပြီးပြီပဲ၊ လူအင်အား လိုသလား၊ လက်နက်အင်အား လိုသလား၊ ငွေအင်အားလိုသလား ... လိုသမျှကို ပြောပါဦးကြီး၊ အကုန်လုံး အကူအညီ ရပါစေမယ်"

"အဲဒီလောက် မလိုပါဘူးကွယ်၊ သခင်မလေး လိုက်ပါကူညီပေးရင် လုံလောက်ပါပြီလို့ ထင်ပါတယ်"

"စိတ်ချပါ ... ကျွန်မရယ်၊ အဒေါ်ချန်ရယ်၊ ဟူအင်ချန်ရယ်၊ မြွေဘုရင် လူတင်းရယ်ကတော့ မပျက်မကွက် လိုက်ပါကူညီပါ့မယ်၊ တစ်ခုရှိတယ် ... လိုရမည်ရ နေပြည်တော်က သိုင်းအကျော်အမော်တွေကို ခေါ်ထားရင် ကောင်းမလား ဦးကြီး"

www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူး သခင်မလေး၊ ငါရဲ့မိတ်ဆွေ နှစ်ဦးဖြစ်တဲ့ ဟန်ဖူး နဲ့ အမော်တို့ကိုလည်း ငါ ပြောပြီးပါပြီ၊ သူတို့လည်း စစ်ကူလိုက်တိုက် ပေးပါလိမ့်မယ်၊ ဒီ့ပြင်သိုင်းထိပ်သီးသုံးယောက်ကိုလည်း ငါ စစ်ကူ ခေါ်ထားပါတယ်၊ ဒါဆိုရင် သခင်မလေးဆီက လေးယောက်၊ ဟန်ဖူး တို့က ငါးယောက်၊ ငါတို့က ငါးယောက်ဆိုတော့ အင်အားက မသေး တော့ပါဘူး"

ယီတာက ...

"စုစုပေါင်း ဆယ့်လေးယောက်နဲ့ ဆိုရင်တော့ အင်အားနည်း သေးတယ်လို့ ထင်တယ် ဦးကြီး"

"မနည်းပါဘူး၊ ငါတို့ အဓိက ရင်ဆိုင်ရမယ့် ရန်သူက ရန်တင်းရယ်၊ ဟိုရီစင်ရယ်၊ ရွှန်ရွှန်ကျိုရယ်ပဲ ရှိနိုင်ပါတယ်၊ ငါတို့ထဲမှာ သခင်မလေးယီတာ ရှိတယ် ငါရှိတယ်၊ လျူနန်ကျင်း ရှိတယ်၊ ကွမ်ယု ရှိတယ် ... တို့ကတောင် အင်အားများနေပါသေးတယ်"

သူက ဆက်ပြောသည်။

"ဟိုမှာဖြစ်နေတဲ့ အခြေအနေကို ဆက်ပြောမယ်၊ ဟိုမှာ အကြီးအကဲ အုပ်စုဝင်တွေကလည်း မကျေမနပ် ဖြစ်နေတယ်၊ မြို့ တော်သူ မြို့တော်သားတွေကလည်း လက်တပြင်ပြင်နဲ့ ဖြစ်နေတယ်၊ ပေါက်ကွဲဖို့ တာရူနေပြီ၊ အဲဒီယမ်းထုပ်ကြီး ပေါက်ကွဲဖို့ မီးရှို့ဖို့ပဲ လို တယ်၊ ငါတို့ မီးရှို့လိုက်ရင် မြို့တော်ကြီးတစ်ခုလုံး ပေါက်ကွဲသွားမှာပဲ"

ယီတာသည် လွန်စွာကျေနပ်အားရသွား၏။

သူမသည် စစ်ဆင်စစ်တက်သေနင်္ဂဗျူဟာကျမ်းများကို လည်း တတ်ကျွမ်းသည်။



"ဦးကြီးပြောတဲ့အတိုင်းဆိုရင် ကျွန်မတို့ အောင်မြင်ဖို့ ကိန်း သေအလားအလာရှိနေပြီ၊ ဒီတိုက်ပွဲကို ကျွန်မတို့ နိုင်ရမယ်"

ယီတာသည် အားမာန်အပြည့်ဖြင့် လက်သီးလက်မောင်း တန်း၍ ပြောလိုက်၏။ အားလုံး စိတ်ဓာတ်တက်ကြွသွားသည်။

"ငါလည်း ယုံကြည်တယ်"

ရှူစီဝေက ပြောသည်။

လူအားလုံးသည် အလွန်စိတ်ဓာတ်တက်ကြွနေသည်။

ဘုရင်ဟောင်း ကျွမ်းလုံ့ချီကတော့ ပင်ပန်းနွမ်းနယ်စွာ အိပ် မောကျနေလေ၏။

၈ ၈ ၈

www.burmeseclassic.com

www.burmeseclassic.com



(၁၃၃)

## ပြန်လည်စီးမိခြင်း

ရွှေမြို့တော်သို့ချီတက်မည့်ရက်မတိုင်မီ တစ်ရက်တွင် ဘုရင်ကောရာစ် စေလွှတ်လိုက်သော တပ်မကြီးတစ်ခုသည် မြေခုနစ်ကောင်ကျောင်းတိုက်ရှေ့သို့ ရောက်ရှိလာလေ၏။

ထိုတပ်မှာ မည်ကာမတ္တတပ် မဟုတ်ပေ။

တပ်သားတိုင်း သိုင်းပညာ တတ်ကျွမ်းသည်။ တပ်မှူး ဗိုလ်မှူးများမှာ ထိပ်သီးသိုင်းသမားများ ဖြစ်ကြသည်။

ထိုတပ်ကြီးသည် သခင်မယီတာအား လာရောက် အစီရင်ခံကြရလေ၏။ စူစီဝေမှာ တပ်ကြီးကို ကြည့်၍ အံ့အားသင့်နေသည်။

သူက ယီတာအား ...

"သခင်မလေး ... ဒီတပ်ကြီးတော့ လိုမယ်မထင်ပါဘူး"

"ဦးကြီး မထင်နဲ့လေ၊ သူတို့က တောင်ပေါ်မြားနက်ဂိုဏ်းသားတွေကို ခေါ်ထားရင် ဘယ်နှယ့်လုပ်မလဲ၊ ဒါကြောင့် ကျွန်မက ခမည်းတော်ဆီ တင်လျှောက်လိုက်တာပါ၊ ကျွန်မအနေနဲ့ တစ်ခုစီစဉ်ပေးနိုင်ပါတယ်၊ ဒီတပ်ကို ရွှေမြို့တော် အပြင်ဘက်မှာ စခန်းချထားပြီး ကျွန်မတို့ချည်း ဝင်လို့ရပါတယ်၊ မလိုအပ်ရင် ဒီတပ်ကို မသုံးဘူး၊ လိုအပ်ရင်သုံးမယ် ... အဲဒီလို စီစဉ်နိုင်ပါတယ်"



"အင်း ... ဒီအစီအစဉ် ကောင်းပါတယ်"

ယီတာနှင့် စူစီဝေတို့ သဘောတူပြီးနောက် နောက်တစ်နေ့တွင် ရွှေမြို့တော်သို့ ချီတက်ကြလေတော့၏။

ရွှေမြို့တော်အတွင်း၌ အခြေအနေ မငြိမ်သက်တော့ပေ။ ရုတ်ရုတ်သဲသဲ ဖြစ်နေလေပြီ။ ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် နန်းတွင်းအုပ်ချုပ်ရေးအဖွဲ့ဝင်အချို့သည် သစ္စာရှိသောမြို့သားအချို့ကို ဦးဆောင်ကာ ရန်တင်းနှင့် ဘုရင်သစ် ဟိုရီစင်တို့ကို လုပ်ကြံခဲ့ကြသည်။

သို့သော် သူတို့လက်သို့ နန်းတော်ကြီး မကျရောက်ဘဲ မြားနက်ဂိုဏ်းသားများ၏ စောင့်ကြပ်တိုက်ခိုက်မှုကို ခံခဲ့ရသည်။

ထို့ကြောင့် သူတို့မှာ အတုံးအရုံး ကျဆုံးသွားခဲ့ရပေသည်။

သူတို့၏ လုပ်ကြံမှုမှာ သိုသိပ်မှုမရှိသောကြောင့် သတင်းပေါက်ကြားကာ ရန်တင်းနှင့် ဟိုရီစင်တို့က ကြိုတင် သိရှိသွားခဲ့ကြသည်။

ရန်တင်းနှင့် ဟိုရီစင်တို့သည် ရယ်ကြသည်။

သူတို့သည် ရွှန်ရွှန်ကျိုကို ခေါ်လိုက်ကြ၏။

ရွှန်ရွှန်ကျိုမှာ မြားနက်ဂိုဏ်း၏ ဂိုဏ်းချုပ်တည်း။

သူတို့သည် သူတို့အား လာရောက်တိုက်ခိုက်သူများကို ဖြိုခွဲရန် ရွှန်ရွှန်ကျိုကို အမိန့်ပေးလိုက်သည်။

ရွှန်ရွှန်ကျိုသည် သူကိုယ်တိုင်ဦးဆောင်ကာ လာရောက်တိုက်ခိုက်သူများအား ဖြိုခွဲပစ်လိုက်၏။

ယခု သူတို့အောင်ပွဲခံနေကြလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ယခင်တစ်ကြိမ်က အောင်ပွဲခံ မကောင်း၍ မန်ချူးလက်ချက်ဖြင့် မြားနက်ဂိုဏ်းသားအမြောက်အမြား သေဆုံးခဲ့ရသောအဖြစ်ကို သူတို့ သတိမရကြချေ။ သင်ခန်းစာ ယူရကောင်းမှန်း မသိကြချေ။ အမှတ်သည်းခြေမရှိသော ငမိုက်သားများဟု စာတင်ရမည့်သူများ ဖြစ်ပေသည်။

နန်းရင်ပြင်၌ အရက်ချောင်း စီးနေပြန်တော့သည်။

မြားနက်ဂိုဏ်းသားများ အောင်ပွဲခံနေချိန်တွင် မုတ်ဆိတ်ရှည်ဟိုရီစင်သည် ရန်တင်းအား လက်ကုတ်ခေါ်ယူလေသည်။

ရန်တင်းလည်း လိုက်လာ၏။

"ကျုပ်ကိုယ်ထဲမှာ မြွေနီတွေ အမြဲတမ်း ရှိနေတယ်ဆိုတာခင်ဗျား သိတယ်မဟုတ်လား"

ရန်တင်းက ခေါင်းညိတ်၏။

"အင်း ... သိတယ်"

ဟိုရီစင်က ...

"ကျုပ် ညအိပ်ရင် မြွေနီတွေကို ကျုပ် ခုတင်ပတ်ဝန်းကျင်မှာ ကင်းချသလို လွှတ်ထားတတ်တယ်ဆိုတာ ခင်ဗျား သိသလား"

"အဲ့ဒါတော့ ငါမသိဘူး"

"ကျုပ်မြွေက အဲဒီလို ကင်းချပြီးမှ အိပ်တတ်တယ်ဗျ"

"အဲဒါ ဘာဖြစ်သလဲ"

"ကျုပ် မြွေတွေကို ကင်းချအိပ်တယ်၊ ကျုပ်မြွေတွေကို မနက်ကျ စစ်ဆေးကြည့်တယ်၊ တစ်နေ့ တစ်ကောင်နှစ်ကောင် ပျောက် ပျောက်နေတယ်"



"ဟင် ... တယ်ထူးဆန်းပါလား"

"ထူးဆန်းတာပေါ့ဗျာ၊ ကျုပ် ဒီအသက်ဒီအရွယ်ရှိနေပြီ မြွေတွေကို ကျုပ်ကင်းချပြီးမှ အိပ်တာပဲ တစ်ခါမှ မပျောက်ဖူးပါဘူး"

"မင်း စစ်ဆေးကြည့်သေးသလား"

"စစ်ဆေးကြည့်ပြီးပြီပေါ့ဗျာ၊ စစ်ဆေးကြည့်တော့ နန်းရင်ပြင်က ပလ္လင်ကြီးအောက်မှာ လူတစ်ယောက် ကောင်းကောင်းဝင်နိုင်တဲ့ လှိုဏ်ဂူက်တံခါးပေါက် ရှိနေတာကို တွေ့ရတယ်၊ မြွေတွေဟာ အဲဒီအပေါက်ကတစ်ဆင့် အောက်ကို ရောက်ရောက်သွားတော့ကျုပ်ဆီ မြွေတွေ ပြန်မရောက်လာတော့ဘူး"

"ဘာ"

"ခင်ဗျား အံ့ဩသွားပြီလား"

"အံ့ဩတာပေါ့၊ ဒီနန်းတော်ကို ငါတို့ဆောက်တာပဲ"

"သေသေချာချာ စဉ်းစားပါဦးလေ"

ရန်တင်းသည် ပြန်လည်စဉ်းစားလေ၏။ မှန်သည် ... နန်းတော်ကို ငါးယောက်လုံး တိုင်ပင်၍ ဆောက်သော်လည်း အသေးစိတ်ကိစ္စအဝဝကို ကွမ်မူနှင့် စူစီဇွေတို့သာ လုပ်ဆောင်ကြလေသည်။

"အင်း ... ပလ္လင်အောက်မှာ လှိုဏ်ဂူက်ဝင်ပေါက် ရှိတယ်ဆိုတာ မင်းပြောမှပဲ ငါသိရတော့တယ်"

"ဟုတ်ပါတယ်ဗျာ၊ မြွေတွေပျောက်လို့ ကျုပ်စစ်ဆေးတော့မှ အဲဒီလှိုဏ်ဂူက်ပေါက်ကို တွေ့တာပါ"

"ဧကန္တ ... ဒီလှိုဏ်ဂူက်ပေါက်ကို ကွမ်မူနဲ့ စူစီဇွေတို့ လုပ်တာပဲ ဖြစ်ရမယ်၊ နန်းတော်ဆောက်တုန်းက အသေးစိတ်ကိစ္စတွေလုပ်ကြ

www.burmeseclassic.com

www.burmeseclassic.com



တာ ဒီနှစ်ယောက်ပဲ ရှိတယ်"

"သေချာတာပေါ့ဗျာ၊ ဘုရင်ကျွမ်းလုံးချို နန်းတော်ထဲက ပျောက်သွားတယ်မဟုတ်လား။ အဲဒါလည်း ဒီလှိုဏ်ပေါက်က ထွက်သွားတာပဲ ဖြစ်ရမယ်"

"ကျွမ်းလုံးချို မသိဘူးကွ၊ စူစီဝေ သိတယ်၊ ကျွမ်းလုံးချိုဟာ အဆိပ်မိနေတဲ့ကောင်ဆိုတော့ တို့ကို မခွာရဲဘူး။ အဲဒါ စူစီဝေက ဘာတွေတရားဟောပြီး ခေါ်သွားသလဲ မသိဘူး၊ စူစီဝေဟာ ငါ့ကို တော်တော်ဒုက္ခပေးနေတယ်၊ သူတို့ထဲမှာ ကွမ်မူက အထက်ဆုံးကွ၊ စူစီဝေက ကွမ်မူပြီးရင် ဒုတိယလူပေါ့၊ ကဲ ... အဲဒီဥမင်လိုဏ်ခေါင်းကို ငါ့ လိုက်ပြစမ်း ... ငါ ကြည့်ထားချင်တယ်"

ဟိုရီစင်သည် ရန်တင်းအား ခေါ်ဆောင်ကာ ပလ္လင်အောက်ခြေရှိ လှိုဏ်တံခါးကို လိုက်ပြလေ၏။ ထိုတံခါးပေါက်မှနေ၍ မြေအောက်ဥမင်လမ်းထဲသို့ နှစ်ယောက်သား ဆင်းသက်ခဲ့ကြသည်။

မြေအောက်ဥမင်လမ်းကား မှောင်နှင့်မည်းမည်းပင်။

နန်းရင်ပြင်၌ ရန်တင်း၏ ဘက်တော်သား နန်းတွင်းသားများနှင့် မြားနက်ဂိုဏ်းသားများမှာ အပျော်ကြူးအောင်ပွဲခံနေကြသည်။ သူတို့၏အော်ဟစ်သံများသည် မြေအောက်လိုဏ်ခေါင်းထဲအထိ တိုးဝင်ပဲ့တင်ထပ်နေ၏။

ရန်တင်းက မှောင်ထဲမှာပင် ပြောလိုက်၏။

"အောင်ပွဲခံနေတာကတော့ ကောင်းပါတယ်၊ ဒါပေမဲ့ ဒီလိုလှိုဏ်ပေါက်ဥမင်လမ်းတစ်ခုကို တွေ့တာတော့ မကောင်းဘူး။ သူတို့ဟာ ဒီဥမင်လမ်းကို အသုံးပြုပြီး နန်းတော်ထဲကို ဝင်နေကြတာပဲ"



ဟိုရီစင်က ခေါင်းညိတ်၏။

"ဟုတ်တယ် ... မကောင်းဘူး။ သူတို့ ဘယ်လိုအစီအစဉ်တွေ လုပ်ထားကြတယ်ဆိုတာ ဘယ်သူမှ မသိကြဘူး၊ နန်းတော်ထဲမှာ သူတို့အင်အားတွေ ဘယ်လောက် စိမ့်ဝင်နေသလဲဆိုတာ ဘယ်သူမှ မသိကြဘူး"

"နန်းတော်ထဲက အင်အားစုကိုတော့ သူတို့ စိမ့်မဝင်နိုင်ဘူး၊ နန်းတော်ထဲမှာရှိတဲ့ အင်အားစုက ငါ့ကို လိုလားတဲ့နန်းတွင်းသားတွေနဲ့ မြားနက်ဂိုဏ်းသားတွေပဲ ရှိတာပဲ၊ သူတို့စိမ့်ဝင်နိုင်တာက အခုပုန်ကန်ကြတဲ့ အကြီးအကဲအုပ်စုတွေနဲ့ မြို့သားတွေကြားထဲမှာပဲ"

သူတို့နှစ်ယောက်သည် ဥမင်အောက်ကို ဆင်းလာရင်း စကားပြောဆိုနေကြသည်။

ထိုကဲ့သို့ ရန်တင်းနှင့် ဟိုရီစင်တို့ ထွက်လာချိန်တွင် တစ်ဖက်က အားလုံးသိနေသော မြေအောက်ခန်းမှတစ်ဆင့် စူစီဝေ ဦးဆောင်သောအဖွဲ့သည် ချီတက်လာကြလေပြီ။

သူတို့သည် အင်အားဆယ့်လေးယောက်မျှရှိသဖြင့် ကျဉ်းမြောင်းလွန်းသော ဥမင်လမ်းမှ မဝင်ကြချေ။

ကျယ်ဝန်းသော ဥမင်လမ်းမှသာ ဝင်ကြသည်။

꧁ ꩜ ꧂

www.burmeseclassic.com

www.burmeseclassic.com



## (၁၃၄)

ကွမ်မူနှင့် စူစီဝေတို့သည် နန်းတော်ကြီး စဆောက်စဉ်အခါက ကျယ်ပြန့်သော ဥမင်လမ်းရှိကြောင်း သိုင်းညီအစ်ကိုတော်အားလုံးအား အသိပေးခဲ့သည်။

ကျဉ်းမြောင်း၍ တစ်ယောက်သာ သွားနိုင်သော လမ်းကိုမူ သူတို့နှစ်ယောက်သာ သိရှိခဲ့ကြသည်။

သူတို့လူစုသည် ကျယ်ပြန့်သော ဥမင်လမ်းမှ ဝင်လာသော်လည်း မည်သည့်အစောင့်ကိုမျှ မတွေ့ကြချေ။ မှုးမှုးရှူးရှူးဖြင့် နန်းရင်ပြင်၌ အောင်ပွဲ ခံနေကြလေပြီ။

စူစီဝေတို့လူစုသည် နန်းရင်ပြင်သို့ အားလုံးတက်ရောက်နိုင်ခဲ့ကြလေ၏။ သူတို့သည် မူးနေသော နန်းတွင်းသားအချို့နှင့် မြားနက်ဂိုဏ်းသား အများအပြားကို တွေ့မြင်ကြရသည်။

စူစီဝေက လက်မြှောက်ပြီးအချက်ပေးအော်ဟစ်လိုက်သည်။

"တိုက်ကြ ... အောင်ပွဲရတဲ့အထိ တိုက်ကြ"

သူတို့သည် တရကြမ်းတိုက်ခိုက်ကြတော့သည်။ သင်ခန်းစာမယူတတ်သော နန်းတွင်းသားများနှင့် မြားနက်ဂိုဏ်းသားများမှာ အတုံးအရုံး ကျဆုံးကုန်လေသည်။

သူတို့၏ လက်နက်များမှာ သူတို့ အနီးအပါး၌ ရှိမနေချေ။

"အား"



"အူး"

"အား"

"အမယ်လေး"

ခုတ်ထစ်သံ၊ လေတိုးသံများနှင့်အတူ နာကျင်စွာ အော်ဟစ်သံများ ဆူညံစွာ ထွက်ပေါ်လာသည်။ တိုက်ပွဲကြာလာသည်နှင့်အမျှ နန်းရင်ပြင်၌ သွေးနီများ ဖုံးလွှမ်းလာတော့သည်။

ယိတာက သူမ၏ဓားကို မြှောက်ကြည့်လိုက်၏။ သူမ၏ဓားမှ သံကို မမြင်ရတော့ပေ။ နီရွှေးသော သွေးများသာ ဓားတစ်လျှောက် ဖုံးလွှမ်းနေသည်။ သူမက ညည်းညူလိုက်သည်။

"ဓားက ကိုင်လို့မကောင်းတော့ဘူး"

တောင်တင်းရယ်သည် သူမ ကိုင်ထားသည့် မှိန်းသွားကို ရန်သူတစ်ဦး၏ရင်ဝမှ ဆွဲထုတ်လိုက်၏။ ထိုအချိန်မှာပင် အနက်ရောင်မြားနက် ဂိုဏ်းသားတစ်ဦး ပေါ်လာပြန်သည်။ သူမ စိတ်ပျက်သွားသည်။ မြားနက်ဂိုဏ်းသားများကို သတ်ဦးမည်။ အရက်မူးလွန်နေသော မြားနက်ဂိုဏ်းသားများကို သတ်ရသည်မှာ မြက်ပင်များကို ဓားဖြင့် ခုတ်လှဲသကဲ့သို့ လွယ်ကူလှသည်။

တောင်တင်းရယ်သည် မြားနက်ဂိုဏ်းသား၏ နှလုံးသားထဲသို့ မှိန်းသွားကို ထိုးသွင်းလိုက်၏။

"အား"

မြားနက်ဂိုဏ်းသားများမှာ များပြားလှသဖြင့် သည်တစ်သက် သတ်ရန်မကုန်တော့ဟု ထင်မှတ်ရ၏။

"ဂိုဏ်းချုပ်ကြီး ကျသွားပြီ၊ ဂိုဏ်းချုပ်ကြီး ကျသွားပြီ"

www.burmeseclassic.com

www.burmeseclassic.com



မြားနက်ဂိုဏ်းသားတစ်ယောက်က ထိတ်လန့်စွာ အော်လိုက်၏။ ထိုအခါ မြားနက်ဂိုဏ်းသားများမှာ ဆောက်တည်ရာမရသော မျက်နှာများဖြင့် တစ်ဦးကိုတစ်ဦး ကြည့်မိကြသည်။

စုစီဝေသည် သူ့လက်ကို မြှောက်ပြလိုက်၏။

မြားနက်ဂိုဏ်းချုပ် ရွှန်ရွှန်ကျိ၏အလောင်းသာတည်း။

ရုတ်တရက် အတိုက်ခံရသော မြားနက်ဂိုဏ်းသားများသည် အံ့အားသင့်နေခိုက် အထိုးအခုတ်ခံလိုက်ရသဖြင့် အားလုံးလိုလို မြက်ပင်များသဖွယ် ပြိုလဲနေစဉ် ဂိုဏ်းချုပ်ကြီး ရွှန်ရွှန်ကျိကိုယ်တိုင် အသတ်ခံလိုက်ရသောအခါ အလဲလဲအကွဲကွဲ ထွက်ပြေးကြတော့သည်။

ရွှန်ရွှန်ကျိ ...။

တောင်ပေါ်မြားနက်ဂိုဏ်း၏ဂိုဏ်းချုပ်ကြီး ...။

သူသည် ချယ်ရီပွင့်ဒေသ သိုင်းပဒေသာကျမ်းကို အလွန်လိုချင်ခဲ့သူဖြစ်၏။

သူသည် ဟိုရီစင် သေဆုံးသွားပြီဟု ကြားလိုက်ရသဖြင့် သိုင်းပဒေသာကျမ်း မည်သူ့လက်ထဲ ကျန်ရစ်ခဲ့သည်ကို စုံစမ်း၏။ ဟိုရီစင်၏တပည့်မဖြစ်သူ ချုန်ကလေး၏လက်ထဲ၌ ကျန်ရစ်ခဲ့သည်ဟု စုံစမ်းသိရှိနေသဖြင့် ချုန်ကလေးအား ဖမ်းဆီးပြီး ညှဉ်းပန်းနှိပ်စက်ခဲ့သည်။

ချုန်ကလေးသည် နှိပ်စက်မှုဒဏ်ကို ခါးစည်းခံသည်။ သူမသည် သူမ၏နုပျိုမျစ်သော ရုပ်အဆင်းပြောင်းလဲသွားသည်အထိ နှိပ်စက်မှုဒဏ်ကို ခံစားခဲ့ရသည်။



နောက်ဆုံး ... ယီတာ၏ကယ်တင်မှုကြောင့် ချုန်ကလေး လွတ်မြောက်သွားခဲ့ရသည်။

ရွှန်ရွှန်ကျိကတော့ ချယ်ရီပွင့်ဒေသ သိုင်းပဒေသာကျမ်းကို ရရှိမသွားပေ။

ထို့နောက် ဟိုရီစင် ပြန်ပေါ်လာသည်။

ထိုအခါ ရွှန်ရွှန်ကျိသည် ချယ်ရီပွင့်ဒေသသိုင်းပဒေသာကျမ်း ရရှိရေးအတွက် ဟိုရီစင်ကို ပြန်ကပ်လာ၏။

ယခု ... သူသည် ချယ်ရီပွင့်ဒေသသိုင်းပဒေသာကျမ်းကို မရ၊ သေခြင်းတရားကို ရရှိသွားလေပြီ။

ထိုအချိန်၌ ...

"ပြေးကြ ... ပြေးကြ ... ဂိုဏ်းချုပ်ကြီး ရွှန်ရွှန်ကျိ ကျဆုံးသွားပြီ၊ မင်းတို့ ငါတို့ ပြေးနိုင်မှလွတ်မယ်"

စိတ်ဓာတ်ကျနေသော လူအုပ်ကြီးသည် တကွဲတပြား ပြေးထွက်သွားကြလေ၏။

စုစီဝေတို့အုပ်စုသည် ပထမ၌ အသေထိုးခုတ်နေသော်လည်း နောက်ပိုင်းလူများကို မသတ်တော့ပေ။ ဒဏ်ရာရရုံ၊ ကြောက်လန့်ရုံ ထိုးခုတ်ခဲ့သည်။

ထို့ကြောင့် မြားနက်ဂိုဏ်းသားများသည် ပိုမိုကြောက်လန့်ပြီး ထွက်ပြေးသွားခဲ့ကြသည်။

နန်းရင်ပြင်သည် အတန်ကြာသောအခါ ငြိမ်သက်တိတ်ဆိတ်သွားတော့သည်။ နန်းရင်ပြင်၌ အလောင်းများဖြင့် ကြည့်မကောင်းအောင် ပြည့်ကျပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



စူစီဝေ့က ...

"ကဲ ... ကြည့်စမ်းပါဦး၊ ကြည့်ကောင်းသေးရဲ့လားလို့"

ကွမ်ယုက ခေါင်းညိတ်၏။

"ဟုတ်ပါရဲ့ ... တောင်ပေါ် မြားနက်ဂိုဏ်းသားတွေ သောက်သောက်လဲ သေကြတာပဲ၊ အဲဒါ သူတို့ အရက်မူးလွန်နေလို့ သေကြရတာပဲ"

"မတတ်နိုင်ဘူးလေ ... ငါတို့က သတ်မလား သေမလား နှစ်လမ်းကိုပဲ ရွေးရတော့ သူတို့ကို မညှာနိုင်ဘူး၊ ကဲ ... အခု လုပ်ကြရမယ့် ပထမဆုံးအလုပ်ကတော့ မြားနက်ဂိုဏ်းသားတွေရဲ့ အလောင်းကို ရှင်းလင်းဖို့ပဲ၊ အလောင်းတွေ ရှင်းလင်းပြီး နန်းရင်ပြင် ကို ရေနဲ့ ဆေးကြောချရမယ်"

လျှုနန်ကျင်းက ...

"ဆရာကြီး"

"ဟေ ... ဘာလဲ လျှုနန်ကျင်း"

"ဘုရင် ရန်တင်းနဲ့ မှတ်ဆိတ်ရှည် ဟိုရီစင်တို့ကို မတွေ့ရတာ အတော်ထူးဆန်းနေပါတယ်၊ သူတို့ဟာ အောင်ပွဲခံနေတဲ့ လူတွေနဲ့ အတူရှိသင့်ပါတယ်"

လျှုနန်ကျင်းက သတိပေးလိုက်၏။ စူစီဝေ့က ခေါင်းညိတ် ၏။

"အဲဒီအချက်ကို ငါလည်း သတိထားမိတယ်"

စူစီဝေ့သည် ထိုသို့ ပြောလိုက်ပြီး ...

"ကဲ ... အလောင်းတွေကို ရှင်းလိုက်ကြရအောင်"



သူက စတင်၍ အလောင်းများကို နန်းရင်ပြင်တစ်နေရာ၌ စုပုံလေတော့၏။ ယီတာ၊ ကွမ်ယုနှင့် လျှုနန်ကျင်းတို့ပါ ဝိုင်းကူလေရာ အားလုံးပင် တက်ညီလက်ညီ လှုပ်ရှားကြတော့သည်။ သူတို့သည် နန်းရင်ပြင်ကိုလည်း ရေဖြင့် ဆေးကြောလေ၏။

အားလုံး တက်ညီလက်ညီ လှုပ်ရှားနေချိန်တွင် ရန်တင်းနှင့် ဟိုရီစင်တို့သည် ပလ္လင်အောက်ရှိ လျှို့ဝှက်တံခါးပေါက်သို့ ပြန်လည် ရောက်ရှိလာလေသည်။ ဟိုရီစင်က ...

"ကျုပ်တို့သွားတုန်းက အသံတွေဆူညံနေတာပဲ၊ အခု ဘာသံမှ မကြားရတော့ဘူး။ ဒါဟာ ထူးခြားတဲ့အချက်ပဲ"

ရန်တင်းကလည်း ခေါင်းညိတ်သည်။

"ဟုတ်တယ် ... တစ်ခုခုတော့ ဖြစ်နေပြီ၊ ငါတို့ အရမ်းမဝင်နဲ့ အခြေအနေကိုကြည့်"

သူတို့သည် လျှို့ဝှက် တံခါးပေါက်ထဲမှ ချောင်းကြည့်ကြသည်။ နန်းရင်ပြင်ကို ဆေးကြောသုတ်သင်နေသည် စူစီဝေ့တို့လူစုကို တွေ့သောအခါ ရန်တင်းသည် အလွန်အံ့ဩသွား၏။

"ဟင်"

"ဘာလဲ ... ဘာဖြစ်လို့လဲ"

ဟိုရီစင်က မေးလေသည်။

"ငါတို့လူတွေ ဘယ်ရောက်ကုန်ပြီလဲ၊ ရွှန်ရွှန်ကိုတို့ ဘယ် ရောက်သွားပြီလဲ"

မကြာမီ သူတို့ သဘောပေါက်သွားကြသည်။ နန်းရင်ပြင် ကို စူစီဝေ့တို့ သိမ်းပိုက်သွားကြလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ရန်တင်းက ...

"လာ ... ငါတို့ အခြေအနေမကောင်းဘူး။ ဥမင်လိုဏ်ခေါင်းထဲက ပြန်ထွက်ရမယ်"

ရန်တင်းသည် ဟိုရီစင်ကို လက်ကုတ်၍ ခေါ်သွားလေသည်။ သူတို့သည် ဥမင်လိုဏ်ခေါင်းထဲမှ အလျင်အမြန် ထွက်ခွာသွားကြသည်။

သူတို့ နန်းရင်ပြင်ရှေ့၌ ချိတ်ဆွဲထားသော ချန်ဖြူး၏ အလောင်းကို တောင်တင်းရယ်က ဖြုတ်ယူလာသည်။

ကျွမ်းလုံချီက ...

"ငါ့ရဲ့ အလွန်သစ္စာရှိတဲ့ သစ္စာတော်ခံ ချန်ဖြူးအလောင်းကို ကောင်းကောင်းမွန်မွန် သဂြိုဟ်ပေးကြပါကွာ"

စူစီဝေက အမိန့်ပေးလိုက်သည်။

"ချန်ဖြူးရဲ့အလောင်းကို အကောင်းဆုံး ခေါင်းတစ်လုံးနဲ့ နန်းရင်ပြင်မှာ ပြင်ထားလိုက်ပါ၊ သူ့ကို အကောင်းဆုံး ဂုဏ်ပြုအခမ်းအနားနဲ့ သဂြိုဟ်ရမယ်၊ ရွှေမြို့တော်အပေါ် သစ္စာရှိတဲ့ ချန်ဖြူးကို ငါတို့ ဘယ်လောက်လေးစားမှုရှိတယ်ဆိုတာ ပြသရမယ်၊ ချန်ဖြူးဟာ ရွှေမြို့တော်ရဲ့ သူရဲကောင်းကြီးတစ်ဦးဖြစ်တယ်၊ သူ့အလောင်းကို အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ပေးလိုက်ပါ"

ကျွမ်းလုံချီ၏ မျက်နှာပေါ်၌ မျက်ရည်များ စီးကျလာလေသည်။

ဆ ၈ ဆ



(၁၃၅)

## နန်းရသောမီးနဂါး

ရွှေမြို့တော်ကြီးအား စူစီဝေတို့ သိမ်းပိုက်လိုက်ကြောင်း သိလိုက်ကြသော ရွှေမြို့တော်သားများ၏ ကောင်းချီးပေးသံမှာ ဘဝက်ညံသွားသည်။

ရွှေမြို့တော်သားများသည် ရန်တင်းနှင့် ဟိုရီစင်တို့အား ပုန်ကန်ကြသော ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ နန်းတွင်းသားများနှင့် ရွှေမြို့တော်သားများကို ကောင်းရာမွန်ရာ ရောက်စေကြောင်း ကြီးမားသော ဂါရဝပြုပွဲကြီး ဆင်နွှဲကြလေ၏။

စူစီဝေသည် မျောက်စမ်းချောင်းမြို့တော်၏ ထီးနန်းကို ကွမ်ယု၏လက်ထဲသို့ အပ်နှင်းလိုက်သည်။

ကွမ်မူအား သူ ကတိပေးခဲ့သည်များ ကျေပွန်သွားလေပြီ။

တတိယမြောက်ဘုရင် ကွမ်ယုသည် ရွှေမြို့တော်၏ သူရဲကောင်းကြီး ချန်ဖြူး၏ အသုဘအခမ်းအနားကို ကိုယ်တိုင် တက်ရောက်နေသည်။

ချန်ဖြူးကို ကြီးမားခန့်ညားသော ခေါင်းကြီးထဲတွင် ထည့်ကာ နန်းရင်ပြင်၌ ထားရှိသည်။

ကွမ်ယုသည် အနီရောင်ခေါင်းတစ်ခုရှေ့၌ ထိုင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ရွှေစက္ကူ၊ ငွေစက္ကူများကို မီးရှို့နေခြင်း ဖြစ်သည်။ ကွမ်းယုနောက်တွင် ချန်ခြူးကို ဂါရဝပြုနေသောသူများမှာ ဘုရင်မင်းမြတ်၏သမီးတော် ယီတာ၊ တောင်တင်းရယ်၊ ဟန်ရှင်၊ လျူနန်ကျင်းနှင့် စူစီဝေ့တို့ပင် ဖြစ်သည်။

အဒေါ်ချန်၊ မြေဘုရင်လူတင်းနှင့် ဟူအင်ချန်တို့မှာ ချန်ခြူး၏ အသုဘခေါင်းကို စောင့်ရှောက်နေကြသည်။

နန်းတွင်းသူ နန်းတွင်းသားများလည်း အပြည့်အစုံ ရှိနေကြသဖြင့် သိုက်သိုက်ဝန်းဝန်းပင် ရှိနေသည်။

ကျွမ်းလုံရှိကမူ ချန်ခြူး၏ဖခင် ထိုင်ရမည့်နေရာတွင် ထိုင်ကာ ချန်ခြူးတစ်ယောက် ကောင်းရာမွန်ရာ ရောက်စေရန် ဆုတောင်းစာများ ရွတ်ဆိုနေသည်။

စူစီဝေ့မှာ သူ့ဆန္ဒများ ပြည့်ခဲ့ပြီ ဖြစ်လေသည်။

သူသည် အလွန် စိတ်ချမ်းမြေ့နေသည်။ ကွမ်းယုကို ရွှေမြို့တော်တွင် ဘုရင်အဖြစ် တင်မြှောက်နိုင်ခဲ့လေပြီ။

ရွှေမြို့တော်အား ဘုရင်ဧကရာဇ်၏ပိုင်နက်နယ်မြေအတွင်း ထည့်သွင်းလျက် ပြည်နယ်တစ်နယ်အဖြစ် အုပ်ချုပ်ရန် ဧကရာဇ်က သဘောတူလိုက်လေပြီ။

ဤသည်မှာ ယီတာ၏ လျှောက်ထားတောင်းပန်မှု ဖြစ်သည်။

တကယ်တော့ ရွှေမြို့တော်မှာ ဘုရင်ဧကရာဇ်၏ ပိုင်နက်နယ်မြေအတွင်း၌ရှိသော ဒေသတစ်ခုသာ ဖြစ်သည်။ လူသူမသိခြင်း၊ တောကြီးမျက်မည်း ဖုံးလွှမ်းခြင်းတို့ကြောင့်သာ ဤဒေသမှာ ဘုရင်



ဧကရာဇ်၏အုပ်စိုးမှုအောက်မှ ကင်းလွတ်နေခြင်း ဖြစ်သည်။

ယခု ...

ဘုရင်၏ဧကရာဇ်ပိုင်ပြည်နယ်တစ်ခုအဖြစ် သတ်မှတ်ပြီး ကွမ်းယုအားလည်း ဘုရင်ခံအဆင့်မျိုး သတ်မှတ်ပေးလိုက်သဖြင့် ကွမ်းယုသည် ရွှေမြို့တော်အား စိတ်ကြိုက်အုပ်စိုးခွင့်ရသွားသည်။

သို့သော် မျောက်စမ်းချောင်းရွှေမြို့တော်မှ ရွှေများကိုမူ တရုတ်တစ်နိုင်ငံလုံးအတွက် အသုံးပြုရန် ဧကရာဇ်၏ဘဏ္ဍာတိုက်သို့ သယ်ယူမည်ဖြစ်သည်။

ဘုရင်ကွမ်းယုသည် ရွှေမြို့တော်၏ သူရဲကောင်းကြီး ချန်ခြူးကို ဦးညွှတ်အရိုအသေပြုလိုက်၏။

ထိုအခမ်းအနားကို မြို့တော်သူ မြို့တော်သား အတော်များများ တက်ရောက် ကြသည်။ ချန်ခြူးအတွက် ဂုဏ်ယူစိတ်များ ရင်တွင်း ပြည့်လျှမ်းနေကြသည်။ သူတို့သည် နန်းတော်ရှေ့ ကွက်လပ်ကြီးတွင်စုရုံးပြီး နန်းရင်ပြင်ရှေ့၌ ကျင်းပနေသော အခမ်းအနားကို ကြည့်ရှုနေကြသည်။

ထိုအချိန်တွင် နန်းရင်ပြင်ပလ္လင်ကြီးအောက်မှ လျှို့ဝှက်တံခါးသည် ပွင့်လာလေ၏။ အလွန်အကျွံ မူးယစ်နေသော ရန်တင်းနှင့် အမုန်းအာဃာတများ ပြည့်လျှံနေသော ဟိုရီခင်တို့ ထွက်လာကြလေသည်။

သူတို့သည် စူစီဝေ့တို့အုပ်စုကို သေသေကျေကျေ ယှဉ်ပြိုင်ကြပေတော့မည်။

လူအားလုံးသည် အထိတ်တလန့် ဝိုင်းကြည့်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်တင်းသည် ဒယီးဒယိုင်ဖြင့် အခေါင်းကြီးဆီသို့ လျှောက်လာ၏။ သူသည် ခေါင်းကြီးကို တဖြန်းဖြန်းနှင့်ပုတ်ကာ အော်ဟစ်မေးလိုက်သည်။

"မင်းတို့ ဘာလုပ်နေကြတာလဲ"

ခေါင်းကို စောင့်ရှောက်နေသည့် အဒေါ်ချွန်၊ မြေဘုရင် လှတင်းနှင့် ဟူအင်ချွန်တို့က ရှေ့တိုးရန် ဟန်ပြင်ရာ စူစီဝေက မျက်နှာရိပ်ဖြင့် တားမြစ်လိုက်သည်။ အဒေါ်ချွန်တို့ မသိမသာ နောက်ဆုတ်သွားသည်။

ရန်တင်းက ခေါင်းရှေ့၌ရပ်ရင်း အော်ပြောသည်။

"မင်းတို့အားလုံး ရွှေမြို့တော်ကို သစ္စာဖောက်တယ်၊ ငါ့ရဲ့ ထီးနန်းကိုလုတယ်၊ မင်းတို့ကို ငါ သတ်မယ်၊ သတ်မယ်"

ရန်တင်းသည် မူးမူးရူးရူးဖြင့် အော်နေသည်။ သို့သော် သူ အမူးလွန်နေသည်။ ဒယီးဒယိုင်ဖြစ်နေသည်။

မုတ်ဆိတ်ရှည် ဟိုရီစင်သည် ရန်တင်းရှေ့သို့ ထွက်လာပြီး စူစီဝေတို့နှင့် ရင်ဆိုင်လိုက်၏။

သူ၏ဦးခေါင်းသည် ထောင်မတ်လျက်ရှိသည်။ ရင်ကော့နေသည်။ သူ့ပုံသဏ္ဍာန်မှာ အောင်ပွဲရစစ်သူကြီးကဲ့သို့ ရှိနေလေသည်။

ဟိုရီစင်က ...

"မင်းတို့အားလုံးကို ငါ စိန်ခေါ်တယ်၊ မင်းတို့ဟာ နာမည်ကြီး ထိပ်သီးသိုင်းသမားတွေချည်းပဲ၊ သိုင်းသမားကောင်းမှန်ရင် ငါ့ကို အနိုင်ရအောင် ယှဉ်ပြိုင်ကြရမှာပေါ့"

သူသည် စူစီဝေကို ကြည့်လိုက်၏။



"မင်းတို့ တစ်ယောက်ချင်း တက်ကြမလား၊ ဒါမှမဟုတ် အကုန်လုံး တက်ကြမှာလား"

စူစီဝေက မဲ့ပြုံးပြုံးလိုက်၏။

"သိုင်းသမားကောင်းတို့မည်သည် ဘယ်တုန်းကများ အုပ်စုနဲ့ အနိုင်ယူဖူးလို့လဲ"

"အေး ... ဒါမှန်တယ်၊ ဒီအချက်ကို မင်းတို့ အသည်းနှလုံးထဲမှာ တွေ့နေရလို့ ငါ ဝမ်းသာတယ်၊ ငါကတော့ မင်းတို့အားလုံးကို တစ်ယောက်ပြီးတစ်ယောက် အနိုင်ယူသတ်ပြသွားမယ်၊ မင်းတို့ သူ့ရဲ့ ကောင်းမှန်ရင် ငါ့ကို သိုင်းပညာနဲ့ အနိုင်ယူကြပေါ့၊ စူစီဝေ ... မင်းဟာ အခုရှိနေတဲ့ လူအားလုံးထဲမှာ သိုင်းပညာ အဆင့်အမြင့်ဆုံးပဲ၊ လာထွက်ခဲ့ပါ၊ မင်းကို ငါ သတ်ချင်တယ်"

စူစီဝေသည် မတုန်မလှုပ် ခပ်စိမ်းစိမ်း စိုက်ကြည့်နေသည်။ ထိုအခါ လျူနန်ကျင်းက ခုန်ထွက်သွား၏။

"ခင်ဗျားနဲ့ကျုပ် အရင်တွေ့မယ်၊ နောက်မှ ဆရာကြီး စူစီဝေကို ခင်ဗျားတွေ့ပါ"

ဟိုရီစင်က ရယ်မောလိုက်၏။

"လျူနန်ကျင်းပါလား၊ ရပါတယ် ရပါတယ်၊ ငါ့အနေနဲ့ မင်းတို့ကို အကုန်လုံးတွေ့ရမှာပဲ၊ တစ်ယောက်ပြီးမှ တစ်ယောက် သတ်ရမှာပေါ့၊ ဘယ်သူ့ကို အရင်သတ်ရသတ်ရ ငါ့အဖို့ အပန်းမကြီးပါဘူး"

စူစီဝေသည် လျူနန်ကျင်းကို အော်ဟစ် အမိန့်ပေးလိုက်သည်။

"လျူနန်ကျင်း ... နောက်ဆုတ်"

www.burmeseclassic.com

www.burmeseclassic.com



လျှုနန်ကျင်း အံ့အားသင့်သွားသည်။ သို့သော် သူသည် စူစီဝေ၏အမိန့်ဩဇာကို မဖယ်ရှားရဲချေ။ သူသည် နောက်ဆုတ်သွားရလေ၏။ ဟိုရီစင်က တဟားဟား ရယ်တော့သည်။

"ဟား ... ဟား ... ဟား ... ကျုပ်ကို ယှဉ်နိုင်တဲ့လူ မရှိတော့ဘူး မဟုတ်လား။ ဟား ... ဟား ... ဟား ... ဒီအရေးအတွက်ကို ငါမြင်ပါတယ်၊ မင်းတို့ထဲမှာ ယောကျ်ားတစ်ယောက်မှ မရှိဘူး မဟုတ်လား"

ဖ ဖ ဖ



(၁၃၆)

ယီတာသည် အံကြိတ်လိုက်၏။

သို့သော် ...

ဤအရေးအခင်းတွင် စူစီဝေကို ကျော်မလုပ်နိုင်ချေ။

ထိုအခါ ကွမ်ယုသည် တည်ငြိမ်သော ခြေလှမ်းများဖြင့် ရှေ့သို့ ထွက်သွားလေ၏။

ဟိုရီစင်သည် ကွမ်ယုကို စိုက်ကြည့်နေသည်။ သူ့မျက်လုံးများမှာ အရောင်တလက်လက် တောက်ပနေသည်။

ကွမ်ယုသည် ဟိုရီစင်နှင့် မျက်နှာချင်းဆိုင် ရပ်လိုက်၏။

ဟိုရီစင်က ...

"မင်းလို လူငယ်တစ်ဦးက ငါ့ကို ယှဉ်ပြိုင်နိုင်မတဲ့လား။ ဟောဒီမှာ မင်းထက် ဝါစဉ်ကြီးတဲ့လူတွေ ရှိတယ်၊ စူစီဝေတို့ လျှုနန်ကျင်းတို့ ဟန်ဖူးတို့ အမော်တို့ ... အများကြီး အများကြီးရှိတယ်၊ ဒီကြားထဲက မင်းက ဘယ်လိုထွက်လာတာလဲ"

သူသည် စူစီဝေကို ကြည့်လိုက်၏။

"မင်း ဘယ့်နှယ့်လုပ်လိုက်တာလဲ"

"ဘာလုပ်လို့လဲ"

"လူငယ်တစ်ယောက်ကို ဘာဖြစ်လို့ သေတွင်းထဲ ထည့်လိုက်ရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟ ... သေတွင်းထဲထည့်တာ မဟုတ်ဘူး။ အဲဒီလူဟာ မင်းကို သတ်မယ့်လူကွ ... သတ်မယ့်လူ"

"ဟား ... ဟား ... ဟား ... မင်း သတ္တိမရှိတာနဲ့ ဟိုပြော ဒီပြော ပြောနေပြန်ပါပြီ၊ မင်းက လူငယ်တစ်ဦးကို မင်းကိုယ်စား သေဖို့ လွှတ်လိုက်တော့ ငါကလည်း သတ်ပြရသေးတာပေါ့"

ရှုစီဝှေက အေးစက်စွာ ပြောလေ၏။

"အေး ... မင်း ကွမ်ယုကို နိုင်အောင်ပြိုင်ပေါ့၊ မင်းအနိုင်ရရင် မင်းလက်နဲ့ ငါ့ကို သတ်စရာ မလိုပါဘူး။ ငါ့လက်နဲ့ငါ အသေသတ်လိုက်မယ်"

ထိုစကားကို ကြားသောအခါ ဟိုရိစင်၏ မျက်နှာမှာ လေးနက်သွားတော့သည်။ သူသည် ပေါ့ပေါ့ဆဆ မတွေးတော့ပေ။

"ဒီသူငယ်ဟာ သိုင်းပညာအဆင့်အတန်း အတော်မြင့်မားနေလို့လား"

ရှုစီဝှေသည် ထိုအခါမှ အားရပါးရ ရယ်မောလေတော့၏။

"ငါတို့ဆီမှာ သူ့ထက် ဝါစဉ်ကြီးတဲ့ သိုင်းဆရာကြီးတွေ တော်တော်များများ ပါနေပါတယ်၊ ဒါပေမဲ့ ငါကအစ သိုင်းဆရာကြီးတွေ တော်တော်များ လုံးဝမထွက်ဘဲနဲ့ မင်းကို ဒီသူငယ်နဲ့ လွှတ်ပေးတာ အကြောင်းရှိတာပေါ့။ အဲဒီသူငယ်ဟာ အခု ဒီရွှေမြို့တော်ရဲ့ ဘုရင်သစ်လေ၊ ဘာဖြစ်လို့ ငါတို့က သူနဲ့ လွှတ်ပေးရသလဲဆိုတာ မင်း သူ့ကိုပဲ မေးကြည့်ပါ"

ဟိုရိစင်သည် ကွမ်ယုဘက်သို့ ပြန်လှည့်သွား၏။

"မင်းက ငါနဲ့ ဘာဖြစ်လို့ ယှဉ်ချင်ရတာလဲ"



ကွမ်ယုက ...

"ကျွန်တော်ဟာ ချယ်ရီပွင့်ဒေသ သိုင်းပဒေသာကျမ်းကို အမှားအယွင်းမရှိ ကုန်စင်အောင် တတ်မြောက်အောင် မြင်ထားပါတယ် ... ဒီမှာကြည့်"

သူသည် ပြောပြောဆိုဆို သိုင်းပဒေသာကျမ်း၏ အမြင့်ဆုံးသော လိမ္မော်ရောင်အခန်း သိုင်းကွက်သုံးကွက်ကို ကစားပြလိုက်၏။

လူအားလုံးသည် ကွမ်ယုကို ငေးကြည့်နေကြသည်။ ယီတာသည် ကွမ်ယုကို စိတ်တွင်းမှ ကျိတ်၍ ချီးကျူးနေ၏။

"သူ ကစားပြသွားတဲ့မာန်က သိပ်ပြီး တိကျတာပဲ၊ ဘာမှ အပိုအလို မရှိဘူး"

ဟိုရိစင်သည် ထိုသုံးကွက်ကို မြင်လိုက်ရသောအခါ အကြီးအကျယ် ချောက်ချားသွားတော့၏။

ကွမ်ယုက ...

"ကျွန်တော်တို့နှစ်ယောက် အလကား အချိန်ဖြုန်းပြီး တိုက်မနေချင်ဘူး။ အဆင့်မြင့်ဆုံး တိုက်ကွက်တစ်ကွက်ထဲ ထုတ်ပြီး တိုက်တာ အကောင်းဆုံးပဲလို့ ကျွန်တော် ထင်ပါယတ်"

"ရတယ်၊ ကြယ်ကွယ်လကွယ်တိုက်ကွက်ကို သုံးမယ်"

"ကောင်းပြီ ... ကျွန်တော်တို့ တိုက်ကြမယ်"

ကွမ်ယုသည် လက်တစ်ဖက်ကို ကောင်းကင်ပေါ်သို့ ထောင်မတ်လိုက်၏။ သူ၏လက်ချောင်းများမှာ မှိန်းတဲလို ဖြောင့်တန်းလျက်ရှိသည်။ ကျန်လက်တစ်ဖက်က လက်ဖဝါးဖြန့်ကာ ခန္ဓာကိုယ်ရှေ့ရှိ လေထုကို သပ်ချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကွမ်ယုနှင့်ထပ်တူပင် ဟိုရီစင်က လှုပ်ရှားလိုက်၏။

သူတို့နှစ်ယောက်ကြားရှိ လေထုသည် တုန်ဟည်းလှုပ်ရှားလာသည်။

လူအားလုံးသည် တိုက်ပွဲကို မမှိတ်မသုန်ကြည့်နေကြလေသည်။

နန်းတော်ရှေ့ရှိ လူများမှာလည်း နန်းရင်ပြင်၌ အရေးကြီးသော တိုက်ပွဲတစ်ခု တိုက်နေကြောင်း သိရသဖြင့် လုံးဝငြိမ်သက်လျက် ကြည့်ရှုနေကြသည်။

လူပေါင်း ရာပေါင်းချီလျက်ရှိနေသော်လည်း အသံ တစ်ချက်မျှ မကြားရချေ။



(၁၃၇)

ကွမ်ယုသည် ကောင်းကင်ပေါ် မိုးမျှော်နေသည့် လက်ချောင်းများကို ဟိုရီစင်၏ လက်ဖဝါးပေါ်သို့ စိုက်ချလိုက်သည်။

ဟိုရီစင်ကလည်း ကွမ်ယု၏လက်ဖဝါးပေါ်သို့ သူ့လက်ချောင်းများအား စိုက်ချလိုက်၏။

သူတို့နှစ်ဦးမှာ တစ်ဦးကိုတစ်ဦး စိုက်ကြည့်ပြီး ငြိမ်သက်နေကြသည်။ သူတို့ငြိမ်သက်နေသည်မှာ အတော်ကြာသည်။

ထို့နောက် ...

'ဝုန်း ...'

ဟိုရီစင်၏ ခန္ဓာကိုယ်သည် နောက်သို့ လန်၍ လဲကျသွားလေ၏။ သူသည် လိမ့်၍ လိမ့်၍ သွားသည်။

'ဝေါ'

ဟိုရီစင်သည် တစ်ချက်သွေးထိုးအန်သည်။ ထို့နောက် လဲကျငြိမ်သက်သွားလေတော့၏။

ကွမ်ယု၏ အတွင်းအားက ဟိုရီစင်၏ အတွင်းအားထက်သာလွန်သွားခဲ့ပေသည်။ ယီတာ၏ကျေးဇူးများပေတည်း။

ယီတာသည် ကွမ်ယုကိုချစ်ခင်နှစ်သက်နေသည့်အလျောက် ပညာများကို မခြွင်းမချန် အကုန်အစင်သင်ပေးခဲ့သည်။ အတွင်းအားကျင့်စဉ်များကို အနားမနေ လေ့ကျင့်စေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ချေးထွက်များမှ သွေးထွက်နည်းမည်ဟူသော စကားကို လက်ကိုင်ထား၍ ကွမ်ယုကို တရကြမ်း လေ့ကျင့်စေခဲ့သည်။

ယခု ...

ထိုစဉ်က လေ့ကျင့်ခဲ့သည့်အကျိုးများကို ခံစားခဲ့ရလေပြီ။

ထိုစဉ် တောင်တင်းရယ်၏ လက်သည် ဖျတ်ခနဲ လှုပ်ရှားသွား၏။ လျှပ်ရောင်လက်သကဲ့သို့ အရောင်တစ်ခုသည် လင်းလက်သွားသည်။

"ဟား"

ဓားတစ်ချောင်းသည် ရန်တင်း၏ရင်ဝသို့ ထိုးဖောက်သွားသည်။

တောင်တင်းရယ်က ဓားဖြင့် ပစ်ပေါက်လိုက်ခြင်းမှာ အချိန်မီရုံကလေး ရှိပါသည်။

ရန်တင်းသည် ဟိုရီစင်ပေးထားသည့်မြွေနီများကို ကွမ်ယုထံ ပစ်လွှတ်မည့်ဆဲဆဲ တောင်တင်းရယ်က ဓားဖြင့် ပစ်လိုက်ခြင်း ဖြစ်သည်။

ရန်တင်းသည် လဲကျသွားလေ၏။

ချန်ခြူး၏ ခေါင်းနားတွင် ထိုင်နေသော ကျွမ်းလုံရှီ၏ ခြေထောက်ပေါ်သို့ ရန်တင်း၏ ဦးခေါင်းကျသွားလေရာ သေဆုံးပြီးနောက် ကျွမ်းလုံရှီကို အရှုံးပေးသွားလေဟန် ဖြစ်ပေါ်သွားခဲ့သည်။

သို့သော် ...

ကျွမ်းလုံရှီ၏မျက်လုံးများမှာ ရန်တင်းကို ငေးကြည့်နေသော်လည်း ရန်တင်းကို မြင်ပုံမရတော့ပေ။



စုစီဝေ့တို့မှာ ကျွမ်းလုံရှီကို မကြည့်မိပေ။

ဟိုရီစင်နှင့် ရန်တင်းတို့ကိုသာ ကြည့်နေကြရာ ကျွမ်းလုံရှီ ဘာတွေဖြစ်ပျက်နေသည်ကို သူတို့ မသိကြချေ။

ကျွမ်းလုံရှီကို သတိပြုမိသည်မှာ ကွမ်ယုတစ်ယောက်တည်းသာ ဖြစ်၏။

ကွမ်ယုသည် ကျွမ်းလုံရှီမျက်လုံးများကို မသင်္ကာချေ။ ထို့ကြောင့် ကျွမ်းလုံရှီ၏ပခုံးကိုပုတ်ကာ လှုပ်၍ခေါ်လိုက်သည်။

"ဦးကြီး ကျွမ်းလုံရှီ ... ဦးကြီး ကျွမ်းလုံရှီ"

ကျွမ်းလုံရှီ၏ ခန္ဓာကိုယ်သည် ကွမ်ယု၏ကိုင်လှုပ်မှုကြောင့် တဖြည်းဖြည်း ပြိုလဲကျသွား၏။ သူသည် သူ၏သစ္စာတော်ခံ ချန်ခြူး၏ ခေါင်းပေါ်သို့ ဦးခေါင်းငိုက်ကျသွားသည်။

ကျွမ်းလုံရှီ သေဆုံးသွားလေပြီ။

သူ သေဆုံးရခြင်းမှာ အကြောင်းမျိုးစုံကြောင့် ဖြစ်လေသည်။ သူ၏ ရန်သူတော် ဟိုရီစင်သည် ကွမ်ယု၏လက်ချက်ဖြင့် သေဆုံးသွားခဲ့၏။ ဟိုရီစင် သေဆုံးသည်ကို သူ မျက်မြင်ကိုယ်တွေ့ တွေ့လိုက်ရသည်။ သူ လွန်စွာဝမ်းသာကျေနပ်သွားသည်။

ထို့နောက် ရန်တင်း သေဆုံးသွားသည်။

ရန်တင်းသည် တောင်တင်းရယ်၏ ဓားကို မရှောင်နိုင်ဘဲ သေဆုံးသွားခဲ့ရသည်။ ဒါကိုလည်း သူ မျက်မြင်ကိုယ်တွေ့ တွေ့လိုက်ရ၏။

ရွှေမြို့တော်ကြီးကိုလည်း ကယ်တင်ပြီးပြီ။ ရန်သူနှစ်ဦး၏ သေဆုံးပုံကိုလည်း ကိုယ်တွေ့မျက်မြင်တွေ့ခဲ့ပြီးပြီ။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အလွန်စိတ်လှုပ်ရှားသွား၏။

သူ၏ကိုယ်တွင်း သွေးလည်ပတ်မှုကို မထိန်းချုပ်နိုင်တော့ဘဲ ခန္ဓာကိုယ်အတွင်းမှ အဆိပ်များ ပျံ့နှံ့သွားတော့သည်။

ထို့ကြောင့် ရုတ်တရက် သေဆုံးသွားခြင်း ဖြစ်လေသည်။

ရန်တင်းသည် ပထမပိုင်းက စိတ်ကောင်းစေတနာကောင်း ရှိခဲ့သည်။ ထို့ကြောင့် သိုင်းညီအစ်ကိုငါးဦးဟူ၍ ချစ်ချစ်ခင်ခင် နေထိုင်ခဲ့ခြင်း ဖြစ်သည်။ ဘုရင်ဖြစ်သွားသောအခါ သူ့စိတ်ဓာတ်များလည်း ပြောင်းလဲသွားခဲ့၏။

ယခု အဖြစ်အပျက်ကြီး စတင်ဖြစ်ပေါ်ခဲ့ရခြင်းမှာ ရန်တင်း၏ အပြုံးအတေးကြောင့် ဖြစ်သည်။

ယခု သူ့အပြုံးအတေးသည် သူ့ကို ပြန်သတ်သွားခဲ့ပေပြီ။

ကွမ်းလုံချီသည်လည်း ပထမပိုင်းက စိတ်ကောင်းစေတနာကောင်း ရှိခဲ့သည်။ သို့သော် ဘုရင်ဖြစ်သွားသောအခါတွင် သူလည်း စိတ်ထားပြောင်းလဲသွားခဲ့သည်။

သူသာ စိတ်ထားမပြောင်းပါက ရန်တင်း၏အပြုံးအတေးမှာ အရာရောက်တော့မည် မဟုတ်ပေ။

ယခု ...

သူစိတ်ထားပြောင်းသည့်ဒဏ်ကို သူပြန်ခံသွားရခြင်း ဖြစ်သည်။

သို့သော် ...

သူသည် မသေမီ စိတ်ဓာတ်ပြောင်းလဲသွား၏။ အကောင်းဘက်သို့ စိတ်ရောက်သွားခဲ့သည်။



ကွမ်ယုသည် ရန်တင်းနှင့် ကျွမ်းလုံချီတို့၏ သေဆုံးပုံကို နှိုင်းယှဉ်ကြည့်မိလေ၏။

ရန်တင်းကား ငါမှငါတည်းဟူသောအတ္တကို သေသည့်အချိန်အထိ ကိုင်စွဲသွား၏။ သူသည် ဘုရင်ဖြစ်ချိန်မှ သူ့စိတ်ပြောင်းလဲမှုကို တစ်သမတ်တည်း ခံစားသွားသည်။ ငါ့ကို ဘာဖြစ်လို့ ဖြုတ်ချရသလဲ ဟူသောအပြုံးသည် သူ့ရင်ကို တစ်ချိန်လုံး အပူမီးတောက်လောင်စေခဲ့သည်။

ကျွမ်းလုံချီကတော့ ပြောင်းလဲသွားသည့် သူ့စိတ်ဓာတ်ကို ပြန်လည်ပြောင်းလဲနိုင်ခဲ့၏။ ဤသည်မှာ အဆိပ်မိသွားခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ သူသည် သူ့ရဲကောင်းတို့ သေခြင်းဖြင့် သေဆုံးသွားခဲ့ရသည်။

တစ်ဦး၏ သေခြင်းကတော့ နိမ့်ကျလှသည်။

အခြားတစ်ဦး၏ သေခြင်းကတော့ မြင့်မြတ်လှသည်။

ကွမ်ယုသည် သေခြင်းတရားနှစ်ခုကို နှိုင်းယှဉ်ကြည့်နေမိလေ၏။ တစ်ဦး၏ သေခြင်းမှာ ငရဲလမ်း။

တစ်ဦး၏ သေခြင်းမှာ ကောင်းကင်လမ်း။

မျောက်စမ်းချောင်းရွှေမြို့တော်တွင် ကွမ်ယုသည် ဘုရင်တစ်ပါးအဖြစ် နန်းတက်သည်။ ဘုရင်စကြာဓိကြီးမှာ ကွမ်းယုအား ရွှေမြို့တော်၏ ဘုရင်အဖြစ် ကျေကျေနပ်နပ်ကြီး ခွင့်ပြုသည်။

အဘယ့်ကြောင့်ဆိုသော် ...

ကွမ်ယုသည် ယိတာနှင့် ရွှေလက်တွဲ၍ နန်းတက်သောကြောင့်ပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ဧကရာဇ်ကြီးသည် စိတ်ထင်သမျှ လျှောက်လုပ်နေသော သမီးတော်အား ခြေငြိမ်စေချင်သည်။

ယခု ...

သမီးတော်ယီတာသည် ခြေငြိမ်သွားခဲ့လေပြီ။

တောင်တင်းရယ်နှင့် ဟာန်ရှင်တို့သည်လည်း ကျွမ် ၏ မိဖုရားများ ဖြစ်လာကြ၏။

ကွမ်ယုမှာ ဘုရင်ဖြစ်သဖြင့် မိဖုရားမြောက်မြားစွာ ထားပိုင်ခွင့် ရှိသည်။

တောင်တင်းရယ်နှင့် ဟာန်ရှင်တို့အား မိဖုရားမြှောက်ခြင်းကို ယီတာကလည်း ကြည်ဖြူသည်။ သူသည် တောင်တင်းရ ်နှင့် ဟာန်ရှင်တို့အား ညီအစ်မသဖွယ် ချစ်ကြည်ခဲ့သည် မဟုတ်ပါလား။

ကွမ်ယုသည် သူ့ခန္ဓာကိုယ်ပေါ်မှ မီးနဂါးဝတ်ရုံကို ချွတ်၍ ဟာန်ရှင့်ကို ကမ်းပေးလိုက်၏။ ဟာန်ရှင်က ရိုသေစွာ ယူလိုက်သည်။

နဂါးခေါင်းဓားကိုတော့ တောင်တင်းရယ်အား ကမ်းပေးလိုက်သည်။ တောင်တင်းရယ်သည် ရိုသေစွာ လှမ်းယူလိုက်သည်။

ပြီးလျှင် သူသည် ယီတာထံသို့ လက်ကမ်းလိုက်လေ၏။

မီးနဂါးကွမ်ယုကား အစစအရာရာ အဆင်ပြေနေလေပြီ။

ပြီးပါပြီ။

တက္ကသိုလ်နေလင်းအောင်

BURMESE CLASSIC .com

www.burmeseclassic.com